www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |


# ပတ္တမြားဝင်းထိန်

သော်တာဆွေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၈၂၄/ ၂၀၀၀ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၉/ ၂၀၀၁ (၁)

စီစဉ်သူ
ကိုမြင့်ထွန်း

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် – (ဖေဖော်ဝါရီလ၊ ၂၀၀၁)
အုပ်ရေ – (၁၀၀၀)

မျက်နှာဖုံးပန်းချီ – ဇော်မင်းဝေ
ကာလာခွဲ – *Alpha*
အတွင်းဖလင် – ဇမ္ဗူအေး

ပုံနှိပ်သူ
ဒေါ်စိန်စိန် (၀၅၄၆၇) ရောင်စဥ်အော့ဖ်ဆက်
အမှတ် (၁၆၃) ၄၈လမ်း၊ ဗိုလ်တထောင်။

ထုတ်ဝေသူ
ဦးသန်းဆွေ(၁၅၄၀၄)၊ စိတ်သည်တော်စာပေ
၁၁၃၁/က ဥယျာဥ်လမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း
ရန်ကုန်မြို့။

## မာတိကာ

* ပတ္တမြားဝင်းထိန်နိဒါန်း ... ၁
၁။ ပတ္တမြားဝင်းထိန် ... ၃
၂။ ခွေးကောင့်တွက်တာ ... ၃၆
၃။ အကြံကောင်းတော့တစ်ချက် ... ၇၅
၄။ တူမောင်မယ်ချစ်ကြဖို့အရေးရယ် ... ၁၀၄
၅။ လှိုမိတဲ့လက် ... ၁၂၃
၆။ လုံးကဲဝှေ့ချန်ပီယံ ကြံ့ဗဟုန်း ... ၁၅၈

www.burmeseclassic.com

www.burmeseclassic.com

## ပတ္တမြားဝင်းထိန်နိဒါန်း

ပတ္တမြားဝင်းထိန်သည် ကျွန်တော်၏ပင်ကိုယ်မဟုတ်ပါ၊ ကမ္ဘာကျော် အင်္ဂလိပ် ဟာသစာရေးဆရာကြီး P.G. Wodhouse ပီဂျီဝုဟောက်စ်၏ Ukridge အတ်ဂ်ရစ်ချ်ကို မှီရေးခြင်းဖြစ်ပါသည်။

သူ့မူရင်းဇာတ်ကောင်၏ နာမည်ကို အစအဆုံးဖော်ပြရသော် Stanley Featherstonehaugh Ukridge စတင်းန်းလီ ဖဲသားစတုန်းဟော့ အတ်ဂ်ရစ်ချ် ဖြစ်ပါသည်၊ လူ့ပြည်၌မရှိသော နာမည်ဖြစ်ဟန်တူပါသည်။ ဒါကို ကျွန်တော်က မြန်မာလို ပတ္တမြားဝင်းထိန်ဟု မှည့်ခေါ်လိုက်ပါသည်။

ပတ္တမြားဝင်းထိန်သည် စိတ်ကူးယဉ် စီးပွားရေးသမားကြီးဖြစ်၏။ သူသည် အကြံကြီးကြံ၏။ အလုပ်ကြီး လုပ်၏။ သူ၏ လုပ်ရည်ကြံရည်တို့ကား လေပြင်းမုန်တိုင်းနှင့်တူ၏။ လေပြင်းမုန်တိုင်းမည်သည် အရာဝတ္ထုတို့ကို ပျက်စီးစေပြီးနောက် သူဘယ်ရောက်သည်မသိ ပျောက်ပျက်၍သွားလေသည်။ ပတ္တမြားဝင်းထိန်၏လုပ်ရည်ကြံရည်တို့မှာလည်း ထို့အတူပင်၊ အခြားသူတို့ကို ဒုက္ခအမျိုးမျိုးပေးပြီးနောက် ပျောက်ကွယ်သွားလေသည်။ သို့သော် သူကတော့ ဘယ်တော့မှ မလျှော့၊ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး မိုးသီးမိုးပေါက်ကဲ့သို့ လာလိမ့်မည်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ယခု ဤစာအုပ်တွင် သူ၏အမျိုးမျိုးသော အကြောင်းအရာတို့ကို ဖော်ပြထားသည်၊ ပထမဦးဆုံး သူခွေးများကို ပညာသင်ကြား၍ ခွေးလိမ္မာရောင်းစားရန်ကြံသည်။ နောက်ပိုင်း၌ လက်ဝှေ့သမားများကို မွေး၍ စီးပွားဖြစ်ဖို့ လုပ်ပြန်သည်။

သူ၏လုပ်ပုံနှင့်ကြံပုံတို့မှာ အစပိုင်း၌အဟုတ်ပင်ဖြစ်တော့မည်ထင်ရ၍ နောက်ပိုင်း၌ ရှုံးသွားပုံများမှာ ရယ်မောဖွယ်ရာ ကောင်းလှပါသည်။

စာဖတ်သူ၏ ပတ်ဝန်းကျင်၌ ဤကဲ့သို့သော လူမျိုးရှိမရှိ ကြည့်ပါ။ မိတ်ဆွေကိုယ်တိုင်များဖြစ်နေလျှင်တော့ အဟား–ဟား 'ငါလို လူမျိုးသည် ကမ္ဘာကျော်အောင် ဤကဲ့သို့ စာဖွဲ့ခြင်းကိုပင် ခံယူထိုက်ပေတကား' ဟု ဝမ်းမြောက်ချင်လဲ မြောက်ပေရော့–။

သော်တာဆွေ



# ပတ္တမြားဝင်းထိန်

"ဟေး . . . အိုင်ဆေး . . . သူငယ်ချင်း . . . ဖိုးဆွေ၊ မင်းဝတ္ထုတစ်ပုဒ်ထဲနဲ့ ငွေတွေဗတ်ခနဲ နင့်နေအောင် မလိုချင်ဘူးလား"

သူ့နာမည်ကို ကြားရသည်နှင့်ပင် မိတ်ဆွေ၏နားတွင် စိန်နားကပ်ကိုပန်ဆင်ရဘိသကဲ့သို့ အလျှံတပြောင်ပြောင် တောက်ပလာမည်ထင်ရသော ကျွန်တော်၏သူငယ်ချင်း ပတ္တမြားဝင်းထိန်သည် ကျွန်တော့်အိမ်ရောက်လာပြီး ကျွန်တော်၏မိုးလင်းသောက်တဲ့ ကော်ဖီကိုခွက်ဆင့်သောက်၍ ကျွန်တော့်စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ဖွာရင်းမေးသည်၌ ကျွန်တော်ကလည်း . . .

"အေး . . . လိုချင်တာပေါ့ကွ"

"ဒါဖြင့် မင်းငါ့အကြောင်းကို စာတစ်အုပ်ဖြစ်အောင် ရေးပေရော့ ငါအကုန်ပြောပြမယ်၊ မင်းရေးတဲ့ဝတ္ထုတွေ ငါဖတ်ဖတ်ကြည့်တယ်၊ အလားကားစိတ်ကူးယဉ် အောက်ခြေလွတ်တွေ၊ ဘဝနဲ့မဆက်ဘူး၊ ငါ့အကြောင်းကိုရေးရင်တကယ့် 'ဘဝသရုပ်ဖော်'ပဲ၊ မင်းတစ်ခါထဲ နာမည်ဆိုလဲ တဟုန်ထိုးတက်မယ်၊ ငွေဆိုလဲ ရုပ်ရှင်ပြဇာတ်ဖြစ်တဲ့အထိ သောက်သောက်လဲရမယ်"

ကျွန်တော်က ဖြတ်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . .ဟ ဒါလောက်ပဲလား"

"အို . . . ငါကမင်းလို စာရေးဆရာမဟုတ်ပေမယ့် အစိုးရကြိုက်ဖြစ်လို့ စာတစ်အုပ်ဖွဲ့သွားရင် ဘယ်အထိ ပွပေါက်တိုးတယ်ဆိုတာ ငါ့အဒေါ်ဆီက သိထားတာကွ . . ."

ဒီကောင်၏အဒေါ်မှာ မိတ်ဆွေတို့ သိကောင်းသိကြမည်ဖြစ်သော ကလောင်ရှင် 'မုတ်ပွန် တင်တင့်ကြီး' ဆိုတာဖြစ်ပါသည်။

ခွေးကောင်သည် လက်တစ်ဆစ်သာသာမျှ ရှိသေးသော စီးကရက်မှ နောက်တစ်လိပ်ကို မီးကူးလိုက်ပြီး . . .

"ကဲ . . . သည်တော့ မင်းစက္ကူပေါ်မှာရမဲ့ ငွေအကြမ်းဖျင်း သောင်းငါးထောင်ထားကွာ၊ မင်း ၇၅၀၀၊ ငါ ၇၅၀၀– တစ်ယောက်တစ်ဝက်ယူမယ် ကဲ–ကျေနပ်ရဲ့လား . . ."

ကျွန်တော်မှာ ဒီကောင်ဘိုင်ကျလျှင် အိမ်သို့အချိန်မရွေးရောက်လာပြီး စားကောင်း သောက်ကောင်းအောင် ပြောချင်တာပြော၍ သွားတတ်ကြောင်း သိရင်းရှိသည်နှင့် ကိစ္စပြီးလွယ်အောင် . . .

"ကဲ . . . ကျေနပ်ပါသတဲ့ကွာ"

"ငါပြောတာလဲ တရားနည်းလမ်း ကျတယ်မဟုတ်လားကွ။ အဲဒါ မင်းငါ့ရဲ့အချစ်ဆုံး သူငယ်ချင်းဖြစ်ရတဲ့ကျေးဇူးပဲ၊ ငါ့အဒေါ်တောင် ငါ့ဒီအခွင့်အရေးမပေးဘူး . . ."

ကျွန်တော်က နှုတ်ခမ်းကိုရွဲ့၍ . . .

"ကျေးဇူးကြီးလှပါ မောင်ရာ . . ."

သို့သော် ဒီကောင်မှာ ကျွန်တော့မျက်နှာကဲကို ဂရုပြုသည်မဟုတ်ပဲ . . .

"ကဲ . . . ဒါဖြင့် ငါအခု အသုံးလိုနေလို့ စရံသဘောငွေ–၅၀၀ တော့ ယူသွားချင်တယ်ကွာ၊ ပေးလိုက်နိုင်မယ် မဟုတ်လား...."

ကျွန်တော်က မျက်ခုံးကိုမြှင့်၍ လည်ပင်းကိုဆန့်ကာ . . .

"ငါးရာ . . ."

"အေး . . . ငါးရာ၊ မင့်တစ်ထောင်လွယ်လဲ တစ်ထောင်ပေးလိုက်ပေါ့ကွာ၊ နောက်ပေးရမှာပဲ ဘာထူးလဲ . . ."

"တစ်ထောင်တော့ မရှိဘူးကွာ၊ ငါးရာတော့ရမယ်"





"အဲလောက်ဆိုလဲတော်ပါပြီကွာ . . ."

"ကဲ . . . ရော့၊ အဲဒါနဲ့ လမ်းထိပ်က ကုလားဆိုင်မှာ သွားထုတ်ချေ . . ."

ကျွန်တော် အိတ်ထဲကပိုက်ဆံတစ်မတ်ကို ထုတ်လိုက်ပါသည်။ သူသည် ကျွန်တော့်ကို ကြောင်၍ကြည့်ကာ . . .

"ဘာလဲကွ မင်းဟာက . . ."

"တစ်မတ်ဖိုး ငါးရာရမယ်လေ၊ ဆေးကြိုက်ကြိုက်၊ မဆလာကြိုက်ကြိုက် . . ."

ဤမှ သူ့မျက်လုံးကိုဖြဲကာ . . .

"မင်းက အရေးထဲ နောက်မနေစမ်းပါနဲ့ကွာ၊ ငါက အကောင်းပြောနေတဲ့ဟာကို . . ."

ကျွန်တော့်သည် လက်ထဲက စီးကရက်တိုကို ပြူတင်းပေါက်သံတိုင်မှန်အောင် သေသေချာချာချိန်၍ တောက်လိုက်ပြီး (ဒါမှပဲ အပြင်ဘက်ကို ရှောရှောရှူရှူ ထွက်လေ့ရှိသည်။)

"ဟ . . . ဥဿဖရားဝင်းထိန်ရ မင်းက ငါ့များငွေ ၅၀၀–ရှိတယ် ထင်ရအောင် မင်းရူးများနေ့သလား . . ."

"ကဲ . . . ဒါဖြင့် ၅၀၀ မရှိ၊ ၂၅၀ လုပ်ကွာ"

"ဟော့ . . ဥဿဖရားကြီး၊ ငါ့လက်ထဲမှာ ၂၅၀ မပြောနဲ့ ၁၀၀ ရှိရင် အပေါင်ဆိုင်က ငါ့အဝတ်အစားရွေးပြီး ငါ့ရည်းစားရှိတဲ့ မန္တလေးမြို့ သွားနေတာကြာလှပြီ။ ရန်ကုန်မှာ တစ်နာရီမနေဘူး မှတ်ထား"

သို့သော် ဒီကောင့်မှာ အင့်မတန် စိတ်ပျက်ခဲ တတ်သူဖြစ်၍ "ဟား . . . ဟား ဒါဖြင့် မင်းမှာတစ်ရာမပြည့် ငါးဆယ်တော့ရှိတဲ့သဘောပေါ့၊ အဲဒါပဲ ပေးလိုက်ကွာ . . ."

"ဟော့ . . . ဒီမှာကြည့်"

ကျွန်တော်သည် ရှိသမျှပိုက်ဆံကို အိတ်သွန် ဖါမှောက်လိုက်ပါသည်။ ကျပ်တန်တစ်ရွက်နှင့် မူးစေ့ ပဲစေ့ သုံးမတ်တစ်ပဲ . . .

"ဒါဘဲရှိတယ်မောင်၊ အဲဒါ မူးစေ့ ပဲစေ့တွေက ဒီနေ့မေလ တစ်ရက် မသုံးရတော့ဘူး၊ မင်းအလှူခံသေတ္တာထဲ ဥပသကာ အိပ်ငိုက်တုန်း ထည့်ချင်ယူသွား၊ ပိုက်ဆံသံဂျောက်ခနဲကြားယင်တော့ မျက်လုံးဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အရမ်းဆုတွေပေးတော့ ရွှတ်မှာပဲ”

ဤမှ သူသည် သက်ပြင်းကြီးချကာ . . .

“ငါ့လခွီးတဲ့ အစိတ်လောက် မင့်အိမ့်ရှင် အဒေါ်ကြီးဆီဆွဲရင် မရဘူးလားကွာ . . .”

“ဟာ . . . သူ့ထမင်းလခ မပေးနိုင်တာဘဲ ၁၀–ရက်ကျော်နေလို့ တင်ငြူငြူတစူစူ ဖြစ်နေတာကွ . . .”

“အို . . . ဒုက္ခနှယ် ငါ့ထက်ဆင်းရဲတဲ့ကောင် တွေ့နေမှပဲ၊ ငါ့လခွီး အဲဒီတစ်ကျပ်တန်တော့ ပေးလိုက်ကွာ၊ မြို့ထဲသွားစရာ စရိတ်မရှိလို့ . . .”

ပြောပြောဆိုဆိုနှင့် ကျပ်တန်ကတော့ သူ့အိတ်ထဲရောက်သွားပါပြီ။ ကျွန်တော်ကလည်း ဒီကောင်ကို ဒီမျှတော့ပေးလိုက်မှ အိမ်ကကြွမည်ကိုသိ၍ ဤပိုက်ဆံကိုထုတ်ပြီး ဤအပေါက်ထွင်ခြင်းဖြစ်ရကား

“ကဲ . . . ကြွတော့မောင်၊ ငါစာရေးစရာရှိသေးတယ်”

သူသည်ထိုင်ရာမှထ၍ သံဘူးထဲက စီးကရက်ကို သူ့အိတ်ထဲဆွဲထည့်ယင်း . . .

“မင်းခုဘာဝတ္ထုရေးနေလဲကွ . . .”

“ချစ် ပလုတ်တုတ်တုတ်–ကွ . . . ဟော့ဟော့ . . . တော်တော့ကွ . . . ငါသောက်ဘို့များ ချန်ပါဦးကွ . . .”

“ရှစ်လိပ်ထဲပါကွ . . . ဟား . . . ဟား . . . နာမည်က အဆန်းပဲဘာအဓိပ္ပါယ်လဲကွ . . .”

“ပလုတ်တုတ်ဆိုရာ ရှုပ်လိုက်တော့ဘောတီးတယ် မဟုတ်လား။ အဲ့လိုပဲ . . . မူလကျီ သွန်နီလုပ်နေတဲ့ ကောင်မလေးကို ဘောတီးပေးလိုက်တာနဲ့ ချစ်သွားတဲ့ ဇာတ်လမ်းကွ . . .”

“အား . . . ကောင်းတယ် . . . ကောင်းတယ် . . . မင်းတော့ အထက် မြန်မာပြည်မှာ တော်တော်နာမည်ကြီးတယ်မောင်၊ ငါရောက်ခဲ့တုန်းက သိခဲ့ရတယ်”

“ဟုတ်လား ဟား . . . ဟား . . .”

“ငါ့အကြောင်းရေးရင် ပိုပြီးကြီးဦးမယ်ဆရာ၊ အေးလေ မင်းရေးချင်တော့ပြော၊ ငါအကုန်ပြောပြမယ် ကဲ . . . သွားမယ်”





“သွားပါမောင် . . . မင့်အကြောင်းလဲ ငါ့အထူးပြောနေစရာ မလိုပါဘူး သိပြီးသားတွေပါ”

*

ဟုတ်ပါသည် ဒီကောင်နှင့်ကျွန်တော်မှာ ကျောင်းနေဘက် ငယ်ပေါင်းကြီးဖော် အချစ်ဆုံး သူငယ်ချင်းများ ဖြစ်ခဲ့ကြပါသည်။ သူ့အကြောင်းရေးရလျှင် ကျွန်တော်သာ အရေးနိုင်ဆုံး ဖြစ်ပါမည်။

**ပတ္တမြားဝင်းထိန်**

သူနှင့် ကျွန်တော်နှင့် ၁၀တန်းကို နှစ်ကြိမ်မြောက်ကျပြီးနောက် တတိယ ကျမည့်နှစ်တွင် တစ်နေ့သ၌ ကျောင်းသား ကျောင်းသူတွေစုပြီး အင်းယားကန်သို့ ပျော်ပွဲစားထွက်ကြသည်။ နံနက်စာ စားသောက်ပြီးနေ့ခင်း၌ ယောကျ်ားကလေးတွေ ရေကူးသူကူး၊ ဖဲကစားသူကစားကြသည်။ အချို့ မိန်းကလေးတွေကလည်း ယောကျ်ားလေးများနှင့် လွတ်ရာကျွတ်ရာသွား၍ ရေကူးကြသည်။

ပတ္တမြားဝင်းထိန်ဖဲရှုံး၍ သူ့ဖောင်တိန်ရော၊ ကျွန်တော့နာရီပါ ပေါင်ရသည်၌ အရင်းပြုတ်လေလျှင် ကျွန်တော့ကို လက်တို့ခေါ်သွားပြီး တစ်နေရာတွင် နေစေလျက် သူကတော့ ရုပ်ရှင်မင်းသားစတိုင်အတိုင်း မျက်စိသာပေါ်ရုံ မျက်နှာကို လက်ကိုင်ပဝါစည်းပြီး ရေကူးနေသော မိန်းကလေးတွေရှိရာကို ချောင်း၍လိုက်သွားကာ မကြာမီ၌ ကောင်မလေးတွေ၏ ထမီအင်္ကျီတွေကိုပိုက်၍ ပြေးလေသည်။

ကျွန်တော်တို့နှစ်ယောက်မြို့ထဲသွား၍ အပေါင်ဆုံးပစ္စည်းဆိုင်၌ ရောင်းကြရာ ပိုးအင်္ကျီ ပိုးထမီများနှင့် ရွှေကြယ်သီးနှစ်စုံပါ၍ အတော်ပွကြသည်။ ထိုည . . . နှစ်ယောက်သား ဟိုတယ်တက်ကြသည်။

နောက်တစ်နေ့၌ ကလေးမများက ဆရာကြီးတိုင်သည်။

ဆရာကြီးက စစ်ဆေးသောအခါတွင် ပတ္တမြားဝင်းထိန်သည် မျက်နှာပျက်ခြင်း ပြုခြင်းမရှိ၊ ပကတိတည်ငြိမ်စွာဖြင့် (သူ့အမူအရာကြည့်၍များဖြင့် ထင်ရန်ခဲယဉ်းလှသည်) သူပြောလိုက်ပုံမှာ–

“ဟဲ့ကောင်မလေးတွေက . . နင်တို့ငါ့ကို အရမ်းမစွပ်စွဲကြနဲ့ဟဲ့၊ ငါမျက်စိကလေးတင်ပေါ်ရုံ၊ မျက်နှာလက်ကိုင်ပဝါနဲ့ စည်းလာတဲ့ဟာကို နင်တို့က ငါရယ်လို့ဘယ့်နှယ့်ကြောင့် အတတ်ပြောနိုင်တာလဲဟ”



www.burmeseclassic.com

www.burmeseclassic.com



ဤစကားမှာ ကျွန်တော်သူငယ်ချင်းသည် ပညာရှိသတိဖြစ်ခဲ ဆိုသည်အတိုင်း ရုတ်တရက် ပြောလိုက်မိသည်ဖြစ်၍ အမှုစင်းစင်းကြီး ပေါ်သွားကာ ဆရာကြီးက . . . တစ်ခါထဲ ကျောင်းထုတ်ပစ်လိုက်လေတော့သည်။

ဤမှ သူနှင့်ကျွန်တော်မှာ ကျောင်းနေဖော် အဖြစ်က၊ ကွဲကွာသွားရပေသည်။ သူ့ဇာတိဖြစ်သော မုတ်ပွန်သို့ပြန်သွားရပေသည်။ သူ့အတွက် ကျွန်တော်ဝမ်းနည်းမဆုံးဖြစ်ပါသည်။ သူကတော့ (ကျောင်းသားဘဝက ဝဋ်ကျွတ်သွားတာပေါ့ကွာ)ဟုပြောပါသည်။ နောက်ထပ်ကျောင်းဆက်နေသည်ဟုလည်း မကြားတော့။ ဒူးရင်းခြံလုပ်သလိုလို၊ ထားဝယ်ဘက်သွားပြီး သတ္တုတွင်းတူးသလိုလို၊ ကြားရပါသည်။ နှစ်နှစ်ကြာသောအခါ၌၊ ငွေတော်တော်များနှင့် ရန်ကုန်သို့ရောက်လာသည်။ ဤအခါ၌ ကျွန်တော်မှာ သူမရှိသဖြင့်၊ ၁၀တန်းအောင်၍ ယူနီဗာစီတီသို့ ရောက်နေပြီဖြစ်ရာ သူသည်ကျောင်းဘော်ဒါလာအိပ်၍ အတော်ပွေသွားသေးသည်။ တစ်ညက ကျွန်တော့ အခန်းထဲမြာခေါ်လာတာ ဆရာမိသွား၍ ကျွန်တော့ကို 'ဝမ်နင်' ပေးခြင်းခံရပါသေးသည်။ သူငွေကုန်သွားသောအခါ၌၊ မုတ်ပွန်သို့ပြန်သွားသည်။ သို့သော် . . . ယူခဲ့သောငွေ တို့မှာ ဘုံးလာတာဖြစ်၍ အိမ်ကနှင်ထုတ်သဖြင့်၊ အထက်မြန်မာပြည်သို့ လွင့်ထွက်သွားသည်ဟု ကြားရပါသည်။ ထို့နောက်၌ကား သူနှင့်ကျွန်တော် နှင့်တော်တော်နှင့်မတွေ့၊ စာလဲအဆက်အသွယ်မရှိ ။

ကဲ . . . ဝတ္ထုအကြောင်းပြန်ဆက်မည် . . .

ကျွန်တော် ယူနီဗာစီတီ ရောက်သည်ဆိုရင်ပဲ၊ ကျွန်တော့ မိဘဆွေမျိုးများက "ဆရာဝန်ဟာ အင်မတန်ပိုက်ဆံရသတဲ့ဟ . . . သည့်ပြင်အလုပ်နဲ့မတူဘူး။ တိုင်းပြည်ပျက်လဲ လူနာရှိ ကိုယ့်ငွေရှိတာပဲ။ အနာအမျိုး ၉၆-ပါးဟာ မင့်ငွေချည်းဖြစ်ရမယ်၊ ကဲ . . . ဆေးဘက်သာ လိုက်တော့ကွာ . . ." ဟုဆိုကြသဖြင့် ကျွန်တော်လိုက်ပါသည်။ သို့သော် . . . အပဉ်ပန်းဆုံး၊ အခက်ဆုံးဖြစ်သော ဤမှာဘက်တွင် ကိုယ်ကြိုက်သော စာမှလွဲ၍ ကျောင်းစာတွင် အပျင်းဆုံးဖြစ်သော ကျွန်တော်မှာ ၃-နှစ်ဆက်ကျသဖြင့်၊ ဆေးကျောင်းမှရပ်တန်းက ရပ်ခဲ့ရပါသည်။ မိဘဆွေမျိုးများက . . . ဒါလောက်များ ဖျင်းရပါမည်လားဟု ကျွန်တော့ကို





ဩဘာပေးကြသည်။ "ဒီကောင် ကျောင်းကထုတ်တာပဲ ကောင်းပါတယ်ဗျာ" ဟုပြောကြသည်။ ဒီတော့ ကျွန်တော်အကြိုက်ဖြစ်သွားကာ စာရေးဆရာဘက် မီးကုန်ယမ်းကုန် ကြိုးစားလိုက်ရာ မကြာမီ၌ နာမည်ကလေး တငွေ့ငွေ့ ထွက်လာပါသည်။ **သတိုးဆွေ . . . သတိုးဆွေ**

ကျွန်တော်သည် ဤနာမည်ဖြင့်၊ လစဉ်ဝတ္ထုတွေရေး၍ ပတ်ဗလစ်ရှာတို့၏ သဒ္ဒါကြေးကို ခံယူကာ ကြည့်မြင်တိုင်တွင်ထမင်းဆိုင် အဒေါ်ကြီးတစ်ယောက်၏ အိမ်တစ်ခန်းကိုငှား၍ ၎င်း၏ထမင်းကိုပင် လခ ပေးစားနေသည်၌ ကွဲကွာနေတာကြာလှပြီဖြစ်သော ပတ္တမြားဝင်းထိန် နှင့်ပြန်ဆုံရသည်။ သူသည် ကျွန်တော်ငွေရသော စာရေးဆရာဖြစ်ပြီ ဆို၍လာခြင်းဖြစ်သည်။ သို့သော် ကျွန်တော်ရသောငွေမှာ ဖောခြင်း သော ခြင်း သုံးချင်သော ကျွန်တော်တို့ လူပျိုကိုယ်နှစ်ယောက်စာ မဖူလုံရကား မကြာမီခွဲခွာသွားရပြန်လေသည်။

ယင်းမှ ၃-လမျှအကြာ၌ သူ့အကြောင်းကို ကြားရသည်။ ပြောပြသူမှာ ကျွန်တော်တို့ ကျောင်းဘော်ဒါတုန်းက အဆောင်မှူးလုပ်ခဲ့သူ ကိုခင်မောင်လတ်ဖြစ်ပါသည်။ ယခုနိုင်ငံခြားရေးဌာန၌လုပ်နေပါသည်။ ကိုခင်မောင်လတ်သည် ကျောင်းသားဘဝကပင် လူကြီးစိတ်ရှိသည်။ ချစ်ခင်တတ်သည်။ ပြောဆိုဆုံးမတတ်သည်။ အထူးသဖြင့် တေသော ပေသော ပတ္တမြားဝင်းထိန်ကို သူသံယောဇဉ်ငြိသည်။ ကျွန်တော်နှင့် တွေ့တိုင်း ပတ္တမြားဝင်းထိန်အကြောင်းမေးလေ့ရှိသည်။ "ဒီကောင်တော့ ခက်တာပါဘဲကွာ" ဟုညည်းတတ်သည်။

ဟော . . . ယခုအကြိမ် သူနှင့်ကျွန်တော်နှင့် တွေ့ရသည်ကား ဝမ်းသာအားရနှင့် . . .

"ဟေး . . . ဖိုးတင်ဆွေ . . . မင့်ကောင်ကြီးတော့ ဟန်ကျသွားပြီကွ။ မင်းကြားပြီလား . . . ပိုက်ဆံချမ်းသာတဲ့ သူ့အဒေါ်အပျိုကြီး တစ်ယောက်က ခေါ်မွေးဆိုပဲ . . . သူ့အဒေါ်မင်းသိမှာပေါ့၊ စာရေးဆရာမ "မုတ်ပွန်တင်တင်ကြီး"ဆိုတာလေ . . . ရွှေဂုံတိုင်မှာ တိုက်ကြီး, ဝန်းကြီး, ခြံကြီးနဲ့ပဲ၊ ဒီကောင်မျိုး . . . ဒီလိုကြည့်မဲ့ရှုမဲ့ လူနဲ့ အခြေတကျဖြစ်သွားတာ ငါတော့ ဝမ်းသာပါတယ်ကွာ . . ."

သူ့အဖို့တော့ဟုတ်ပေမည်။ ကျွန်တော်တော့ စာရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



အမြင်နှင့်မကျေနပ်။ ပတ္တမြားဝင်းထိန်လို လူများနှင့်မတူအောင် ဇွပ်ရွတ်လုပ်တတ်တဲ့ ကောင်တစ်ယောက် လောကရေးရာ ဘာမျှနားမလည်သော အပျိုကြီး၏ပစ္စည်းအောက်မှာ ဆိတ်ငြိမ်စွာရှိသွားမည်ကို ကျွန်တော့သူငယ်ချင်းဘဝ ကျွန်တော်တွေး၍ နှမြောလှသည်။

ကိုခင်မောင်လတ်နှင့်တွေ့ပြီး ၃ရက်မျှအကြာ၌ ကျွန်တော် ပို၍ပြီး စိတ်မကောင်းဖြစ်ရပြန်သည်။

ကျွန်တော် စကော့ဈေးရှေ့ လျှောက်သွားစဉ်တွင် လမ်းဘေးရပ်ထားသော ဆလွန်းကားကြီး တစ်စီးထဲ၌ မျက်လုံးကလေးတွေကြောင်တောင်နှင့် ခွေးမျက်နှာတွေ အပြည့်မျှမြင်ရသည်တွင် တစ်ခုသောမျက်နှာမှာ ကျွန်တော်နှင့်ရင်းနှီးစွာတွေ့ကြုံဖူးသည်ဟုထင်၍ ကားနားကပ်ကြည့်မိရာ လား... လား ခွေး ဖြကောင်နှင့်အတူထိုင်နေသော ပတ္တမြားဝင်းထိန်

ကျွန်တော် သူ့ကိုငုံ့ကြည့်ပြီး . . .

"ဟား . . . ဟောကောင် ငါ့ဒီကားထဲက ခွေးချည်းပဲမှတ်လို့ လက်စသတ် မင်းလဲပဲကိုး၊ ငါ အစဦး မင့်မျက်စိနဲ့ နဖူးပဲမြင်ရတော့ ခွေးပဲအောက်မေ့နေတာ"

"အေးပေါ့ကွာ . . . မီးများ မီးနိုင်၊ ရေများ ရေနိုင်ဆိုတာလို ခွေးများတော့ ငါလဲခွေးပဲ ထင်စရာဖြစ်တော့တာပေါ့"

"မင်းအခု မင်းအဒေါ်အိမ်မှာ ကောင်းစားနေဆို၊ ငါကြားပါတယ် . . ."

"ကောင်းစားတာမဟုတ်ဘူး သူငယ်ချင်း . . . ဘယ်လောက်အနေရအထိုင်ရ ကြပ်သလဲ မင်းမသိဘူး၊ အပျိုကြီးထောင်ကျနေတာကွ"

"အင်း . . . ငါလဲ . . . ထင်သားပဲ၊ ဒါနဲ့ . . . မင်းခုနေတာ ရွှေဂုံတိုင်တင်ပဲကွာ . . . ငါ့ဆီများလှည့်မလာဘူး . . ."

"အကြောင်းမဲ့သက်သက် . . . အပြင်ထွက်မလည်ရဘူးတဲ့ သူငယ်ချင်း . . ."

"ဒါဖြင့် . . . ငါ မင့်ဆီလာလည်မယ်လေ . . ."

"အမေလေး . . . စိတ်မကူးနဲ့ ငါ့ . . . အဒေါ်ဟာ . . . မင့်ကိုရန်သူလို . . . သဘောထားလိမ့်မယ်"

"ဘာကြောင့်လဲကွာ . . . သူငါ့ကိုသိလို့လား . . ."





"သိလို့မဟုတ်ဘူး . . . ငါနဲ့ သူငယ်ချင်းမိတ်ဆွေ မှန်သမျှ တစ်ယောက်မှမကောင်းဘူး . . . ဒါကြောင့် ငါပျက်စီးနေတာ အရင်ဟာတွေကို . . . နောက်ထပ် မဆက်သွယ်ရဘူးတဲ့ . . ."

အချို့လူကြီးများမှာ မိမိတို့မျိုးရိုးက ကောင်းပါသည်။ အပေါင်းအသင်းကြောင့် သူတို့ သားမြေးပျက်စီးရသည်ဟု ယူဆတတ်ကြသည်။ စင်စစ်ကား . . ဘယ်သူ၏အမျိုးမှ၊ အကောင်းချည်းမရှိ၊ အဆိုးကြီးမရှိ။

"အင်း . . . ဖြစ်ရမယ် . . ."

"ဟော . . . ဟော . . . သူငယ်ချင်း–ဟိုမှာလာနေပြီဟေ့ သွားတော့ . . . သွားတော့ . . . တော်ကြာ၊ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်တုန်းက သိတာလဲ၊ ဘာညာနဲ့ စစ်လား မေးလားလုပ်နေအုန်းမယ်

ကျွန်တော်သည် သူပြရာလှည့်ကြည့်ယင်း . . .

"ဟ . . . မင့်အဒေါ်က ဒါလောက်ပဲလား . . ."

"မကဘူး သူငယ်ချင်း သွား . . . သွား . . . မြန်မြန် သူ မမြင်ခင်သွား . . ."

"အင်း . . . မျက်နှာပေါက်ကတော့ . . . တော်တော်ဆိုးမဲ့ ရုပ်မျိုးပဲဟေ့ . . .၊ ဆိုင်ရှင်နဲ့များရန်ဖြစ်ခဲ့လို့လား . . ."

ကျွန်တော် လစ်ခဲ့ရပါတော့သည်။

ကျွန်တော့ သူငယ်ချင်းစိတ် ကျွန်တော်သိပါသည်။ ဒီကောင်နှင့် ဒီအဒေါ်မျိုးနှင့်၊ အရင်းရှင်နှင့် ကွန်မြူနစ်လိုဖြစ်နေတာ ကြာကြာမနေနိုင်ဟု အတတ်တွက်သည်။

ဟုတ်ပါသည်။ ဤမှတစ်လ မပြည့်မီ တစ်ခုသောနေ့လည်ခင်း ကျွန်တော်မြို့ထဲမှ ပြန်အလာတွင် ကျွန်တော့အိမ်ရှေ့ ယမင်းဆိုင်အဒေါ်ကြီး၏ သမီး မြီးခေါင်ပေါက်ကလေးက . . .

"ဒီမှာ . . . ကိုတင်ဆွေကြီး . . ."

"ဘာတုန်းဟ . . ."

"ဟင့် . . . ရှင့်မျက်စိ ကြည့်ပုံကြီးက . . . ဒီကအကောင်းပြောမလို့ဟာ . . ."

"အော် . . . ပြောပါ၊ ငါ့မျက်စိ ငါ့မျက်စိ တိုင်းတိုင်းနေတာပဲ"

"ရှင့် . . . အခန်းထဲမှာ . . . ခွေးတွေတပြုံကြီးနဲ့ လူကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရောက်နေတယ်တော့ ဘယ့်နှယ့်လူကြီးလည်းမသိပါဘူး။ မိုးလဲ မရွာဘဲနဲ့ မိုးကာအင်္ကျီကြီး ဝတ်လာတယ် . . .”

ဒီလိုဆိုကတည်းက ပတ္တမြားဝင်းထိန်မှန်း ကျွန်တော်သိပြီးပါပြီ။ ဒီကောင်မှာ ဘာမှဂရုစိုက်သူမဟုတ်၊ သူထင်ရာလုပ်၊ ထင်ရာဝတ်တတ်သူဖြစ်ပါသည်။

ကျွန်တော် အိမ်ထဲသို့ရောက်လေလျှင် ရုတ်တရက်ဖြင့် ကျွန်တော့်အခန်းကျဉ်းကလေးထဲမှာ ခွေးပင်လယ်ဝေနေသည် ပါးစပ်တွေဖြဲ၊ လျှာတွေတလွဲလွဲနှင့် မျက်လုံးကလေးတွေက ကြောင်တောင်တောင်၊ အမြီးတွေက တထောင်ထောင်၊ တလှုပ်လှုပ်၊ ခွေးပင်လယ်တွေ ခွေးလှိုင်းတန်ပိုးပုတ်နေသည်ဟု ဆိုရပေမည်။

ဟ . . . များလှချေလား . . . ခွေးတွေ၊ ဟော . . . သေသေချာချာကြည့်တော့မှလား . . လား တဖြည်းဖြည်း နည်းၡနည်းၡလာပြီး နောက်ဆုံး၌ ခွေးဒါဇင်ဝက်တိတိနှင့် ပတ္တမြားဝင်းထိန်တစ်ယောက်သာ ဖြစ်သည်။

သူသည် မိုးကာအင်္ကျီကို တိုင်မှာချိတ်၍ စီးကရက်တစ်လိပ်နှင့် ခွေးတို့အလယ်တွင် တင့်တယ်စမ္မာယ်တော်မူနေရာမှာ ကျွန်တော့ကို မော့ကြည့်ပြီး . . .

“ဟဲ့လို . . .ဖိုးဆွေ ငါရောက်နေတာ နာရီဝက်လောက်ကြာပြီကွ . . .”

“ဟုတ်လား . . .”

“နောက်ထပ်နာရီဝက်သာကြာမယ်ဆိုယင် . . . မင့် ငါ့စောင့်နိုင်မှာ မဟုတ်တော့ဘူး . . .”

“ဘာလဲ . . . မင်းအဒေါ်ကအချိန်နဲ့ ကန့်သတ်လွှတ်လိုက်လို့လား . . .”

“မဟုတ်ပါလူးကွာ . . . ဒါကြီး စကားထဲထည့်မပြောနဲ့ ဒါကြီးနဲ့ ငါနဲ့ဝွလွှမ်ခဲ့ပြီကွ၊ သူကလဲ တစ်သက်မှာငါ့မျက်နှာမကြည့်ပါရစေနဲ့တော့တဲ့၊ ငါကလဲ ကျေးဇူးပါပဲ ဘုရားအစ်မကြီးရယ်လို့ . . .”

“အင်း . . . ငါထင်တဲ့အတိုင်းပဲ . . . ဘယ်လိုဖြစ်ကြကာလဲ”

“အကြောင်းမမေးပါနဲ့တော့ သူငယ်ချင်းရာ၊ ဒါကြီးမျိုးနဲ့နေ





လို့ကော ငါ့တစ်သက်မှာ ဘာကြီးပွားနိုင်မှာလဲ၊ သူကျွေးတာစား၊ သူပေးတာဝတ်နဲ့ နိုင်ငံရေးသမား ပုဒ်မ၅ နဲ့ ဖမ်းပြီးဘီကလပ်စ်မှာထားသလိုနေတဲ့ဟာ၊ အနေအထိုင်အစားအသောက်တော့ ကောင်းပါရဲ့ လွတ်လပ်မှုမရှိဘူး။ လုပ်ချင်တာမလုပ်ရဘူး၊ လူညွှန့်ချိုးထားသလိုနေတဲ့ဟာ၊ အခုတော့ ငါ့ဟာငါ လုပ်ငန်းစတော့မယ်လေ . . .”

“ဟုတ်လား . . . ဘာလုပ်ငန်းလဲ”

“မင့်ငါ အဲဒါပြောမလို့ လာတာပဲ၊ ငါအခု အင်းစိန်ရွာမမှာ အိမ်တစ်လုံးငှားထားပြီ၊ အဲဒီသွားနေပြီးတော့ ဟော့ဒီခွေးတွေနဲ့ စီးပွားရေးလုပ်ငန်းစတော့မှာပဲ”

ကျွန်တော်သည် သူ၏ခွေး ဖကောင်ကိုကြည့်ကာ . . .

“ဘာလဲ . . . မင့်စီးပွားရေးလုပ်ငန်းက ဒီခွေး ဖကောင်နဲ့ ကြွက်တူးမှာလား၊ ကြောင်လိုက်မှာလား”

သူသည် ကျွန်တော့ကို မနှစ်မြို့သောမျက်နှာနှင့် ကြည့်ကာ...

“ငါ့လခွီး မင့်နှယ်စာရေးဆရာလုပ်ပြီး အမြော်အမြင်ဉာဏ်က သေးသိမ်လိုက်တာ၊ ကြည့်ပါအုံး။ ဒီခွေးမျိုးတွေက ကြွက်တူးတဲ့ ကြောင်လိုက်တဲ့ ခွေးမျိုးလားကွ”

ဟုတ်ပါသည် သူ့ခွေးတွေမှာ လှပသော ဗိုလ်ခွေးကလေးများဖြစ်ပါသည်။ သို့သော် ကျွန်တော်က ကိုယ့်စကားကိုအောက်ကျမခံလို၍ . . .

“မသိဘူးလေကွာ၊ ရွာမလို လယ်ကွင်းပြင်ရှိတဲ့ နေရာသွားပြီး ဒီခွေးတွေနဲ့ စီးပွားရေးလုပ်ငန်း စမယ်ဆိုတော့ ကြွက်တူးဖို့၊ ကြောင်လိုက်ဖို့မြင်တာပဲ”

“ဒါကကြွက်စား၊ ဖားစား၊ ကြောင်စား၊ မြွေစားမင်းတို့ သာယာဝတီပေါင်းတည်သားတွေအမြင်ပဲ”

“ကဲ–ထားပါတော့ကွာ၊ မင်းနဲ့ ဒီခွေး ဖကောင်နဲ့လုပ်ငန်း ပြောပါအုံး၊ သားဖေါက်ရောင်းမှာလား”

“သားဖေါက်ရောင်းလို့ တစ်ကောင်ဘယ်လောက်ရမှာလဲကွ၊ ကုလားတွေလုပ်နေတဲ့ဟာပဲ၊ နားထောင် ငါပြောမယ်။ ငါက ဒီခွေးတွေကို ပညာသင်ပေးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပညာလဲ . . . ရှေ့တင်း . . . တိုက်ပင်း . . . စာရင်းကိုင်ပညာလား"

"မင့်မျက်လုံးကလေး ပိစိညှပ်လောက်နဲ့ မနှောက်စမ်းပါနဲ့ကွာ၊ ငါ့အကောင်းပြောမဲ့ဟာ နားထောင်စမ်းပါ၊ မင်းခွေးဆပ်ကပ် ကြည့်ဖူးတယ်မှုတ်လား၊ အဲ့လိုခွေးဆက်ကပ်မှာပြတဲ့ အတတ်မျိုးကွ၊ ငါ့အခုဈေးကောင်းကောင်းနဲ့ရောင်းပြီးနောက် ၁၂ကောင်ဝယ်သင်မယ်၊ အဲ့ဒီ ၁၂ကောင်ပြီးတဲ့အခါ ၂၄ကောင်၊ ၂၄ကောင်ပြီး ၄၈ကောင်၊ ၄၈ ကောင်၊ ၉၆ကောင်၊ ၉၆ကောင်ပြီး အဲ . . . အဲ"

"ဟိုး . . . ဟိုး ခဏနေစမ်းပါအုံး" သူ့အလီပေါင်းခက်နေစဉ်ကျွန်တော့မျက်စိထဲတွင် သူ့ခွေးတွေကို ဘိုးဘိုးအောင်(ဝ)လုံးတွေကို မြင်ယောင်လာကာ "မင့်ခွေးတွေ ဒီလောက်အများကြီး ဘယ်သူတွေက ဝယ်မှာလဲဟ"

"ခွေးဆပ်ကပ် သမားတွေပေါ့ကွ"

"ခွေးဆပ်ကပ်သမားက မြန်မာပြည်ဘယ်လောက်ရှိမှာမို့လဲဟ"

"ဒါတော့မပြောနဲ့မောင်၊ မြန်မာတွေအကျင့် မင်းတို့ငါတို့မြန်မာအချင်းချင်း သိကြတဲ့အတိုင်းဘဲ တစ်ဦးဦးက တစ်ခုခုလုပ်လို့စွံရင် ဝိုင်းပြီးလိုက်တုကြတာပဲ၊ ဒီဝယ်မဲ့လူအတွက်တော့ မပူပါနဲ့မောင် ကိုယ့်ဆီကသင်ပြီး ကြားပြီးသား ခွေးများများထွက်ဖို့ပဲလိုပါတယ်"

"အင်း . . . မင်းပြောတဲ့အတိုင်းဖြစ်ရင်တော့"

"အရင်တလောက ပုသိမ်လား ခွေးဆပ်ကပ်ပေါ်လာတယ်မှုတ်လား၊ အဲဒါကိုလူထုကလက်ခံတယ်၊ လုပ်တဲ့လူက ဇွဲနပဲနဲ့ဆက်ကြိုးစားဖို့လဲလိုတယ်၊ ကြည့်မှင်း ငါလုပ်ပြမယ်။ နောက်ဆိုရင် မြန်မာပြည်မှာခွေးဆပ်ကပ်တင်မကဘူး ခွေးပြဇာတ်၊ ခွေးရုပ်ရှင်တွေပါ ဖြစ်လာရမယ်၊ ငါစိတ်ကူးတာက အခုအစမှာ ငါတစ်ယောက်ထဲသင်ပြီး နောက်ခွေးအကောင် ၂၀ကျော်တဲ့အခါမှာ လက်ထောက်ဆရာတစ်ယောက် ခေါ်မယ်။ နောက်ခွေးများ များသလောက် လက်ထောက်ဆရာတွေခေါ်မယ်ကွာ၊ ငါ့ကျောင်းကို 'ပတ္တမြားဝင်းထိန်၏ ခွေးတက္ကသိုလ်'လို့နာမည် ပေးမယ်၊ အဲဒီအခါမှာမင်းဝတ္ထုရေးတာနဲ့ ဝင်ငွေမကောင်းရင် ငါ့ကျောင်းမှာကျောင်းဆရာလာလုပ်၊ ငါပြီးရင် မင်းကအကြီးဆုံးဖြစ်ရမယ်၊ ဘယ်နှယ့်





လဲ သဘောကျရဲ့လား၊ ဒါသူငယ်ချင်းချင်းပေးနိုင်တဲ့အခွင့်အရေးပဲကွ"

"ကျေးဇူးပါဘဲ မောင်ရာ၊ မင့်ကျောင်းမှာ ခွေးဆရာတော့မလုပ်ပါရစေနဲ့"

"မင်းအဲဒါခက်တာပဲ၊ ခွေးတက္ကသိုလ်ရယ်၊ ခွေးကျောင်းဆရာရယ်ဆိုတဲ့ သာမန်ကာရှံကာ စကားလေးနဲ့ ပေါ့ပေါ့ဆဆလုပ်မပစ်လိုက်နဲ့။ ဒါမှာ ကမ္ဘာမှာမြန်မာထူးချွန်မဲ့ အလုပ်ကွ၊ ကမ္ဘာပေါ်ရှိတိုင်းပြည်တွေထဲမှာ မြန်မာပြည်ဟာ ခွေးအပေါဆုံး ဒီခွေးတွေကို မြန်မာပြည်ကအသုံးမချတတ်လို့၊ နောက်ကိုကြည့် ငါက စ,ထွင်လိုက်လို့ မြန်မာပြည်မှာ ခွေးဆပ်ကပ်တွေ၊ ခွေးပြဇာတ်တွေ၊ ခွေးရုပ်ရှင်တွေ ထွန်းကားလာတယ်ဆိုယင် ကမ္ဘာအရပ်ရပ်က အားကျပြီး ငါ့ကျောင်းကခွေးတွေကိုမှာယူကြအုံးမှာကွ၊ မင့်ကြည့်ကွာ တစ်နေ့ငါ့ခွေးတက္ကသိုလ်ဟာ ရန်ကုန်ယူနီဗာစီတီထက် ကြီးရမယ်၊ ခွေးထီးဆောင်၊ ခွေးမဆောင် ခွဲထားမယ်သူတို့ အုပ်မဲ့ ထိန်းမဲ့ အဆောင်မှူးတွေနဲ့ အဲဒီအခါမှာ ငါကတော့ ဟီးဟီး . . . ဘာမှအလုပ်မရှိတော့ဘူး၊ ပြည်တွင်း ပြည်ပကလာတဲ့ အော်ဒါတွေလက်ခံ၊ လာတဲ့ငွေတွေ ရေယူနေရုံပဲ၊ သူဌေးအလုပ်မင်း . . . သူဌေးမှ ကမ္ဘာကျော်သူဌေးကွ၊ မင်းကတော့ ငါ့အတ္ထုပ္ပတ္တိရေးပြီး ရောင်းစားဖို့သာ ပြင်ပေရော့ . . . အဲ့ဒါမလုပ်ခင် မင့်ကိုငါက အချစ်ဆုံး သူငယ်ချင်းမို့အခွင့်အရေးတစ်ခုပေးအုံးမယ်၊ အလုပ်စ,စချင်း ပထမ ဦးဆုံးလူအဖြစ်နဲ့အစုရှယ်ယာပါကွာ"

"ဘယ်လိုပါရမှာလဲ"

"မင်း . . . ငွေတတ်နိုင်သလောက် ထည့်ပေါ့ကွာ"

"ငွေ . . ." ကျွန်တော်သည် သူ့ကိုမျက်စိလှန်၍ကြည့်လိုက်ပြီး . . ."

"ငါ့မှာငွေမရှိပါဘူးကွာ . . ."

"ဟ . . . လေးငါးရာလောက်မှ မရှိဘူးလား"

"လေးငါးရာမပြောနဲ့၊ ငါအခုန ၄–၅ဆယ်ရဖို့ ငါ့စာအုပ်တိုက်ကိုသွားတာ သူတို့မှာထားတဲ့ လေးသောင်းငါးထောင်တန် ပုံနှိပ်စက်ကြီးရွေးဖို့ ငွေမပြည့်လို့ စုနေရတဲ့အတွက် ငါ့ကို ၄–၅ကျပ်တောင် မပေးနိုင်ဘူးဆိုလို့ အပြန်စရိတ် ၅ပဲ ချေးပြန်ခဲ့ရတာကွ . . ."



www.burmeseclassic.com

www.burmeseclassic.com



သူသည် မျက်နှာကိုအကြီးအကျယ်ရှုံ့လိုက်ပြီး . . .

"ငါ့လခွီးတဲ့ ဒါဟာ မင့်ကုသိုလ်ပဲလေ၊ မင်းဟာ ဆင်းရဲဇာတာပါ ထင်ပါရဲ့ကွာ၊ ဒီလိုအခွင့်အရေးကောင်း ကြုံရက်သားနဲ့၊ သို့သော် တစ်ခုတော့ ငါသတိပေးလိုက်မယ်မောင် ဖို့ဒ်ကားကုမ္ပဏီ စ,စချင်း ပေါင် ၉၀၀–ထဲထည့်တာနဲ့ နောက်ရွှေဒင်္ဂါးပေါင် သိန်းလေးရာ အသာကလေး ထုတ်ယူသွားတဲ့ လူအကြောင်း တို့သိခဲ့တယ်မှတ်လား၊ အေး အခုလဲ အချိန်ရှိတုန်း မင်းငွေရှာချင်–ရှာဦးသူငယ်ချင်း"

"ရှိပါစေတော့ မောင်ရာ"

"ဒါတော့ မင့်သဘောပဲလေ၊ သို့သော် ငါကောင်းစားတဲ့ တစ်နေ့မှာတော့ ငါ့သူငယ်ချင်းကို မေ့မထားပါဘူးကွာ၊ အော် . .ဒါနဲ့ ဟော့ ဖိုးဆွေ မင့်ရှပ်အကျီနှစ်ထည်လောက်နဲ့ လုံချည်နှစ်ထည်စလောက်တော့ ပေးလိုက်ဦးကွာ မှဘောင်းဘီရရဲ့ ငါ့ ဟိုမိန်းမကြီးနဲ့ရန်ဖြစ်ပြီး လစ်ခဲ့ရတာ အဝတ်အစားတွေ မယူခဲ့ရဘူးကွ"

တစ်ယောက်အဝတ် တစ်ယောက်ယူဝတ်ရသည်မှာ ကျွန်တော်တို့အဖို့ အဆန်းမဟုတ်ချေ။ သူနှင့်ကျွန်တော်မှာ လုံးတူ ရပ်တူလုံးပုံစံချင်းတူ၍ ဘောင်းဘီကုတ်အကျီကအစ အံကိုက်ဖြစ်သည်။ ကျောင်းဘော်ဒါ တုန်းကဆိုလျှင် သူ့အဝတ် ငါ့အဝတ် မခွဲခဲ့ချေ။ ဤသည်ပင် ကျွန်တော်တို့နှစ်ယောက် ချစ်ခင်ခြင်း၏အကြောင်းရင်းတစ်ရပ်ဖြစ်ချေသည်။ အခြားကျောင်းသားတွေနှင့်ဆိုလျှင် မည်သို့ပင်ချစ်ခင်စေ ကျွန်တော်တို့နှင့် အဝတ်ချင်းဖလှယ်၍မဖြစ်ချေ။ အကြောင်းမှာ ကျွန်တော်တို့သည် မဟာဆွေဇာတ်လိုက်ကြီးဖြစ်၍ ကျောင်းတွင် အထွားဆုံးကောင်ကြီးတွေ ဖြစ်သည်။ ယခုနိုင်ငံခြားရေးရုံး၌လုပ်နေသော ကိုခင်မောင်လတ်ကဆိုလျှင် ကျွန်တော်တို့ကို နွားလားဥသဖကြီးတစ်ရှဉ်း ဟုခေါ်စမှတ်ပြုသည်။ ကိုခင်မောင်လတ်ကား အရပ်တော့မြင့်ပါသည်။ သို့သော် ပိန်လှ၍ ဝါးခြမ်းပြားထောင်ထားသည်နှင့်တူချေသည်။ သူက ကျွန်တော်တို့ ကိုယ်ကာယကြီးများကြည့်ပြီး . . .

"အင်း . . . လူတွေကတော့ မဟာဆွေဇာတ်လိုက်ကြီးတွေပါ ပဲကွာ၊ ဒါပေမယ့် မဟာဆွေဇာတ်လိုက်တွေလို လူထူးလူချွန်ဖြစ်ဖို့ အိုင်စီအက်စ်ဖြစ်ဖို့တော့ ဝေးဘိတောင်း။ ၁၀တန်းနဲ့ ကျောင်းဆွေးလိမ့်မယ်၊





ခုနှယ် မဟာဆွေများ မင်းတို့သာသိသွားရင်ဖြင့် သူ့ဝတ္ထုထဲကဇာတ်လိုက်တွေ ပြန်ပယ်ပစ်လိမ့်မယ်ထင်တယ်"

ကျွန်တော်တို့ကို ဂုဏ်ပြု၏။ ဒီတော့ ကျွန်တော်တို့က သူ၏ ယိမ်းနွဲ့ပါး ကိုယ်ကလေးကိုကြည့်ပြီး သီချင်းဆိုကြသည်။

"လေယူရာတိမ်းလို့ . . . ယိမ်းနွဲ့ဟန်ချီ . . . မေသူဇာအလှ စိမ်းခဲ့ပြန်ပြီ . . ."

အကြောင်းမှာ ဤစဉ်၌ ကိုခင်မောင်လတ်သည် ကျောင်းနာမည်ကြီး ထိပ်သီးဖြစ်သော မခင်မျိုးချစ်ကို ဂေါ်နေသည်။ သို့သော် သူမစွံချေ။

အော် . . . ကျောင်းတုန်းက ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေရတာနဲ့ ပတ္တမြားဝင်းထိန်အကြောင်းတောင် ဘယ်ရောက်ပါလိမ့်။

အော . . . အော သူတောင်းတဲ့အဝတ်ကို ကျွန်တော် မရှိမဲ့ရှိကလေးထဲက ခွဲပေးလိုက်ရတော့တာပေါ့။

"ရော့ . . . ရော့ကိုယ့်လူ ဟောင်းတယ် နွမ်းတယ် မကောင်းဘူး ရယ်လို့တော့ မအောက်မေ့နဲ့ ငါ့ဒါပဲရှိတယ်"

"ကျေးဇူးပါပဲမောင်ရာ၊ အား ၂နာရီထိုးပြီပဟော၊ ငါနှစ်ချက်ခွဲ လော်ကယ်နဲ့လိုက်ရမယ်၊ ငါ့လခွီး ဒီခွေးတွေနဲ့ ဘူတာ့လိုက်ပို့ဦးကွာ"

"မင့်ဟာ လမ်းမှာ ဒီပြင့်ခွေးတွေ လိုက်ကိုက်လို့ တည့်ည့်နေတော့မှာပဲ၊ မြင်းလှည်းတစ်စီးတော့ခေါ်မှ၊ နို့ပြီး မင်း ဟိုဆင်းတော့ကော ဘယ်လိုသွားမှာလဲ၊ လော်ကယ်က အင်းစိန်ဘူတာတင်ရပ်မှာ . . ."

"ငါငှားထားတဲ့အိမ်ရှင်ကို နွားလှည်းနဲ့လာကြိုဖို့ ချိန်းထားတယ်ကွ"

"မင်းငှားထားတဲ့အိမ်က ရွာမှ ဘယ်အနားမှာလဲ"

"ဒီကနေ ပြောရတော့ခက်တယ်၊ မင်းလာချင်ယင် ရွာမဘူတာရုံ ပိုင် ကိုချစ်ဆိုင်ကိုမေး သူပြလိမ့်မယ်၊ သူ့ဘူတာကနေမြင်ရတယ်၊ ငါ့နာမည်ပြောယင် သူဂရုစိုက်ပါလိမ့်မယ်ကွာ။ သူလဲငါ့လို မုတ်ပွန်သားပဲ"

ကမ္ဘာကျော်သူဌေးလောင်းကြီး ပတ္တမြားဝင်းထိန်သည် ကြည့်မြင်တိုင်ဘူတာတွင် ကျွန်တော်၏မျက်မှောက်မှ ခွေး ၆၃ကောင်နှင့် ပျောက်သွား၍ သီတင်း ၆ပတ်မျှအကြာ ကျွန်တော်သူ့ကိုမေ့သလောက်

www.burmeseclassic.com



ရှိသောအခါ၌ အိမ်သို့စာတစ်စောင်ရောက်လာသည်။

စာအိတ်ပေါ်မှာတင် အားဂျင်းဟု ရေးထားသည်။ သူ့လက်ရေး မှတ်မိသည်။ ဒီကောင့်ဆီကဆိုလျှင် မလာလိုက်နှင့်လာလိုက်လျှင် ဖုတ်ပူမီးတိုက်နှင့် အားဂျင်းသာ ဖြစ်ချေသည်။

ကျွန်တော် ဖေါက်ဖတ်လိုက်သည်။

ဟေး . . . အချစ်ဆုံး သူငယ်ချင်း ကိုယ့်လူ ဖိုးဆွေ
အခုငါ့မှာ အသက်တမျှ အို . . အသက်နဲ့ထပ်တူပါပဲလေ
အရေးကြီးတဲ့ ကိစ္စတစ်ရပ်နဲ့ ရင်ဆိုင်နေရပြီ၊ မင်း . . .
ဒီစာရ,ရချင်း အမြန်တကာ့ အမြန်ဆုံးလာခဲ့ပါ။

မင်းရဲ့ အချစ်ဆုံး
ပတ္တမြားဝင်းထိန်

အင်း . . . ခွေးမသား ခွေး ဖါကောင်နဲ့ ရွာမသွား ဘာများဖြစ်နေပြီလဲ , . . .

ကျွန်တော်မနေသာ၊ ရွာမသို့ရောက်အောင် အမြန်ဆုံးလိုက်သွားရသည်၊ ဘူတာရောက်လျှင် ရုံပိုင်ကိုချစ်ဆိုင် ဆိုတာမေး၍ ပတ္တမြားဝင်းထိန်အိမ်ကို ပြခိုင်းရသည်။

တာလမ်းနံဘေး လယ်ကွင်းပြင်ထဲ၌ သက်ငယ်မိုး ထရံကာသည့် လယ်တဲအုပ်အုပ် မှုံကုတ်ကုတ်ကြီးပါ။ အင်း . . . လူမြင်မကောင်းတဲ့ သူ့ခွေးကျောင်းအဖို့တော့ သင့်လျော်တာပလေ။

ယော် . . .

ဘူတာမှခြေလျင်ရှောက်ခဲ့၍ သူ့အိမ်ရောက်သည်နှင့် အိမ်ပေါက်ကို လေးဘက်ပတ်၍ရှာရသည်။ တွေ့မယ့် တွေ့တော့လဲ တံခါးပိတ်၍ စာချိတ်ထားသည်။

**ဒီအိမ်က ဦးပတ္တမြားဝင်းထိန်**
**မရှိတော့ဘူး ပြောင်းသွားပြီ။**

သူ့လက်ရေးနှင့်ဖြစ်သည်။

ဘယ့်နှယ့်လဲ . . . ဒီကောင်၊

ကျွန်တော်ခေါင်းကုပ်ပြီး အကျိုးအကြောင်းမေးရန် ဘူတာသို့ ပြန်ခဲ့သည်။ မရောက်မီ နောက်မှ ခြေသံ တဖုတ်ဖုတ် ကြား၍ လှည့်ကြည့်





လိုက်ရာ ခွေးမသားကြီး ကဆုန်စိုင်းလာလျက်

"ဟေ့ . . . ဖိုးဆွေ . . . ဖိုးဆွေ"

ကျွန်တော်ရပ်ပြီး

"ဘာတုန်းကွ မင့်အပေါက်က"

သူက မျက်နှာကြီးရှုံ့ ခေါင်းကြီးကုပ်ပြီး . . .

"ဟာ . . . မြန်မာပြည်က မြန်မာတွေကို ခက်ပါတယ်ကွာ . လာ . . .လာ . . .ဟိုသစ်ပင်ရိပ် သွားထိုင်ရအောင်"

"ဘာကြောင့်လဲကွ . . . "

"ငါ့အိမ်တံခါး . . . ဟို စာရေးထားရတာကြည့်တော့"

"ဘာလို့လဲ . . . မင့်ခွေးတွေ ဆပ်ကပ်သင်နေတာလာ . . . လာ . . . ကြည့်ကြလို့လား . . . ဒါတော့"

"ဟာ . . . ဒီလိုကြည့်တာမျိုးဆိုယင် . . . ငါသဝင်မတိုပါဘူးကွာ . . . နောက်ကို ငါ့အောက်လက်ထောက်ဆရာတွေ ထားရမှမို့ သင်နည်းကြားနည်း သူတို့သိထားယင် ငါပိုပြီးဝမ်းသာမှာပါ၊ အခုတော့ ဒီလိုနည်းနာယူမှန်း သိတဲ့လူက တစ်ယောက်မှမလာကြဘူး၊ အနှောက်အယှက်ပေးမဲ့ ဟာတွေလာကြတော့တယ်"

"မင်းက . . . ရှင်းရှင်းပြောပါလားကွ မလာဖို့မကူညီချင်နေပါ မနှောက်ယှက်ပါနဲ့လို့"

"ငါပြောပြီလားကွာ . . . အမျိုးမျိုးပြောတယ် . . .၊ ချော့ပြောတယ်၊ ချောက်ပြောတယ်၊ ဒါလဲမရကြဘူး"

"ခလေးတွေလား"

"ဟုတ်ပါဘူးကွာ . . . သေကောင်ပေါင်းလဲကြီးတွေဖြစ်နေပါပြီ . . ."

ကျွန်တော်ပင် သူ့အတွက်ဒေါပွမိကာ

"ဟင် . . . ဒါနဲ့ဘယ်လိုလူစားတွေလဲ ဘယ်လိုအတန်းအစားတွေလဲ . . ."

"အောက်တန်းစားတွေမို့ ခက်တာပေါ့ကွာ ဆန်သည်ကွ၊ ဆီသည်ကွ၊ ငါးစိမ်းသည်ကွ၊ နို့ကုလားကွ"

သူ့စကားမဆုံးမီ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး . . . ဟိုး ခဏနေပါအုံး . . . ဒါတွေက မင်းနဲ့ဘယ်လို ဆက်သွယ်လို့ လာကြတာလဲ . . ."

"အိမ်ရှေ့တကျော်ကျော်လာအော်ကြတာနဲ့ ငါ သူတို့ဆီက အကြေးယူမိတယ်ကွာ၊ အဲ့ဒါတငင်ငင် လာတောင်းကြတာ ဘယ်လောက်ခက်တဲ့အရာတွေလဲလို့၊ ငါ ကြုံ ကြုံဖူးပါဘူး . . ."

သစ်ပင်အောက်ရောက်၍ နှစ်ယောက်သားထိုင်လိုက်ကြပြီး .

"ထွီ . . . သူတို့ပိုက်ဆံကလေးတွေက မဖြစ်စလောက်ဘာမှ အရာရောက်တာလဲ မဟုတ်ဘူး၊ ငါ့မှာအနှောက်အယှက်ခံရတာပဲ အဲဒါ ငါရောက်ပြီးနောက် အင်္ဂလိပ်လဆန်းထဲကလာပြီး နားပူကြတာပဲ၊' ငါ ပြောတယ် ကျုပ်လခစားမဟုတ်ဘူး၊ သူများကျွန်မဟုတ်ဘူး၊ ကိုယ်ပိုင်အလုပ်လုပ်နေတဲ့ကောင်၊ ခဏတဖြုတ် ခင်ဗျားတို့အကြွေးကလေးတွေ စောင့်ကြပါ၊ သည်းခံကြပါ၊ ကျုပ်အလုပ်ကြီးအကိုင်ကြီးသမားပါ၊ တစ်နေ့မှာ ခင်ဗျားတို့အကြွေးကို အဆပေါင်းများစွာပြန်ပေးမယ်၊ အေး . . အခုအတွင်းမှာတော့ လာမတောင်းနဲ့အပိုပဲ။ နောက်ထပ်သာ ကျုပ်အလိုရှိရာပေး၊ ကျုပ်ဆီမှာရှိတဲ့ကြွေးဟာ ရပစ္စည်း၏ လေးဘို့ တစ်ဘို့ကိုလျှော့ လေးဘို့ တစ်ဘို့ကို စုဆိုတဲ့တရားအတိုင်း ခင်ဗျားတို့ရဲ့စုငွေဖြစ်ရမယ်၊ ကျုပ် ကိုခင်ဗျားတို့ရဲ့ ဘဏ်တိုက်ကြီးလိုသဘောထားပါဆိုတဲ့ စကားလဲ နားမဝင်ကြဘူးကွ၊ ဟာ . . . ဒီလူတန်းစားတွေကိုကခက်ပါတယ်ကွာ သူတို့သာငါ့အပေါ်မှာ နားလည်မှု ယုံကြည်မှုသာရှိကွ၊ သူတို့အရပ်ဟာ ဘယ်လောက်ကောင်းစားသွားမလဲ . . .၊ မင်းစဉ်းစားကြည့် ငါစိတ်ကူးထားတာ ငါကြံထားတဲ့ ချေးဗိမာန်တက္ကသိုလ်ကြီးကို ဒီမှာပဲဆောက်မယ်၊ ချေးလက်ထောက်ဆရာတွေဆိုလဲ ဒီအရပ်ကပဲခေါ်မယ်၊ တစ်နေ့ ဒီရွာမအရပ်ဟာ ငါ့ချေးတက္ကသိုလ်ကြောင့်ကြီးကျယ်သွားရမယ် . . .၊ ခုနပြောတဲ့ ဈေးသည် ခေါင်းရွက်သည်မျိုးတွေဟာ ဘာမှ နေပူစပ်ခါးရောက် ရောင်းနေစရာ မလိုတော့ဘူး၊ ငါ့ကျောင်းမှာ ချေးထိန်း ချေးစာကျွေးနဲ့ပဲ သူတို့တစ်သက်တာဝတ်ဖို့ စားဖို့ အေးအေးလူလူရသွားမှာကွ။ အခုတော့ အဲဒီလူတန်းစားတွေဟာ ဒီအထိ လာဘ်ကမမြင်ကြဘူး၊ ဘာမှ ရပ်အကျိုး ရွာအကျိုးမသိကြဘူး၊ ကနေ့နက်ဖြန်စာ ကိုယ်ရေးကိုယ်တာကလေး လောက်ပဲသိကြတယ်၊ ဒါကြောင့် မြန်မာပြေမှာ မြန်မာတွေ





မကြီးပွားမထွန်း ကားတာကွ၊ တကယ်ဆိုရင် သူများမကြံမလုပ်တာကို အစပျိုးနေတဲ့ ငါ လိုကောင်ကို လက်သပ်မွေးပြီးပြုစုနေဖို့ကောင်းတာ။ အခုတော့ မပြုစုတဲ့အပြင်ကွာ ဘယ်အထိများယုတ်သလဲဆိုတာ မင်းသိလား ..."

သူ၏ စကားရှည်တကျောဖြင့် မောသွား၍ ကျွန်တော့ကို မေးခွန်းထုတ်ပြီး ခေတ္တရပ်သဖြင့် . . .

"အင်း ဆိုစမ်းပါအုံး"

"ငါ့ချေးတွေကိုပေါ့ကွာ"

"ဘာလဲ။ လာပြီးဝိုင်းရိုက်သတ်ပစ်ကြသလား"

"မဟုတ်ဘူး. . . ငါငှားနေတဲ့ အိမ်ရှင်ကိုဘိုးတုတ်ဆိုတဲ့ လူကြီးက သူ့အိမ်လခနဲ့ လာသိမ်းသွားသတဲ့ကွာ . . .၊ သူ့အိမ်လခရှိတယ်ဆိုတာကို ငါမငြင်းပါဘူး၊ တစ်လ ၃ဝိ၊ အခုတစ်လခွဲကျော်တော့ ၅ဝိ လောက်ဖြစ်မယ်ကွာ . . .၊ အဲ့ဒါ ဆိုင်းပါအုံးဆိုတာမရဘူး၊ ချေးတွေ အတင်းလာဆွဲသွားပြီး ၅ဝိနဲ့ရွေးမှပြန်ပေးမတဲ့။ အခုငါ့မှာ ငါးပါးတင်နေတာပေါ့၊ အဲဒါကြောင့် မင့်ကိုခေါ်တာ ဒီငွေ ၅ဝိလောက် မင်းကြံစမ်းပါဦး"

သူ့စကားအဆုံးပိုင်းနှင့် သူပြောပြီးကြည့်လိုက်သော မျက်လုံးမှာ ကျွန်တော်ကပေးရမည် ဖြစ်နေပါသည်၊ ပေးချင်ပါသည်၊ သို့သော် ကျွန်တော် မတတ်နိုင်ပါ၊ ယခုအချိန်တိုင် ကျွန်တော်ပတ်ဗလစ်ရှာ၏ လေးသောင်းငါးထောင်တန်စက်ကြီးမှာ ကမ်းနားဂိုထောင်တွင်ရှိနေပါသေးသည်၊ ထို့ကြောင့် . . . 'မင်းပေးကွာ'ဆိုနေသော သူ့မျက်လုံးအကြည့်ကို လှစ်ခနဲရှောင်လိုက်ပြီး မသိချင်ယောင်ဆောင်နေလိုက်ပါသည်။ သို့သော် ဒီကောင့်ကုသိုလ်ကံပဲ ထင်သည်၊ ကျွန်တော့ခေါင်းထဲ ရုတ်တရက်အကြံပေါ်လာသည်၊ ဤနေရာ၌ ကျွန်တော့ကိုယ်လဲ ကျွန်တော်ချီးမွမ်းမိသည်၊ ငါစာရေးဆရာ ပီသပေသည်ဟု ကိုယ့်ကိုယ်ကိုဆိုလိုက်ရသည်။

"ဟေ့ . . ဒီမှာ ငါစိတ်ကူးရပြီ၊ ငါ့တော့မရှိဘူး၊ တို့ ကိုခင်မောင်လတ်ကြီးဆီသွားပြီး အကျိုးအကြောင်းပြော တောင်းရရင်တော့ရမယ်ကွ"

"ကိုခင်မောင်လတ်" ဆိုသောနာမည်ကြားရသည်နှင့်ပင် သူလည်း မျက်လုံးကျယ်လာ၍ နားရွက်ပင်ကားလာသည်ဟု ထင်ရကာ



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟုတ်တယ်ဟေ့ တို့ကိုခင်မောင်လတ်၊ ကြည့်စမ်းငါ သူ့ မေ့နေလိုက်တာ၊ သူက အခုနိုင်ငံခြားရေးရုံးမှာ လခ,ကောင်းနေတာကွ၊ ဒီလေးငါးဆယ်တော့ ပါးစပ်ကဆေးပြင်းလိပ်တောင်မချွတ်ပဲ အိတ်ထဲက ဆွဲထုတ်ပေးလိုက်မှာပဲ၊ ကဲဟေ့ မင့်တာဝန်ပဲ ဒီနေ့တော့ ကိုခင်မောင်လတ် သွားတွေ့ရမှာနဲ့ဘာနဲ့ မင့်ပြန်လာဖို့ အချိန်မရှိတော့ဘူး၊ နက်ဖြန်တော့ မနက်ပြည်ရထားနဲ့ လိုက်ခဲ့ကွာ၊ ငါ ဒီဘူတာက စောင့်နေမယ်" ပြောရင်းဆိုရင်း သူထိုင်ရာမှထ၍ "ကဲ သွားကွာ ၄နာရီ ၁၅စမှာ အင်းစိန်ဘူတာက ရန်ကုန်ကို လော်ကယ်ရှိတယ်"

သူကပင်နှင်လေသည်၊ ကျွန်တော်မငြင်းသာပါ။ ကျွန်တော်တို့မှာ ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး ကိုယ်ရေးကိုယ်တာဆိုလျှင် မျက်နှာပူတတ်၍ တစ်ယောက်အတွက် တစ်ယောက်က ချေးပေးရိုး ထုံးစံရှိခဲ့ပါသည်။ တစ်ယောက်အကြောင်း တစ်ယောက်ကပြောလို့လဲကောင်းတယ် မဟုတ်လား။

ကိုခင်မောင်လတ်ဆီ ရောက်သောအခါ၌ ပတ္တမြားဝင်းထိန်အကြောင်းကို ကျွန်တော်က သယ်သယ်ပိုးပိုး သာသာထိုးထိုး ပြောလေသည်။

"ဟာ . .သူသင်ထားတာ ခွေးလေးတွေက သိပ်တတ်နေတာပဲ ကိုလတ်ရာ၊ ဆော့င့်ကြောင့်ထိုင်ပြီး ရှိခိုးတတ်တယ်၊ မတ်တတ်ရပ်ပြီး ဆလံပေးတတ်တယ်၊ နို့ပြီး သူတို့ ဖကောင်လုံး မတ်တတ်ရပ်ပြီး ဘယ်ညာ၊ ဘယ် ညာ အဘောက်တန်းတွေပါ ဒလိန်းပြတတ်တယ်၊ ယိမ်းက, တတ်တယ်"

ကိုခင်မောင်လတ်သည် ဆေးပြင်းလိပ်ခဲယင်း နားထောင်နေရာမှ ဘယ်ဘက်လက်ကြားညှပ်၍ ဖြုတ်လိုက်ပြီး . . .

"ဟား ဒီကောင်သင်ထားတာက ဒီလောက်ပဲတတ်နေလားဖိုးတင်ဆွေရ . . ."

"ဟား . .ဒီလောက်မကသေးဘူး ကိုလတ်၊ ဘိုကြည်ဟယ်ရီဆိုတဲ့ ခွေးထီးလေးနဲ့ ဂျိုက်စီဆိုတဲ့ ခွေးမကလေးဟာ အင်္ဂလိပ်လို ဒန့်စ်က, တာသိပ်ကောင်းတာပဲ၊ အမယ် ခေတ်စက်နဲ့လေ . . . ဘယ်လိုက ဘယ်လို တိုင်မင်တွေ ဘာတွေနားလည်နေတယ်မသိပါဘူး၊ ကျွန်တော်တောင်





သူတို့လောက် မက,တတ်ဘူး"

ကိုခင်မောင်လတ်သည် ပြောသမျှ ယုံတတ်သူဖြစ်၍ အံ့သြသောမျက်နှာနှင့် . . .

"ဟုတ်လား . . ."

"နောက်ပြီး ကိုလတ်ရယ် ဒန့်စ်ကတာမှာ ရမ်ဘာတို့တင်ဂိုတို့ ဖေါက်(က်စ်)ထရော့(တ)တို့ရှိတယ် မှတ်လား။ အဲဒါမှာလေဖေါက်(က်စ်)ထရော့(တ)ဆိုတာက မြေခွေးထော့ချိုးအကခေါ်တာမှတ်လား။ အဲဒါမှာတော့ သူတို့ကလူတွေထက်ကောင်းသေးတယ် ကိုလတ်ရယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့က,ခွေးကိုး မြေခွေးနဲ့ တထေရာထဲနေတာပေါ့။ နောက်ပြီး ကိုလတ်၊ ကောင်ကြီးကလေ့ ခင်လှကြည်ဆိုတဲ့ ခွေးမလေးကို ပန်းကုံးစွပ်သင်ထားလိုက်သေးဗျ။ ဟား . . ဟား ရင်ကလေးမော့မော့ တင်ကလေးကော့ကော့ (ဘယ် . . ဟုတ်ပါဘူး) အမြီးကလေးကောက်ကောက်နှင့် မတ်တတ်ရပ်ပြီး ပန်းကုံးကလေးကိုင်လို့"

"ဟာ. .ဟာ နေပါအုံး၊ ခွေးက ဘယ့်နှယ့်လုပ် ပန်းကုံးကိုင်မှာလဲ"

ကိုခင်မောင်လတ်က ကျွန်တော်ပြောတာတွေ ပေနားထောင်နေရာမှ ဖြတ်မေးလိုက်သဖြင့် ဟိုကောင့်ခွေးတွေကို ဘာမျှမသိဘဲ စိတ်ကူးပေါက်သလောက် ရှောက်ဝါးနေသော ကျွန်တော်မှာ ရုတ်တရက် စကားအ,သွားပါသည်။ သို့သော် စာရေးဆရာပီပီ မုသာဝါဒ သုံးနေကျ အလျောက် ဒေါ့က်ခနဲအကြံရ၍ . . .

"အော် . . . ကိုလတ်ရယ် ဒါတော့ လူက သူ့လက်ခွ လက်သည်းကြားစွပ်ပေးရတာပေါ့ဗျာ"

ဤမှသဘောပေါက်ကာ . . .

"အိုး . . . ရက်စ် . . .ရက်စ် . . .အိုင်ဆီး"

ယင်း၌ ကျွန်တော်က စိတ်ချလက်ချကြိတ်တော့သည်။

"အမယ် ပန်းကုံးစွပ်ပေးပြီး ခေါင်းတွေဘာတွေညွှတ်လို့ အရိုအသေပေးလိုက်သေးဗျ၊ အာဂခွေးမလေး၊ တကယ့် လူမလေးကျနေတာပဲ"

"ဟား ဟား ဟား ဟား" ကိုခင်မောင်လတ်သည် အားရပါးရရယ်ပြီး "ဒီအတိုင်းမှန်ယင်ဖြင့် ဒီကောင့်ခွေးတွေ အဖိုးတန်နေပြီပဲ၊ ခွေ



www.burmeseclassic.com

www.burmeseclassic.com



ဆပ်ကပ်မလုပ်နဲ့အုံးကွာ၊ အခုမင်းပြောတတ်တာတွေပြပြီးရောင်းစား၊ တစ်ကောင်တစ်ရာထက်ဘယ်အောက်မလဲကွာ"

"ဟုတ်တာပေါ့ ကိုလတ်နယ်။ ဒါကြောင့် ဒီကောင် သူ့ခွေးတွေ ပြန်ရဖို့ အရေးကြီးနေတာပေါ့"

"ဘယ်လောက်နဲ့ပြန်ရွေးရမတဲ့လဲ"

"မများပါဘူး ဖြကောင်မှ ရှစ်ကျပ်ထဲပါ"

ကျွန်တော်က အစိတ်ကြိတ်မည်ဖြစ်ပါသည်။ ဒါမှ လိမ်ဝါခ နိုပ်မည်မဟုတ်ပါလား။

"အေးကွာ ဒီငွေတော့ ငါကပဲ ပေးလိုက်ပါမယ်။ နို့ပြီး သူ့လုပ်ငန်းဆက်လုပ်ဖို့ အခြေအနေ အရင်းအနှီးလိုအုံးမယ်ကွ၊ ဘယ်နှယ့် အခုလို ဈေးသည်မတွေ့ဆိ အကြွေးယူစားနေလို့တော့ ဘယ်ဖြစ်မလဲ၊ ဘယ်အလုပ်မဆို အရင်းအနှီးတော့ အနည်းနဲ့အများလိုတာဘဲ ဖိုးတင်ဆွေရ။ မင်းပြောတဲ့အတိုင်းဖြင့် ငါဒီကောင်ကြီးရဲ့ အကြံအစည်လုပ်ငန်းကိုသဘောကျတယ်၊ စရိတ်ကြေးငွေရအောင်တော့ ပြောပေးလိုက်ဦးမှပဲ"

"ဘယ်ပြောပေးမှာလဲ ကိုလတ်၊ အစိုးရဆီလား"

မဟုတ်ပါဘူးကွာ သူ့အဒေါ်ဆီပါ၊ သူ့အဒေါ်ချမ်းသာပါတယ်"

"ဟား . . သူ့အဒေါ်နဲ့ သူဘုကျလာတယ် အဲဒါသတိပြုဦး"

"ဒါကိစ္စမရှိပါဘူးကွာ၊ သူ့အဒေါ်က ဒီကောင်ပေဇာတနေလို့ သဘောမကျတာပဲ၊ ဒီလိုအလုပ်တစ်ခုခု ကြိုးစားတီထွင်နေတယ်ဆိုတာ သိရင် ဝမ်းသာအားရလိုသမျှငွေ ထုတ်ပေးမှာပါကွာ၊ သူလဲစာရေးဆရာမပဲ။ ဒီလိုအသစ်အဆန်း ကြံစည်တာကို သဘောကျမှာပဲ၊ မပူပါနဲ့ သူ့အဒေါ်စိတ် ငါသိပါတယ်၊ ငါနဲ့ခင်ပါတယ် ငါပြောရင် ရပါတယ်ကွာ။ နက်ဖြန် ငါ သူ့အဒေါ်ဆီ သွားလိုက်မယ်လေ"

ကိုခင်မောင်လတ်မှာ တခြားလူတွေကိစ္စကို သူ့ကိစ္စနှင့်မခြား စိတ်ဝင်စားတတ်၍ တတ်နိုင်သမျှ ကူညီလေ့ရှိပါသည်။ သူစေ့စပ်ပေး၍ ပတ္တမြားဝင်းထိန်နှင့် သူ့အဒေါ်သင့်မြတ်ပြီး ဟိုကောင် ငွေရင်းကြေးရင်းရပါက ကျွန်တော်ပေးလိုက်သော ရုပ်အကျီနှင့် လုံချည်တပတ်နွမ်းတွေကို အသစ်စက်စက်ပြန်ရအောင် ဖြစ်ပေသည်။ အိုကေ သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုတဲ့စကား တယ်မှန်ပါလား ယခုပဲ ကျွန်





တော် ငွေအစိတ်ရခဲ့ချေပြီ။

*

နောက်တစ်နေ့ နံနက်၌ ကျွန်တော် ပြည်ရထားနှင့် လိုက်ခဲ့၍ ရွာမဘူတာဆိုက်သောအခါတွင် ရာသီဥတုမှာ သာယာကြည်လင်၍ နေခြည်သည် ရွှေရည်ရောင်ကွန့်မြူးလျက်ရှိသည်။ သို့သော် ပလက်ဖောင်းပေါ်တွင် မတ်တတ်ရပ်၍ ကျွန်တော့ကိုစောင့်နေသော ပတ္တမြားဝင်းထိန်မှာ ဤရွာမဘူတာကလေးကို ဆီးနှင်းများတဖွဲဖွဲကျနေသော လန်ဒန်မြို့၏ နံနက်ခင်းများ အောက်မေ့နေသလားမသိ၊ မိုးကာအကျီကြီးဝတ်၍ ဦးထုပ်ကိုနဖူးအုပ်အောင်ဆောင်းပြီး ဆေးတံကြီးခဲလျက်ရှိသည်။ သူ့ဇာတ်မသိသူများကမူ ဒီလူနှယ် အုတုတုကြောင်တောင်တောင်နဲ့ ဟိုကဖိတ်လို့စရိတ်ဖရီးရပြီး အင်္ဂလန်ရောက်ဖူးတဲ့ သတင်းစာဆရာ၊ လန်ဒန်ပိုများထနေတာလားဟု အောက်မေ့ကြပေမည်။ သို့သော် မဟုတ်ပါ။ ကျွန်တော့် သူငယ်ချင်းအကြောင်း ကျွန်တော်သိပါသည်။ သူ့တွင် ယခုလို ကြွေးတွေပတ်ပတ်လည်လည်ဝိုင်းနေသောအခါ၌ ဤကဲ့သို့ ဝတ်စားပြင်ဆင်ထားခြင်းမှာ များစွာသင့်လျော်မှန်ကန်လှပေသည်။ မိတ်ဆွေစဉ်းစားကြည့်ပါ။ သူ၏နဂိုကကြီးမားလှသော မဟာဆွေဇာတ်လိုက်ကိုယ်ကာယကြီးကို မိုးကာအကျီကြီးဝတ်ထားခြင်းဖြင့် ရောမ သူရဲကောင်းကြီးနှင့်တူနေ၍ ဦးထုပ်ကိုရုပ်ရှင်တွေထဲက လူဆိုးကြီးလိုဆောင်းပြီး ဦးစံရှားကဲ့သို့ ဆေးတံကြီးခဲနေလိုက်တော့ ဤအချိန် ဤအခါ ဤနေရာတွင် အဘယ်ကြွေးရှင်သည် သူ့အနားကပ်၍ နှုတ်ဆက် တောင်းဝံ့တော့အံ့နည်း။

ရထားပေါ်မှ ကျွန်တော် ဆင်းခဲ့လေလျှင် သူကျွန်တော့ဆီသို့ ခပ်သုတ်သုတ် လျှောက်လာပြီး၊ ခပ်အုပ်အုပ်အသံနှင့် . . .

"ဟေ့ . . . ရခဲ့လား၊ ရခဲ့လား . . ."

"ရခဲ့ပါတယ်ကွ၊ ဟောဒီမှာ . . ."

ကျွန်တော်က သူဝမ်းသာသွားအောင် ရွှင်လန်းစွာပြော၍ အိတ်ထဲက ပိုက်ဆံနှိုက်သောအခါ၌၊ သူက ကျွန်တော့လက်ကိုဖိပြီး တီးတိုးသံဖြင့် . . .

"ဟေး မထုတ်နဲ့၊ မထုတ်နဲ့ . . . ကြွေးတောင်းမဲ့ ဟာတွေ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုနွားကျောင်းသလို လိုက်ကြည့်နေကြတာ ငါ့လက်ထဲပိုက်ဆံမြင်ရင် ဝိုင်းအုံပြီးလုကြမှာကွ၊ လာဖော့ . . . ခပ်သုတ်သုတ်ဟောဒီဘူတာမှာ လာနေကြတဲ့လူ ၉၀ရာခိုင်နှုန်းကျော်က ငါ့ဒုက္ခပေးနေတဲ့ ကြွေးရှင်ချည်းပဲကွ"

တော်ပါသေးသည်၊ ဤရွာမဘူတာကလေးမှာ လူလေးငါးခြောက်ယောက်သာရှိ၍ အကယ်ဟို တစ်ရာပြည့်ခဲ့သော် . . . ၉၀ကျော်မှလွတ်အောင် ကျွန်တော်တို့ အင်္ဂတော်ပင်ပန်းစွာ သုတ်ခြေတင်ရမည်။

ယခုတော့ ခဏအတွင်းမှာပင် သူ့ကြွေးရှင်တွေ မျက်မှောက်က လွတ်ခဲ့၍ သူလက်ဖြန့်ကာ . . .

"ဟေ့ ပေးတော့ကွ ဖိုးဆွေ"

ကျွန်တော် သူ့အတွက်ခွဲထားသောငွေ ၅ဝိအသင့်ထုတ်ပေးလိုက်ပါသည်။ သူရေတွက်ပြီး . . .

"ဟီ . . . ငါးကျပ်တန် အသစ်ကလေးတွေချည့် ၁၀ရွက် ဟန်ကျလိုက်တာ"

"ငါ့လခွီး . . . ဘာဖြစ်ဖြစ် ဘာတွေးအုံးမှာလဲကွ . . . အခုပဲ လူများလက်ထဲ ပေးရတော့မဲ့ဟာ"

"အဲ့ဒီပေးတဲ့နေရာမှာ ထူးတာပေါ့ကွာ . . . ပိုက်ဆံအသစ်စက်စက်ဆိုတော့ လူ့သဘာဝ ပိုပြီးမက်လုံးရှိတာပေါ့ကွ"

"သူ့မက်လုံး ရှိတာ မရှိတာနဲ့ မင့်ဘာအကျိုးထူးဦးမှာလဲကွာ"

"မင်း နာမည်သေးပါဘူး . . . နီမ . . . သော်င . . . တော့"

"ဟေ့ . . . မင့်လူကြီးအိမ်က ဘယ်လောက်လျှောက်ရမှာလဲ"

"ရောက်ပါပြီကွာ . . . အဲ့ ဟိုရှေ့ကဟာဘဲ"

အိမ်အို အိမ်မင်းပေမဲ့ သွတ်မိုး ပျဉ်ထောင် ဝင်းထရံ ခိုင်ခိုင်ခံ့ခံ့ပင် ဖြစ်ချေသည်။ တောင်ပိုင်းဒေသ၌ စားပြသူခိုး စိုးရိမ်ရလောက်အောင် ပိုက်ဆံရှိသော အိမ်မျိုးဖြစ်သည်။ ဝင်းထဲတွင် စပါးကျီ စပါးပုတ်များရှိသည်။ လယ်သူ လယ်သမား ကော်တရာ ကျတတ်သော လူစားမျိုး၏ အဆောက်အအုံဖြစ်ချေသည်။

ကျွန်တော်တို့ အိမ်ဝင်းထဲရောက်လျှင် အသက်၅၀ကျော် လူကြီးတစ်ယောက်တွေ့ရရာ မပြောပဲနှင့် ပတ္တမြားဝင်းထိန်၏ ကြွေးရှင် ဦးဖိုးထူး





မှန်း ကျွန်တော် သိပေသည်။ အကြောင်းမှာ ကျွန်တော် ကိုယ်တိုင်သည် ကြွေးအမျိုးမျိုးထူသောကောင်ဖြစ်၍ ကြွေးရှင်တွေမျက်နှာကို အလွတ်ရနေသည်။ ကြွေးရှင်တွေမျက်နှာမှာ (ကျွန်တော့ကိုယ်တွေ့ပေါင်းစုံမှ ကောက်နုတ်ချက်) ကြီးကြီးငယ်ငယ် ကျားကျား မမ ဒီအမူအရာသာ ဖြစ်သည်။

ဦးဖိုးထူးသည် ပတ္တမြားဝင်းထိန်ကိုမြင်လျှင် ဘာမျှမပြောသေးပဲ မျက်မှောင်ကြုတ်၍ကြည့်သည်။ ဒီမြီစားဟာကြွေးပေးနိုင်လို့ လာတာလား၊ ဆိုင်းဖို့ပြောရအောင် လာတာလား၊ ထပ်ချေးဖို့လာတာလား စသော ပြဿနာအရပ်ရပ်တို့ကို အကဲခတ်သော မြီရှင်၏ အကြည့် ဖြစ်သည်။

သို့သော် ပတ္တမြားဝင်းထိန်က သူ့ကိုအချိန်မဆွဲပေ။ ပိုက်ဆံပါသော မာဆတ်ဆတ်အသံနှင့် . . .

"ဦးဘိုးထူး . . . ကျွန်တော်က ပေးသင့်တဲ့ငွေကို အတိအကျ တွက်ပါ"

ဒီအခါ ဦးဘိုးထူးက မျက်မှောင်ကြုတ်ကိုဖြုတ်ပြီး တစ်လခွဲအတွက် ၄၅ကျပ်ယူပါမည်ပြောသည်။ သို့သော် ပတ္တမြားဝင်းထိန်က

"တစ်လခွဲကျော်နေပြီလေ ရော့ . . . ၅ဝိပဲယူ။ ကျုပ်ကလူများကြွေးမြီကို တစိကလေး အတင်ခံချင်တဲ့ကောင် မဟုတ်ဘူး . . . ကိုယ်ကသာ သူများအပေါ် ကျူးချင်ကျူးပစေ"

ငါးကျပ်တန်ကလေး ၁၀ရွက်သည် ဦးဘိုးထူး၏ ရှေ့စားပွဲမှ ဖျတ်ခနဲ ပြန့်ကျဲသွားလေသည်။ အသစ်ကလေးတွေမို့ ထိုးထိုးတောင်တောင် ပြောင်ပြောင်လက်လက်နှင့် 'ငါတို့ဟာ မင်းတို့လူသားတွေပြဿနာ ဖြေရှင်းနေတာကွ'ဟု မာနတက်နေဟန်ရှိသည်။ တစ်ဘက်က ယက်ကန်း ယက်နေသော မိန်းမကြီးနှင့် ယက်ဖေါက်ယောက်နေသော ဆံတောက်ကလေး၊ တစ်ဘက်က ပါးစပ်ဖြဲနေသော ခြင်္သေ့ကြီးနှစ်ဘက်ပေါင်းလိုက်လေလျှင် သီဟဗာဟု ရာဇဝင် သီဟဗာဟု၏မယ်တော်နှင့် ညီမကလေးလား။ ဒီကောင်မကလေးက ဖအေတူမို့ထင့်၊ မျက်နှာငယ်ပြီးခေါင်းစကြီးနေသည်။ နောက်က မိန်းမကြီးမျက်နှာက ကပြားမနှင့်တူ၍ ဗြူတီပါလာကလုပ်သည့် ဆံပင်လှိုင်းတွန့်ဟွေနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်လေ၊ သူတို့တွေပါသောစက္ကူ ၁၀ရွက်က ပတ္တမြားဝင်းထိန်တို့ ပြဿနာကိုဖြေရှင်းပစ်လိုက်သည် . . .

ဦးဘိုးထူး၏မျက်နှာကိုပြောင်းပစ်လိုက်သည်။ ဤမိနစ်ပိုင်း မှာပင် သူတို့နှစ်ယောက်မှာ မြို့ရှင်နှင့်မြို့စားများ မဟုတ်ကြတော့ဘဲ တန်းတူလူများဖြစ်သွားလေ၍ ဦးဘိုးထူးက ကျွန်တော်တို့နှစ်ယောက်အား ...

"ထိုင်ကြပါ . . . ဟဲ့ . . . မိထွေး၊ လက်ဘက်ရည်ကြမ်းယည့်ခဲ့"ဟုလောကွတ်ပြုသည်။

သို့သော် ပတ္တမြားဝင်းထိန်က သူ့လောကွတ်ကို လက်မခံချေ။

"ကျုပ်တို့မှာ ထိုင်နေဖို့ ခင်ဗျားလက်ဘက်ရည်ကြမ်း သောက်နေဖို့ အချိန်မရှိပါဘူး၊ ကျုပ်ခွေးတွေ အမြန်ပြန်ယူဖို့လာတာဘဲ၊ ကြည့်စမ်းအခုလို သင်ဖို့အချိန် ၃ရက်ပုပ်သွားပြီ"

"စိတ်မရှိပါနဲ့ . . . ဒီလိုလုပ်ရတာက"

ဦးဘိုးထူး စကားကိုဖြတ်၍ . . .

"အို . . .ဘာစိတ်ရှိစရာတုန်း . . . ငွေရေးကြေးရေးကိစ္စမှာ ဒါအလုပ်သဘောပဲ၊ ကဲ . . . မြန်မြန်သာ ကျုပ်ခွေးတွေ ပေးလိုက်ပါဗျာ"

"ရပါစေမယ်"ဆိုပြီး ဦးဘိုးထူးထွက်သွားသည်။ သူမကြာလောက်သောအခါ၌ ပတ္တမြားဝင်းထိန်က . . .

"တယ် . . . ငွေအရေးကြီးတဲ့ ဟာကြီးပဲ၊ ကြည့်စမ်း သူ့နွေအလကား ထားရတဲ့ လယ်တဲကြီးငါ့ကို တစ်လ ၃၀-နဲ့ကြိတ်တယ်"

"ငနဲကြီးအခြေကြည့်ရတာ တော်တော်ချမ်းသာပုံပေါ် တယ်ကွသူ့သမီးပျိုများ ဘာများမရှိဘူးလားဟေ့ . . ."

"သိပါဘူးကွာ၊ ရှိလဲ သူ့ရုပ်ကြီးနဲ့တူယင် နိပ်မှာ မဟုတ်ဘူး ဒါမပြောနိုင်ဘူးနော် . . . အဖေ့နဲ့အမေ အစပ်အဟတ်နဲ့သွားရင်လဲ ချောတတ်တယ် . . ."

ထို့နောက် ဦးဘိုးထူး ပြန်လာတာမြင်သည်နှင့် စကားပြတ်သွားကြသည်။ သို့သော် ဦးဘိုးထူးမျက်နှာသည် အသွားတုန်းကနှင့် မတူချေ။ ယခုဆိုလျှင် သူ့မျက်နှာကို သုံးမျိုးမြင်ရပြီ . . . ပထမ ပတ္တမြားဝင်းထိန်အပေါ်တွင် မြို့ရှင်အဖြစ်နှင့် ရှုတင်းတင်း၊ ဒုတိယအချင်းချင်း





ကြွေးကင်း မြေးကင်းအဖြစ်နှင့်ရိုးရိုးနဂိုအတိုင်း။ ယခု တတိယကား သူ့မျက်နှာမှာ အနှုတ်လက္ခဏာဖြစ်နေသည်။

ပတ္တမြားဝင်းထိန် ကြည့်၍ပျော့ညံ့သော အမူအရာနှင့် . . .

"ဒီမှာ . . . ခင်ဗျား . . . ခွေးကလေးတွေလေ"

သူ၏စကားပြော၍ ပြတ်တောင်းတောင်းနေသည်ကို ပတ္တမြားဝင်းထိန်ကား ခါးထောက်၍မျက်မှောက်ကြုတ်လိုက်ကာ . . .

"အင်း . . .ခွေးကလေးတွေ ဘာဖြစ်သလဲ၊ သေကုန်သလား"

"သေတာတော့ ဟုတ်မှယ်မထင်ဘူး"

"ဒါဖြင့် ဘာဖြစ်သတုန်း၊ ဖျားနေကြသလား"

ပတ္တမြားဝင်းထိန်အသံမှာ တစ်ခွန်းထက်တစ်ခွန်း စိုးရိမ်ဟန်ပေါ်လာသည်။ ဦးဘိုးထူးမှာ တစ်ခွန်းထက်တစ်ခွန်း ချောက်ချားလာကာ . . .

"မဟုတ်ဘူး ခင်ဗျာ၊ တစ်ကောင်မှ မရှိကြတော့ဘူး"

"ဟာ . . . တစ်ကောင်မှမရှိကြတော့ဘူး"

ပတ္တမြားဝင်းထိန်မှာ ရုတ်တရက် မျက်လုံးကိုဖြဲ၍ ခက်ထန်လှစွာ စားပွဲကိုလက်ဝါးနှင့် ဖြန်းခနဲပုတ်လိုက်ပြီး "ဟင်း . . . ခင်ဗျားဘာပြောလိုက်တာလဲ၊ ကျုပ်ခွေးတွေ"

ဦးဘိုးထူးမှာ အမူအရာပျက်လျက် . . .

"မရှိကြတော့ဘူးခင်ဗျာ၊ ဘယ်လိုက ဘယ်လိုထွက်သွားကြတယ်မသိဘူး"

"ခင်ဗျားက ဘယ်မှာ ဘယ်လိုထားလို့လဲ"

"ဟောဟိုပုတ်ကြီးထဲမှာ ဇကောင်စလုံးလှောင်ထားတာပဲ"

"ဒါဖြင့် လူခိုးသွားတာ ဖြစ်လိမ့်မယ်"

"မစဉ်းစားတတ်အောင် ဖြစ်တော့တာပဲခင်ဗျ။ မနက်ကဆိုယင် ကျုပ်အိမ်ရှေ့ တံခါးလဲသော့ခတ်ရက်ပဲ၊ ခြံဝင်းဆိုလဲ သံကြိုးဆူးတွေနဲ့ လူကျော်မတတ်နိုင်အောင်ကို လုံတာပဲ"

"ဒါဖြင့် နေ့ခိုးသွားတာကော မဖြစ်နိုင်ဘူးလား . . ."

"မဖြစ်နိုင်ပါဘူး၊ မနေ့က ညမှောင်မှအစာကျွေးသေးတာပဲ"

"သြ . . . ခင်ဗျားက အစာကျွေးရမှန်းတော့သိပေသေးသကိုး"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့နှစ်ခါ မှန်မှန်ကျွေးပါတယ်ခင်ဗျာ"

"ကျုပ် . . . ဒါမေးပြီးတော့ ၃ရက်အတွက် အစာဖိုးပါပေးမယ် လို့ စိတ်ကူးထားတယ်။ အခုတော့ ဘယ်နှယ့်လုပ်မလဲ ခွေးတွေပါမရှိ တော့ဘူး။ ဒီခွေးခြောက်ကောင်ဟာ ကျုပ်အလုပ်ကြီးရဲ့ ရေသောက်မြစ်ဗျ"

လူကြီးမှာမှိုင်၍ငိုင်သွားသည်။ ဤတွင် ပတ္တမြားဝင်းထိန်က ကျွန်တော့ကိုကြည့်၍ မျက်စိတစ်ဘက်မှိတ်ပြလိုက်ပြီး . . .

"ဘယ့်နှယ့် အမိန့်တော်ရှမင်း . . . ရယ်စရာတော့ ကောင်း နေတော့တာပဲ အဟတ် . . . ဟတ်ဟား . . ."

ကျွန်တော်ကလည်း သူ့ချိုးပေါက်ကိုသိ၍ ရှေ့နေသံပါပါနှင့် အဟီး . .ဟီး . .ဟီး . . .ရယ်လိုက်ရသည်။ အဆင်သင့်ပုင် ဤအချိန်မှာ ကျွန်တော့တွင် ညကဝတ်သော အင်္ကျီနောက်ကျောက ညစ်ပတ်နေ၍ အပေါ်ဖုံး ပိုးအင်္ကျီအနက်ကလေးနှင့် ဖြစ်နေသည်။ နို့ပြီး ဘန်ကောက် လုံချည် . . .

ဦးဘိုးထူးကြီးက ကျွန်တော့ကိုကြည့်သည်။

ပတ္တမြားဝင်းထိန်က . . .

"အဆင်သင့်ဗျား . . .အမိန့်တော်ရှမင်း။ ကျွန်တော့ဆီလာလယ် တာ အမှုရာဘို့ဖြစ်တာပဲ။ ဒီကိစ္စအမှုလုပ်နိုင်တာပေါ့"

ဦးဘိုးထူးကြီး မျက်လုံးပြူး မျက်ဆံပြူးဖြစ်ကာ . . .

"ဟာ . . . အမှုတွေဘာတွေလုပ်မနေကြပါနဲ့ ခင်ဗျာ . . .

ပတ္တမြားဝင်းထိန်က . . .

"ဩ . . . ခင်ဗျား ကျသင့်တဲ့ငွေပေးရက် သားနဲ့ ကျုပ်ခွေးတွေ ပျောက်ပစ်တာ အဆုံးခံနေရမယ်လား။ အဟား ဟား ဟား . . . ကျုပ်ခွေး တစ်ကောင် ဘယ်လောက်များတန်တယ် ထင်သလဲ"

ဤအချိန်၌ ပတ္တမြားဝင်းထိန်က မြီရှင်၊ ဟိုဆရာကြီးက မြီစား ဖြစ်နေ၍ ခမြာကြီးမှာများစွာအောက်ကျ နောက်ကျ အသနားခံ အမှုအရာနှင့်

"မှန်ပါတယ်ခင်ဗျာ . . . မှန်ပါတယ်ခင်ဗျာ . . .ယောဒီမှာ အခုနင်ပေးတဲ့ငွေကို ပြန်ယူပါခင်ဗျာ"

ငါးကျပ်တန်ကလေးတွေသူ့အိတ်ထဲက ပြန်ထွက်လာပါသည်။

သို့သော် . . .ပတ္တမြားဝင်းထိန်က "အဟိုးဟိုးဟိုး"ဟုတစ်မျို





ရယ်လျက် . . .

"ကျုပ်ခွေး ၆ကောင်ဟာဒီ ၅ဝိနဲ့ပြီးရရောလား။ အဟား . . ဟား . . . အမိန့်တော်ရှမင်း၊ စဉ်းစားကြည့်ပါအုံး"

ကျွန်တော့မှာ တကယ့်ရှေ့နေမဟုတ်၍ ဘာဆက်ဖြေရမှန်း မသိ၊ အဟီးဟီးဟုသာ ရယ်ချလိုက်ရပါသည်။

ပတ္တမြားဝင်းထိန်သည် မိုးကာအင်္ကျီကြီး ပွတီပွကားနှင့်ဒေါ ဖောင်းလှစွာ ဟိုလျှောက်ဒီလျှောက်လျှောက်သည်။ နောက်ဆုံး၌ တစ် ခုခုကို ဆုံးဖြတ်ချက်ချပြီးသော မျက်နှာနှင့်ရပ်တန့်လိုက်ကာ . . .

"ကဲ . . . ဦးဘိုးထူး . . . ခင်ဗျားကို တန်ရာတန်ဖိုးတောင်းရ ယင်တော့ဒီခွေး ၆ကောင်ဟာနည်းမှာ မဟုတ်တော့ဘူး . . . ခင်ဗျား မလွဲမတော်တဆဖြစ်ရတာ သိပ်ပြီးအနစ်နာမခံစေချင်ဘူး။ ဒီတော့ ကျုပ် ဒီငွေ ၅ဝိပဲပြန်ယူမယ် . . . သို့သော် ခင်ဗျားကျုပ်ကို တစ်ခုလုပ်ပေးရမယ်၊ ဘာလဲဆိုတော့ ကျုပ်ဒီရောက်မှယူစားထားတဲ့ ကြွေးရှင်တွေမှာ ရှိသမျှ ပိုက်ဆံကို ခင်ဗျား အားလုံးဆပ်လိုက်ပါ"

ဤတွင် ဦးဘိုးထူးက သွက်လက်စွာဖြင့် . . .

"အား . . . ကောင်းပါပြီခင်ဗျား . . . ဒီဈေးသည်တွေဆိုရင် နို့ကုလားကလွဲလို့ ကျုပ်ကြွေးကင်းတဲ့လူ မရှိပါဘူး . . ."

*

ကျွန်တော်တို့ ဦးဘိုးထူးအိမ်မှ ထွက်ခဲ့ကြသောအခါ၌ ကျွန် တော်က ပတ္တမြားဝင်းထိန်ကို ဒေါပွလေသည်။

"ဘာလဲကွ မင်းအပေါက်က ခွေး ၆ကောင်အဆုံးခံရပြီးတော့ ဒီငွေလေး ၅ဝိ ပြန်ရတာနဲ့ ဟိုကြွေးတွေဆပ်တာနဲ့ ပြီးရရောလားကွ၊ မင်းသိပ်နစ်နာမနေဘူးလား ဒီလူကြီးက မင်းခွေးတွေအဖိုးတန်မှန်းသိလို့ တစ်နေရာသွားဝှက်ထားတာကော မဖြစ်နိုင်ဘူးလား"

သို့သော် သူက အေးဆေးစွာပင် . . .

"မဖြစ်နိုင်ပါဘူးကွာ ဒီခွေးတွေ အခုငါ့ဆီပြန်ရောက်နေပြီကွ"

ကျွန်တော်မျက်လုံးကျယ်လာကာ . . .

"ဟေ့ ဘယ်လိုပြန်ရတာလဲ"

"မခဲယဉ်းပါဘူးကွာ၊ ခွေးတွေပုတ်ထဲလှောင်ထားတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိတော့ ငါညက ဝါးလုံးရှည်ရှည်ယူသွားပြီး ဝင်းခြံအပြင်ကနေထိုးမ, ဖွင့်လိုက်တယ်။ ငါဗလက သူ့ပုတ်လောက်တော့ အပျော့ပေါ့။ ခွေးတွေထွက်အလာ ငါက လေချွန်ခေါ်လိုက်တော့ ငါ့ခွေးတေပဲ ခွေးတိုးပေါက်ကထွက်ပြီး ငါ့ဆီရောက်လာကြတာပေါ့"

ကျွန်တော် သူ့ကျောကိုပုတ်လိုက်ကာ . . .

"အား . . ဘဲရီးဂွဒ်၊ နို့ . . အခု ဒီခွေးတွေဘယ်မှာလဲ"

"ညကပဲ ကိုချစ်ဆိုင်အိမ်သွားထားလိုက်တယ်၊ တို့အခု အဲဒီသွားကြရအောင်"

"နို့ပြီး မင့်ဒီခွေးတွေဘယ်ယူသွားမလဲ"

"နေရာရှာရမယ်ကွ၊ ပုဇွန်တောင်ဟိုဘက် ငမိုးရိပ်တံတားအလွန်မှာ အိမ်တွေဘယ်သူမှ နေမဲ့လူမရှိလို့ သိပ်ပေါနေတယ်ပြောတယ်"

"အေး ဟုတ်တယ် ဟုတ်တယ်။ ငါတလောက ပဲခူးသွားတုန်းက မီးရထားလမ်းနံဘေးမှာပဲ အများကြီးမြင်ခဲ့တယ်၊ မင်းအလုပ်နဲ့တော့ အဆင်သင့်ဘဲ"

ကျွန်တော်လည်းစိတ်ကူးပေါက်ကာ . . .

"အဆင်သင့်ပဲမောင် မင်းကသာဖြစ်အောင်ကြိုးစားပေရော့"

"ဘယ့်နှယ့်မဖြစ်ရမှာတုန်း၊ ငါအခုတော့ နောက်ထပ်စိတ်ကူးပေါက်ထားတာက ဆပ်ကပ်တို့၊ ပြဇာတ်တို့၊ ရုပ်ရှင်တို့မှာသုံးဖို့တင်မဟုတ်ပဲ အိမ်တွေမှာ ခွေးလိမ္မာမွေးချင်တဲ့ လူတွေအဖို့ပါဖြစ်အောင်ဘယ်လိုလဲဆိုယင် ပထမဆပ်ကပ်တို့ ပြဇာတ်တို့မှာ ငါ့ခွေးတွေစွံသွားတဲ့အခါကျတော့ ကြော်ငြာတွေရေးတော့မယ်ကွာ"

"ဟီ . . . ဟီ ဟုတ်ပေ့ ဒီကြော်ငြာတွေ ငါရေးပေးမယ်ကွ"

သို့သော် ကျွန်တော်၏ အရှုင်ခြင်းကို ပတ္တမြားဝင်းထိန်က လက်မခံပဲ . . .

"ဒီကြော်ငြာကိစ္စကလဲ အစပထမလောက်ပါကွာ၊ နောက်အလျှင်ရသွားရင် မလိုတော့ပါဘူး၊ နာမည်ကြီး ဂုဏ်သရေရှိ လူဆယ်ကိုးယောက်လောက်ဆီသာ ငါ့ခွေးဆယ်ကိုးကောင်လောက် ရောက်ပါစေနောက်ဆိုယင် ဂုဏ်သရေရှိ လူအားလုံးဟာ သူတို့ချင်း ဂုဏ်တုဂုဏ်ပြိုင်





ဖြစ်ပြီး အလုအယက်လာကြမှာပဲ . . ."

ကျွန်တော်ပါ ရယ်မောလိုက်ပြီး လမ်းလျှောက်ရတာ တော်တော်လေးညောင်းလာပြီဖြစ်၍ . . .

"ရောက်သေးဘူးလားကွ၊ မင့် ကိုချစ်ဆိုင်အိမ်က"

"နီးပါပြီကွာ ဟောဟိုရှေ့က အမိုးနီနီနဲ့မှန်ကုတ်ကုတ်အိမ်ပဲ။ ညက ငါစိတ်ကူးရတာတွေ မင့်ဆက်ပြောရဦးမယ် ဒီလို . . . အလှပြင်ဖို့ လိမ္မာဖို့ခွေးလောက်သာ မဟုတ်သေးဘူးကွ ငါ့ခွေးတက္ကသိုလ်မှာ စစ်ဘက်တို့ ပုလိပ်ဘက်တို့မှာ သုံးဖို့အနံ့ခံခွေးတွေပါ သင်ပေးရမယ်ကွ။ ခုအချိန်မှာကွာ လူတွေဖမ်း ပြန်ပေးလုပ်နေကြတယ်၊ အဲ့ဒါ ပုလိပ်ဘက်မှာသာ အနံ့ခံခွေးရှိမယ်ဆိုယင် ဒီလူထောင်ထားတဲ့ နေရာကိုအလွယ်ကလေးတွေ့နိုင်တာပေါ့ကွ။ ဘာကြောင့်လဲဆိုရင် ဖမ်းသွားတဲ့လူရဲ့အဝတ်အစားတို့ ဘိနပ်တို့ဟာ အိမ်မှာရှိတာပဲ၊ အဲဒါ့အနံ့ပေးပြီး ရှာလိုက်ကွာ ဘယ်မှာမတွေ့ဘဲရှိတော့မလဲ"

ကျွန်တော်မှာ အင်္ဂလိပ်ဝတ္ထုတွေဖတ်ရသည်များကို သတိရ၍

"အေး . . . ဟုတ်သဟေ့ . . မြန်မာပြည်ပုလိပ်ဘက်မှာ အဲ့ဒီခွေးမျိုးရှိဖို့လိုတယ်ကွ . . ."

"ရှိအောင်ငါလုပ်ပေးရမှာပေါ့ကွ၊ မင်း တစ်နေ့ကြည့်ပါ။ အခုအစမှာ ဖြစ်ဖို့နှေးနေတာက ငွေရင်းငွေနှီးလိုနေလို့ကွ၊ အစိုးရက၊ သို့မဟုတ် တစ်စုံတစ်ယောက်ကသာ အရင်းအနှီးပေမယ်ဆိုရင်"

ဤတွင် ကျွန်တော်မှာ ကိုခင်မောင်လတ်ပြောလိုက်သည်ကို သတိရ၍ . . .

"အား . . . ဟေ့ မင်းငွေရင်းငွေနှီးအတွက်တော့ မပူပါနဲ့တော့ကွ၊ ငါမနေ့က ကိုခင်မောင်လတ်ကို မင့်အကြံအစည်လုပ်ပုံကိုင်ပုံတွေပြောပြတော့ သူအလွန်သဘောကျပြီး ရင်းနှီးဘို့ငွေရအောင် လုပ်ပေးမယ်တဲ့ကွ"

"ဟား တို့ ကိုခင်မောင်လတ်ကြီးကလား" ပတ္တမြားဝင်းထိန်သည် ဝမ်းသာအားရနှင့် ကျွန်တော့ပခုံးကိုကုတ်လိုက်ကာ "ဟုတ်ပြီဟေ့ သူလုပ်ပေးရင်တော့ဖြစ်မှာပဲကွ၊ လူကထက်တယ်ကွ၊ လူပိန်ပိန်ပါးပါးပေမဲ့ မင်းဆွေရေးတဲ့ဒါး 'ယိမ်းနွဲ့ပါး' ကွ၊ တကယ်အားကိုးလောက်တဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



ကွာ လူတော်ကွ၊ လူများကိုလဲ အင်မတန်ကူညီတတ်တာ။ ဒီလိုလူမျိုးသာ မြန်မာပြည်မှာ များများရှိယင် ဒို့နိုင်ငံကောင်းစားတာပေါ့ကွာ၊ ဘယ်နှယ့်သူက ငါ့ကို ငွေရအောင် သူ့မိတ်ဆွေ ဝန်ကြီးတွေနဲ့ ပတ်သက်ပြီး အစိုးရဆီပြောပေးမှာတဲ့လား . . .”

“မဟုတ်ဘူးကွ ငါလဲအစဦးတော့ အဲလိုပဲထင်တာ . . . နောက်မေးကြည့်တော့ မင့်အဒေါ်ဆီသွားပြော . . .

“ဘာ . . . ငါ့အဒေါ်ဆီကို” ပတ္တမြားဝင်းထိန်သည် ကျွန်တော့စကားမဆုံးမီ မျက်လုံးကြီးဖြူ၍ ဝမ်းခေါင်းသံကြီးကြီးနှင့်အော်လိုက်ကာ ဒိမ်ဖူးလ် . . . သူကအကြံပေါက်ရအောင် သူ့ဦးနှောက်ဟာ ခွေးချေးခြောက်တွေ ဖြစ်နေသလား၊ အလကား သတ္တဝါလူပုံပန်းကိုက ရှေရှေ ကော်ကော်ကောက်နဲ့ ဝါးခြမ်းပြားပိုးထိုးပေါက်၊ ဒီလူမျိုးသာ နှစ်ယောက်ရှိရင် တိုင်းပြည်ပျက်တာ ကြာလှပြီကွာ . . .ထွီ . . . စကောလောက်မှ စောက်မနက်လိုက်တဲ့စိတ်ကူး . . .”

ကျွန်တော် အံ့အားသင့်ကာ . . .

“ဟာ . . . ဘာလို့မင့်အဒေါ်နဲ့ သူနဲ့ခင်တယ် သူပြောပြရင် ရမှာပဲတဲ့”

“အင်းရပါလိမ့်မယ် ဒီခွေးတွေက ငါ့အဒေါ်ဟာတွေ၊ ငါခိုးလာခဲ့တာကွ”

ကျွန်တော်မျက်လုံးပြူးသွားကာ

“ဟာ . . .ဟာ”

“မင့်ငနဲ့ကောင် ခုလောက်ရှိသွား ပြောပြီလား”

“ပြောပြီးရော့မယ်။ ဘာကြောင့်လဲဆိုတော့ သူ ဒီမနက်ပဲသွားချင်တာကိုး”

“ဟား . . . ငါ့လခွီး . . . ဒါဖြင့် ဟိုဟာမကြီးများ ခုလောက်ရှိလိုက်သွားပြီလား ဒီမှာဆိုရင် ကိုချစ်ဆိုင်အိမ် သူသိတယ် . . . လာပော့ မြန်မြန်”

မြန်မြန်မကလို့ လေယဉ်ပျံနဲ့ပဲ သွားသွား ကျုပ်တို့ မမှီလိုက်တော့ပြီ။ အမိုးနီနီမှုန်ကုတ်ကုတ် အိမ်ဝင်လိုက်လျှင်ပင် မိန်းမတစ်ယောက်က ပတ္တမြားဝင်းထိန်အား . . .





“ဘယ့်နှယ့် ရှင့်အဒေါ် လိုက်လာပြီး ရှင့်ခွေးတွေယူသွားပါလားရှင့်လဲ ဆဲရေးသွားလိုက်တာ . . . ဝက်ဝက်ကွဲလို့ . . .” ဖြစ်ရလေတော့သတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

## ခွေးတောင်ဝှတ်တာ

ငယ်စဉ်က တောက်လျှောက် လူပျိုပေါက်မှ ယခုအထိ ကျွန်တော်သိရသမျှမှာ ပတ္တမြားဝင်းထိန်သည် အခြားဘက်တွင် ရှုပ်ထွေးသလောက် မိန်းကလေးများနှင့် ချစ်ရေးကြိုက်ရေးကိစ္စတွင် ပြောပလောက်အောင်ပင် ကင်းကွာခဲ့ပါသည်။ ကျောင်းနေစဉ်ကလည်း ကျောင်းသူကလေးများအား ပါစားပေးခြင်း၊ ဂေါ်ခြင်းများကို မပြုတတ်၊ တစ်တန်းသားချင်းပင်လျှင် ကျွန်တော်မောင်တင်ဆွေ၏ ရည်းစား မြမြကြည်(အင်း. . . ယခုတော့ 'အတိတ်ကိုဖြင့် မေ့ပါပြီ'ပေါ့လေ)နှင့် သူ့ကိုပိုက်ဆံချေးတတ်၊ မုန့်ဝယ်ကျွေးတတ်သော ကရင်မဖြူဝဝကြီး (နာမည်မေ့နေပြီ)မှတစ်ပါး အခြားသူငယ်တွေဆိုလျှင် အသက်ရှိတယ် ဟူ၍ပင် သူမထင်ခဲ့ချေ။ ထို့ကြောင့် အင်းယားကန်သို့ ပျော်ပွဲစားသွားရင်း သူဖဲရှုံးသည်၌ ရေကူးနေသော မိန်းကလေးတွေ၏ ထမီအကျီများကို ခိုးယူပြီး ကျွန်တော်နှင့်အတူ ရောင်းစားခဲ့ကြောင်း ယခင်ကဖော်ပြခဲ့ပြီ။

သို့သော် ယမန်နေ့(တနင်္ဂနွေနေ့)ညနေဝင်းဝင်းရှိမှ ပြဇာတ်အဖြုတ်တွင် ပန်းဆိုးတန်းထိပ်၌ ဂါဝန်ဝတ်မကလေး တစ်ယောက် ဘတ်စ်ကားပေါ်သို့ 'အရေးတယူ အလေးတမူ' တင်ပို့နေခြင်းကို မြင်ရသည်၌ကား ကျွန်တော့်အတော်ကြီးပင် အံ့အားသင့်သွားပါသည်။ ဒီ





ကောင်မလေးက သူ့အားပိုက်ဆံများပင် ချေးလေလော။ သို့သော် ကျွန်တော်သိရသမျှမှာ ကပြားမတို့မည်သည့် ယောကျ်ားတို့ဆီကသာ အနီးကပ်၊ လိုးတတ်၊ ချွတ်တတ်၊ သာရာနားတတ်၍ သူတို့ဆီကဆိုလျှင် 'ကိုယ်'မှတစ်ပါး ကြေးနီတစ်ပြား မထွက်တတ်ချေ။

"ဟေ့ . . . ဥသုဖယားကြီး"

ကျွန်တော်က နောက်မှခေါ်လိုက်သည်၌ သူသည် ထွက်သွားသော ဘတ်စ်ကားပေါ်မှ သူ့မဒီကို လက်ပြနှုတ်ဆက်နေရာမှ ကျွန်တော့်ဘက် လှည့်လိုက်ပြီး . . .

"ဟေ့ . . ဖိုးဆွေ . . . မင်းဘယ်ကလာလဲကွ၊ နဲနဲနောက်ကျသွားသကွာ . . .၊ နို့မဟုတ်ရင် ဂျယ်နီလေးနဲ့ မိတ်ဆက်ပေးလိုက်ရရဲ့"

"ဘယ်က ဂျယ်နီလဲကွ၊ ငါမြင်လိုက်ပါတယ်"

"ငါ့အဒေါ် စက္ကူထရီလေကွာ"

"ဘယ်မင်းအဒေါ်လဲကွ၊ သက္ကူထရီတွေ ဘာတွေထားနိုင်ရအောင်"

ငါ့အဒေါ်စာရေးဆရာမကြီး ဆိုတာပေါ့ကွာ၊ သူမဟုတ်ကဟုတ်က ဝတ္ထုကြီးတွေက ပေါက်တတ်ကရဖကားလုံးတွေနဲ့ ပါးစပ်ကရောက်ရွတ်၊ ကောင်မလေးက လက်ရေးတိုနဲ့ လိုက်ရေးပြီးနောက် တိုက်ရိုက်ပေးရတာ"

"ဟာ . . . နေပါဦး၊ ဒီဂါဝန် ကပြားမလေးက မင့်အဒေါ်ဝတ္ထုရိုက်တာတွေ လိုက်နိုင်အောင် သူ့မြန်မာစာကောင်းကောင်း တတ်လို့လား၊ ဂါဝန်ကပြားဆိုယင် ငါသိသမျှ ယူရိုပီယန်ကုတ်မှာ နေခဲ့ကြတာချည်းပဲ"

"ဒါတော့ မင်းစာရေးဆရာ လုပ်နေပြီးညံ့ပြီ။ ခုခေတ် လွတ်လပ်တဲ့ မြန်မာပြည်မှာ ဘယ်ကျောင်းမဆို မြန်မာစာကို အခြေခံထား သင်ရတယ်ဆိုတာ မသိဘူးလား"

"အား . . . ဆောရီး . အိုင်ဖေါဂက်တစ်(တ်)" ကျွန်တော်တို့ မြန်မာတွေမှာတော့ ဆရာမရှိ တပည့်ကြွ၊ ကြွက်မရှိကြောင်ထဆိုတာလို အင်္ဂလိပ်မင်းမရှိမှပင် အင်္ဂလိပ်စကား ပိုပြောကောင်းနေသည်ဟု ထင်ပါသည်။ "ဒါနဲ့ မင်းအဒေါ်က စာရေးဆရာမအဖြစ်နဲ့ ကပြားမ စက္ကူထရီတွေ ဘာတွေထားနိုင်အောင် တော်တော်ဝင်ငွေကောင်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ငါမသိဘူးကွ၊ သူ့နဂိုက ပိုက်ဆံရှိတော့ သူ့ဝတ္ထုသူ ရေး သူ့ဟာသူထုတ်ပဲကွ၊ ဒီကပြားမလေးထားတာကတော့ သူ့စာအုပ် ထုတ်တဲ့အလုပ်နဲ့ ဟိုဟိုဒီဒီ ဆက်သွယ်ရတာတွေမှာ ကောင်မလေးက အင်္ဂလိပ်မြန်မာ နှစ်ဘာသာနိုင်လို့ပဲကွ"

"မင်းကတော့ ဒီအင်္ဂလိပ်မြန်မာ နှစ်ဘာသာနိုင်တဲ့ ကောင်မလေး ကို တော်တော်နိုင်နေပုံရတယ် ဟီ . . . ဟီ"

သူက ကြွေရွစွာနှင့် ခေါင်းရမ်းကာ . . .

"ဂျယ်နီလေးကို ဒီလိုမပြောပါနဲ့ကွာ၊ သူငယ်ချင်း သူ့ဘဝ ကလေးဟာ သနားစရာကွ"

"ဟာ . . . သူ့ဘဝက ဘာသနားစရာတုန်း၊ ငါခုန မြင်လိုက် တော့ ခြေလက်အင်္ကျီ သန့်သန့်စွမ်းစွမ်းနဲ့ မျက်နှာလေးက လှလှပပပဲ"

"ဒါပြောတာမဟုတ်ဘူး သူငယ်ချင်း၊ မင်းစဉ်းစားကြည့်စမ်း၊ ငါ့အဒေါ်ဘူးသီးခြောက်နဲ့ တူတဲ့ ဦးခေါင်းထဲက ထွက်တဲ့ဝတ္ထုကြီးတွေ ဘယ်လောက်ငြီးငွေ့ဖွယ်၊ သောက်မြင်ကပ်ဖွယ်ကောင်းတယ်ဆိုတာ မင်းဖတ်ဘူးရင် သိမှာပေါ့"

"ဟင့်အင်း . . . ငါတစ်ခါမှ မဖတ်ဖူးဘူး"

"အေး . . အဲ့ဒါ ကံကောင်းတယ်မောင်၊ နောက်နောင်လဲ ဘယ် တော့မှ ဖတ်မယ်မျှားမကြံလေနဲ့။ ငါက သူ့အိမ်မှာသွားနေတုန်းက သိခဲ့ ရပြီ၊ ငါမဖတ်ချင်ပဲနဲ့ကွာ အတင်းညအိပ်ရာဝင်မှာ ဖတ်ခိုင်းတာကွ သူ့စာ တွေ ကျေးဇူးပါပဲ၊ ငါ့စောစောတော့ အိပ်ပျော်ပျော်သွားပါရဲ့။ ဒါပေမယ့် မနက်လက်ဘက်ရည်ပွဲကျတော့ ဘယ့်နှယ့်လဲ၊ ဘယ်လိုသဘောရသလဲ၊ ကောင်းတယ်မှတ်လားနဲ့ အတင်းကောင်းခိုင်းနေတာက ကြီးစွာသော ဒုက္ခောကွ၊ အဲ့ဒီလောက်သောက်သုံးမကျတဲ့ ဝတ္ထုကြီးတွေကို ဂျယ်နီလေး က တစ်လုံးမကျန်လိုက်ရေးနေရတာ မင်းစဉ်းစားကြည့်ပေရော့။ နို့ပြီး စာအုပ်ဖြစ်လို့ ထုတ်ပြန်တော့ယင်လဲ နယ်ကိုယ်စားလှယ်တွေဆီကို "ကျွန်မတို့ တိုက်ကထုတ်တဲ့ ဒီစာအုပ်တော့ ကောင်းပါတယ်ရှင်၊ ရန်ကုန် မှာလူကြိုက်များလွန်းလွန်းလို့ လူကြီးမင်းနောက်ထပ်လိုချင်ရင် မရမှာ စိုးလို့ ၁၀အုပ်မှာတာကို ၁၅ပို့လိုက်ပါတယ်ရှင်၊ အရင်လက ကျန်တဲ့ငွေ ကို ကျေးဇူးပြု၍ ရှင်းပါရှင်"ဆိုတဲ့ စာမျိုးတွေ သူညွှန်ကြားတဲ့အတိုင်း





ရေးရသေးတယ်ကွ၊ အဲသည်အလုပ်တွေကြားက အားတဲ့အခါ နားရတဲ့ အခါမှာဆိုရင် အရင်ငါဘုံးလာတဲ့ သူ့ခွေးနာကျ ဇကောင်ကို ဘရပ်ရှ် တိုက်ပေးရသေးတယ်ကွ၊ ပရိယေသန ဝမ်းစာမချမ်းသာလို့လုပ်စားရတာ ငါတော့လောကကြီးမှာ အဲဒီအလုပ်ဟာ အဆိုးရွားဆုံးဘဲထင်တယ်ကွ၊ ဂျယ်နီလေးကို ငါသိပ်သနားတယ်၊ အပျိုကြီးနားနေပြီး ခိုင်းတာလုပ်နေ ရတဲ့ အပျိုကလေးမှာ မင်းစဉ်းစားကြည့်ကွ၊ ဘာမှပျော်ဖြေစရာ နှစ်သိမ့် စရာမရှိဘူး။ ဒါကြောင့် ငါသူကလေးကို စိတ်လက်ကြည်ရွှင်ပါစေဆိုပြီး ငါတတ်နိုင်တဲ့အခါမှာ အခုလိုအပြင်လေးဘာလေးခေါ်ပြီး ရုပ်ရှင်တို့၊ ပြ ဇာတ်တို့ ပြသ သမှုပြုတာကွ။ ဒီနေ့ဆိုရင်ဒို့ ကိုခင်မောင်လတ်ကြီးက ပြဇာတ်မေတ္တာလက်မှတ်နှစ်စောင်ရတာ သူမကြည့် အားတာနဲ့ ငါ့ပေးလို့ အဆင်သင့်ပဲ ဂျယ်နီလေး ဆန်းဒေးပဟာလီးဒေး ရတာနဲ့ ငါခေါ်ခဲ့တာ ကွ၊ ဘာပဲဖြစ်ဖြစ် ပြဇာတ်မှာ သန်းနွဲ့တို့ ချစ်မောင်တို့ ကိုကြယ်နီကြီးတို့နဲ့ ရယ်ရတယ်မှတ်လားကွာ"

"အင်း" ကျွန်တော်က သူ့စကားရှည်ကြီးကို ခေါင်းညိတ်လိုက် ပြီးနောက် "ဒါနဲ့ မင်းကောင်မလေးကို ပြဇာတ်ပြီး ပြီးချင်းလွှတ်လိုက် ရောလားကွာ၊ လက်ဘက်ရည်လေး ဘာလေးမှမတိုက်လိုက်ဘူးလား"

"အား . . မင်းပြောတဲ့စကား သိပ်မှန်တာပဲ၊ မင်း ဒါပေမယ့် ဟောဒီအနားမှာ ငါအကြွေးရတဲ့ဆိုင်လည်းမရှိဘူးကွ၊ ထုံးစံအတိုင်း အရိပ်အခြေကြည့်ပြီး လစ်ရအောင်ကလဲ မိန်းကလေးနဲ့ဆိုတော့ မဖြစ်ဘူး ကွ ဒါကြောင့် ငါအခုနကမင့်ကို ရောက်တာနဲ့နဲ့နောက်ကျသွားတယ် ပြောတာပေါ့ကွ၊ နို့မဟုတ်ရင် မင်းဂျယ်နီလေးကိုမိတ်ဖွဲ့ယင်း ငါတို့ နှစ်ယောက်ကို လက်ဘက်ရည်ဆိုင်တစ်ခုခု ခေါ်သွားနိုင်တာပေါ့။ အခု တော့ ငါတစ်ယောက်ထဲပဲ"

"အေး . . . ငါလဲတစ်ယောက်ထဲပဲ သွားတော့မယ်ကွာနော်"

သူက လယ်ပတ်စွာ ဆွယ်သည်ကို ကျွန်တော်က ပါးနပ်စွာ ဖယ်၍လစ်တော့မည်အပြုတွင် ကျွန်တော့အင်္ကျီ ပခုံးကိုလှမ်းကိုင်ပြီး...

"ဟေ့ . . . ဖိုးဆွေ . . . မင်းလူပါးမဝနဲ့ကွာ . . . လာကွာ ဟိုလက် ဘက်ရည်ဆိုင်ဆိုင်သွားရအောင်"

"ဟော့အေးကွာ . . . ငါ့ဆရာဝန်ဒေါက်တာ အောင်ခင်က ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ဘက်ရည်နဲ့မတည့်ဘူးပြောတယ်"

"ဒါဖြင့်ကော်ဖီသောက်တာပေါ့ကွာ . . .လာတာ . . ."

"ဟင့်အင်း . . . ငါဒီအချိန်မှာ သာပြီးကော်ဖီမသောက်သေးတယ် . . ."

"အား . . . မင်းဒီအချိန်မှာဘာသောက်သလဲ ဆိုတာငါသိပြီ၊ မင့် ငါ . . . လက်ဘက်ရည်ဆိုင် ခေါ်မိတာ ဆောရီး . . . ဆောရီး၊ ညနေ ၅နာရီကျော်နေမှပဲကွ ဘယ်ဘားသွားမလဲ'မူးလိုက်' ပဲလားလာကွ၊ လာကွာ . . . ငါတော့ လက်ဘက်ရည်ဖြစ်ဖြစ် ကော်ဖီဖြစ်ဖြစ်၊ ဝီစကီဖြစ်ဖြစ် သောက်တာပါပဲကွာ . . . ဒါနဲ့ဟေ့ မင့်ဟိုကောင်မလေးဆီက စာလာသေးလား . . ."

"ဘယ်ကောင်မလေးလဲ . . ."

"နီ ဆိုတဲ့ကောင်မလေးလေ . . ."

"မလာပြန်ဘူးကွာ . . . ဟာ . . .ငါ သူကလေးနဲ့ရည်းစားဖြစ်ရတာ စိတ်ညစ်စရာပဲကွာ . . ."

"ဘာလို့လဲ သူငယ်ချင်း"

"ဟာ . . . သူကသာ ငါ့ဆီရေးနိုင်တယ်၊ ငါကသူ့ဆီစာမပေးနိုင်ဘူးကွ၊ သူ့ . . . တစ်ခုခုပြောချင်ရင် ငါ့ဝတ္ထုတွေထဲမှာ ကြံဖန်ထည့်ရတယ်ကွ"

"နီ့ စတုန်းက ဘယ်လိုစကြတာလဲ . . ."

"အဲဒီတုန်းက သူကကျောင်းမှာကွ . . . အခုတော့ ကျောင်းထွက်လိုက်ပြီ"

"သူ့အိမ်မှာဆိုတော့ မိဘမောင်ဘွား အစ်ကိုတွေကြားဝယ ယက္ခဂုမ္ဘန် ဝန်းရံခလို့ စောင့်ကြပ်တဲ့နတ်ပန်း အာသာဝတီနွယ်ဖြစ်နေတယ်လား . . . ဟားဟား . . . နီ့အခုစာမလာတာ . . .ဘယ်လောက်ကြာသွားပလဲ . . ."

"တစ်လကျော်ပြီကွ . . ."

အလို ခွေးမသား ကျွန်တော့ရည်းစား အကြောင်းတွေ ဘာတွေပြောလို့ စကားရော ဖေါ်ရောနဲ့ မူးလိုက်ဘားထဲသို့ ခြေဦးတည်မိချေပြီတကား . . .။ သူကပင် ဦးဆောင်ကာ . . .





"လာကွာ . . . ရည်းစားဆီက စာမလာလို့ စိတ်ညစ်လဲအရက်သောက်တာပေါ့ . . ."

"သောက်တာတော့ သောက်ရမှာပဲ၊ ဒါပေမယ့် ငါ့မှာတစ်ခုနာနေတာ ရှိတယ်ကွ . . . ဘာလဲဆိုယင် ဒီပြင်လူတွေမှာ စိတ်ညစ်ရင်အရက်သောက်တယ်ကွ၊ ငါ့မှာတော့ နေ့စဉ်အမြဲသောက်နေတဲ့ကောင်ဆိုတော့ပျော်တဲ့အခါ စိတ်ညစ်တဲ့အခါမှာ ဘာမှအထူးလုပ်စရာမရှိတော့ဘူးကွ"

"အဟတ် . . . ဟတ်ဟား . . ."

ပတ္တမြားဝင်းထိန်မှာ ကျယ်လောင်စွာ ရယ်မောတတ်သူဖြစ်ပါသည်။

သို့နှင့် ကျွန်တော်တို့ သောက်ပွဲစကြ၍ နှစ်ခွက်စီလောက် ဝမ်းထဲရောက်သည်၌ သူက . . .

"ဟေ့ . . . ငါ မင့်အတွက် ကဗျာချိုးမယ် မင်းကအုပ် . . ."

"ကောင်းပြီ . . . ကဲ . . .စ"

"တစ်လကျော် . . .

နှမတော် စာမထောက်တာနဲ့ . . .

မောင်သောက်လို့မူး . . ."

ကျွန်တော်က . . .

"ဘယ်တစ်နေ့ခါမှ နီလေးရယ် မောင်နဲ့တွေ့ရမယ် ဘုန်းပွေ့ချင်စမ်း . . ."

"ဟေ့ . . .ဟေ့ . . . ငါ့အချစ်က "မူး"ကွ၊ မင့်ဟာတကယ့်နှယ် "စမ်း"လဲ၊ အအုပ်အခံကာရန်လွတ်နေပြီ၊ ပြန်ပြင်အုံး"

"ငါက ဥစ္စာရင် ငါ့စိတ်ထဲရှိတာ ဖြစ်သွားတာ၊ ငါ့ကောင်မလေးကို ငါပွေ့ချင်စမ်းလှတယ်၊ မင်းပထမပိုဒ် မင်းပြင်ကွာ"

"ကဲ . . . ဒါဖြင့်ကောင်းပြီ၊ ဒါလောက်တောင်ပွေ့ချင်တဲ့ကောင်" ဆိုပြီး . . .

"ပွေ့ချင်ပြီ၊ နေ့စဉ်သည် မျှော်လင့်တော့၊ မောင်ဖြင့်စိတ်နွမ်း

"ဘယ်သည့်ရက်ကာယ်မှ၊ အသက်ကို ဒီမောင်တွေ့ရမယ် ဘုန်းနေ့ဆက်လွမ်း . . ."



www.burmeseclassic.com

www.burmeseclassic.com



ညှိမ့် ရက်အနည်းငယ်ကြာတွင် ကျွန်တော်သည် မြင်းတွဲပွဲ အစုစပ်ပေါက်၍ ငွေ ၃၀ဝိ–ကျော်ရသည့်၌ မိတ်ဆွေတစ်စုကို ဟိုတယ် တစ်ခုမှာ ညစာကျွေးသည်။ ပျော်ပျော်ပါးပါး လှိုင်လှိုင်စားသောက်ရန် ကျွန်တော့်ရောင်းရင်းကြီး ပတ္တမြားဝင်းထိန်ကို လိုက်ရှာသည်။ ညသာ မှောင်ပါရော မကျွေးချင် ကျွေးချင်မှန်း၊ မတိုက်ချင်တိုက်ချင်မှန်း၊ အရမ်း ကာရောစားတတ် သောက်တတ်တဲ့ကောင်ကြီး ယခုလို ယခုလို စေတ်နာ ဗလဝနှင့် ကျွေးချင်တိုက်ချင်ကာမှ ရှာမတွေ့တော့ချေ။ ဒင်းကံနှင့်ဒင်း ပေါ်ကရရောလဟယ် . . . လက်ရှိမိတ်ဆွေ တစ်စုနှင့်ပင် ညစာပွဲပြီးလေ သည်။ အချိန်မှာ ဇွနာရီမျှရှိသေးရာ ညှိလိုအခါတွင်စောစီးစွာ အိမ်ပြန်အိပ် ပါက လက်ထဲပိုက်ဆံကလေး ရှိခိုက်၌မည်မျှလောက် မိုက်မဲပေသနည်း ဟု ကိုယ်စောင့်နတ်တစ်ကျိပ်နှစ်ပါးကပင် စိတ်များကောက်ချေဦးတော့ မည်ထင်သည်။ အခွင့်သင့်ခိုက် သူတို့တစ်ဒါဇင်ကပင် မကောင်း ဖပါး၊ ကောင်း ဖပါး၊ အာတားအာဝါး ခွဲခြားမနေတော့ပဲ . . . တစ်ပါတီတည်း အရေးပေါ်ဖွဲ့စည်းကာ ဝိုင်းဝန်းတိုက်တွန်းကြဟန်တူသည်။ ကျွန်တော်တို့ အိမ်ပြန်ချင်စိတ်မပေါ်ဘဲ ဒီကနေ့ဘယ်သွား ဘာများလုပ်ကြဦးမည်နည်း ဟု အချင်းချင်းတိုင်ပင်ကြသည်၌ ဘီလပ်ပြန်မိတ်ဆွေက(ဘီလပ်ပြန် ဆိုလို့ သိပ်တော့အထင်မကြီးကြပါနှင့်သူ့ဆွေမျိုး အရာရှိကြီးတစ်ဦးရှိ၍ ပညာတော်သင်အဖြစ်သွားရပြီး ဟိုကျမှ စာမလိုက်နိုင်၍ ပြန်ခဲ့ရသူဖြစ်ပါ သည်။ အသွားတုန်းကတော့ ဘယ်သူ့သား၊ ဘယ်သူ့တူ၊ ပညာသင်ရ အောင်သွားတယ်။ မြန်မာသားကောင်း၊ ဘာဘာ ညာညာပေါ့ဗျာ . . . သတင်းစာတွေထဲ ဓာတ်ပုံကြီးနဲ့ပါလို့၊ နောက် သူပြန်လာတော့ ဘယ်သူ့ မှ မသိကြတော့ဘူး။ ဒါပေမယ့် သူကဘိလပ်ကျင့် ကလေးတော့ရခဲ့၍) 'ယခုည မရိုးမရွ ကလပ်မှာ ဒန့်စ်ရှိသည်။ အဲဒီသွား၍ မြာများဆွဲရပါက နိပ်လှချေမည်'ဟူသော အဓိပတိ အကြံကြီးကို ပေးပါသည်။

ကျွန်တော်တို့ အားလုံးမှာ မြန်မာများပင်ဖြစ်လင့်ကစား . . . ဒန့်စ်ခေါ် 'ရင်အပ်သဘင်' အကကို 'ဒါတတ်ထားရင်စားပေါက်တော့ ချောင်တယ်ဆရာ' ဟူသော သဘောနှင့်မဟုတ်ပါ။ ယောကျာ်းတို့တစ် အပ်သော အဋ္ဌာရသ(အို . . . နီး . . . )နဝါရသ၊ နန္ဒိရသ၊ ကမ္မာပညာရပ် အဖြစ်နှင့် သင်ကြားထားကြသည့်ဖြစ်၍၊ အားလုံးပွင် သဘောတူကြလေ





သည်။ ထိုပြင် 'မရိုးမရွကလပ်'မှာ ကျွန်တော်တို့ မင်းသားအဖြစ် ငင်ထား ၍ မကြာခဏသွားပြီး ဖြစ်ပါသည်။

"ဟုတ်တယ်၊ မင့် ကိုကြည်ပြောမှ သတိရတယ်....ကိုယ်တို့ ကလပ်မှာ ခုညဒန့်စ်ရှိတာပဲ" ဟုလန်ဘားကိုကျော်မြင့်က ဝမ်းသာအားရ သူ့ပေါင်သူဖျန်းခနဲ လက်ဝါးနှင့်ပုတ်လိုက်၍ ကိုသိန်းထွန်းဂျုမှက မျက်စိ ကလေး ပေရင်းရင်းလုပ်ပြီး . . .

'အို . . . ခုည ဟိုအမွှာညီအစ်မတော့ ဆွဲလိုက်ဦးမပေါ့ကွာ" ဟုပြောရင်း သူ့အမူအရာအတိုင်း နှုတ်ခမ်းထူပြစ်ပြစ်ကို စိကာဦးခေါင်း လှုပ်၍ အံကြိတ်လိုက်သကွ။

ကျွန်တော်က သူ့ကိုကြည့်၍ ပြုံးမိပြီး . . .

"ခင်ဗျားနဲ့ ဒီလန်ဘား ကျောက်တုံးတားညီအစ်မနဲ့ ကြည့် မကောင်းပါဘူးဗျာ၊ ခင်ဗျားက ပတပ်ရစ် ဖက်နေရတာ၊ နို့ပြီး လက်ဂိုင်း ချင်းမှာကော သူတို့ကပိုရှည်နေတော့ ခင်ဗျာ့လက်ဟာ ပဲ့ာလို နောက် ပြန်နေရလိမ့်မယ်"

"ဘယ်လိုနေနေဗျာ ကျွန်တော်က ဒီကပြားမတွေ မျက်နှာက မာနကြီးသလို လုပ်လုပ်နေနေတာ ခပ်ချည်ချည်နဲ့ကို တွဲချင်တာ"

"သဘောပဲဗျာ ကျွန်တော်တော့ သူတို့နဲ့ က,ဖူးတယ်၊ ဒီ-ရိုးကြီး ဂေါင်ဂုင်ကြီးတွေက,လို့ မကောင်းပါဘူးဗျာ၊ ဆွဲရလှဲရသိပ်လေးတာပဲ၊ သစ်ပင်ခြောက်ဖက်နေရတာနဲ့ကိုတူတယ်၊ အသားအရေကလဲ ဘာမှ နွေး ထွေးထွေးအိအိမရှိဘူး"

မိတ်ဆွေ ,ညှိမှာဘက်၌ ကျွမ်းကျင်ကာသိပါလိမ့်မည်။ က,၍ မနိုတ်ဆုံးမှာ ညှိလိုရိုးကြီးဂေါက်ဂင် လန်ဘားကျောက်တုံးတားနှင့် ပူဝ ဗိုက်ရွှဲကြီးများသာဖြစ်ပါသည်။ က,၍ကောင်းသည်မှာ ကိုယ်လုံး ကိုယ် ထည် ကြော့ကြော့ရှင်းရှင်းနှင့် တင်ကော့ ရင်မော့ကလေးများ ဖြစ်ပါ သည်။

"ကိုယ်တော့ ဘာပြောပြော ဂျိုက်စီကို အကြိုက်ဆုံးပဲ"

"သူ့ကိုတော့လဲ ဟိုလူကဆွဲ ဒီလူကဆွဲနဲ့ လက်ဦးတို့ဖို့ မနည်း လုရတာဗျ"

ကိုကျော်မြင့်ကပြောသည်၌ ကိုကြည်က ကျွန်တော့အား . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုဆွေ ဟိုစနေနေ့ညက ဂျိုက်စီနဲ့ ဘာဖြစ်တာလဲ၊ သူ့မျက်နှာကို အရက်နဲ့ပက်မယ်လုပ်တယ်ဆို . . ."

"ဟာ . . . ကျွန်တော်က သူ့ရှေ့အရင်ရောက်တာ နောက်မှလာတဲ့ ငနဲနောက်ပါသွားတာနဲ့ ကျွန်တော်က ရှက်ရှက်နဲ့၊ နို့ပြီး အဲ့ဒီညက ကျွန်တော်လဲ တော်တော်မူးနေလို့ပါ"

"ဂျိုက်စီက ခင်ဗျားမူးနေမှန်းသိလို့ မလိုက်တာပဲ"

"အေးဗျာ ခုည ဂျိုက်စီနဲ့တွေ့မှ တောင်းပန်ရဦးမယ်၊ ကဲ စကားကောင်းနေလို့ သိပ်အချိန်မရှိဘူး၊ ကိုယ်တို့အိမ်ပြန်ပြီး က,ဝတ်တံဆာလဲရအုံးမှာ၊ နောက်ပြီး ဘယ်မှာပြန်ဆုံကြမလဲ"

"ဘယ်နေရာမှ ချိန်မနေနဲ့တော့၊ ကလပ်မှာဘဲဆုံကြမယ်၊ ကိုယ့်အိမ်ကကို ဟိုကိုပဲ ဒါရိုက်လာခဲ့ကြတော့"

ကိုကြည်ကပင် စီမံလေသည်။

"ဟာ . . . အဲဒါအကောင်းဆုံးပဲ"

ကိုသိန်းထွန်းက ထောက်ခံလိုက်၍ ကိုကျော်မြင့်က ကျွန်တော့အား . . .

"ဒီမှာ ဆရာဆွေက အစောဆုံးရောက်အောင်လာဗျနော်၊ ခင်ဗျားကဒကာပဲ ကိုယ်တို့မှာ ပိုက်ဆံရှိတာမဟုတ်ဘူး"

"ကျွန်တော်မရောက်ရောက် သောက်သာသောက်နှင့်ကြဗျာ ဒါအတွက်များမပူကြစမ်းပါနဲ့ လိုချင်တာမှာပြီး ကလပ်စာရေးကိုမြိုင်ကို ကျွန်တော့်စာရင်းထဲသာထည့်ခိုင်း ကျွန်တော်ရောက်တော့ရှင်းမယ်"

"အိုကေ"

ကျွန်တော်တို့လူစုခွဲခဲ့ကြလေသည်။

"အား ဟတ်ချိုး ဟတ်ချိုး"

ကျွန်တော်မှာ ယနေ့မြင်းပွဲထဲတွင် ဦးထုတ်ကိုမေ့၍ပါမသွားသဖြင့် နေပူလိုက်မိုးမိလိုက်နှင့် ခေါင်းအုံကာ နှာစီးနေပါသည်။ ယံ့ အရက်ပါသောက်ပြီး၍ အပြင်ဘက်ရောက်ကာမှ အပူဓာတ်ကန်ကာ နှ ချေဆတ်လာပါသည်။

"အား ဟတ်ချိုး ဟတ်ချိုး"

အင်း . . . ကလို့မှဖြစ်ပါဦးမလား မိန်းကလေးရင်ဘတ်နှပ်နှ





ပတ်သလို နေတော့မှာပဲ အခြေအနေကြည့်လုပ်ရမှာပဲလေ . . .

ကျွန်တော်အိမ်ပြန်ရောက်သည့်အခါ ကျွန်တော်ထမင်းလစာ ပေးစားနေသော အိမ်ရှင်အဒေါ်ကြီး သမီးကလေးက ကျွန်တော့်အနား ပွတ်သီးပွတ်သပ်ကပ်လာပြီး . . .

"ဟင် ဒီလူကြီး အရက်စော်နံလိုက်"

"ဟ ငါ့ဆီက အရက်စော်နံတာ အဆန်းလား သွား သွား ငါမူးနေတုန်းမှာ ငါ့အနား နင်တစ်ယောက်ထဲမလာနဲ့လို့ ပြောထားတယ်မဟုတ်လား"

ကျွန်တော်မှာ တစ်ကိုယ်ရေ ဟကာယ၊ သူကလေးက ဆယ့်သုံးလေးနှစ် အပျိုဖြစ်။ အာရတိ ဝိရတိ အာရတိ ဝေးစွ ရှောင်ခြင်းသည်လည်းကောင်း၊ ဝိရတိအထူးသဖြင့် ရှောင်ကြဉ်ရခြင်းလည်းကောင်း၊ ဤမင်္ဂလာတရားတော်နှစ်ပါးတွင် အရက်မူးနေတုန်း ဒီလိုဖူးပွင့်စပန်းကလေးမျိုးက အနားသို့ကြွေကျလာလျှင် ဝိရတိအထူးစပါယ်ရှယ် ရှောင်ကြဉ်ဇနေနိုင်မှာစိုး၍ ကလေးမအား တားဆီးထားရခြင်း ဖြစ်ပါသည်။ ဒါမကလေးကတော့ ဘာမျှနားလည်ပုံရမည်မထင်၊ သို့သော် သူ့မိခင်မုဆိုးမကြီးက မြော်မြင်ပေ၍ ကျွန်တော့်အသံကြားသည်နှင့် . . .

"ဟုတ်သားပဲ ဟဲ့ မိခင်ရီလာ" ဟုခေါ်ပြီး ကျွန်တော့်ဆီလျှောက်လာ၍ "အော် မောင်တင်ဆွေ ညနေက မင့်သူငယ်ချင်းတစ်ယောက် လာသေးတယ်ကွဲ့"

"အော် ဟုတ်လား ဘယ်သူလဲ"

"သူ့နာမည်ကကွယ် ကြားရတာနဲ့ နားမှာစိန်နားကပ်ပန်ရသလို ဝင်းထိန်သွားတာပဲ အဟဲ ဟဲ"

အဒေါ်ကြီးမှာ ညနေက ကျွန်တော်မြင်းနိုင်၍ သူ့ထမင်းလခ၊ အိမ်လခရှင်းလိုက်သဖြင့် ကျွန်တော့်ကိုကြည်ဖြူနေပါသည်။ နောက်လ ပိုက်ဆံပေးရက်မစိမ်မီအထိ၊ သူသဘောကောင်းနေဦးမယ်။ အဲ ပေးချိန်တန်၍ မပေးယင်ဖြင့် ဗုဒ္ဓေါင့်ဆောင့်ညောင့်၏။ ဤအခါမျိုး၌ ကျွန်တော် က သူ့ကိုကြောက်ရသည်။ ယခုလို အချိန်မျိုးဆိုရင်တော့ . . .

"အဟား . . . ဟား . . . အဒေါ်က ပြောပုံဆိုပုံ အနိပ်ကြီးပါလား ဇကန္တ ညနေကလာတဲ့ ကျွန်တော့်သူငယ်ချင်းဟာ . . . ကိုဖွတ်ကြီးထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ထပ်သရီးကွယ် အိမ်ပေါ်ဖွတ်တက်တဲ့ စကားမပြောစမ်းပါနဲ့"

"အာ ဘဲရီးဆောရီး တောကြီးမြိုင်လယ် . . . အဒေါ်ကို ကျွန်တော်က ချစ်လို့ ကြည်စယ်တာပါ။ အဒေါ် ပြောလိုက်ကတဲက ဘယ်သူလဲဆိုတာ ကျွန်တော်သိပါတယ်။ ပတ္တမြားဝင်းထိန် မဟုတ်လား။ ခွေးမသားကြီး ကျွန်တော်တစ်ညနေလုံး သူ့လိုက်ရှာနေတာ မတွေ့ဘူး။ ဘယ်အချိန် အိမ်ရောက်လာတာလဲ . . ."

"မင်းနဲ့ သူနဲ့ဟာ အင်မတန်ချစ်တဲ့ သူငယ်ချင်းတဲ့"

"အဟား . . ."

"ကျောင်းတုန်းကဆိုရင် မဟာဆွေ ဇာတ်ကြီးတစ်ရှဉ်းလို့ ခေါ်ကြသတဲ့"

"အဟဟား . . ."

"နို့ပြီး မင်းတို့ နှစ်ယောက်က သူ့အဝတ် ငါ့အဝတ် မခွဲဘူး တစ်ယောက်ဟာ တစ်ယောက် ယူဝတ်ကြတာပဲတဲ့"

"အဟဟား . . ."

"အခုလဲ . . . တစ်ယောက်ဟာ တစ်ယောက် လိုချင်တယ်ဆိုရင် ဘာပြောနေစရာတောင် မလိုဘူးတဲ့ဆိုပြီး . . . မင့်ဘောင်းဘီနဲ့ ကုတ်အင်္ကျီကို ယူသွားလေရဲ့ . . ."

"အဟဟား . . . ဟိုက် . . ."

ကျွန်တော်မှာ အမှတ်မဲ့ ရယ်လိုက်ပြီးမှ ရုတ်တရက် မျက်ဖြူဆိုက်သွားကာ . . .

"နေပါဦး . . . နေပါဦး . . . ကျွန်တော့်ဘောင်းဘီနဲ့ အင်္ကျီ အင်္ဂလိပ်ဝတ်စုံကို ယူသွားတယ်လား . . ."

"ယူသွားပါတယ် ဆိုမှကွယ် မင့်နှယ် ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လားလို့ပဲ . . . မယုံမင်း အဝတ်ဘီဒိုသွားကြည့်ပါလားကွဲ့"

"ဟား . . . ၇၅ ပါးကြီးမှောက်ပါရော . . ."

"ဘာလို့လဲကွယ် . . . နက်ဖြန်ပြန်ပေးမတဲ့ ပြောသွားပါတယ်"

"ကျွန်တော်အခု ဒန့်စ်သွားက, မလို့ဗျ အင်္ဂလိပ်ဆုက ဒီတစ်စုံ





ထဲ ကျွန်တော်မှာရှိတာ"

"မြန်မာ အဝတ်အစားနဲ့ သွားက, လို့ကော မဖြစ်ဘူးလားကွဲ့"

"ဟာ . . . ကြံကြံဖန်ဖန်ဗျာ 'ဟတ်ချိုး' . . . သောက်ရေးထဲ ဒီသောက်နှာကလဲ စီးလိုက်တာ . . ."

"မင်း . . . နှာစီးနေ ဗစ်ရှူပါလားကွဲ့ . . . ခင်ရီရေ ငါ့ခေါင်းအုံးနံဘေးက ဗစ်ဘူးယူခဲ့ပါ"

"အင်း . . . ကျေးဇူးပါပဲ"

ကျွန်တော့်မှာ တော်တော်နှာစီးနေပါသည်။ ဗစ်(ကစ) အင်ဟေးလား နှာခေါင်းဝရှူတာကိုပင် ဘာနံ့မှ မရသလို ဖြစ်နေပါသည်။

"အဒေါ်လဲ ဆိုင်နဲ့ အိမ်အကူးမှာ ဒီကနေ့ မိုးကလေးတဖွဲဖွဲရွာတာမိသွားလို့ နှာစီးနေတယ်ကွဲ့၊ သို့သော် မင့်လောက်တော့ မဆိုးပါဘူး . . ."

"ကျွန်တော့် နှာစီးတာက အရေးမကြီးပါဘူးဗျာ . . . ခုညက, ဖို့ဟာ ဟိုမှာ အဖေါ်တွေက ဒီလောက်ရှိ ရောက်နေကြရောပေါ့ . . . ဒုက္ခပဲ ခွေးမသားကြီး . . . နွားမသားကြီး . . . လဒမသားကြီး၊ ကျားကိုက်၊ ကားတိုက်၊ မြွေကိုက်၊ ကာလနာတိုက်၊ မိုးကြိုးပစ်၊ ဘုရားရှုးပြီး သေချင်းဆိုးမျိုးစုံနဲ့ သေပါစေဗျာ . . ."

ကျွန်တော် တတ်သမျှ မှတ်သမျှ ကျိန်ဆဲနေသည်ကို အဒေါ်ကြီးသည် ဆေးပေါ့လိပ်ကြီးကို ကိုင်၍ ရှူစားနေရာမှ . . .

"ဟော့ ငါသတိရပြီ၊ မင်းဒီလောက် အင်္ဂလိပ်ဝတ်စုံနဲ့ သွားဖို့ အရေးကြီးနေရင် ငါပေးလိုက်မယ်"

ကျွန်တော်က သူ့ကို မျက်စိလှန်၍ ကြည့်ပြီး . . .

"အဒေါ့်မှာ ရှိလို့လား"

"ရှိတယ် အင်္ဂလိပ်ဝတ်စုံမှ တကယ့် အင်္ဂလိပ်ဝတ်စုံအစစ်၊ တကယ့် အင်္ဂလိပ်အစစ်ရဲ့ အဝတ်တွေကွဲ့၊ အဒေါ့် ယောကျ်ား ဘိုအိမ်မှာ စားပွဲထိုးလုပ်တုန်းက ဘိုက ဘိလပ်အပြန်မှာ သူ့ကို အမှတ်တရ ဖြစ်အောင် ဆုချခဲ့တာ။ အသစ်ချပ်ချွတ်ကြီး သူ့ချစ်လို့ပေးတာ၊ အဒေါ့် ယောကျ်ားရှိတုန်းကလဲ သူ့သခင်ကြီးပစ္စည်းဆိုပြီး အရိပ်တကြည်ကြည့်ထားတာ၊ အဒေါ့် ယောကျ်ားသေတော့လဲ ကိုယ့်လင်အမြတ်တနိုးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟာဆိုပြီး ကောင်းကောင်းမွန်မွန်သေတ္တာထဲ ထည့်သိမ်းထားတယ်။ မင့်ကို ခဏငှားမယ်"

ကျွန်တော်က စိတ်ပျက်စွာပင် . . .

"ငှားထားတော့ ဟုတ်ပါပြီ။ ဒါမျိုးက မြန်မာအဝတ်အစားလို့ မဟုတ်ဘူး။ လူနဲ့ အံကိုက်တော်မှ ဖြစ်တာဗျ"

"အောင်မယ် အဲ့ဒီဗိုလ်က ဗိုလ်အကြီးစားထဲက မဟုတ်ဘူး၊ မင့်ကိုယ်လုံး ကိုယ်ထည်လောက်ပဲ တော်မတော်ဝတ်ကြည့်တာပေါ့ကွယ်"

ဆိုပြီး သွားယူ၍ ကျွန်တော့်ကိုပေးပါသည်။

အံမာ ကြံကြံဖန်ဖန် ကျွန်တော်နှင့် အံ့ကိုက်ပင်ဖြစ်နေပါသည်။ ကျကျနန ဝတ်ပြီး အဒေါ်ကြီး၏ စားပွဲတင်မှန်ရှေ့၌ မိမိကိုယ်ကိုမိမိ အထက်အောက် ကြည့်လိုက်ပါသည်။ တိုင်းချုပ်ထားသည်နှင့် မခြားပါ။ အဆင်အသားမှာ ကျွန်တော်ဟာထက်ပင် ကောင်းနေသည်။ နက်ဖြန်ခါတော့ ပြန်မပေးဘဲ အဒေါ်ကြီးထံမှ အချောင်ဈေးနှင့် ဝယ်လိုက်မည်ဟု စိတ်ကူးမိပါသည်။

ကျွန်တော် ဝမ်းသာအားရနှင့် နက်ကတိုင်စီးပြီး မဒီနှင့်က, ရာ၌ မွေ့လျော်ရန် ပါရစ်မြို့၏ ညနေခင်း၊ ရေမွှေးတစ်ကိုယ်လုံးပင် ဆွတ်ဖျန်းလိုက်ပါသည်။

သောက်နာခေါင်းကလဲ သောက်ရေးထဲ စီးလိုက်တာ၊ ရေမွှေးနံ့မှ မရပါလား။ ဘာဖြစ်ဖြစ် မိန်းကလေး မွှေးပြီးရောပေါ့လေ။

ဤအချိန်၌ မိုးကလေးဖွဲဖွဲ ရွာနေ၍ မိုကာအင်္ကျီဝတ်ပြီး ဦးထုပ်ဆောင်းကာ ထွက်ခဲ့ပါသည်။ ကျွန်တော် ကလပ်သို့ရောက်သောအခါ၌ အောင်မာ ကိုတော်ချောတို့ က,နေကြချေပြီ။

ကိုသိန်းထွန်းတို့ ဖုံတွဲကို ကြည့်ပြီး "အောင်မာ ကိုယ့်လူက ထင်းခွေနေပါလား" ဟု စိတ်ထဲမှ ရေရွတ်ကာ ပြုံးလိုက်မိပါသည်။ အကြောင်းမှာ ကိုသိန်းထွန်းသည် သူပြောခဲ့သည့်အတိုင်း ရိုးကြီးဂေါင်ဂင် ကပြားမနှင့် တွဲကနေ၍ ဤသို့ ရိုးကြီးဂေါင်ဂင်နှင့် က,ရာ၌ သစ်ကိုင်းခြောက်ကို ဆွဲပွေ့သလို ဖြစ်သောကြောင့် "ထင်းခွေ" သည်ဟု ကျွန်တော်တို့ ပြောစမှတ်ပြုကြပါသည်။ မွတ်တား ဗိုက်ရွဲ ပုပုဝဝကြီးနှင့် က,ရလျှင်





ကား ရေတိုင်ကီကြီးကို သယ်နေရသည်နှင့်တူ၍ "ရေခပ်"သည်ဟု ပြောကြပါသည်။

ဤသို့ "ထင်းခွေ ရေခပ်" သမျှကို ဘယ်သူမျှ မပြုလိုပါ။ သို့သော် ကိုယ့်ကလပ်မှာ တက်စ်နိုက်တွင် ဧည့်သည်အဖြစ်နှင့် တွေ့ကြသည်၌ ယင်းအမျိုးသမီးမျိုးကို သွား၍မခေါ်က ရိုင်းရာကျသည်။ အမျိုးသမီးမှာလည်း အရှက်ရသည်။ ထို့ကြောင့် ယဉ်ကျေးမှု ပြုကြရသည်။ မိန်းကလေးများကလည်း ယောကျ်ားက လာခေါ်လျှင် ဖိတ်ကြားထားသော ပါတီဖြစ်ပါက မငြင်းရ။ ကိုယ့်ဖာသာကို လာသည်ဖြစ်က သဘောမကျလျှင် ငြင်းနိုင်သည်။

ကျွန်တော်ကား ဤညမှာ အကြီးအကျယ် ကံဆိုးလေသည်။ အပြင်းအထန် အရှက်ကွဲလေသည်။ အကြောင်းမှာ တီးကွက်တစ်ပွဲပြီး၍ နောက်တစ်ပွဲစသည်၌ ကျွန်တော်ချစ်သော ဆရာမခင်မေရီကို သွားခေါ်ရာ နှာခေါင်းရှုံ့၍ ငြင်းလိုက်သည်။ ထိုနောက် မစ္စဟယ်လင်ကို လက်ကမ်းပြန်သောအခါ၌လည်း နှာခေါင်းရှုံ့၍ပင် ခေါင်းခါလိုက်ပြန်သည်။ ဘယ့်နှာတုန်း ဒီခလေးမတွေဆိုရင် ကျွန်တော့်ကို အင်မတန် ခင်ကြတာ။ ခါတိုင်း က,နေကြ ယခုဘာဖြစ်နေကြသနည်း။

ကျွန်တော့်ခေါင်းထဲ၌ အသိဉာဏ်ပေါ်လာလေပြီ။

ကေန္တ ဂျိုက်စီစနက်ဖြစ်ရမည်။ ဟိုညက ကျွန်တော်သူ့ကို အရှက်ခွဲကာ ပက်မည်ပြုမိသည်။ ဒါကို သူအလွန်ရှက်ကာ ဒီကောင် သိပ်ရိုင်းတာဟု သူ့မိန်းကလေးဖော်တွေကို လျှောက်ပြောပြီး ကျွန်တော့်ကို ဝိုင်းကြဉ်ရန် တိုင်ပင်ထားတာ ဖြစ်ရမည်။ ကဲ သည်တော့ ကျွန်တော် ယခုဘာလုပ်ရမည်နည်း။

တခဏတွင်း စိတ်ကိုဆုံးဖြတ်ချက်ချလိုက်ကာ ဂျိုက်စီဆီသို့ လျှင်မြန်စွာ သွားပြီး အခြားလူတစ်ယောက်နှင့် က,အံ့ဆဲဆဲကို ကျွန်တော် အတင်းဆွဲက ,လိုက်သည်။

"ဂျိုက်စီ မင့်ကို ငါတောင်းပန်ပါတယ်ကွာ၊ ငါမူးလို့ ဖြစ်ရတာပါ။ ငါမှားတာပါ။ မင်းကျေနပ်ဖို့ဆိုရင် ဘာမဆိုငါပြုပါမယ်။ ဂျိုက်စီကို ကိုယ်သိပ်ချစ်ပါတယ်ကွာ။ ချစ်လို့ပဲ ဒီလိုဖြစ်ရတာပါ။ စဉ်းစားကြည့်လေ။ ကိုယ်ချစ်နေတဲ့သူက"



www.burmeseclassic.com

www.burmeseclassic.com



ဂျိုက်စီမှာ အသက်နှစ်ဆယ်ပတ်လည် အပျိုကလေးဖြစ်၍ သူတို့အရွယ်ကြိုက် စကားနှင့် ချော့ရပါသည်။

"ကိုယ်ခေါ်နေတဲ့ ရှေ့မှာ တစ်ခြားလူနဲ့ ပါသွားတယ် ဆိုတော့ ကိုယ်ရှက်ပြီး ဂရုဏာဒေါ်သော ဖြစ်မိတာပါ၊ ဟိုလူကို မနာလို ဖြစ်မိတာပါ ဂျိုက်ရယ်။ ဂျိုက်ကလဲ ကိုယ့်ကိုမုန်းလို့ မဟုတ်ဘူး။ ကိုယ်မူးနေမှန်းသိလို့ မဟုတ်လားကွယ်။ အခု မမူးပါဘူး၊ နောက်ဆိုလဲ ပါတီတွေမှာ ဒီလို မမူးဖို့ ကိုယ်သတိထားပါတော့မယ်ကွာနော် . . . နော်၊ ကျေနပ်ပါနော် ဟန်နီ"

စသည်ဖြင့် ကျွန်တော်က ယင်း သူ့ကို တတွတ်တွတ် ပြောပါသည်။ သို့တိုင် ဂျိုက်စီသည် ကျွန်တော့ကို ဘာမျှ ပြန်မပြော၊ အကတော့ မပျက်ဘဲ မျက်နှာကို တစ်ဘက်သို့လှည့်၍ နေပါသည်။

"ဂျိုက်ကို ကိုယ်သိပ်ချစ်ပါတယ်ကွာ"

ဟု ပြောရင်း နှုတ်ခမ်း ချင်းထိရန် ကြိုးစားပါသေးသည်။ သို့သော် မရပါ။

အို ခက်ရန်ကော ကပြားမ တစ်ယောက်ကို ကပွဲထဲ၌ ကျွန်တော် ဒီလောက်ကြာ ဘယ်သောအခါမျှ မချော့ခဲ့ရဘူးပေါ့။ သူတို့သည် "ဆောရီး" ဆိုရုံနှင့် ကျေနပ်သည့် လူမျိုး မဟုတ်တုန်လော။

ယခုမှ ဘာဖြစ်ချေသေးသနည်း။

အားလုံး အတွဲတွေကလည်း ကျွန်တော့ အနီးသို့ ရောက်လျှင် ခပ်လှမ်းလှမ်းသို့ ခွာ၍ သွားကြသည်။ ကျွန်တော့ကို ကြည့်ကာ တီးတိုးလည်း ပြောကြသည်။

ကျွန်တော် ကတာ တိုင်မင်(စည်းချက်) မှားလို့လား။

မမှားပါ။ ကျွန်တော် ဤအသွားကို ကနေကျ။

ကျွန်တော့ ဝတ်စုံပင် အချိုးမကျလို့လား။

ဒါလဲမဖြစ်နိုင်ပါ၊ ကျွန်တော်အိမ်က ကျကျနန မှန်ထဲကြည့်ခဲ့ပါသည်။

သို့မဟုတ် . . .

အဒေါ်ကြီးလင် စားပွဲထိုးအား ဘိလပ်ပြန်ဘိုက ကျွန်ကောင်းအဖြစ်နှင့် ဘောက်ဆူးချခဲ့သော ဝတ်စုံဖြစ်ကြောင်း သူတို့က ဒိဗ္ဗစက္ခုရနဲ့မ္ဟ





သိနေကြလို့လား။

"သို့လော . . သို့လော တွေးတောရင်း ကနေရာမှ ဆိုက်စတက်(ပ်) မိန်းကလေးနှင့် ဘောချင်းယှဉ်ကာ စည်းချက်ကျကျ ခြေလှမ်းသုံးလှမ်းယူပြီး သူ့ကိုယ်ကလေးကို လှည့်ကာ ပြန်၍ ရင်းချင်း အပ်လိုက်သည်၌ ဂျိုက်စီသည် မူး၍ လဲကျသွားလေသည်။

ကျွန်တော် မျက်လုံးပြူးကာ သူကလေးကို ကိုင်၍ ထူမည်ပြုသည်၌ ဂျိုက်စီသည် အလွန်ပင် မသက်သာသော မျက်နှာနှင့် ကျွန်တော့ကို ကြည့်ကာ . . .

"ပလိစ် ယူ ဂိုးအဝေး ခွေး . . "

ဟု ကျွန်တော့ကို မောင်းထုတ် လေသည်။

အားလုံးလူတွေလည်း အကရပ်ပြီး ဝိုင်းလာကြသည်။ ဘိုကြည်နှင့် ကိုသိန်းထွန်းသည် အူကြောင်ကြောင် ဖြစ်နေသော ကျွန်တော့အားအပြင်သို့ ဆွဲထုတ်သွားကြသည်။ ကျွန်တော့မှာ ဘာမှနားမလည်သေးဘဲ

"ဘယ်နှယ်ဗျာ ကျွန်တော်က တတွတ်တွတ် တောင်းပန်နေရက်ကနဲ့ ဂျိုက်စီက ဒီလောက်တောင် ဖြစ်ရသလား . . ."

ဘိုကြည်က . .

"အိုး . . အဲဒီကိစ္စကြောင့် မဟုတ်ဘူး . . ခင်ဗျား ကိုယ်က ပုပ်စော် နံနေလို့ဗျ"

ကျွန်တော် မျက်လုံးပြူးကာ . . .

"ဘာ . . ကျွန်တော်ကိုယ်က ပုပ်စော်နံနေတယ်"

"ဟုတ်တယ် . . ဘယ့်နှယ် ဖြစ်လာတာတုန်း ခင်ဗျားကိုယ်ခင်ဗျား မနံဘူးလား"

"ကျွန်တော် သိပ်ပြီး နှာစေးနေတယ်၊ စောစောက ခင်ဗျားတို့နဲ့ ပါတီတယ်က ထွက်စက နှာချီနေတာ အခုရပ်သွားတော့ ပိုဆိုးနေတာပေါ့"

"ကဲ . . အခန်းထဲ ပြန်မဝင်နဲ့တော့၊ အားလုံးက ခင်ဗျားကိုယ်က နံမှန်း သိနေကြပြီ။ ဒီမှာပဲနေ ကျွန်တော်တို့တော့ ငနဲမတွေ တန်နဲ့လန်းနဲ့ သွား ကလိုက်ဦးမယ်။

ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့ကာ အရက်ကို မှာသောက်ရင်း ကျွန်တော့ကိုယ်က ဘာကြောင့် ပုပ်စော်နံရသနည်း စဉ်း



www.burmeseclassic.com

www.burmeseclassic.com



စားသည်။ တစ်ကိုယ်လုံးကို ရေမွှေးပင် ဆွတ်ဖျန်းသေးသည်။ ၎င်းရေမွှေးကပင် အပုပ်ရေများ ဖြစ်နေလေသလော။ ဒါဖြစ်ရင် ကျွန်တော့ ရေမွှေးစပရေးဗူးထဲကို ဘယ်သူက အပုပ်ရေတွေများ ထည့်ပစ်ခဲ့ပါသနည်း။ အီးဗင်းနင်းအင်ပဲရစ်(စ်) ရေမွှေးမှာ လတ်လတ်ဆတ်ဆတ်တွင် အင်မတန် သင်းပျံ့သလောက် ချွေးနှင့်လည်းကောင်း၊ အပုပ်နှင့် လည်းကောင်း ရောသောအခါတွင် အလွန်ပုပ် ဆိုးရွားစွာ နံတတ်သည်။ သူသည် အပုပ်နံ့ကို မထိန်းဘဲ အပုပ်ကိုအားပေးသော သဘောရှိသည်။

ယင်းသို့ စဉ်းစားရင်း အရက်ခွက်ကို ကိုင်ကာ ကပွဲထဲကို ကြည့်လိုက်သည်၌ စုံတွဲတွေကြားတွင် လှုပ်ရှားနေသော ကျွန်တော့ ဝတ်စုံကို မြင်ရသည်။

ချွေးမသား ပတ္တမြား ဝင်းထိန်ကြီး။ သူ့မြာနဲ့ လာကနေတာကိုး. . . ရမ်ဘာတေးသွားမှာ ဝက်မှိန်းများ မှိန်းနေလို့ အင်း တယ်ဇိမ်ရှိနေပေါ့။

ဤတီးကွက်ရပ်လျှင် ရပ်ချင်း ကျွန်တော်သည် ကိုယ့်ကိုယ်မှ သတိမမူလိုက်မိဘဲ ထိုင်ရာမှ ထသွား၍ ပတ္တမြားဝင်းထိန်၏လည်ဂုတ်ကို ဆွဲထုတ်မိရက်သား ဖြစ်နေသည်။ သူ့ကောင်မကလေးက အံ့အားသင့်ကာ ကျန်ခဲ့သည်။

"မင်း . .မင်း . .လုပ်ရက်တယ်"

ဟု ပြောရင်း သူ့မျက်နှာကို လက်သီးနှင့် ရွယ်သည်၌ ဂေါ်လက်တားကာ . . .

"သူငယ်ချင်း သီးခံပါကွာ. . .ငါပြောတာ နားထောင်ပါဦးကွာ၊ ငါဒီနေ့ ကိုခင်မောင်လတ်ကြီး မြင်းနိုင်လို့ သူ့ဆီက ငွေချေးရခဲ့တာနဲ့ ဂျယ်နီလေးကို ကပွဲခေါ်ချင်လို့ မင်းဝတ်စုံကို လာယူတာပါကွာ. . .။ မင်းနဲ့ ငါနဲ့ ဒီလောက် ချစ်တဲ့ သူငယ်ချင်းချင်း မင့်တွေ့လို့ ပြောလဲ ပေးမှာပဲဆိုပြီး ယူခဲ့တာပါကွာ. .ဂျယ်နီလေး ဘဝဟာ သနားစရာကွာ။ တစ်ခါတစ်ရံမှာ ကပြားမကလေးပီပီ ကပွဲသွားချင်တယ်ကွာ. မင့်အဝတ် နက်ဖန်ခါ ပြန်ပေးပါ့မယ်ကွာ. . မင့်လဲ အခုဝတ်စုံ ရလာသားပဲ၊ ဒီအဝတ်နဲ့ မင်းနဲ့ သိပ်ကြည့်ကောင်းတာပဲ. . ငါခုန ကရင်း မင်းလှမ်းမြင်လိုက်တော့ မင်းမှန်းတောင်မသိဘူး. . . ဘိလပ်သားအစစ်





လားတောင် အောက်မေ့လိုက်ပါတယ်ကွာ. . ."

"ဟေ့ . .ဒီမြောက်လုံး ချော့လုံးတွေ လုပ်မနေစမ်းနဲ့ . .ငါအခုန ကပွဲထဲမှာ ဘာဖြစ်သလဲ . .မင်း မြင်တယ် မဟုတ်လား. . "

"မမြင်ပါဘူးကွာ. . .ဂျယ်နီလေးက ရပ်ရှင် ပထမ ကြည့်ချင်တယ်ဆိုလို့ ဂလုပ်ရုံကဖြတ်မှ မှန့်ဘာစားပြီး အခုနလေးကမှ ငါတို့ရောက်တာပါကွာ . . ."

"ဒါဖြင့် . . ကျွန်တော် သူ့မျက်နှာကို ကျွန်တော့ ကိုယ်နှင့်ကပ်လိုက်ကာ . . .

"ငါ့ကိုယ် နမ်းကြည့်စမ်း ဘာစော် နံနေသလဲ . . ."

သူရှုန်းပြီး . . .

"အား . . ဘာစော်မှ မနံပါဘူးကွာ"

"ချွေးမသား မလိမ်နဲ့ အဝတ်လာယူရုံတင် မဟုတ်ဘူး မင်း. . ငါ့ရေမွှေးစပရေဘူးထဲ ဘာတွေ ထည့်သွားသလဲ. . .ချွေးကြီး ကျောင်းတုန်းသောက်ကျင့်တွေ"

"ဟာ . . ကြိကြိဖန်ဖန်ကွာ. . ဘာမှ ထည့်မသွားရပါဘူးကွာ၊ ကာလနာတိုက်ရပါစေ. . .သေခြင်းဆိုးနဲ့ သေရပါစေ"

"အေး . .မင်းတော့ ငါသေခြင်းဆိုး အမျိုးမျိုးနဲ့ သေဖို့ ကျိန်ပြီးသားပဲ"

ဤအချိန်တွင် သူ့ကောင်မကလေးက ကျွန်တော်တို့အား မျက်နှာငယ်ကလေးနှင့် လှမ်းကြည့်နေသည်ဖြစ်၍ . . .

"ကဲကဲ . . သွား . . . သွား. . .မသေခင်မှာ မင့်ဟာမလေးနဲ့ ပျော်ပျော် ပါးပါး ကချေဦး"

ကျွန်တော့ စိတ်ထင်မှာ ရေမွှေးထဲ အပုပ်နံ့ ထည့်သူသည် ဒီကောင် မဟုတ်လျှင် အိမ်ရှင်အဒေါ်ကြီး သမီး မခင်ရီကလေး ကမြင်းကြော ထတာဖြစ်ရမည်၊ ဒင်းကလေး ဓာတ်သော်လီတော့ လျှော်လှန်းထားတုန်း ချွေးလယားသီးမှုန့် သုတ်ထားဦးမည်ဟု စိတ်ကူး ထည့်ခဲ့သည်။

သို့သော် ကျွန်တော် မှားလေသည်။ နောက် တစ်နေ့ နံနက်၉ နာရီ ကျွန်တော် အိပ်ရာက ထသောအခါတွင် အဒေါ်ကြီးက ပြောပြသည်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်တင်ဆွေရေ ညက မင်းကို အဝတ် ထုတ်ပေးလိုက်တဲ့ သေတ္တာထဲက ကြွက်သေပုပ် သုံးကောင်တောင် တွေ့တယ်ကွဲ့. . .ငါဖြင့် နှာစေးနေလို့ မသိပါဘူး ခင်ရီလေးက 'နံတယ်. . နံတယ် အမေ'ဆိုလို့ ရှာတော့မှ မင်းပေးလိုက်တဲ့ အဝတ်တွေတော့ မနံလို့ တော်ပါသေးရော်"

※

မည်သို့ပဲ ဖြစ်ဖြစ် ကျွန်တော် ဂျောက်ကျရခြင်းသည် ခွေးမသားကြီးသာ တရားခံ ဖြစ်လေရာ ၎င်း အဝတ်ပို့လာလျှင် မည်သို့မည်ပုံ ကြိမ်းလိုက် မောင်းလိုက်ဦးမည်ဟု ရင့်သီးပြင်းထန်သော စကားလုံးကြီးများကိုပင် တသီကြီး စဉ်းစား ရွေးချယ်ထားလိုက်ပါ့သည်။ သို့သော် ၁ဝနာရီခန့်၌ သူ အဝတ်ထုပ်ကို ပိုက်၍ အိမ်ပေါ်သို့ တက်လာသောအခါတွင် သူ့မျက်နှာ ဖြစ်လာပုံမှာ အားရပါးရကြီး ဆူလိုက်မူလိုက်မည်ဟု ခဲထားသော ကျွန်တော်ပင်လျှင် သောက်မြင်ကပ်ချင် စိတ်ပေါ်လာပါသည်။

"ဟေ့ကောင် မင့်မျက်နှာ ဘယ်နှယ့် ဖြစ်လာတာလဲ။ ဘယ်သူက ကျောက်ချဉ်ရေနဲ့ ပက်လိုက်လို့လဲ"

သူသည် လေးကန်စွာ ကုလားထိုင်ပေါ် ထိုင်လိုက်ပြီး. . .

"ဂျယ်နီလေးကွာ . . ."

"ဘာလဲ ကားကြိတ်သွား သလား"

"မဟုတ်ဘူး သနားစရာ ဖြစ်ပြန်ပြီ"

"ဟ . .မင့်ဟာလေး မင်း သနားတာ ငါ့လာပြောမနေစမ်းနဲ့၊ ငါက ကပြားမဆို သောက်မြင်ကပ်ကပ်ရယ်"

"ကပြားချင်းတူပေမယ့် သူကအသက်ရှု ကွဲပါသေးတယ်ကွာ"

"ဘာလဲ မင်းက ကပြားမတွေ အသက်ရှူတာ လိုက်ကြည့်နေလို့လား"

"သူငယ်ချင်း ငါ စိတ်နှလုံး ထိခိုက်နေတဲ့အခါမှာ အကြောင်းပြောစမ်းပါကွာ"

"မင်း စိတ်နှလုံးက ဘာလို့ ထိခိုက်ရတာလဲ"

"ဂျယ်နီလေး အလုပ်ဖြုတ် ခံရတယ်ကွာ"





"ဘာလဲ မင့်အဒေါ်ဆီက အလုပ်လား"

"အေးပေါ့ကွာ . . ."

"ဟား ဒါဖြင့် ကောင်းတာပေါ့။ မင်းပဲ ပြောတယ် မဟုတ်လား ဒီမိန်းမကြီးဆီ လုပ်ရတာ ခွေးမွေးဘာရပ်ရှိ တိုက်ရတာနဲ့ သောက်သုံးမကျတဲ့ စာတွေ လိုက်ရေးရတာနဲ့ ဂျယ်နီလေး ဘဝဟာ သနားစရာလို့၊ အခု ဒီဝဋ်က ကျွတ်သွားတာပေါ့ကွ၊ အဟားဟား . . .ဝမ်းသာစရာကြီးပဲ"

"တကယ်တော့ ဘယ်ဟုတ်ဦးမလဲ သူငယ်ချင်း။ သူ ထမင်းစားနေတာကွ ဒီအလုပ်နဲ့ပဲ အလုပ်တစ်ခုက ပြုတ်ရင် တစ်ခုရဖို့မလွယ်ဘူး မဟုတ်လား . . ."

"နို့ ဒီအလုပ်က ဘာလို့ ပြုတ်ရတာတုန်း"

"ဟာ. .တစ်တရားခံက ငါ့အဒေါ်အိမ်က ထမင်းချက်တဲ့ မိန်းမကြီးကွ၊ နှစ်တရားခံက ဘယ်ဂါတ်ကမှန်းမသိတဲ့ ပုလိပ်တစ်ယောက်ကွ"

"အင်း . . ဆိုစမ်းပါဦး . .ပုလိပ်တောင် တရားခံဖြစ်ရရင် မင့်ကောင်မလေး အမှုဟာ တော်တော်ကြီးပုံ ပေါ်တယ် . .အမှုသွား အမှုလာက ဘယ်ကစလဲ"

"ညကကွ . . ."

"ဟား . .ညမှုဆိုရင် ပိုပြီး စိတ်ဝင်စားစရာ ကောင်းတာပေါ့"

"ဟေး . . . မင်း ဝင်မနှောက်စမ်းပါနဲ့၊ ငြိမ်ငြိမ် နားထောင်စမ်းပါ။ ညက ငါတို့ ကပွဲလာတယ် မှတ်လား"

"အေး . .အဲဒါ ငါအသိ"

"အဲဒါ . .ဂျယ်နီလေးက ငါ့အဒေါ် အိမ်က ခိုးလာရတာကွ"

ဟင်း မင်းညကပြောတော့ ကိုခင်မောင်လတ်ဆီက ငွေချေးရလို့ မင်းက ခေါ်လာရတာဆို၊ ခုတော့ ဒီကောင်မလေးက မင့်အဒေါ်အိမ်က ဘာများ ခိုးတာရပြန်တာတုန်း"

"ဟယ် . .မင်းစကားကိုဖြင့် သေသေချာချာ နားမထောင်ဘူး၊ ဂျယ်နီလေးက ငါ့အဒေါ်အိမ်မှာနေရတော့ ညထွက်တာ မကြိုက်ဘူးဆိုလို့ အဒေါ်မသိအောင် ခိုးထွက်လာရတာ ပြောတာကွ"

"ဩ . .ဩ . .ဒါနဲ့ အဲ့တာပေါ်သွားလို့ အလုပ်က ဖြုတ်ပစ်တယ်ဆိုပါတော့၊ ဒါနဲ့ မင့်ထမင်းချက် အဒေါ်ကြီးနဲ့ ပုလိပ်က ဘယ်လို တရားခံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရသေးတာတုန်း"

"မင်း ငါပြောတာပဲ နားထောင်စမ်းပါဦး။ တို့ ညက ကပွဲက ၁၂ နာရီလောက်မှ ပြီးတော့ သန်းခေါင်ကျော်မှ ဂျယ်နီလေး အိမ်ပြန်ပို့ရတယ်ကွ။ ဂျယ်နီလေး အစဦး စီမံခဲ့တာက အိမ်ထဲပြန်ဝင်ဖို့ အောက်ထပ်က ပြူတင်းပေါက်တစ်ခုကို ဖိုရုံလေး စိတာကွ . . . အဲဒါ အထဲက ဘယ်သူက မင်းတုပ်ထိုးထား သလဲသိလား၊ ထမင်းချက်တဲ့ အဒေါ် သေနာမကြီးပေါ့ကွာ . . ဒီမိန်းမကြီး သောက်ကျင့် ငါအဲ့ဒီအိမ်မှာ နေတုန်းကတည်းက သိခဲ့တယ်။ ည သူအိပ်တော့မယ်ဆိုရင် အပေါက်တိုင်းဇေ့ ရှောက်ကြည့်ပြီး အိပ်တာတတ်တဲ့လေ့ဆိုးကြီး ရှိတယ်ကွ . . . တကယ်ဆို မင်းစဉ်းစားကြည့်စမ်း၊ ဒါ သူ့အလုပ်လား သူ့ထမင်းချက်ပဲ။ မီးဖိုချောင်နဲ့သာ ဆိုင်တယ်မဟုတ်လား၊ ဘာအိမ်တွင်းအိမ်မ တံခါးတွေ ဝင်နှောက် ချင်ရတာလဲ"

"အင်း . . ဟုတ်ပေ့ကွာ၊ ကဲ . . နှစ်တာရားခံ ပုလိပ်ဖြစ်ရပုံကော"

"တို့အဲဒီပြူတင်းပေါက် ဖွင့်မရတော့ ဂျယ်နီလေးက ပြောတယ် သူ့အပေါ်ထပ် အိပ်ခန်းက ပြူတင်းပေါက်ကို ဖွင့်ထားတယ် ဟို . . ရေနံသုတ်တဲ့ လှေကားကြီးနဲ့ တက်မယ်ဆို့ ငါက ယူထောင်ပေးနေတုန်း ပုလိပ်က လက်နှိပ်ဓာတ်မီးကြီး တဝင်းဝင်းနဲ့ ရောက်လာပြီး ငါတို့ကို စစ်လား မေးလားလုပ်ပါရောကွ၊ ဟင်း . . . တစ်သက်လုံး ရာထူးတက်မယ့် ကောင်မျိုး မဟုတ်ဘူးကွ၊ ကြည့်လေ . . ရန်ကုန်မြို့ကြီးမှာ ညတိုင်းလို ခိုးမှု၊ တိုက်မှု၊ ဖောက်ထွင်းမှုတွေ ဖြစ်နေတယ် မဟုတ်လား။ ကဲ . ဒါတွေတော့ တွေ့အောင် လိုက်မရှာဘူး၊ ငါတို့ နှစ်ယောက်ကိုမှလာပြီးတော့ လူကောင်းသူကောင်းတွေကို ဒုက္ခပေးတယ်"

"မင်းက အကျိုးအကြောင်း ရှင်းမပြဘူးလား"

"ငါ အမှန်အတိုင်း ပြောပြတယ်ကွ။ ဒါကို သူမယုံနိုင်ဘူး . . အိမ်ရှင် နှိုးမေးမှဖြစ်မယ် ဆိုပြီး သူက တံခါးခေါက်နှိုးတော့ ငါ့အဒေါ် မျက်မှောက် ငါတို့ ရောက်ရတော့တာပေါ့"

"ဒီတော့ မင်းအဒေါ်က ဘာပြောလဲ"

"ရဲကိုတော့ သူကောင်းကောင်းမွန်မွန် ပြောလွှတ်လိုက်ပြီး ရဲ သွားတော့ ကြည့်စမ်းကွာ . ငါ့ကို 'ခွေးသူခိုး'တဲ့ . ငါ့အိမ်ရိပ် မနင်းနဲ့ဆို





တာ ဘာလို့လာရသလဲ ။ နင် ငါ့ခွေးတွေ ထပ်ခိုးချင်ပြန်သေးလို့လားတဲ့။ ကြည့်စမ်းကွာ တကယ်ဆို သူဒီလိုပြောဖို့လား။ ငါ သူ့ခွေးတွေ ယူလာမိတာတော့ ဟုတ်ပါရဲ့။ နောက် မိတော့လဲ ပြန်ပေးလိုက်တယ် မှတ်လား။ နို့ပြီး . . ဂျယ်နီလေးကိုလဲ "ညည်းဟာ . . သူခိုး ဓားရိုးကာမ်းမဲ့ကောင်မ ငါနှင်ထုတ်ထားတဲ့ အကောင်ကို ဒီလိုညဥ့်နက်သန်းခေါင် ဆက်သွယ်နေတာဖြင့် ညီးကိုပါ အိမ်မထားဝံ့တော့ဘူး"

ဆိုပြီး တစ်ခါထဲ အလုပ်ဖြုတ်ပစ်လိုက်တယ်ကွ။ ဘယ်လောက် အဖြစ်ဆိုးသလဲ သူငယ်ချင်း . . မင်းစဉ်းစားကြည့်ပေါ့။ ငါ ဂျယ်နီလေး အတွက် ဘယ်စိတ်ကောင်းနိုင်တော့မှာလဲ။ အဲဒါ ငါ သူကလေးအတွက် ဘာလုပ် ပေးရမလဲကွာ"

ကျွန်တော် ခေတ္တ စဉ်းစားဟန်ပြုပြီး . . .

"ငါ မှန်တာ ပြောရမလား"

"ပြောပါကွာ"

"မင့်လိုကောင် ဘာမှ မလုပ်နိုင်တော့ဘူး"

"အို . . ငါလခွီးတဲ့"

ဆိုပြီးမှ . . .

"အေး ငါ သတိရပြီ၊ ငါ ကိုခင်မောင်လတ်ဆီသွားပြီး အပူကပ်မယ်။ ဒါ သူငါ့ငွေ ပေးလိုက်တာက စ ဖြစ်ရတာ"

"ဒါဖြင့် . . မင်းခင်မောင်လတ်ပဲ တရားခံစာရင်းထဲ ထည့်ဦးမလား"

"ဒါကတော့ မဆိုင်ပါဘူးကွာ။ ငါ သူ့ကို အကျိုးအကြောင်း အကုန်လုံး ရှင်းပြပြီးတော့ ဂျယ်နီလေးကို အလုပ်ပြန်ပေးဖို့ ငါ့အဒေါ်ကို သွားပြောခိုင်းမယ်၊ မကောင်းဘူးလား . . ."

"ကောင်းသားပဲ အရင်တစ်ပတ်က ကိုခင်မောင်လတ် သွားပြောလို့ မင်း ခွေးခိုးတာ ပေါ်သွားတာ။ ဒီတော့ ကိုလတ် ကျေးဇူး မင့် အဒေါ်အပေါ်မှာ ရှိနေတယ်"

"ငါ့လခွီး အဲဒါက မင်း ငါ့ကို မစူးစမ်း မမေး မမြန်း သွားလုပ်လို့ ဖြစ်ရတာ"

"ထားပါတော့ကွာ . . ဒီတစ်ခါတော့ ကိုလတ်က မင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပြောပေးပါဦးမလား"

"အိုး . .ကိုခင်မောင်လတ်လားကွာ . .ကမ္ဘာပေါ်မှာ အကောင်းဆုံးလူ၊ စိတ်သဘော အပြည့်ဝဆုံးလူ၊ သူငယ်ချင်း မိတ်ဆွေ အတွက်ကို ဘာမဆို ဆောင်ရွက်ပေးဖို့ အသင့်၊ ဒီလိုမှ ဆောင်ရွက်စရာ မရှိရင်တောင် မနေတတ် မထိုင်တတ် ဖြစ်နေတဲ့ လူကွ"

"အေး . .ဒါဖြင့် သွားသွား . .မြန်မြန် သူ့ရုံးချိန်မီအောင်"

"သူငယ်ချင်း ငါ ငွေတစ်ကျပ် ပေးလိုက်ဦးကွာ၊ ဘတ်စ်ကားခ"

"ငါ့လခွီးတဲ့"

ဤနေ့သည် ကျွန်တော်က ရှုပုကြိမ်းမောင်း လိုက်မည်ဟု အားခဲထားသော ကောင်ကြီးကို ကိုယ့်ကိစ္စတစ်ခွန်း တစ်ပါဒမှ မပြောလိုက်ရအဲ သူ့ကိစ္စနှင့်ပင် အပြီးတွင် ငွေတစ်ကျပ် ပူဇော်ပသ လွှတ်လိုက်ရသောရက်မှ ပဋ္ဌမမြောက် ဖြစ်ပါသည်။ နံနက်ခင်းက ကျွန်တော် စမ်းချောင်းဈေးအတွင်း ရောက်သွားသည်တွင် မိုးဦးကျ ရခဲကြုံခဲလှသော အုန်းလက် မှိုပွင့်ကြီးတွေ တွေ့၍ နှစ်ကျပ်ခွဲဖိုး နှစ်တွဲ ဝယ်ခဲ့ကာ ကြက်သား ခြောက်ဆယ်သားကောင် တစ်ကောင်လဲ ဆွဲခဲ့ပါသည်။ ငရုပ်သီးစိမ်း၊ နံနံပင်၊ သံပုရာသီး တို့ကိုလည်း ခါးပိုက်ထဲ ထည့်ခဲ့ပါသည်။

အဲဒေါ်ကြီး ထမင်းဆိုင်မှာ လပေးနှင့် စားနေရတာ ကြာသော်ငြားငွေ့တတ်၍ တစ်ခါတစ်ရံ ကျွန်တော့်ဟာ ကျွန်တော် စိတ်ကူးထဲ ပေါ်လာတာကို ချက်စားတတ်ပါသည်။

ကြက်ကို အတုံးကြီးကြီးဖျက်၍ ပဲငံပြာရည် အကြည်နှင့် နီရဲနေအောင် ရေကုန်ဆီပြန် ပြုတ်ကြော်ကြော်ပြီး၊ အရိုးပိုင်းများကို မှိုတစ်ဝက်နှင့် အရေပြစ်ပြစ်ကလေး ချက်သည်။ မှိုကို အရိုးအရွက် ခတ်သေးသေး စိပ်ကာ ဟင်းရေသောက်ပြုရန် မြန်မာ်ငံပြာရည်နှင့်မှိုကျက်ရုံ ပြုတ်တတ်သည်။ စားခါနီးတွင် ၎င်းမှိုအရည်သောက်ထဲသို့ ငရုပ်သီးစိမ်း လေးစိပ်ကွဲ ထောင်းထည့်သည်။ နံနံပင် လှီးထည့်သည်။ သံပုရာသီး ညှစ်ထည့်သည်။ အချဉ် အငန် အစပ် အဆင်သင့်သည်၌ ကြက်သားကြော်နှင့် ကြက်ရိုးမှိုဟင်းနှင့် ငါးပိထောင်းတစ်ခွက်နှင့် တို့စရာ ဒညင်းသီးနုနုဆားစိမ် ကျွတ်ကျွတ်နှင့် သခွားသီးစိမ်းနှင့် ဘရန်ဒီ နှစ်ခွက်နှင့် စားလိုက်ရာ ကျွန်တော်မှာ ထမင်း စားပြီးချင်း စီးကရက် တစ်လိပ်မှုကုန်အောင်





မသောက်နိုင်တော့ မီးသတ်၍ အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။

နေ့လည် နှစ်နာရီခန့်တွင် အိပ်ရာမှနိုး၍ ရေချိုး ဘာချိုးပြီး ကျွန်တော့် စားပွဲပေါ် ရောက်နေသော စာများကို ဖတ်မည်ပြုနေစဉ်တွင် ပတ္တမြားဝင်းထိန် ရောက်လာသဖြင့် သူ့အမူအရာ ကြည့်လိုက်ပြီး . . .

"ဟော့ .ဒီတစ်ခါတော့ မင့်မျက်နှာ ကြည်လို့ ရွှင်လို့ပါလားကွ၊ အခြေအနေ ဟန်ခဲ့ပြီထင်ရဲ့"

သူထိုင်လိုက်ပြီး . . .

"ဟန်ပေါက်ရောက်အောင် ချိုးခဲ့ပါပြီကွာ . . နို့မင့်မျက်နှာကတော့ နေ့ခင်းကြီးမှာ ထစ်လို့ အစ်လို့ ပါလားကွ"

"အေး . .ငါ့မျက်နှာ ထစ်တာ အစ်တာကတော့ မှိုရလို့ကွ"

"ဘာ မင့်ကောင်မလေးဆီက စာလာပလား"

"မဟုတ်ပါဘူး၊ မနက်က, စမ်းချောင်းဈေးထဲက တကယ် မှိုရခဲ့လို့ကွ"

သူ ကျွန်တော့်စကားကို နားမလည်သေးသဖြင့် အကျိုးအကြောင်းကို ရှင်းပြလိုက်ရာ သူကပါ စားချင်သေးသည် ဆိုသောကြောင့် တစ်ဘက်ခန်း၌ မဂ္ဂဇင်းစာအုပ်ကို အရုပ်ကြည့်နေသော ကောင်မလေးအား . . .

"ဟေး . . . ခင်ရီ၊ ငါမနက်က ချက်တဲ့ မှိုဟင်းတွေ ရှိသေးသလား"

"အစ်မနဲ့ ကျွန်မ စားပစ်လိုက်တာ ပြောင်ရော"

"အဲ . .မင်းကုသိုလ်ပဲ၊ ကဲ ခင်ရီရေ။ ငါတို့ နှစ်ယောက်အတွက် ကော်ဖီနဲ့ ပေါင်မုန့်ပဲ ပေးတော့ကွာ"

ခေါက်ဘူးထဲ အဆင်သင့် ဖျော်ပြီးသားဖြစ်နေ၍ မကြာမီ ရောက်လာသည်၌ . . .

"ကဲ . .သူငယ်ချင်း သောက်ကွာ၊ စားကွာ၊ ငါ ဒီစာတွေ ဖတ်လိုက်ဦးမယ်"

သူ ပေါင်မုန့် ထောပတ်သုတ် တစ်ခြမ်းကို တစ်ကိုက်ထဲနှင့်နှစ်ပိုင်းစလုံး ပါးစပ်ထဲ ထည့်လိုက်ပြီး . . .

"စာတွေက ဘယ်တုန်းက ရောက်လာတာတွေလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နေ့ခင်း ပို့စ်မင်းနဲ့ ပေါ့ကွာ"

"မင်း တစ်စောင်မှ မဖတ်ရသေးဘူးလား"

"မဖတ်ရသေးဘူး"

"ဒါဖြင့် ဖတ်ဖတ်"

ဆိုပြီး ကျွန်တော် တစ်စောင်ပြီးတစ်စောင် ဖတ်နေသည်ကို သူက ကော်ဖီသောက်ရင်း ရှုးရှုးဝါးဝါး ကြည့်လှသဖြင့် ကျွန်တော် စိတ်မလုံသလို ဖြစ်ကာ . . .

"ဟော့ . . . မင်း ငါစာဖတ်တာကို ကြည့်လှချေလား"

ဤမှ သူ့မျက်နှာ အမူအရာ ပြင်ကာ . .

"အေး . . ဟုတ်လား၊ ငါ့အဒေါ်စာက မင်းဆီလာ သလားလို့ကွာ"

"ဘာအဆက်အသွယ်ရှိလို့ မင့်အဒေါ်စာက ငါ့ဆီ လာရမှာလဲ"

ပြောရင်းနှင့် နောက်စာအိတ်တစ်လုံးကို ယူလိုက်ရာ ကျွန်တော့ ထံလာနေကျ ကလောင်မိတ်ဆွေ၏ လက်ရေးမျိုး မဟုတ်သော လိပ်စာကို တွေ့ရပြီး ဖောက်ဖတ်လိုက်သည်၌ စာရေးစက္ကူတွင် **မှတ်ပုံတင်တင်ကြီး၊ မှတ်ပုံနှိပ်သာ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်း၊ ရန်ကုန်၊** ဟူသော ပုံနှိပ်စာလုံးနှင့် မိန်းမလက်ရေး ခပ်ကြမ်းကြမ်းကြီးနှင့် ရေးထားသော စာလုံးမှာ . . .

ဦးတင်ဆွေရှင့် . . .

နက်ဖန်ခါ (သောကြာ)နေ့ ညနေ ၄– နာရီခွဲ အချိန်တွင် အထက်ပါ လိပ်စာအတိုင်း ကျွန်မ၏ နေအိမ်သို့ လာရောက်ရန် ဖိတ်ခေါ်ပါသည် ရှင့် . . ။

သင်၏

တင်တင်ကြီး

ကျွန်တော်မှာ မည်သို့မှ နားမလည်နိုင်ဘဲ နဝေတိမ်တောင် ဖြစ်နေသည်တွင် ပတ္တမြားဝင်းထိန်းမှာ ဝမ်းသာသော အမူအရာနှင့် . .

"ဟော့ . . အဲဒါ ငါ့အဒေါ်ဆီက စာပဲမဟုတ်လား၊ ဘာတဲ့လဲကွ"

"နက်ဖန် ညနေ လေးနာရီခွဲ သူ့အိမ် ငါလာဖို့ ဖိတ်သတဲ့"





"အိုး . . ဂွဒ်"

"ဟ . . ဘာဂွဒ်တာတုန်း၊ ငါနဲ့ သူနဲ့ သိလို့လား၊ ငါ့ကို ဘာလို့ ဖိတ်ခေါ်ရတာလဲ၊ ငါ့အိမ်လိပ်စာကို သူ ဘယ်နှယ်သိတာလဲ"

ဤတွင် ပတ္တမြားဝင်းထိန်သည် ကျွန်တော့ အနီးသို့ ကပ်လာပြီး ကျွန်တော့ ပုခုံး ပုတ်ကာ . .

"ဒီမှာ သူငယ်ချင်း မင်းကို ငါ တစ်ခုပြောမယ်၊ မင်းနဲ့ ငါနဲ့ဟာ ကျောင်းနေဘက် သူငယ်ချင်း၊ ငယ်စဉ် ကတည်းက သိခဲ့ကြတာ၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက် ချစ်ခင်ကြသလဲဆိုတာတော့ ဘာမှ အထူးပြောစရာ မလိုတော့ဘူးကွာ။ ဟော့ . . ဒီမှာ မင့် ငါသိသမျှ မင့်ကို ငါ အချီးကျူးဆုံး အချက်တစ်ခုကတော့ မင်းဟာ ဘယ်အခါမဆို တစ်စုံတစ်ယောက်ကို တတ်နိုင်သမျှ အကူအညီပေးဖို့ အဆင်သင့်ရှိတယ် ဆိုတာပဲကွ။ ဟင် . . မဟုတ်ဘူးလား။ တချို့ မင်းအကြောင်း မသိတဲ့ လူတွေက ငါ့ကို မေးကြတယ်။

"ဒီကောင် သဘောက ဘယ်လိုလဲဗျ၊ လူကတော့ လူချောပဲ"

"အို့ . လူချောသလောက် သဘောကောင်းတဲ့ကောင်"ဟု ငါက ပြောလိုက်တယ်။

"လောကမှာ ကျုပ်သိသမျှဖြင့် ဖိုးတင်ဆွေဟာ နိုးတူး၊ ဒီကောင်မျိုး နှစ်ယောက်မရှိဘူး၊ နေရာတကာမှာ အားကိုးရတယ်။ ပေါင်းလို့ သင်းလို့ အင်မတန် ကောင်းတယ်၊ လောကမှာ ရခဲတဲ့ ဒုလ္လဘကြီးရယ်လို့ လူ့ပြည်လာ လူဖြစ်ရပေမယ့် ဖိုးတင်ဆွေနဲ့မှ မပေါင်းဘူးရင်ဖြင့် အလကားပဲ၊ ဘာမှ လူဖြစ်ကျိုး မနပ်ဘူး"လို့ ငါဒီအတိုင်းချည်း ပြောလိုက်တာပဲ၊ မင်းမယုံ ရှောက်မေးကြည့်"

"အေး ငါရှောက်မေးမနေပါနဲ့တော့ကွာ၊ မင်းငါ့ကို အခု ဘာခိုင်းမလို့လဲ ဆိုတာသာ တိုက်ရိုက် ပြောပါတော့"

ကျွန်တော့မှာ သူ့ချီးမွမ်းစကားတွေ ခံရတာ အောင့်သက်သက်နိုင်လှပါပြီ။

"အို . . မင့်အတွက် အလကား ဘာမှ ဖြစ်လောက်တဲ့ အရာကလေး မဟုတ်ပါဘူးကွာ၊ အသေးအမွှား ကလေးပါ။ ဒီမှာ ငါ ဟိုနေ့က ဂျယ်နီလေးအတွက် အလုပ် ပြန်ရအောင် ပြောဖို့ ကိုခင်မောင်လတ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ငါ့အဒေါ်ကြီးဆီ လွှတ်လိုက်တယ်ကွ။ မဖွံ့ပါဘူး။ တာကယ်ဆိုတော့ ဒီငနဲကြီးက အလကားပါကွာ၊ ဘာမှ ဖြစ်မြောက်လာတာ မဟုတ်ဘူး။ ခိုင်းလို့စေလို့ ဖင်ပေါ်တာ တစ်ခုပဲ ရှိတယ်။ ဘယ်နေရာ ဘယ်ပွိုင့်က ဘယ်လိုယူပြောရမလဲ ဆိုတာ မသိဘူးကွ။ သူပြန်လာပြီး မဟာန်ခဲ့ဘူး ပြောတော့ ငါသူ့ဆေးတံယူပြီး တစ်ဆုံလာဖွာလိုက်တယ်။ ချက်ချင်း အကြံရတာပဲ။ ဟော့ . . ဒီမှာ 'ရန်သူရဲ့ ချို့ယွင်းချက်ကြည့်၊ အဲ ဒီဘက်က နေတိုက်' ဆိုတဲ့ အင်္ဂလိပ်စကား သတိရပြီး၊ ငါ ငါ့အဒေါ်ရဲ့ ချို့ယွင်းချက် ရှာလိုက်တယ်။ ဘယ်နေရာလဲ ဆိုတာ မင်းသိလား"

"မင့်အဒေါ်ကြီး၊ ငါက ဘာဆိုင်လို့ သိရမှာလဲကွ"

"ဟော့ . . ဒီမှာ သူရေးတဲ့ အသုံးမကျတဲ့ ဝတ္ထုကြီးတွေ ကောင်းတယ်သာ ပြောကွာ။ အိုး . . ငနဲမကြီး ပီတိဖြာဆင်းတာလာပဲ၊ ဒီမှာ တစ်ခါက သူ့ တူမတစ်ယောက် ဆိုက်ကားသမားနဲ့ ခိုးရာလိုက်သွားတယ်။ အိုး . . ငတိမကြီး ဒေါပွလို့လေ၊ ဆွေမျိုးမျက်နှာ အိုးမဲသုတ်တယ်၊ ကတ္တရာ စီးလောင်းတယ် ဘာညာနဲ့၊ ဒါပေမယ့် ငနဲက ဆိုက်ကားသမားပေမယ့် လူပါးပဲကွ၊ သူ့ဝတ္ထုတွေ ကောင်းကြောင်း၊ အင်မတန်ကြိုက်ကြောင်း၊ ချီးမွမ်းပြောလိုက်တယ်။ "အောင်မယ် ဒီသူငယ်မရှိလို့ ဆိုက်ကားနင်း စားရပေမယ့် လူတော်ကလေးပဲ၊ ဘာပဲ'ဆိုပြီး သူကပဲ ငွေထုတ်ပြီး မင်္ဂလာဆောင် ပေးလိုက်သေးတယ်မောင်၊ အဲ့ဒါ ငါသတိရပြီး မင့်အတွက် လမ်းခင်းခဲ့တာ"

"ဘာလဲ ငါက မင့်အဒေါ် တူမတစ်ယောက် ခိုးရဦးမှာလား"

"ဒါ မဟုတ်ပါဘူးကွ၊ ငါပြောမှာ နားထောင်ပါဦး . . ၊ ဂေါ်ရီရင်နှစ် ဆိုတဲ့ အမျိုးသမီးဂျာနယ် မင်း သိတယ်မဟုတ်လား၊ အေး အဲဒီဂျာနယ်က နှစ်ပတ်တစ်ခါလား ထုတ်တယ်။ ငါ့အဒေါ် လက်ဖွဲ့ပဲ။ သူ့စားပွဲမှာ အမြဲရှိတယ်။ ဒါနဲ့ ငါတစ်နေ့က ငါ့မိတ်ဆွေတစ်ယောက် မင်းသိသလား မသိဘူး။ သူလဲ ဟိုတုန်းက စာတွေကဗျာတွေရေးတယ်။ ကလောင်နာမည်က 'ပျဉ်းရှင်နောင်'တဲ့ မင်းနဲ့ နောက်တော့ မိတ်ဆက်ပေးဦးမယ်။ သူက ဟိုတုန်းက အယ်ဒီတာတွေ ဘာတွေ လုပ်ဖူးတော့ အယ်ဒီတာတစ်ယောက် အရေးမျိုးနဲ့ပေါ့ကွာ၊ ငါ့ အဒေါ်ဆီကို စာတစ်စောင် ရေးခိုင်းတယ်၊ အဓိပ္ပါယ်က "မုတ်ပွန် တင်တင်ကြီးရေးတဲ့ ဝတ္ထုတွေကို ကျွန်





တော်တို့ ဂေါ်ရီရင်နှစ်ဂျာနယ် အယ်ဒီတာအဖွဲ့က ကြိုက်လွန်းလို့ စာရေးဆရာမကြီးကို လာတွေ့ပါရစေ" ဆိုတာပဲကွ။ အဲဒီစာမှာ သွားတွေ့မယ့် အယ်ဒီတာက မင့်နာမည်နဲ့မင့်လိပ်စာကို ငါထည့်ရေးခိုင်းတာပဲ၊ ဒါကြောင့် ငါ့အဒေါ်စာ မင်းဆီ ရောက်လာတာပေါ့၊ ကဲ . . . သူငယ်ချင်း နက်ဖန်ခါတော့ သူချိန်းတဲ့ အချိန်မှာ သွားတွေ့။ ငနဲမကြီးကို ပီတိဖြာပြီး ဝပ်ဆင်းသွားအောင် သူ့ဝတ္ထုတွေ အင်မတိ အင်မတန် ကောင်းကြောင်း နင်းကန်ချီးမွမ်း ပြောပေါ့ကွာ။ မင်းဟာ စာရေးဆရာပဲ၊ ဒါမျိုး ကောင်းကောင်းကြီး ဖြီးတတ်မယ်ဆိုတာ ငါယုံတယ်။

"ကျွန်တော် ဒီလို အလွန်တရာ နှစ်သက် မြတ်နိုးနေတဲ့ စာရေးဆရာမကြီးကို အခုလို လူကိုယ်တိုင် တွေ့ခွင့်ရတာဖြင့် ကျွန်တော့ တစ်သက်မှာ ဂုဏ်ယူလို့ဆုံးတော့မှာ မဟုတ်ပါဘူးခင်ဗျာ၊ လူဖြစ်ရကျိုးနပ်ပါပြီ ခင်ဗျာ" ဘာညာ ဆိုတာမျိုးတွေပေါ့ကွာ၊ အဲ့လိုပြောလို့ ငနဲမကြီး ပီတိစိမ့်ပြီး အိမ့်တိမ့်တိမ့်ကြီး ဖြစ်နေတဲ့အခါကျတော့မှ မင်းက အမှတ်တမဲ့နဲ့ ရုတ်တစ်ရက် သတိရတဲ့ သဘောမျိုးပေါ့ကွာ . .

"ဩော် . . ဒါနဲ့ ဆရာမကြီးဆီမှာ စာရေးမ လုပ်နေတာ ဂျယ်နီ မဟုတ်လား။ ဂျယ်နီမေဆင်လေ သူဟာ ကျွန်တော့ ညီမပဲ။ သူကကပြား ဖြစ်နေတော့ မင်းက ဂျယ်နီ အမေဘက်က ဝမ်းကွဲမောင်နှမ ပြောပေါ့ကွာ . . "

ဒီတော့ ငါ့အဒေါ်က "ဩော် ဟုတ်လား၊ ဒါပေမယ့် ကလေးမက ဘာကြောင့် ညာရကြောင့်ပေါ့ကွာ . . .ဘယ်နေ့ကပဲ အလုပ်က ထုတ်ပစ်ကြောင်း ပြောလိမ့်မယ်။ ဒီတော့ မင်းက ရုတ်တစ်ရက် အံ့အားကြီးပါသင့်သွားပြီး အင်မတန် စိတ်နှလုံး ထိခိုက်သွားတဲ့ အမူအရာနဲ့ အိုး . . ဖြစ်မှဖြစ်ရလေ ဂျယ်နီလေးကလဲ မိုက်တာပါပဲဗျာ . . ၊ ကျွန်တော်နောက်တော့ ဒီလို မဖြစ်ရအောင် ဆုံးမပေးပါ့မယ်၊ သူ့ အလုပ်ကလေးပြန်ပြီး မစလိုက်ပါ ခင်ဗျာ . . ၊ သူ့မှာ အလုပ်မရှိရင် ကျွန်တော့အပေါ်တာဝန်ကျနေပါတယ်။ ဘာညာပြောတေပေါ့ကွာ။ ဒီအချိန်မှာဆိုရင် ငနဲမကြီးဟာ မင်းမြှောက်ပင့်ထားတာနဲ့ ခင့်လက်ခပ်ထဲက ရေဖြစ်နေပြီ။ မင်းကြိုးဆွဲရာ ကရတော့မှာပဲ။ ဘယ့်နှယ်လဲ ငါ့အကြံ မကောင်းဘူးလား၊ ဘာများ လိုလေသေး ရှိသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုပဲ ရှိတယ်"

"ဘာလဲ"

"ငါဟာ မင့်အဒေါ်ဆီကို ဘယ်နည်းနဲ့မှမသွားဘူး ဆိုတာပဲ"

သူ့ မျက်နှာသည် ရုတ်တစ်ရက် အံ့အားကြီးသင့်ကာ ကျွန်တော့ကို မိုးကျရွှေကိုယ်လို ကြည့်လျက် . . .

"ဟင် . . သူငယ်ချင်း . . သူငယ်ချင်း ဖိုးဆွေ၊ ဒါ . . ဒါ . . ဒါဟာ မင်းပါးစပ်က ထွက်လိုက်တဲ့ စကားလားကွာ"

"ဟော့ဒါ ငါ့ပါးစပ်က အစစ်ပဲ . ."

ကျွန်တော် လက်နှင့် ကိုင်ပြကာ . . .

"ဘယ်သူ့ဆီကမှ ငှားတပ်ထားတာ မဟုတ်ဘူး၊ ဟောဒီ အပေါ်နှုတ်ခမ်း ဘယ်ဘက်ခြမ်းမှာတောင် အစင်းကလေးရှိလို့ ကပြားမကလေးတွေက ငါ့ကို ဂျီကယ်လီနဲ့ တူတယ် ပြောကြသေးတယ်။ မင်း မယုံလျှောက်မေး"

သူဦးခေါင်းကြီး အောက်ချကာ လည်ဂုပ်ကြီး တခါခါနှင့် . .

"ဟင် . . သူငယ်ချင်း၊ မင့်ဆီက ငါဒါမျိုး ကြားရလိမ့်မယ်လို့ ဘယ်တုန်းကမှ မှမျှော်လင့်ခဲ့ဘူး"

"အေး . . အခု ကြားရပြီ မဟုတ်လား"

"ပြန်စဉ်းစားပါဦးကွာ"

"မလိုတော့ဘူး၊ ငါက ဘူးဆို . . ကြက်သားနဲ့တောင် ရောမချက်ဘူး"

"ဂျယ်နီ . . ဂျယ်နီလေး အတွက်ကွာ . . အားနည်းသော မိန်းကလေး . . ."

"သူ့ဟာသူ အားနည်းလို့ပဲ နေနေ"

"နို့ပြီး ငါ့အတွက်နဲ့ ဖြစ်ရတာကွာ"

"အေး . . မင်းအတွက်နဲ့ ဒီလို ဖြစ်ရတယ်ဆိုတာ ကောင်မလေး သန္နိဋ္ဌာန်စာ ရသွားလို့ မင်းကို ရုပ်တန်းက ရုပ်လိုက်မယ် ဆိုရင် . . နောက်သူ့ တစ်သက်တာမှာ ကောင်းစားဖို့ပဲကွ"

သူ ကျွန်တော့ ဒူးကို လာပွတ်ကာ . . .

"သူငယ်ချင်း မင်း ဟိုတုန်းက ငါ့ကို ဒီလို တစ်ခါမှ မရက်စက်





ခဲ့ဖူးပါဘူးကွာ"

"အေး . . ငါအခု လူသစ်တည်၍ ပြည်သစ်ထောက်အံ့ဆိုတဲ့ ခေတ်ထဲမှာ လူသစ်ကွ။ အတိတ်ကိုဖြင့် မေ့လိုက်ပါပြီ၊ အတိတ်ကိုဖြင့်မေ့လိုက်ပါပြီ . . မင့်ကို ငါအခု ဘယ်ကကောင်လဲတောင် မသိတော့ဘူး"

"သူငယ်ချင်း..မင်း ငါ့အပေါ်မှာ ဘာများအပြစ်တွေ့လို့လဲကွာ။ မင်းနစ်နာသမျှ ငါဘာများ ပြုခဲ့ဖူးလို့လဲကွာ"

ဤတွင် ကျွန်တော့ မျက်လုံးကျယ်ကာ . . .

"အေး . . .. မင်း ငါ့ကို နစ်နာအောင် ပြုတာများ ပြောပြနေရဦးမလားကွာ၊ ဟိုညကလေ . . ငါ ဘာဖြစ်သလဲ၊ ငါ ဘယ်လောက် ရှက်ကွဲသလဲ။ မင်းငါ့ဝတ်စုံ ယူဝတ်သွားလို့" အစချီပြီး ကျွန်တော်ကိုယ်ပုပ်စော်နံရပုံ ပြောပြလိုက်ပါသည်။ ကျွန်တော်က ဘာမဆို တစ်စုံတစ်ရာကို စကားအလျဉ်းသင့်မှ ပြောတတ်တဲ့ကောင် . . .

ယင်း၌ သူမျက်နှာ တစ်မျိုး ဖြစ်သွားကာ . . .

"အဟား . .ဟား . .ဟား အဲ့ဒီညကတော့ မင်းဟီးရိုးပဲမောင်"

"ဟေ . . ငါက ဒီလောက် သောက်ရှက်ကွဲနေရတဲ့ အထဲ . . ဘာများ ဟီးရိုး ဖြစ်ရသေးသလဲ"

သူသည် ကျွန်တော့ ကျောကို တစ်ချက်ပုတ်လိုက်ပြီး သူ့ ကုလားထိုင်မှာ သက်သောင့်သက်သာ ကျောမှီ ထိုင်လိုက်ကာ . . .

"မင်း မသိလို့ပဲ မင်းပြန်သွားမှ ကလပ်မှာ ဖြစ်ကျန်ရစ်တာ။ မင့်ကို မတော်တဆ မင့်အဝတ်တွေက နံလာတယ်လို့ ဘယ်လူမှ မထင်ကြဘူး ဆရာ . . . မင်းက ဟာသ စာရေးဆရာ လူ့ရွှတ် လူ့နောက်မို့ တမင်လုပ်လာတာပဲလို့ ပြောပြီး ပွဲကျနေကြတာ ဆရာ၊ တချို့ကလဲ ပြောကြတယ်၊ မင်းကို စာရေးဆရာဆိုတော့ လူချစ်လူခင်ကများပြီး တွဲကချင်တဲ့ ကောင်မကလေးတွေကပေါတော့ အဲ့ဒီအထဲမှာ ဘယ်ကောင်မကလေးဟာ မင့်ကို အခင်မင်ဆုံးလဲ ဆိုတာသိရအောင် ဖာတစ်လုံးခေါင်းကျား အပေါက်မျိုး ချိုးတာတဲ့၊ အဟား . .ဟား . .ဟား . . မင့်လို ကံထူးတဲ့ကောင်ကဖြင့် ဘာဖြစ်လိုက် ဖြစ်လိုက် ဆေးစက်ကျရာ ပန်းချီကားကောင်း ဖြစ်တော့တာပဲကွာ . . . အဲ့ဒီအခါမှာ မိန်းမပရိသတ်ထဲက ဘာပြောကြလဲ သိလား ဗျိုက်စီကို စာရေးဆရာကတော် ဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှာပဲတဲ့၊ ဂျိုက်စီအက်ဂါကနေ ဂျိုက်စီဆွေ ဖြစ်လို့ပွတာပဲ၊ ဖြစ်လဲဖြစ်ထိုက်ပါတယ်အေ၊ ဒီလောက်နံနေတဲ့ ကိုယ်ကြီးတောင် သည်းခံပြီး မူးလဲကျသွားသည်အထိ၊ က နေတာ ဘာညာပေါ့ကွာ၊ မိန်းကလေးချင်း ပြောကြတော့ ဂျိုက်စီမှာ ရှက်လို့ပင် ခေါင်းကလေးငုံ့လို့ အော် . .ဒါနဲ့ သူငယ်ချင်း၊ မင်းပဲ ငါ့တစ်ခါက ပြောဖူးတယ် ဂျိုက်စီကို မင်းက လက်ထပ်မလား မေးဖူးတယ်ဆို"

"အို . . ဒါက ငါသူတို့ ကပြားမကတွေ စိတ်သိအောင် စမ်းကြည့်တာပါကွာ"

"မင်းကတော့ စမ်းရုံတင်မင် ဟို ခမြာလေးမှာတော့ ဆင်ကျီးစားရာ ဆိတ်မခံသာ ဆိုတာလို တကယ်စွဲနေပြီ ဆရာ. . ယူရင်လဲ ယူလိုက်ပါကွာ..ခုနှယ်အခါကြီးမှာ ကပြားသောဘာသော ခွဲခြားမနေသင့်ပါဘူး၊ ငါတို့ လွတ်လပ်တဲ့ ပြည်ထောင်စု နိုင်ငံတော်ကြီးမှာ လူမျိုးတစ်စုတစ်ရုံးတည်း ဖြစ်အောင် သိမ်းသွင်းဖို့ လိုတယ်မဟုတ်လား . .ဘယ်နှယ်လဲ ငါပြောတာ မဟုတ်ဘူးလား"

"ဟုတ်ပါရဲ့ ဒါပေမယ့် ငါ့အနေနဲ့ကတော့ ငါက မြန်မာစာရေးဆရာ ဒီလို မြန်မာစာကိုမှ ဖတ်ရကောင်းမှန်း မသိတာတွေတော့ မလိုချင်ဘူးကွာ၊ ယူပြီးသား ရှိတာတောင် ကွာပစ်တယ်"

"အဟား . .ဟား . .ဒါဖြင့် မင်းက ဘယ်လိုဟာမှယူမလဲ ဆိုတာ ငါသိပါပြီ၊ မင့် စာဖတ်ပရိသတ်ဖြစ်တဲ့ ပိုနီ' ဆိုသော ကောင်မလေးပေါ့၊ ဟုတ်လား။ ဒါပေမယ့် အဲ့ဒီ ကောင်မလေးလဲ မြန်မာအစစ် မဟုတ်ဘူး ဆရာ။ မင်းပြတဲ့ ဓာတ်ပုံထဲ မြင်ရတာ ကုလားကပြားမကလေးပဲ"

"အေး ဒါပေမယ့် သူက မြန်မာစာမှ ရေးတတ် ဖတ်တတ်လိုက်တာ မှတ်လို့၊ သူနဲ့ ငါ သိရတာက သူက ငါ့ဝတ္ထုတွေဖတ်ပြီး ငါ့ဆီ မိတ်ဆက်လို့ပဲကွ"

"ဒါဖြင့် မင်းတို့ဟာ ကလောင်မိတ်ဆွေကနေ သမီးရည်းစားပေါ့"

"အေးကွာ . .ဒါတော့ ငါဝန်ခံရမယ်၊ ကိုယ့်ကလောင် မိတ်ဆွေမကလေးကို စာရေးဆရာ တစ်ယောက် အနေနဲ့ ဒီလို မလုပ်သင့်ဘူး။ ဒါပေမဲ့ ငါ သူ့ဓာတ်ပုံ မြင်မြင်ချင်း ကိုယ့်သိက္ခာ ကိုယ်မစောင့်စည်းနိုင်





လောက်အောင် ဖြစ်သွားတယ်ကွာ"

"ဒါတော့ မင်းအပြစ်ဆိုစရာ မရှိပါဘူး၊ ဘုရား အလောင်း သိဒ္ဓိမင်းကြီးတောင် ဥမ္မာဒန္တီ မြင်တော့ သွက်ချာပါဒ လိုက်သလို ဖြစ်သေးတာ၊ မင့်ကောင်မလေးကလဲ ချောပေသကွာ"

"အေးကွာ . . ငါ သူ့ဓာတ်ပုံကလေးပဲ ကြည့်ကြည့် စွဲနေရတာ" ဆိုပြီး ကျွန်တော့ အကျီအိတ်ထဲ၌ အမြဲတစေ ရှိနေသော သူ့ဓာတ်ပုံကလေးကို ထုတ်ပြကာ . . .

"ကြည့်စမ်းကွာ . .မျက်လုံး ကလေးတွေက ကြည်လှင်လို့သွားကလေးတွေက ပုလဲသွယ်ကွ"

"မျက်လုံး . .မျက်ဖန် . .သက်တန့်ရောင် အသွေး၊ သွားတော်လေးတွေကစိန်စီ၊ ထိန်ညီတဲ့ သီချင်းဟာ မင့်ကောင်မလေးအတွက် ရေးခဲ့တာ ဖြစ်နေတာပေါ့ကွ"

"နို့ပြီး . .သူရယ်နေတာမှာ ဟောဒီ ပါးမို့ကလေး အက်အက်နဲ့ မေးစေ့ကလေး အလယ်ခွက်နေတာ ကောကွာ"

"အင်း . .ကုလား ဘိုင်စကုပ်ထဲက ရုပ်ရှင်မင်းသမီးလေးအတိုင်းပါပဲ။ မင်းတို့ချင်း တွေ့ဖူးပလား"

"မတွေ့ရသေးပါဘူးကွာ..ခုအခြေမှာဖြင့် ငါ့မှာ..'ချစ်၍ မျှော်သည်...ချစ်၍ မျှော်သည်..ဒါဟာ အဖြေပဲ ပေးဝံ့သည်' ဆိုတဲ့ သီချင်းအတိုင်းဘဲ အလှမ်းဝေးလို့ မောင်မတာတ်သာပြီ..ခက်သည်..ခက်သည်.."

"အို . .မခက်ပါနဲ့ကွာ မင့်လို လူတစ်ဘက်သား အမြဲတမ်းကူညီတတ်တဲ့ စိတ်ရှိသူဟာ တစ်နေ့ မင့်ကူမဲ့လူလဲ တွေ့ရမှာပဲကွ၊ ကဲ စကား လဲပြောကောင်းရဲ့ ငါ သွားလိုက်ဦးမယ်ကွာ . .နက်ဖန်တော့ ငါ့ အဒေါ် ဆီ သွားလိုက်ပါကွာနော် . . ဆက်ဆက်"

*

ဟိုက် . . .သောက်ကျိုးနဲ့။

"ရှိန်သူရဲ့ အားနည်းတဲ့ဘက်က ကြည့်၊ အဲဒီကနေ တိုက်" ဆိုတဲ့စကား အတိုင်း ပတ္တမြားဝင်းထိန်က ကျွန်တော့ကို ဆော်သွားပြီကော။ ကျွန်တော် နောက်မှ သတိရသည်။ သူ ကျွန်တော့ စိတ်ကြိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြော်ပြီး သူ့လိုလားချက်ကို အာမခံအောင် လုပ်သွားလေပြီ။

အိုး ကျွန်တော် အားနည်းတဲ့ဘက်ကတော့ 'နှီ'လေးကို အရှုံးအမှုး ချစ်နေတဲ့ အချက်ပါပဲ။

ကဲ ပတ္တမြားဝင်းထိန်က ကျွန်တော့ဆော်သွားတော့ ကျွန်တော်က သူ့အဒေါ်ဆီပဲသွားပြီး ဂလိုစား ချေရတော့မှာပဲ။

နောက်တစ်နေ့ ၄ နာရီခွဲ အချိန်တွင် ကျွန်တော်သည် ရွှေဂုန်တိုင် မုတ်ပွန်ရိပ်သာ ဂေဟာရှေ့သို့ ရောက်ခဲ့လေသည်။

လက်ရှိ မြန်မာပြည် ရိုးရိုးစာရေးဆရာ ဝင်ငွေနှင့် မနေနိုင်သော ကြီးကျယ်သည့် အဆောက်အအဦးကြီးပါပေ။ သူ့နဂိုအားဖြင့် ချမ်းသာနေ၍ဟု ပတ္တမြားဝင်းထိန်က ပြောသည်၊ မည်သို့ပင် ဖြစ်လင့်ကစား ဒါဟာ ကျွန်တော့အလုပ် မဟုတ်ချေ။ သူ့ကို စာရေးဆရာမကြီး အဖြစ်နှင့်သာ ဆက်သွယ်ရပေမည်။

သံတံခါး ချပ်ချပ် ချပ်ချပ် လှုပ်လိုက်၍ ထွက်လာသော အစေခံမလေးအား ကျွန်တော်နာမည်ပြောလိုက်သည်နှင့်ပင် ဧည့်ခန်းသို့ ခေါ်ဆောင်သွားခြင်းဖြင့် ကျွန်တော်အား တွေ့ရန်စီမံထားကြောင်း ထင်ရှားသည်။

ခမ်းနားသော ဧည့်ခန်းတွင် အသက်၄၀ကျော် မိန်းမကြီးနှစ်ယောက်နှင့် မျက်နှာဆုံရသည်။ တစ်ယောက်မှာ အရပ်ရှည်ရှည် ပိန်ပိန်ပါး မျက်နှာသွယ်သွယ် နှာတံပေါ်ပေါ်နှင့် စူးရှသော မျက်လုံးရှိသည်။ ကျွန်တော့်ကို မြင်လျှင်မြင်ချင်း စူးစိုက်၍ ကြည့်သည်။ သူကြည့်ပုံကို မကြိုက်ပါ။ သူ၌ ထူးခြားသည်မှာ မြန်မာမိန်းမ ဤအရွယ်နှင့်မလိုက်အောင် နှုတ်ခမ်းဆိုးဆေးများ ရဲရဲနီနေခြင်းပင် ဖြစ်သည်။ သူ့နှုတ်ခမ်းတို့လည်း ကြီးမားချွန်ထက်ပါပေသည်။

ကျန်တစ်ယောက်ကား . . . ကျွန်တော့ကို ပြုံးရွှင်ဖော်ရွေစွာ ပြုခြင်း၊ မုတ်ပွန်မော်လမြိုင်သူတို့၏ ကိုယ်ကာယနှင့် ပြည့်စုံခြင်းတို့ဖြင့် ပတ္တမြားဝင်းထိန်၏ အဒေါ်ဖြစ်ကြောင်း သိသာပါသည်။ ဤမိန်းမကြီး နှစ်ယောက်သည် ကျွန်တော့်အား ကုန်စုံဆိုင်က ဘဲဥနှင့် ငါးကျည်းခြောက်ကို သတိရစေပါသည်။

ဒေါ်ဘဲဥက . . .





"ဩ ဦးတင်ဆွေ မဟုတ်လားရှင့် ထိုင်ပါ"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ခင်ဗျာ . . ."

ဟု ဆိုပြီး သူ့ရှေ့ ဆိုဖါပေါ် ထိုင်လိုက်သည်၌ ဆက်လက်၍ ဒေါ်ငါးကျည်းခြောက်ကို ညွှန်ပြကာ . . .

"ဟော့ဒါက ကျွန်မတို့ သူဇာလုံမေ ကလောင်ရှင်အသင်းက အမှုဆောင် ဒေါ်ခင်မြိုင်ပါ ဦးတင်ဆွေ"

"ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ်"

ဟု ထုံးစံအတိုင်းသာ သွားကိုဖြဲလိုက်ရပါသည်။ ကျွန်တော့ကို အေးစက်စက် တုံ့ပြန်သော ဒေါ်ငါးကျည်းခြောက်အား ဟင်းချိုအိုးထဲ ခတ်ပစ်ချင်စိတ်ပေါ်လာသည်။

ဒေါ်ဘဲဥက ဆက်လက်၍ . . .

"ဒေါ်ခင်မြိုင်က လာမဲ့ပြဇာတ်မှာ သူဇာလုံမေ ကလောင်ရှင်တွေကို ဟာဝေယန်က က,ခိုင်းဖို့ ကျွန်မနဲ့ တိုင်ပင်ရအောင်လာတာပါ။ ဦးတင်ဆွေ ကိစ္စကို ဒေါ်ခင်မြိုင်ရှေ့မှာပဲ ပြောလို့ ဖြစ်နိုင်ပါလိမ့်မယ်နော်"

"အိုး . . . ဖြစ်နိုင်ပါတယ် ဖြစ်နိုင်ပါတယ်၊ နောက်ကို တစ်ပြည်လုံး သိအောင် ထုတ်ဖော်ရဦးမှာပဲ . . . ဟဲ . . . ဟဲ"

"ဝမ်းသာပါတယ်ရှင်၊ ဦးတင့်ဆွေက ဂေါ်ရီရင်နှစ်ဂျာနယ်တိုက်က အယ်ဒီတာနော်"

"ဟုတ်ကဲ့ အပြင်အယ်ဒီတာ တစ်ယောက်ပါ"

"အပြင် အယ်ဒီတာဆိုတာ ဘာလဲရှင်၊ စာပြင်ဆရာပါလား"

ကျွန်တော် ရှိန်းကနဲ ဖြစ်မိကာ . . .

"အိုး မဟုတ်ပါဘူးခင်ဗျာ . . . အပြင် အယ်ဒီတာဆိုတာက တိုက်ထိုင်အယ်ဒီတာ မဟုတ်ဘဲ အပြင်ကသာ ဒီဂျာနယ်ကိစ္စကို ဆောင်ရွက်ပေးရတဲ့ အယ်ဒီတာပါခင်ဗျာ။ ဥပမာ . . . ဆိုပါတော့ အခု ဒေါ်ဒေါ်ဆီကို အယ်ဒီတာချုပ်ကြီးက ခိုင်းလိုက်လို့ လာရတဲ့ အလုပ်မျိုးတွေပါ"

"အော် . . . ကျွန်မ နားလည်ပါပြီရှင်၊ အယ်ဒီတာချုပ်ကြီး နာမည်က ဘယ်သူပါတဲ့"

ဤနေရာတွင် ကျွန်တော်နှုတ်လေး သွားလေပြီ။ ဘယ်သူလဲဆိုတာ ကျွန်တော် တကယ်မှ မသိဘဲ။ ထိုကြောင့် နာမည်တစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရန် ကျွန်တော်ရှာဖွေရလေသည်။ သို့သော် တော်ပါသေး၏။ ကျွန်တော့်နှုတ်မှ မထွက်မီ သူက . . .

"အော် . . . ကျွန်မသတိရပြီ။ ဦးခင်ဇော်မဟုတ်လား၊ ကျွန်မနဲ့ ဟိုညကတောင် ဒင်နာမှာ တွေ့ကြသေးတယ်"

ကျွန်တော် သွက်လက်စွာ . . .

"အော် ဟုတ်ပါတယ်။ ဟုတ်ပါတယ် . . . ဦးခင်ဇော်"

"လူပုပုဝဝလေး ဗိုက်ကရွဲ့ရွဲ့နဲ့ အာဝဇ္ဇန်းက ရွှင်ပါဘိသနဲ့"

"ဟာ . . . ဦးခင်ဇော် အာဝဇ္ဇန်း ရွှင်လိုက်တာတော့ မပြောပါနဲ့တော့"

တကယ်တော့လဲ ကျွန်တော့မှာ ဘာမှပြောစရာမရှိချေ။

"သူ ဟိုတုန်းက ဒီမှုခင်းက သက်စောင့်မဂ္ဂဇင်းမှာ အယ်ဒီတာလုပ်ခဲ့တာနော်"

"ဟုတ်တယ် ခင်ဗျ"

သက်စောင့် မဂ္ဂဇင်းခေတ်က ကျွန်တော်မှာ လူဖြစ်စရှိဦးမည်။ ဘယ်လူ အယ်ဒီတာလဲဆိုတာတော့ သိဖို့ဝေးဘိတောင်း။

သို့သော်၊ အဒေါ်ကြီးက ကျွန်တော့ကို ကျေနပ်နှစ်သိမ့်သော အမူအရာဖြစ်ကာ . . .

"အခု ဦးခင်ဇော်က လွှတ်လိုက်လို့လာရတယ်ဆိုပါတော့"

"ဟုတ်ပါတယ် ခင်ဗျ"

ကဲ ကျွန်မ ရေးတဲ့ ဝတ္ထုတွေထဲက ဘယ်ဝတ္ထုတွေထဲက ဘယ်ဝတ္ထုအကြောင်းပြောချင်ပါသလဲရှင် . . ."

ကဲ ဂျောက်ပေါက်ဝင်ပြန်ပြီ . . . ကျွန်တော်မှာ သူရေးသော ဝတ္ထုတွေ တစ်ပုဒ်မျှနာမည် သိတာမရှိ၊ သို့သော် ရုတ်တရက် ဉာဏ်ရ၍

"ဘယ်ဝတ္ထုရယ်မဟုတ်ပါဘူးခင်ဗျာ . . . အားလုံးဝတ္ထုတွေပါပဲ"

"အော် . . ကျွန်မရေးတာတွေ အားလုံးရဲ့အကြောင်းဆိုပါတော့"

"မှန်ပါတယ် ခင်ဗျ"

သူသည် ဆိုဖါပေါ်၌ ကိုယ်ကိုနောက်ကျောမှီ၍ ထိုင်လိုက်ကာ သူလက်ချောင်းကလေးများ ထိပ်ချင်းထိခတ်ရင်း ခေတ္တမျှစဉ်းစားနေပြီးမှ





"ကဲ ရှင် . . ရှင်တို့ ဂေါ်ရီရင်နှစ် ဂျာနယ်မှာ ကျွန်မ ရေးတဲ့ဝတ္ထုတွေထဲက ဘယ်ဝတ္ထုကိုအကြိုက်ဆုံးလဲ ဆိုတာဖော်ပြရရင် စိတ်ဝင်စားကောင်းမယ် မဟုတ်လား"

"ဟာ . . . အလွန်ကောင်းတာပေါ့ဗျာ. . . သိပ်ကောင်းပေါ့"

"ဒါပေမယ့်ရှင်"

သူ့မျက်နှာ ပြုံးပြုံးရွှင်လိုက်ကာ . . .

"ကိုယ့်ဟာ ကိုယ်အားလုံးကိုပဲ နှစ်သက်လို့ ရေးထားတာတွေထဲက အကြိုက်ဆုံး တစ်ပုဒ်ရွေးထုတ်ရမယ်ဆိုတော့ စာရေးဆရာ တစ်ယောက်အဖို့တယ် မလွယ်လှဘူးရှင်"

"ဟာ . . . ဒါလဲမှန်ပါတယ် ခင်ဗျာ"

"ကဲ ရှင် . . . ကျွန်မရေးတာတွေထဲက ရှင်အကြိုက်ဆုံးတစ်ပုဒ်ပြောစမ်းပါ"

အယ် . . . ခက်ပြန်ပြီ သူ့ဟာဆို ဘာနာမည်တစ်ခုမှ ကျွန်တော်မသိပါ၊ သို့သော် ရုတ်တရက်ပင် ကျွန်တော့နှုတ်က . . .

"ဟာ . . . ကျွန်တော်ကတော့ အားလုံးကြိုက်တာဘဲ ခင်ဗျာ"

ဤစကားမှာ ကျွန်တော့နှုတ်က ဘယ်လိုက ဘယ်လိုထွက်သွားလိုက်သည်ကိုပင် ကိုယ့်ဟာကိုယ် မသိလိုက်ပါ။ မိန်းမကြီးမျက်နှာ ရွှန်းရွှန်းပြောင်သွားကာ . . .

"ဟာ . . . ကြားရတာ ဝမ်းသာလိုက်တာရှင်၊ ဒါနဲ့တောင်တချို့တပေဝေဖန်ရေးသမားတွေက ကျွန်မရေးတဲ့ ဝတ္ထုတွေတစ်ပုဒ်နဲ့တစ်ပုဒ် လက်မညီဘူးတဲ့၊ ပြောကြသေးတယ်"

"ဟာ ဒီစာပေ ဝေဖန်ရေးသမားတွေဆိုတာက အလကားသတ္တဝါတွေပါခင်ဗျာ၊ သူတို့ဟာသာသူတို့ အကောင်းပြောပြီး လူများဟာကို အပြစ်ဆိုဖို့လောက် အပေါက်အစရှာတတ်ကြတာပါ"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မ ရှင့်လိုလူနဲ့တွေ့ရတာ သိပ်ဝမ်းသာတာပဲ။ ကဲ . . ရှင် . . ရှင်ကတော့ ကျွန်မစာဖတ်ပရိသတ် တစ်ယောက်မို့ သိမှာပါဘဲ၊ ကျွန်မရေးတာတွေထဲမှာ ကျွန်မစိတ်ထင်ဖြင့် "ဟင့် . . . လုပ်ရက်တယ်ရှင်" ဝတ္ထုဟာ အကောင်းဆုံးပဲလို့ ဆိုချင်တယ်၊ ရှင် . . ဘယ်နှယ့်သဘောရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကူရှင်လက်တင်ဖုံးကို ဖုံးခန့် ပုတ်လိုက်ကာ . . .

"အား . . . ဟုတ်ပါတယ်ခင်ဗျာ ဟုတ်တယ်၊ ဟင့် လုပ်ရက်တယ်ရှင် ဟုတ်တယ် ဟုတ်တယ် နာမည်ရွှေလေးကိုက အင်မတန် ကဗျာဆန်တာ၊ ဟုတ်တယ် အဲဒီဝတ္ထုဟာ အကောင်းဆုံးပဲ"

"ရှင် ဖတ်ပြီးပလား"

"ဟာ . . . အခါခါပေါ့ခင်ဗျာ"

"ဘယ့်နှယ့်လဲ ကြိုက်ကဲ့လား"

"အို . . . သိပ်ကြိုက်၊ အလွန်ကြိုက်ပေါ့ခင်ဗျာ"

"ဒါနဲ့ရှင် ဒီလောက်ကောင်းတဲ့ဝတ္ထုတွေထဲမှာ တချို့နေရာကလေးတွေရွေးပြီး ကြမ်းတယ်လို့ ဝေဖန်ရင် တရားမလား"

"ဟာ . . . ဘယ်တရားမလဲ၊ လောကကြီးမှာ မတရားဆုံးခင်ဗျာ" ကျွန်တော့မှာ ဤမိန်းမကြီးသည် ဘယ်လိုဝတ္ထု အမျိုးအစားတွေ ရေးတယ်မသိ၊ မိန်းမတန်မဲ့နှင့် အပျိုကြီးပီပီ(ဝါ)တစ်ခုလတ်မ,လို လင်ငတ်စိတ်တွေ သောင်းကျန်း၍ ချစ်ခန်း ညှစ်ခန်းတွေ အရမ်းအရမ်းနှံ့တတ်လိမ့်မည်လဲ မစဉ်းစား၊ အတင်းတအားသာ ဖေါ်လံဖါးလိုက်လေသည်။

"ဒါဟာ သဘာဝဘဲ၊ ဒီနေရာမျိုးမှာ ဒီလိုရေးရမှာပဲ၊ ဒါကို ကြမ်းတယ်ဆို တာတော့ အို . . . နိုး . . နိုးမဟုတ်ဘူး၊ ဟုတ်ကိုမဟုတ်ဘူး"

"ကောင်မလေးက အိပ်ရာထဲမှာ အိုက်လို့ဇာဘော်လီကြယ်သီးဖြုတ်နေတုန်း ကောင်လေးနဲ့တွေ့တဲ့အခန်းကောရှင်"

"ဗျာ. . ."

ကျွန်တော့ ဘယ်လက်ကိုမြှောက်၍ ဇွေ့ရမ်းလိုက်ကာ . . .

"ဝတ္ထုတစ်ပုဒ်လုံးမှာ ဒီနေရာအသားဘဲဗျ၊ ဒါသာမပါ့ရင် ဘယ့်နှယ့် ဒုန်ပေါက်တစ်အိုးချက်ပြီးမှ ကြက်သားရှာမတွေ့သလို ဖြစ်နေမှာပေါ့ဗျ။ ဒီနေရာဟာ အင်မတန် သဘာဝကျတာပဲ . . ."

ငတိမကြီး အလွန်ပင်ပီတိဖြစ်သွားကာ ကူရှင်ကို အိနေအောင်မှီ၍ ခေတ္တမျှပင် မှိန်းနေပြီးမှ . . .

"ကျွန်မ စာဖတ်ပရိသတ်ထဲမှာဖြင့် ရှင်ဟာ အတော်ဆုံးပါပဲ ရှင့်ကို ချီးကျူးပါတယ်"





"အာ . . . ဟာ"

ကျွန်တော်မှာ သူများနင်းကန် မြှောက်ပြီးတော့ ကိုယ့်ပြန်မြှောက်တော့ အတော်ကလေး မျက်နှာမထားတတ် ဖြစ်သွားပါသည်။

"တကယ်ဘဲ ရှင့်ဟာကျွန်မရေးသမျှ ဝတ္ထုတွေအားလုံးကို တစ်ပုဒ်မကျန် အင်မတန်စိတ်ဝင်စားစွာ ဖတ်တယ်ဆိုတာ ထင်ရှားတယ်၊ ဘာကြောင့်လဲဆိုတော့ ရှင့်ခေါင်းထဲမှာ ကျွန်မရေးတဲ့ ဝတ္ထုအခြေခံသဘောထားတွေ ရင့်သန်နေလိုက်တာက အခုရေးမယ့် ကြံတုန်းရှိသေးတဲ့ဝတ္ထုတောင် လှမ်းမြင်နေတယ် တကယ်ပဲ၊ အဟုတ်ရှင့်ကိုချီးကျူးတယ်"

"အာ . . .ဟာ . . .ဟိုက်"

ကျွန်တော်မှာ ရုတ်တရက် မျက်လုံးဝိုင်းလည်၍ သွားလေသည် ကျွန်တော့်ကိုယ်လည်း လဟာသို့ လွင့်တက်သွားသည်ဟု ထင်လိုက်ရသည်။ နားရှိ၍သာ ခေတ္တမျှအကြာ၌ သူ့အသံကိုဆက်ကြားရသည်။

"အဲဒီ ဟင့် လုပ်ရက်တယ်ရှင် ဝတ္ထုက အခုမနက်မှ ကျွန်မရေးရကောင်းမလားလို့ စိတ်ကူးတာရှင့်၊ ဘယ့်နှယ့်သွားတော့မလား ဦးတင်ဆွေ"

ကျွန်တော် ဘာမှမလုပ်တော့ဘဲ လစ်တော့မည်ဟု ထိုင်ရာမှထသည့်ကို

"ခဏလေး ထိုင်ပါအုံးရှင် . . .၊ ဟော့ဒါက—"

ကျွန်တော့ကို ရွဲ့ပြုံးကြီးနှင့်ရှူးရှူးဝါးဝါးကြည့်နေသော ငါးကျည်းခြောက်မကြီးကို ညွှန်ပြ၍

"ရှင်ပြောတဲ့ ဂေါ်ရင်ရီနှစ် ဂျာနယ်က အယ်ဒီတာ ဒေါ်ခင်မြိုင်၊ ကလောင်နာမည် ခါနွေကျော်ဥသြမယ် ပါပဲရှင်၊ ကျွန်မတို့ချင်း နေ့စဉ်လိုတွေ့နေကြတာပဲ၊ ဒါနဲ့ ကျွန်မက အကျိုးအကြောင်း ပြောပြတော့ သူ့တိုက်က အယ်ဒီတာအဖွဲ့ဝင် ဦးတင်ဆွေဆိုတာ တွေ့ချင်လို့ လာနေတာပါတဲ့ရှင်"

ဘာပဲပြောတော့ ပြောတော့ ကျွန်တော်တော့ နင်းရမှန်း မသိသော ခြေလှမ်းတို့ဖြင့် သူ့အသံကို ကျောခိုင်းခဲ့လေသည်။ သို့သော် ဆက်လက်၍ကြားနေရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့အယ်ဒီတာချုပ် ဦးခင်ဇော် ပြောလိုက်ပေါ့၊ ကျွန်မနဲ့တွေ့ခဲ့ရပြီလို့။ သူဝမ်းသာမှာပါပဲ၊ ရှင့်လဲလ,ခတိုးပေးပါလိမ့်မယ်၊ ဦးခင်ဇော်က ဝဝဗိုက်ရွဲရွဲကြီးနဲ့ အာဝဇ္ဇန်းလဲ အင်မတန်ရွှင်တယ်နော် ဟဲဟဲ...ဟဲ...ဟဲ"

ဟုဆိုပြီးမှ သူ့အသံရုတ်တရက်ပြောင်းသွားကာ . . .

"ဟေ့ သူငယ်။ မင့်ကို ငါနောက်ဆုံးမှာလိုက်ချင်တာကတော့ ငါ့တူ ခွေးသူခိုး ပတ္တမြားဝင်းထိန်ကို ပြောလိုက်ပါ၊ နောက်ကိုသူ့ သူငယ်ချင်း အူတူတူကြောင်ကြောင်တောင်တောင် အကောင်တွေ ငါ့ဆီမလွှတ်ပါနဲ့တော့လို့"

ကျွန်တော် လူ့ပြည်ရောက်မှ ယခင်က မကျခဲ့ဘူးသော ဈေးဦးပေါက် ဂျောက်ကြီးထဲမှ ပင်ပန်းကြီးစွာ ရုန်းကန်တက်ခဲ့ရ၍ အိမ်ပြန်ရောက်သည်တွင် ကျွန်တော့စားပွဲမှာ ကျွန်တော့ဝီစကီကို သောက်တော်ခေါ်နေသော ပတ္တမြားဝင်းထိန်ကို တွေ့ရလေသည်။ သူကဆီးကြို၍...

"ဟေ့--သူငယ်ချင်းဖိုးဆွေ၊ မင်းမရောက်နိုင်တာနဲ့ ငါတော့သောက်နှင့်နေပြီကွာ၊ မင်းဘယ်သွားနေတာလဲ"

ကျွန်တော်မှာ ပေါက်ကွဲသော ဒေါသနှင့် . . .

"လခွီး၊ မင်းကပဲ ခုမေးနေရသေးသလား"

သို့သော် သူက အေးစက်စွာပင် . . .

"သြော် ငါ့အဒေါ်ဆီလား၊ အဲ့ဒါမလိုတော့ဘူးကွ။ ဂျယ်နီလေးတစ်ခြားမှာ အလုပ်ရဖို့သေချာသွားပြီ၊ ငါ့အဒေါ်ဆီလဲ သူနောက်ထပ်ပြန်ပြီးမလုပ်တော့ဘူးတဲ့"

"မင်း . . . အဒါသိတာ ဘယ်တုန်းကလဲ"

"သြော် . . . မနေ့ကနေ့ခင်း မင့်ဆီက ငါပြန်သွားပြီး ညနေသူနဲ့တွေ့တော့ ပြောတာကွ။ ငါမနက် မင့်ဆီလာပြောမလို့ ဟာကွာမေ့သွားလို့။ ဖိုးဆွေ အပြည်းဝယ်ဦးကွာ၊ ဘဲကင်တစ်ခြမ်းလောက် . . ."

◈



## အကြံကောင်းတော့တစ်ချက်

(မှတ်ချက်။ ။ ဤဝတ္ထုပါ နာမည်တို့မှာ သက်ရှိသတ္တဝါမရှိ၊ အင်း . . . သူ့စောင်းရေးသလိုလို၊ ငါ့စောင်းရေးသလို မထင်ကြပါနှင့်။ ယုံထင်ကြောင်ထင်တော့ မထင်ကြနဲ့)

ဆင်စွယ်နှစ်ကဲ့သို့ ဖြူဖွေးသော သူ့လက်မောင်း လက်လက်ကလေးကိုကြည့်ကာ ကျွန်တော်ငေး၍သာနေမိတော့သည်။ နှုတ်မှရှေ့ဆက်ပြီး ဘာရွတ်ရမှန်းလဲမသိတော့၊ ဦးခေါင်းထဲမှာတော့ ဇာတ်လမ်း၊ ဇာတ်ကွက်တွေ အပြည့်အစုံရှိပါသည်။

သို့သော် . . . ဝတ္ထုတို့မည်သည်မှာ ဇာတ်ကွက် ဇာတ်လမ်းကို ဖွဲ့နွဲ့သော စာသားဖြင့် သယ်ဆောင်သွားရသည်။ ဥပမာ ပြရသော် ဇာတ်ကွက်ဇာတ်လမ်းသည် အဆောက်အအုံနှင့်တူ၍၊ စာသားက ၎င်းအဆောက်အအုံကို အမွှမ်းတင်သော တန်ဆာပလာနှင့်တူပါသည်။ အိမ်တစ်လုံးကို ပုံစံအတိုင်း တိုင်ထူထုတ်ရိုက်၊ ဆင့်တင်၊ မျှားတန်းထိုး၊ အမိုးမိုးပြီးနောက်အတွင်းအပြင် ဇာခန်းဆီး တပ်ပြီးသည်အထိအချော ကိုင်ပါသည်။

ဝတ္ထုတစ်ပုဒ်သည်လည်း ထို့အတူဖြစ်ပါသည်၊ ဦးခေါင်းထဲသို့ ဇာတ်ကွက် ဇာတ်လမ်း အပြည့်အစုံရအောင် စိတ်ကူးယူခြင်းသည် တည်ဆောက်အုံသောအိမ်ကို အမိုး,မိုးပြီးသည်နှင့်တူပါသည်။ စိတ်ကူးတွေကို



www.burmeseclassic.com

www.burmeseclassic.com



စက္ကူပေါ်ရောက်အောင်ပြုရသည်ကား ဇာခန်းဆီးတပ်ပြီးသည့်အထိ အချောကိုင်သည်နှင့်တူပါသည်။ အင်မတန်အနုစိပ်၍ စိတ်ရှည်လက်ရှည်နှင့် စိတ်အေးလက်အေး ပြုရပါမည်။

ကျွန်တော် ခါတိုင်းဝတ္ထုတွေ ရေးသည်မှာ ကိုယ့်စားပွဲကိုယ့်တိုက်၌ ကိုယ့်ဟာကိုဖြစ်ပါသည်။ အခုတော့ ပတ္တမြားဝင်းထိန်က သူ့အဒေါ်မုတ်ပွန်တင်တင်ကြီးကဲ့သို့ စတီနိုတိုက်ပစ်(စ်)နှင့်ရေးပါက ကိုယ်လဲသက်သာသည်၊ အလုပ်ပိုတွင်ကျယ်၍ ငွေလဲပိုရသည်၊ စာရေးမလေးတစ်ယောက်ကို ထမင်းကျွေးရာလဲရောက်သည်ဟု မြှောက်ပေးသောကြောင့် ဓွဲအုံးချိန် လက်ရေးတိုကျောင်းက မိန်းကလေးတစ်ယောက်ကို ခေါ်ပြီး စမ်းနေခြင်းဖြစ်ပါသည်။

ကျွန်တော်က ပက်လက်ကုလားထိုင်မှာ အကျထိုင်ပါသည်။ မိန်းကလေးက ကျွန်တော့ရှေ့စားပွဲတွင် လက်ဝဲဘေးစောင်းကလေး ထိုင်ပါသည်၊ ဘယ်ဘက်လက်မောင်းကားစားပွဲတွင် ထောက်ကာညာလက်ဖြင့် ခဲတံလေးကိုကိုင်၍ ကျွန်တော်ရွတ်သည်ကို လက်ရေးတိုဖြင့်လိုက်ရန်စောင့်နှင့်ပါသည်၊ သို့သော် အကျင့်မရှိသော ကျွန်တော်မှာ ရှေ့ဆက်ပြီးမရွတ်နိုင်တော့ပါ။

ကျွန်တော်သည် သူ၏ပြည့်ဖောင်းသော ဆင်စွယ်နှစ်လက်မောင်းကလေးလို ငေးကြည့်နေရာမှ လူပါးဝ,ချင်တဲ့မျက်စိကတစ်ကိုယ်လုံးကို သိမ်းခြုံရောက်သွားပါသည်။ အတော်ပင် အချိုးအဆစ် ပြေပြစ်လှပသူလေးဖြစ်ပါသည်၊ ယခု သူသာ ကျွန်တော်တမ်းတနေသော ကျွန်တော့် ချစ်သူကလေးဖြစ်ပါက မည်မျှကောင်းချိမ့်မည်နည်းဟု စိတ်ကူးယဉ်ကာ ဝေးလံရပ်ခြားရှိသော ကျွန်တော့ရည်းစားဆီသို့ စိတ်ရောက်သွားပါတော့သည်။

မန္တလာသာတဲ့ ကျေးဆီက၊
အပြန်မှာစာဖွဲ့ရေးခဲ့တယ်ကွဲ့၊
ညာနွဲ့လေးရယ်တဲ့ သိစဖွယ်။
အစတုန်းကတော့
လှဖုံးလာပါဆိုလို့
မှာတာကို ပျို့မေ့မေ့တယ်ပေါ့





စောင့်ရက်တွေ ကိုးဆယ်ပြည့်တောင်မှ
တွေ့ရအောင် သူမဖန်ဘူး
တမူဟန့် စိတ်တော်ပြောင်းတယ်ထင့်
လှမျက်ခြယ် နွဲ့နွဲ့နှောင်းရယ်
ခေါင်းရှောင်တော့တယ်။ ။
ညာနွဲ့ပျို့ ပျော်တဲ့စရိုက်ကယ်နှင့်
ချာတဲ့ကိုယ် ငသော်မိုက်ကိုလ
လာဟဲ့ဆို ကဇော်တိုက်ကာလ
မေးလိုက်ချင့် သက်လယ်ရယ်
ဘယ့်နှယ်လဲ ညိုထွေး။
ခုများ သူ့အားမမင်သာလို့
ကြဉ်ရှာသူ ပူရတာက်ကယ်နဲ့၊
မနေသာ ပြန်သည့်ရက်မှာဖြင့်
နှောင့်သခင် မောင့်ကြင်ဘက်ကို
ခွန်းဆက်ခဲ့သေး။ ။

ကျွန်တော်ရေးသော ဝတ္ထုထဲက ကဗျာဖြစ်ပါသည်။ ကျွန်တော့်ဇာတ်လိုက်သည် ကဗျာဆရာလေးစန်းဝေသော်ဖြစ်၍ "ချာတဲ့ကိုယ် ငသော်မိုက်ကိုလ"ဟု သူ့နာမည်ကိုပါအောင် ထည့်စပ်ပေးရခြင်းဖြစ်သည်။

သူ့မိန်းကလေးသည် မန္တလေးကဖြစ်သည်။ လူချင်းတစ်ခါမှ မတွေ့ရသေး။ စာပေးစာယူ ဓာတ်ပုံလဲလှယ်ခြင်းဖြင့် သမီးရည်းစားဖြစ်နေကြသည်။

တစ်ခါသော် မိန်းကလေးဆီက စာတစ်စောင်ရောက်လာသည်။

**မောင် . . .**

*ရက်စက်ပါပေ့မောင်ရယ် 'မောင်ရဲ့ချစ်လှချည်ရဲ့' ဆိုတဲ့ အနက်အဓိပ္ပါယ်ဟာ ဒါပဲလား ရီကိုဘယ်တုန်းကများ မုန်းနေသလဲဟင် ပြောစမ်းပါမောင်ရဲ့ ရီကိုမုန်းနေတာဘယ်လောက်ကြာပြီလဲလို့ မုန်းနေတာကြာပြီဆိုရင်တော့လဲ ဒီလိုတော့ အညို့*



www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ စာအုပ်ထဲကနေပြီး လိမ်ညာလှောင်ပြောင်မနေပါနဲ့ နင့်ကိုငါမုန်းပြီလို့ တိတိကျကျပဲ ရေးလိုက်ပါတော့မောင်ရယ်။

အခုတော့ စာအုပ်ထဲကနေ အရှူးလုပ်တယ် ရီကာတော့မောင်လာမယ်ဆိုလို့ အဟုတ်ကြီးမှတ်ပြီး တော်ပြီမောင်၊ ရီစာရေးလို့ မရတော့ဘူး၊ စာရေးရင်းမျက်ရည်တွေက ကျကျလာ၍ မောင်က ဘယ်လိုပဲမုန်းမုန်း ရီအသဲထဲမှာတော့ မောင့်မှမောင်တစ်ယောက်ထဲပါ မောင်ရယ် . . .

မောင်မုန်းသွားပြီဖြစ်တဲ့

အရီ

ဤစာကိုရသည်၌ ကျွန်တော်နှင့်အရှုံးပင်ဖြစ်သော ကျွန်တော့်ဇာတ်လိုက် ထွန့်ထွန့်လူးလေးသည် မျောက်မီးခဲကိုင်မိသလို ဖြစ်လေသည်။ ပိုက်ဆံကလေးများ စုဆောင်းချေးငှားပြီး မောင်လာပြီသိဂီနဲ့ရဲ့ ဆီးကြိုလှဲ့လေးဟု စာတစ်ပုဒ်ထွင်ရေးကာ မန္တလေးသို့ အမြန်ဆုံးလစ်လေသည်။

သို့သော် ဟိုရောက်သောအခါ၌ သူမစွံချေ။ ဖော်ပြပါလေးချိုးတွင်ပါသည့် အခိပ္ပါယ်အတိုင်း စောင့်ရက်တွေသုံးလပြည့်လို့မှ လူချင်းမတွေ့ခဲ့ရာ သုံးခါမျှသာမျက်စိချင်း ခိုးကြောင်ခိုးဝှက်ဆုံခဲ့ရသည်။ မိန်းကလေးထံသူပေးသော 'စုံနှံ့သာဂေဟာ' လိပ်စာနှင့်ရေးသောစာများလည်း မိန်းကလေးလက်ထဲရောက်ဟန်မတူ။ အလွဲလွဲအချော်ချော်ချည်း ဖြစ်ရသည်။ အရဲစွန့်၍ဖုန်းဆက်ခေါ်သောအခါလည်း ကျွန်တော့်ဝတ္ထုမှာ စာရေးမလေးအား ဤမျှသာနှုတ်မှရွတ်ပေးနိုင်တော့သည်။ ဒါတောင်မှ ညကနိုင်ငံရေးသမားပေါက်စစကားပြောဖို့ ကျင့်ထားသလိုကျင့်ထားလို့ ငှင်းကျင့်ထားတာ ကုန်သောအခါ၌ ကျွန်တော်ရှေ့မဆက်နိုင်တော့ပြီ။ သူမလေး၏ ဆင်စွယ်နှစ်ရောင်လက်မောင်းကလေးကို ကြည့်၍သာ ငေးနေမိတော့သည်။ ထိုမှကျွန်တော်အသံပြတ်နေကာ တစ်မိနစ်ကြာသည်တွင် ကလေးမသည်ကျွန်တော်ကိုငဲ့၍ ကြည့်လိုက်သည်။ ကျွန်တော်က ပြုံးပြလိုက်ရတော့သည်။ ကျွန်တော့်အပြုံးမှာ "ငါလက်လျှော့ပါပြီကွာ" ဖြစ်သည်။ မိန်းကလေးသည်လည်း နားလည်၍ပြန်ပြုံးပြပြီး . . .

"ဒီလိုနှုတ်က ရွတ်ရတာ မလွယ်ဘူးရှင်။ တော်တော်ကြီးကို





အလေ့အကျင့်ရှိမှဖြစ်တာ"

"ဟုတ်ပါတယ် ကျွန်တော်အခုမှ စ, စမ်းကြည့်တာ"

"နောက်ကိုကျင့်ဦးပေါ့ရှင်"

ဟုဆိုပြီး သူ့ရှေ့က လက်ရေးတိုစာအုပ်ကိုပိတ်၍ လက်ကခဲတံကိုချလိုက်ပါသည်။

ကျွန်တော်လည်း ကိုယ်ကိုပြင်ထိုင်၍ စီးကရက်တစ်လိပ် မီးညှိလိုက်ပြီး ဆေးလိပ်ဘူး သူ့ဘက်ထိုးပေးကာ . . .

"ဆေးလိပ်သောက်တတ်ပါသေးလား"

"ကျေးဇူးတင်ပါတယ်ရှင် မသောက်တတ်ပါဘူး"

ထို့နောက် ခေတ္တမျှစကားပြတ်နေ၍ ကျွန်တော်ကစကားပေါက် စကားစရှာကာ . . .

"ခင်ဗျား ဖွဲ့အုန်းချိန်လက်ရေးတိုသိပ္ပံကနော်"

စင်စစ် ဤမေးခွန်းမှာ မေးရန်လုံးဝမလိုအပ်ပါ။ ပတ္တမြားဝင်းထိန်၏ ညွှန်ကြားချက်အရ ဖွဲ့အုန်းချိန်ထံမှ ကျွန်တော်က "စတီနိုတိုက်ပစ်(စ်)တစ်ယောက် အလိုရှိပါတယ် ဘယ်နေ့ဘယ်အချိန် ဘယ်ကိုလွှတ်လိုက်ပါ" ဆို၍ ဤကလေးမရောက်လာခြင်း ဖြစ်ပါသည်။ ပတ္တမြားဝင်းထိန်၏ သူငယ်မ သူ့အဒေါ်မှတ်ပွန်တင်တင်ကြီးထံမှ အလုပ်ပြုတ်နေသော ဂျယ်နီလည်း ဖွဲ့အုန်းချိန်ကျောင်းထွက်ဖြစ်သည့်အားလျော်စွာ ခေတ္တအလုပ်လက်မဲ့ဖြစ်သည်၌ သူ့ဆရာထံပြန်လည်ခိုကပ်နေ၍ ပတ္တမြားဝင်းထိန်က စုတီနိုတိုက်ပစ်(စ်)လိုချင်လျှင် ဖွဲ့အုန်းချိန်ကျောင်းမှ အလွယ်တကူရရှိနိုင်ကြောင်း သိရှိခြင်းဖြစ်ပါသည်။ အကြောင်းမှာ ဖွဲ့အုန်းချိန်လက်ရေးတိုသိပ္ပံသည် တပည့်များကိုပညာသင်ပေးရုံသာမဟုတ်ပဲ အလုပ်ရဖို့ပါ ဆောင်ရွက်ပေးသည်ဟု ဆို၏။

မိန်းကလေးသည် ကျွန်တော့်၏ မလိုအပ်သောမေးခွန်းကြောင့် မျက်လုံးတစ်ချက်ဝင့်၍ ကြည့်လိုက်ပြီး . . .

"ဟုတ်ကဲ့ရှင့်"

"ဒါနဲ့ အဲဒီကျောင်းမှာ ဂျယ်နီဆိုတာများမသိဘူးလား ဂျယ်နီမေ့ဆင်လေ"

မိန်းကလေးသည် သူ၏ဆင်စွယ်နှစ်ရောင် လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ကိုယ်နှင့်ကပ်၍ယို့လိုက်ပြီးသည်အထိ အံ့အားသင့်သွားကာ

"ဟင် ဒါကျွန်မနာမည်ပါပဲရှင့် ရှင်ဘယ့်နှယ်သိနေတာလဲ"

"ဩော်"

ကျွန်တော်ပါးစပ် တပ်မည်ပြုနေသော စီးကရက်ကို နှုတ်ခမ်းမှ ခွာလိုက်ပြီးသည်အထိ အံ့အားသင့်သွားကာ . . .

"ကျွန်တော်က ပတ္တမြားဝင်းထိန် သူငယ်ချင်းမောင်တင်ဆွေပါ၊ ကလောင်အမည်က သတိုးဆွေခေါ်ပါတယ်"

သူကလေး နှုတ်ခမ်းမှာအပြုံးပန်းကလေး ပွင့်လာကာ . . .

"အို ကိုဝင်းသူငယ်ချင်းကို ဟုတ်ပြီ၊ ဟုတ်ပြီ။ ကိုဝင်းက ရှင့်နာမည်ကို ကျွန်မကြာခဏ ပြောဖူးတယ်"

"အရင် မစ္စဂျယ်နီကို ဟိုညကမရိုးမရွကလပ်မှာ မြင်ဖူးပါတယ်။ ပတ္တမြားဝင်းထိန်နဲ့ လာကတာလေ ဒါပေမဲ့အဲဒီတုန်းက ဂါဝန်နဲ့ အခုတော့ မြန်မာလိုဝတ်ထားတာကိုး ဒါကြောင့်မမှတ်မိတာ"

သူ့မျက်နှာလေးမှာ ပိုမိုဖော်ရွှေလာကာ . . .

"ဟုတ်ကဲ့ရှင့် ကျွန်မအဆင့်သင့်သလို ဝတ်တာပါဘဲ"

"ဒါနဲ့ ပတ္တမြားဝင်းထိန်ပြောတော့ မစ္စဂျယ်နီအလုပ်ရဖို့ သေချာသွားပြီဆို"

"သေချာတာက ဒီလိုပါရှင့် အလုပ်မခန့်ခင်ငွေ ၄၀၀ပေးရမယ် အဲဒါကျွန်မမှာ ၂၀၀ထဲရှိလို့ လိုတဲ့၂၀၀ကို ကိုဝင်းကသူပေးမယ်တဲ့"

ပတ္တမြားဝင်းထိန်နှင့် ငွေနှစ်ရာကိုတွဲပြီးတော့ ကြားရသည်၌ ကျွန်တော့်နားထဲတွင် ဟိန္ဒူနှင့်မူဆလမန်တရုတ်ဆန်မှာ ထမင်းလက်ဆုံစားသည်ဟူဘိသကဲ့သို့ဖြစ်ကာ . . .

"နေပါဦး သူကငွေ၂၀၀ပေးမယ်တဲ့လား"

သို့သော် မိန်းကလေးမှာ ကျွန်တော့်မေးခွန်းအဓိပ္ပါယ်ကို နားမည်ရှာပါ။

"ဟုတ်ကဲ့ရှင့် အကြောင်းကဒီလိုပါလေ။ ကိုဝင်းများရှင်ပြောဖူးမလားမသိဘူး ကျွန်မသူ့အဒေါ်ဆီက အလုပ်ပြုတ်ရတာက အဲ့ ထိုညက မရိုးမရွကလပ်မှာ သူနဲ့လိုက်ပြီး ဒန့်စ်ကတာမှာ အိမ်ပြန်နောက်ကျလို့ ဖြစ်ရတာကိုး၊ ဒါကြောင့်အလုပ်ပြန်ရဖို့အတွက် လိုတဲ့ငွေ၂၀၀ကို သူ့





တာဝန်ထားတဲ့ . . ."

"အဲဒီ ငွေ၂၀၀ သူ့ဆီကရပလား"

"မရသေးဘူးရှင့် ဒါပေမဲ့မကြာခင်ရလိမ့်မယ်လို့ အာမခံတယ် ဒါနဲ့ကျွန်မရှိတဲ့ငွေ၂၀၀ကို စရံအဖြစ်ပေးထားလိုက်တယ် ကျန်တဲ့ငွေ ၂၀၀ကို ၁၀ရက်အတွင်းပေးရမယ်"

"နေပါဦး ကျန်တာကို ၁၀ရက်အတွင်းမပေးနိုင်ရင် ဟိုပေးထားတဲ့ စရံငွေ ၂၀၀က"

"ဒါတော့ ထုံးစံအတိုင်း ရှုံးမှာပေါ့ရှင် ဒါပေမဲ့ကိုဝင်းက ဒီအတွက် ဘာမှမစိုးရိမ်နဲ့တဲ့"

မိန်းကလေးများ နှာခေါင်းရှိပေလို့ မရှိရင် ချေးစားမယ်လို့ သူတို့မိန်းမချင်းပြောတက်ကြသည်။ ဒီကောင်ကြီးမှ ယုံပလေမဂျယ်နီရယ်၊ ကျွန်တော့်စိတ်ထဲရှိတာ ပြောရလျှင်ပတ္တမြားဝင်းထိန်ရယ်၊ ၁၀ရက်အတွင်းရယ်၊ ငွေ၂၀၀ရယ်မှာ ပတ္တမြားဝင်းထိန်နဲ့ ၁၀ရက်အတွင်း ငွေ၂၀၀ကား တဖောင်းစေးနှင့်မျက်ချေး၊ တောက်တဲ့နှင့်ဆေးချေး၊ ဆိုဘိသကဲ့သို့ ဘယ်လိုမှအပေါက်လမ်းတဲ့တော့မည် မဟုတ်ချေ။ ကျွန်တော် သူကလေးကို သနားမိသည်။ ထို့ကြောင့် သူ့မျက်နှာလေးကို မချင့်မရဲ ကြည့်မိကာ

"နေပါဦး မစ္စဂျယ်နီ ရဖို့အလုပ်ဟာ ငွေ၄၀၀ပေးရတာမှာ အလုပ်မခန့်ခင်ပဲ စရန်သတ်လား ဘာလားလုပ်နေရသလား၊ နောက်အလုပ်ရပြီး လခထုတ်တော့မှ တစ်လဖြတ်ယူ နှစ်လဖြတ်ယူ ဒီလိုမဖြစ်ဘူးလား"

"အခုခေတ်မှာ စသုံးလုံးနဲ့ဘာနဲ့မို့ ဒီစနစ်မသုံးတော့ဘူးရှင့်၊ ဒါ မင်းကတော်ကနောက်ပိုင်းက ကြည့်စီမံတာပဲ၊ ရှေ့လဆန်းမှ အလုပ်ခန့်မဲ့ဟာကို အခုကတဲက အပြီးအပြတ်တောင်းထားတယ်၊ နို့ပြီး ဒီနေရာကလဲ လိုချင်တဲ့လူတွေသိပ်များတာပဲရှင့်၊ ဒါကြောင့် ကျွန်မက ၁၀ရက်အတွင်း အပြီးအပြတ်ပေးပါမယ်ဆိုပြီး စရံသတ်ထားလိုက်ရတာပဲ၊ ကဲ ကျွန်မပြန်ဦးမယ်ရှင့်၊ ရှင်လဲစတီနိုတိုက်ပစ်(စ်)နဲ့ ရေးနိုင်အောင် ကျင့်ပါဦး ဒါကအကျင့်မရသေးခင်ကဖြင့် တော်တော်ခက်တဲ့အလုပ်ပဲ"

ကျွန်တော် အလုပ်တော်တော်ခက်တာထက် သူ့ဟာလေး ကျွန်တော့်အိမ်ကထွက်သွားသောအခါတွင် ကျွန်တော့်မှာ သူကလေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် တော်တော်ပင်စိတ်မသက်မသာ ဖြစ်ရမိပါသည်။

ရုပ်ကလေးချောပါရဲ့ ဒါပေမယ့် ကံဆိုးရှာသည်။ ပတ္တမြားဝင်းထိန်နှင့်တွေ့ရတာ သုံ့ကလေး၏ကြမ္မာဆိုးဖြစ်ပါသည်။ ယခုအလုပ်ပြုတ်ခဲ့ရပြီးနောက် မရှိမဲ့ရှိမဲ့ ငွေကလေး၂၀၀ဆုံးရဦးမည်။ ဒီကောင်ကြီး ၁၀ရက်အတွင်း ငွေ၂၀၀ရအောင်ရှာပေးမယ်ဆိုတဲ့ စကားယုံတာများ မြေခွေးစကားယုံသော ဟိုပုဏ္ဏားနှင့် မခြားတော့ပြီ။

ဤသို့ ကျွန်တော်တွေးနေစဉ် အိမ်ရှေ့လှေခါးထက်မှ ခြေသံကြားရပြီး ပတ္တမြားဝင်းထိန်ရောက်လာကာ ထုံးစံအတိုင်း သူ၏ရွှန်းပသောအသံနှင့် . . .

"ဟဲ့လို ဖိုးဆွေ ဟဲ့လို၊ ဟော့–ဂျယ်နီလေးထင်တယ်ကွ၊ ငါအိမ်ရှေ့ရောက်တော့ ဟိုဘက်လှေ့ကျောက်သွားတာမြင်မိတယ်၊ နောက်ကနေကြည့် ရတာသိပ်တူတာပဲ"

ကျွန်တော်သူ့ကို မျက်မှောင်ကြုတ်ကာ ကြည့်၍ . . .

"တူရုံတင်မဟုတ်ဘူး အဲဒါမင့်ဂျယ်နီအစစ်ပဲ"

"ဘာလဲ သူမင့်ဆီလာသလား"

"အေး– ငါက ခွဲအုန်းချိန်ဆီ စတီနိုတိုက်ပစ်(စ်)တစ်ယောက်လွှတ်လိုက်ပါဆိုတော့ သူရောက်လာတာပဲ"

"အိုး . . . ဝွဒ်" ဟုဆိုလျက် ကျွန်တော်နှင့်မျက်နှာချင်းဆိုင်ထိုင်ကာ ကျွန်တော့စားပွဲပေါ်မှ ကျွန်တော့စီးကရက်ကို မီးညှိကာအားရပါးရဖွာ လိုက်ပြီးမှ . . .

"ဟော့ ဖိုးဆွေ မင်းဟာတစ်နေ့နေ့မှာ အထွဋ်အထိပ်ရောက်လိမ့်မယ်လို့ ငါပြောတာအဲဒါပဲကွ၊ မင့်မှာမိတ်ကောင်းဆွေကောင်းရဲ့ အကြံကောင်းဉာဏ်ကောင်းကို လက်ခံတတ်တဲ့ ဥာဉ်ကောင်းကလေးရှိတယ်၊ အခုကြည့်လေ ငါကမင့်ကိုစတီနိုတိုက်ပစ်(စ်)နဲ့ရေးဖို့ အကြံပေးတယ် မင်းကချက်ချင်းပဲခေါ်ပြီး စမ်းကြည့်တယ်၊ ဘယ့်နှယ်ဟန်ရဲ့မဟုတ်လား ဒီမှာကွ ဖိုးဆွေ မင်းလက်နဲ့မင်းရေးတာထက် လူသက်သာတယ်၊ ဝင်ငွေလဲပိုကောင်းမယ်၊ စာရေးမလေးတစ်ယောက်တစ်လ ၂၀၀ပေးရတယ်ထားဦးကွာ၊ သူ့နဲ့အလုပ်လုပ်လို့မင်းမှာပိုရတာက ၅၀၀ဖြစ်ရမယ်၊ ဒီတော့မင့်ဟာ တစ်လကို ၃၀၀မြတ်နေပြီ၊ အဲဒီအမြတ်ထဲကကွာ မင်းကငါ့လို





မိတ်နဲ့ဆွေရဲ့ ပတ်သက်လို့ ခါတိုင်းစရိတ်ထက် ၁၀၀ပိုသုံးဦး ၂၀၀တော့ကျန်နေတာပဲ အဲဒီကျန်တဲ့ ၂၀၀ကိုမင်းလစဉ်စုသွားစမ်း တစ်နှစ်ကို၂၄၀၀၊ ဆယ်နှစ်ဆိုရင် နှစ်သောင်းလေးထောင် အဲဒီတော့ မင့်အသက် လေးဆယ်ရောက်တဲ့အခါဆိုရင် "

ကျွန်တော်မှာ သူ့စကားကို ဆက်လက်နားမထောင်နိုင်တော့ပဲ . . .

"ဟေး . . . ငါ့အသက်လေးဆယ်ရောက်တဲ့အချိန်ကို လှမ်းပြောမနေစမ်းပါနဲ့။ ငါအခုမင့်ဆီက သိချင်တာက မင်းကဟိုကောင်မလေးကို ၁၀ရက်အတွင်း ငွေ၂၀၀ပေးမယ်လို့ ပြောထားတယ်ဆို "

"ဟာ . . ဂျယ်နီ မင်းပြောသွားသလား၊ အေးပေါ့ကွ၊ မင်းပဲစဉ်းစားကြည့်၊ သူကလေးအလုပ်ပြုတ်ရတာက ငါ့ကြောင့်ဖြစ်နေတာ၊ ဒီတော့ တာဝန်ကိုငါမထမ်းလို့ ဘယ်သူများထမ်းရဦးမှာလဲကွ၊ ငါသူကလေးကို ပစ်မထားနိုင်ဘူး၊ ကြည့်ရမယ်ဖိုးဆွေရဲ့"

"ဟော့ . . မင်းကြည့်တာ မကြည့်တာကိုပြောနေတာမဟုတ်ဘူး မင်းနဲ့၁၀ရက်အတွင်းနဲ့ ငွေ၂၀၀နဲ့ လမိုင်းမကပ်လို့ ငါပြောနေတာကွ၊ ဒီငွေ၂၀၀က ၁၀ရက်အတွင်း မင့်ကိုဘယ်သူက လာပေးမှာတဲ့လဲ၊ ပြောစမ်းပါဟင်။ မင်းဟာမိန်းကလေးတစ်ယောက်ကို ဒီလောက်မညှင်းဆဲသင့်ဘူးကွ၊ ကြည့်စမ်း အခုသူ့ခမြာလေး မင့်အတွက်ကြောင့် အလုပ်ပြုတ်သွားပြီးနောက်မရှိမဲ့ရှိမဲ့ငွေကလေး ၂၀၀ထပ်ဆုံးရဦးမယ်ဆိုတော့ မလွန်လွန်းဘူးလားကွာ"

သူသည် ကျွန်တော့်ကို အလွန်ခံပြင်းသော မျက်လုံးနှင့်ကြည့်ကာ . . .

"ဟော့ . . . ဖိုးဆွေ၊ ဒါတော့မင်းငါ့ကိုစော်ကားလွန်းပြီကွာ၊ မင်း သူငယ်ချင်း ငါ့ကို ဒါလောက်ပဲအထင်သေးသလားကွာ၊ ငါ့မှာ ရပေါက်ရလမ်းရှိတယ်ကွ၊ မင်းသိရဲ့လား"

"ဘာများလဲ . . . မင့်ရပေါက်ရလမ်းက မင့်အမွေပေးမဲ့လူ ဒီ၁၀ရက် အတွင်းအချိန်မီသေပေးမယ်လို့ သံကြိုးရိုက်လိုက်လို့လား"

"မင့်ငါ့ကို ဒါလောက်ပဲအထင်သေးတာကိုး၊ ဒီမှာအခု ငါ့လက်ထဲမှာ အလုပ်တစ်ခုကိုင်ထားတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအလုပ်လဲ . . . ခွေးတက္ကသိုလ်ပြန်ဖွင့်ဦးမလို့လား"

"တော်စမ်းပါ၊ ဒီခွေးတွေ ဟော့ဒီမှာ ဖိုးဆွေ . . . ငါအခု တောင်ကြီးက သူဌေးတစ်ယောက်နဲ့ တွေ့ထားတယ်ကွ"

"ဘာလဲ စောဖဲယားလား၊ သူ့သား ကိုမောင်မောင်ဆိုတာလား"

"မဟုတ်ဖူး ကိုဖုန်းပွင့်တဲ့ သတ္တုတွင်းသူဌေးမင်း"

"ဘယ့်နှယ် နာမည်ကဖုံးလဲဖုံး ပွင့်လဲပွင့်တယ်လား"

"ရှမ်းနာမည်ပဲကွာ။ အဲဒါ သူကရန်ကုန်မှာ အိမ်တစ်လုံးဝယ်ချင်လို့ကွ၊ အနည်းဆုံး သုံးသောင်းကနေပြီး ငါးသောင်းကျော်အထိ အိမ်ကောင်း၊ ကောင်းသလောက် ပေးမယ်တဲ့ကွ"

"မင့်လူက ဒီလောက်တောင်ပဲ ချမ်းသာသလား"

"မင့် တွေ့ပေးပါဦးမယ်ကွာ။ တည်းတာမှ ပစ်ကက်ဒေလီဟိုတယ်မှာကွ။ အခု ရှမ်းပြည်နယ်က ရောက်ရောက်ချင်းပဲ သောင်းနှစ်ထောင်တန် ဟစ်လ်မင်ကားကလေး စရံပေးလိုက်သေးတယ်"

"မင်းနဲ့ ဘယ်သူက စပ်လို့ သိတာလဲ"

"မင့် ငါပြောဖူးပါပကောလား။ စာရေးဆရာ ပျင်းရှင်နောင်ဆိုတာလေ။ အဲ . . . သူစပ်ပေးတာကွ။ အဲဒါငါတို့ အခုရောင်းမယ့်အိမ်အောက်မှာ နေတာပဲ။ အရောင်းအဝယ်ဖြစ်ရင် ထုံးစံအတိုင်းပွဲခတစ်ရာ ငါးကျပ် နှုန်းရမယ်။ အနည်းဆုံးနှစ်သောင်းတန်ဆိုတော့ ပွဲခတစ်ထောင်၊ အဲဒါ ပျင်းရှင်နောင်နဲ့ ငါနဲ့ တစ်ယောက်တစ်ဝက်ပဲ။ ဒါကနောက်ဆုံးအထစ် ရှိသေးတာ။ တကယ်လို့ အဆင့်သင့်ရင် အိမ်ရောင်းမယ့်သူနဲ့ ငါတို့နဲ့ ပေါင်းပြီး သူ့လူ ငါ့ဘက်သားလုပ်ပြီး ကြိတ်လိုက်မယ်၊ အဲဒါဆို သောင်း ချီရဖို့ပဲ။ ဒီလူက ရန်ကုန်နယ်မှာ အိမ်ဈေးတွေ ဘာတွေ ဘာမှ နားလည်တာ မဟုတ်ဘူး။ ငါနဲ့ ပျင်းရှင်နောင် ပြောသလိုဖြစ်မှာပဲ၊ အဲ့ဒီပွဲပေါက်ကြီး ငါ့ဆီမှာ ရှိနေတာကွ"

ကြက်ဥနှစ်ရောင် နီကြောင်ကြောင် လဆုတ် ၆ ရက်လ ထက်ခြမ်းပဲ့စုတ်ချာချာသည် ရွှေပြဒ္ဒါမှ ထွက်ခဲ့လေပြီ။ ကျွန်တော်သည် ထိုညဝင်းဝင်းရုံမှ ပြဇာတ်အဖြုတ်တွင် ဂဇော်ဆက်ဒါရိုက်တာ လူရွှင်တော်ပန်းပွဲ့ဆိုသူနှင့် အရက်ဆိုင်ထဲ စကားကောင်းနေ၍ လူချင်းခွဲခွာခဲ့သောအခါ၌ ကြည့်မြင်တိုင်သို့ပြန်ရန် ပြဇာတ်ရုံရှေ့မှာ ဘတ်စ်ကားများ မမှီ





တော့ချေ။ ဆူးလေဘုရားလမ်း ရုပ်ရှင်ရုံတန်းရောက်မှသာ နောက်ဆုံးပွဲအဖြုတ်ကို စောင့်နေသော ကားများကိုတွေ့ရပေတော့သည်။ ထို့ကြောင့်ကျွန်တော်သည် ပန်းဆိုးတန်းမှချိုး၍ ဗိုလ်ချုပ်လမ်းမကြီးအတိုင်းအရောက်တူရှုသို့ရောက်ခဲ့သည်၊ ဘယ်တော့မှ ဖြစ်မြောက်မည်မသိရသောဗိုလ်ချုပ်ကြေးရုပ်ကြီးတည်ထားရန် အသံကောင်းလွှင့်ထားသည့် ဆူးလေဘုရားလမ်း အဝိုင်းကြီးသို့ရောက်သောအခါတွင် ကြေးရုပ်ထားမည့် အလယ်တည့်တည့်နေရာမှ လူနှစ်ယောက်ကို မြင်ရသည်။ တစ်ယောက်မှာမတ်တတ်ရပ်၍ တစ်ယောက်မှာ ဆေးတံကိုခဲလျက် ထွက်သစ်စ လခြမ်းနီနီကြောင်ကြောင်ကို ငေးစိုက်ကြည့်နေသည်။

ကျွန်တော်အဝိုင်းကြီးနခမ်းသို့ တက်မိသောအခါတွင် မတ်တတ်ရပ်နေသောသူမှာ ပတ္တမြားဝင်းထိန်ဖြစ်နေ၍ ကျွန်တော်လှမ်းခေါ်လိုက်သည်။

"ဟဲလို . . . ဖိုးဆွေ . . . ဟဲလို . . . မင်းဘယ်ကပြန်လာလဲ"ဆိုပြီး သူကျွန်တော်ဆီသို့ လျှောက်လာသည်။ ဟိုလူကား တုပ်တုပ်မျှမလှုပ်၊ လကိုငေးကြည့်မြဲကြည့်နေသည်၊ "ပြဇာတ်ရုံကကွ။ ငါ . . . ဇာတ်ညွှန်းတစ်ခုအတွက် လူရွှင်တော်ပန်းပွဲ့နဲ့ စကားပြောပြီးပြန်လာတာ၊ မင်းကောဒီအချိန်ကြီး ဒီနေရာမှာ ဘာလာလုပ်နေတာလဲ . . . ဟိုတစ်ယောက်ကဘယ်သူလဲမင်းနဲ့ အတူတူမဟုတ်လား . . ."

"ဟုတ်တယ် . . . ငါပြောတဲ့ အိမ်ဝယ်မဲ့လူ ကိုဖုန်းပွင့်ဆိုတာပေါ့ကွ"

"ဟာ . . . မင့်လူပုံပန်းကြည့်ရတာဖြင့် အိမ်ယာလိုဟန်မတူပါဘူးကွာ . . . ဒီလိုဘဲ လဟာလထဲမှာ,လ,ကြည့်ပြီး ပျော်နေပုံရပါတယ်"

"ဒါသူပျော်နေတာမဟုတ်ဘူးကွ၊ လ,ကြည့်ပြီးတော့ လွမ်းနေတာ၊ မင်းမယုံရင် လာအနားလာကြည့်လှည့် သူ့မျက်စိမှာ မျက်ရည်တွေနဲ့"

"ဟင် မျက်ရည်ကျနေပေမယ့် ဆေးတံကတော့ အခဲမပျက်ပါလား . . ."

"သူတို့ တောင်ကြီးရှမ်းပြည်နယ်က တောင်ကြီးရှမ်းတွေ လွမ်း



www.burmeseclassic.com

www.burmeseclassic.com



တာ ဒီလိုပဲတဲ့ကွ"

"သူက ဘာကိုလွမ်းနေတာတဲ့လဲ"

"သူ့ သား မယားကိုတဲ့ကွ၊ ဒီမှာ အိမ်ဝယ်မရသေးလို့ မခေါ်နိုင်လို့တဲ့ကွ၊ ဒါနဲ့လထွက်တဲ့အချိန်မှ ဒီနေရာကို ငါ သူနဲ့အဖေါ်လိုက်ရတယ်ကွ"

"ဘာလဲ သူကလ,ကြည့်ပြီးမှ လွမ်းတတ်သလား"

"သူ့မိန်းမက လနဲ့တူလို့တဲ့ကွ"

"ဟင် . . . ဒီလနဲ့သာ တူရင်ဖြင့်"

ကျွန်တော် လဆုတ် ၆ရက် လကို လှမ်းကြည့်လိုက်ကာ ...

"သူ့မိန်မဟာ ပါးတစ်ခြမ်းရွဲ့ကြီးဖြစ်နေမှာပဲ၊ ဒါနဲ့ မင်းက အခုအချိန်ထိ သူနဲ့ရှိနေရအောင် မင်းကသူနဲ့အတူနေလို့လား"

"ဒါပေါ့ကွ၊ ဒီလူမျိုး ဘယ်အလစ်ခံလို့ ဖြစ်မလဲ၊ ခုနှယ် ဒီလိုသောင်းချီပြီး အိမ်ဝယ်မဲ့ လူမျိုးလိုက်ရှာနေတဲ့ ပွဲစားတွေကအပုံ . . ."

"ဒါဖြင့် မင်းအခုနေတာ ပစ်ကက်ဒေလီဟိုတယ်မှာပဲပေါ့"

"အေးပေါ့ကွ"

"သူ့ဒကာပေါ့ကွ။ သူ့ငွေမင်း လက်မှတ်ထိုးစားနေတာပဲ"

ကျွန်တော်သူ့ပခုံးကို ပုတ်လိုက်ကာ . . .

"အင်း . . . ကိုယ့်လူကောင်းစားနေတာကိုး၊ ဒါကြောင့်မင်းငါ့ဆီမလာတာဘဲ။ အရက်လေးဘာလေးကော သောက်ရရဲ့လား"

"သူ့ငွေနဲ့ဆိုရင် စကော့(ချ်)ဝီစကီမှ အက်စစ်(စ်)တီနိုင်းဆရာ"

"ကြားရတာဝမ်းသာပါတယ်ကွာ . . . ဒါနဲ့ဟိုကောင်မလေး ငွေ၂၀ဝိ အချိန်မီမှာပေးလိုက်ဦး"

"ဒါမခဲယဉ်းပါဘူးကွာ၊ အခုငါတို့တွေ့ထားတဲ့အိမ်က ၂ သောင်း ၅ထောင်တန်ရယ်ကွ . . ဒါနဲ့ ပွဲခရပေါက်ကနည်းနေလို့ တို့ သူ့ကိုမပြောသေးဘူး၊ ငါနဲ့ပျင်းရှင်နောင် ကြံထားတာက လေးငါးသောင်းတန်မှကွ၊ ဒါမှငါတို့ တစ်ယောက်တစ်ထောင်ကျော်စီရမှာ"

ယင်းအခိုက်ဝယ် ပလေဒီယံရုံမှ ရုပ်ရှင်ဖြုတ်သဖြင့် ရုပ်ထားသောဘတ်စ်ကားများအသက်ဝင်သည်တွင် ကျွန်တော်ပတ္တမြားဝင်းထိန်ကို နှုတ်ဆက်ခဲ့ပြီး ကားတစ်စီးပေါ်သို့တက်ခဲ့လေသည်။





ဤမှနောက်နှစ်ရက်မြောက်သည့် စနေနေ့ဖြစ်ရာ ကျွန်တော်သည် လာနိုးငယ်မျှော်ကလေးထံမှ စာများလာမလားဟု နေ့ပိုင်းပို့စမင်းစောင့်နေစဉ်တွင် ကျွန်တော့အိမ်ရှေ့မှာ မလိုင်နှစ်ရောင်ဟာစ်လမင် အမျိုးအစား ကားတစ်စီးထိုးရပ်ပြီး ပတ္တမြားဝင်းထိန်နှင့် အခြားလူတစ်ယောက်ဆင်းလာသည်။ ထိုလူမှာ အသားညိုညိုနှင့် အရပ်အမောင်းကောင်း၍ တင်ပါးဆုံပြည့်ပြည့်မောက်မောက်ဖြစ်သည်။

ကျွန်တော့အိမ်ပေါ် ရောက်ကြသည်၌ ပတ္တမြားဝင်းထိန်က

"ဟဲလို . . ဖိုးဆွေ၊ မင့်တွေ့တာ အဆင်သင့်ပဲကွ" ဆိုပြီး သူ့အဖေါ်ကိုညွှန်ပြ၍ "ဟောဒါ မင်းကို ငါပြောပြောနေတဲ့ စာရေးဆရာပျင်းရှင်နောင်ပဲ၊ ဒါက ကျွန်တော့သူငယ်ချင်း ဖိုးတင်ဆွေ၊ ကလောင်နာမည်က သတိုးဆွေ"

ကျွန်တော်နဲ့ ပျင်းရှင်နောင်မှာ မိတ်ဆက်ပေးတယ်ဆိုတော့ ခေတ်အလျောက် အနောက်ဆန်ဆန်သာ ပြုရပါသည်။ တစ်ယောက်လက်တစ်ယောက်ကား တယ်ပြီးစိတ်မသန့်လှချေ။ သူ့လက်က စီးထန်းထန်းနေသဖြင့် ကျွန်တော်ခပ်မြန်မြန် ပြန်လွှတ်လိုက်မြီး . . .

"သိရတာ ဝမ်းသာပါတယ်ဗျာ၊ ဒါနဲ့ မေးစမ်းပါရစေ၊ စစ်မဖြစ်ခင်က ကာလီဒါသတို့၊ ဘာရတတို့ရေးတာက မင်းရှင်နောင်နော်၊ ခင်ဗျားက သူ့တာပည့်မို့ ရွှေဥဒေါင်းက ငွေဥဒေါင်းဖြစ်တာလို ပျင်းရှင်နောင်ဆိုတဲ့နာမည်ကို ယူထားတာလားဗျ"

"မဟုတ်ဘူးဗျ . . . ဟိုတုန်းက မင်းရှင်နောင် ဆိုတာလဲ ကျွန်တော်ပဲဗျ"

"ဟင် . . . ဒါနဲ့ အခုဘယ့်နှယ်ပျင်းရှင်နောင် ဖြစ်နေရတာလဲ"

သူ၏ သွားနီကြောင်ကြောင်နှင့် သဖုံးလုံးလုံးကိုဖေါ်ကာ ...

"ကျွန်တော့ မိန်းမကြောင့်ပေါ့ဗျာ . . . သူက ရှင်ဟာ အခုစာမရေးတော့ဘူး၊ အင်မတန်ပျင်းတယ်၊ ဒါကြောင့် ရှင့်ကိုနာမည်ပြောင်းပစ်ရမယ်ဆိုပြီး မင်းရှင်နောင်ကနေ ပျင်းရှင်နောင်လုပ်ပစ်တာဗျ၊ ကျုပ်ကလဲ ဟုတ်နေတော့ မိန်းမစီမံရာ ခံနေရတာပေါ့ဗျာ . . . အဟီး . . ဟီး . . . ဟီး . . ."

ဆိုပြီး ရှက်သလိုလို၊ မရှက်သလိုလို ရယ်ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရယ်လိုက်သောအခါ၌ သူ့မျက်လုံးတို့မှာ ဘူးသီးလက်သည်း နှင့်ဆိတ်သကဲ့သို့ ပိတ်၍သွားသည်။ ထို့ကြောင့် သူမမြင်ရတော့ပြီဖြစ်၍ ပဒ္မာမြားဝင်းထိန်ကို လျှာထုတ်ပြပြီး . . .

"ဩော် . . . ဟုတ်လား ဒီလိုမယား အစီအမံခံရတယ်ဆိုတော့ ဝမ်းသာပါတယ်ဗျာ . . .(အယ် . . ဟုတ်ပါဘူး) အို . . .တယ် . . ဘာ့ကြောင့်လဲဆိုတော့ ပျင်းတယ်ဆိုတာ နာမည်သာဆိုးတယ် လူတော့ အင်မတန်သက်သာတာဗျ . . . အပာတ် . . . ဟာတ် ဟား . . . ဟော့ ဟုတ်ဘူးလား ပဒ္မာမြားဝင်းထိန်"

သူသည် ကျွန်တော့စားပွဲပေါ်က စီးကရက်ကို ယူသောက်နေရာမှ . . .

"အေး ဟုတ်ပါတယ်ကွာ . . . အဲဒါထားပါဦး၊ ဟော့ ဖိုးဆွေတို့ ဖြိုးပေါက်ကလေးစီမံရအောင် မင်းအခုငွေတစ်ရာလောက်ရှိသလား"

ကျွန်တော် ရုတ်တရက် မျက်လုံးတို့ကို အဖွမ်းကုန်ဖြဲလိုက်ကာ

"ဘာ . . . ငွေတစ်ရာ . . ."

"အေးပါကွ . . . ခဏ တို့သူဌေးကိုက ရှေးလိုက်ပါတဲ့"

"ဘာ . . . ဘယ့်နှယ့်၊ မင်းသူဌေးကို ငါက ငွေတစ်ရာ ချေးရမယ်။ မင်းသူဌေးက မာတင် သူဌေးလား"

"ဟိတ် . . . ကြားသွားပါ့မယ်ကွာ၊ ဟို . . . အိမ်ရှေ့ကားပေါ်မှာပါလာတယ်"

ကျွန်တော် သူ့ပြောမှ လှမ်းကြည့်လိုက်မိပါသည်။ ဟိုညကတော့ လရောင်ခပ်မှုံမှုံမို့ ကောင်းကောင်းမမြင်ခဲ့ . . . လူခပ်ရွယ်ရွယ်အသက်သုံးဆယ်ကျော်မျှ အသားညိုညိုရုပ်ဖြောင့်ဖြောင့် မျက်နှာပုံသဏ္ဍာန်မှာ ရုပ်ရှင်မင်းသား ကျော်အေးနှင့် ခပ်ဆင်ဆင်တူသည်။

"နေပါဦး . . . မင်းသူဌေးက ပစ်ကက်ဒေလီဟိုတယ်မှာတည်းဒါလောက်ကောင်းတဲ့ ကားသစ်ကြီးစီးပြီး ငါလိုလူဆီ ငွေတစ်ရာချေးရတယ်လို့ကွာ . . ."

ပဒ္မာမြားဝင်းထိန်က စီးကရက်ပြာတော့က်လိုက်ပြီး . . .

"ဟ . . . အဖြစ်က ဒီလိုကွ။ သူ့ငွေတွေက ဘဏ်မှာ ထားတာဒီနေ့စနေဆိုတော့ ဒီအချိန် ဘဏ်က ပိတ်နေပြီ။ အဲဒါ ပောာဒီ ကိုပျင်းရှင်





နောင်က ရောက်လာတော့ မိတ်ဆွေတွေစုံတုန်း ဟိုဟိုဒီဒီလျှောက်လည်ရအောင် ငွေတစ်ရာလောက် ခဏချေးပေးပါပြောတာကွ၊ သူ့အိတ်ထဲမှာက သုံးရာ့ လေးဆယ်လောက်ရှိလို့ တနင်းလာနေ့တော့ ပြန်ရမှာပဲကွာ . . မင်းငွေခဏပါ"

"ဟ . . . ခဏမကလို့ တစ်စက္ကန့်ရဲ့ ၇၅ပိုင်း တစ်ပိုင်းပဲဖြစ်ဖြစ်။ ငါ့မှာတော့ဒီ ၇၅ပြားရှိတယ် . . ."

ကျွန်တော့အိတ်ထဲရှိတာလေးထုတ်ပြလိုက်ပါသည် . . . ပဒ္မာမြားဝင်းထိန်သည် မျက်နှာကို အကြီးအကျယ်ရှုံ့ကာ . . .

"ငါ့လခွီး . . . တဲ့ ဘိုင်ထက်ဘိုင်ချည်းကျနေတာပဲ။ မင်းအိမ်ရှင်အဒေါ်ကြီးဆီများ ရှိမလား . . ."

"ရှိကော ဒီမိန်းမကြီးမျိုးက ငွေ ၁၀၀ကိုလက်လွှတ်စပယ် ချေးမလားကွ"

"ဒါဖြင့် တခြားဘယ်သူ့ဆီများ ရနိုင်မလဲ စဉ်းစားကွာ၊ ရရင်မင်းပါလိုက်ပြီး စထရင်းတို့၊ ဂရင်းတို့မှာ ဖြိုးရတာပေါ့ကွ၊ မင်းလဲ သူဌေးနဲ့ မိတ်ဆွေဖြစ်ပေါ့"

"ငါ့လခွီး သူငါတို့ကိုပြုစုချင်ရင် စထရင်းတွေ ဂရင်းတွေ သွားနေရမလား၊ သူတည်းတဲ့ ပစ်ကယ်ဒလီမှာပဲ လုပ်ပေါ့ကွ။ သူအဲဒီမှာ လက်မှတ်ထိုးစားနေတယ်ဆို"

"သောက်ဖို့စားဖို့ဝယ်ဆိုရင်တော့ ဟုတ်သားပေါ့၊ ဟိုဒင်း ဒီဒင်း ကလေးပါချင်လို့ပေါ့ကွာ၊ မင်းနားလည်လား"

"ဟင် . . . ဒါတော့ ငါဝါသနာမပါဘူးကွာ"

"အေးလေ . . မင့်ဝါသနာ ပါတာတင်လုပ်ပေါ့။ ငွေတစ်ရာလောက် ခဏလှည့်ရမယ့် လူသာ စဉ်းစားစမ်းပါ"

ကျွန်တော်လည်း ဤလိုဟိုတယ်ကြီးများ၌ ဒကာတောင့်တောင့်နှင့် စားချင်သောက်ချင်ပါသည်။ ထို့ကြောင့် ငွေဆွဲရမည့်လူကို စဉ်းစားသည်။ ပောာ ရုတ်တရက် ပေါ်လာပြီ . . .

"ဟော့ . . . မင်းတို့ ကိုခင်မောင်လတ်ကြီးဆီ သွားပြီးပလား"

ပဒ္မာမြားဝင်းထိန်၏ မျက်နှာမှာ ရုတ်တရက် ပဒ္မာမြားငမောက်ကဲ့သို့ ဝင်းပြောင်ကာ . . .

www.burmeseclassic.com



"ဟား . . . ဟုတ်သဟေ့၊ ကြည့်စမ်း အလွယ်ကလေးနဲ့ လယ်ထွန်သွားရာ နွားမေ့ဆိုသလို မမေ့တန်တာ၊ ငါ ကိုခင်မောင်လတ်ကြီးကို မေ့နေတယ်။ လာလာ သွားကြစို့၊ ဒီနေ့ဒီအချိန်ဆို သူရုံးက အိမ်ပြန်ရောက်ပြီ"

ကျွန်တော်လည်း အဝတ်ကို ကပျာကရာလဲ၍ လိုက်သည်။ ကားပေါ်ရောက်သောအခါ၌ သူတို့သူဌေးနှင့် မိတ်ဆက်ပေးသည်။ ကျွန်တော်ကတော့ သူဌေးရယ်လို့ လေးလေးစားစားပြုပါသည်။ သို့သော် သူကတော့ အေးစက်စက်ပါ။ ဩော် . .သူဌေးပေကိုး။ သူဌေး ဆင်းရဲသား ခွဲခြားသည့် စနစ်ကို ကျွန်တော်ကျိန်ဆဲမိပါသည်။

ပျင်းရှင်နောင်က ကားကိုမောင်းပါသည်၊ ကိုခင်မောင်လတ်ဆီက ရှုံးဝါးရမည်ဟု ကျွန်တော်လည်းတွက်သည်။ သို့သော် . . . ကိုခင်မောင်လတ်အိမ်မှ ကျွန်တော်တို့ ပြန်ထွက်ခဲ့သောအခါတွင် ပတ္တမြားဝင်းထိန်သည် ကိုခင်မောင်လတ်ကို အပြင်းအထန် ကျိန်ဆဲလေတော့သည်။

"ဒီနေ့မျိုးမှပဲ မသာသွားရသလိုကွာ . . . ဒီမသာ သူသွားတော့ ပြန်ရှင်မှာတဲ့လား"

အကြောင်းမှာ ကိုခင်မောင်လတ်သည် မော်ဘီသို့အဒေါ်မသာကို သွားသည်ဟုပြောလိုက်သည်။

"ဟေ့ ဖိုးဆွေ . . . တစ်နေရာ စဉ်းစားဦးကွာ။ မင်းက စာရေးဆရာဆိုတော့ ဒီနေရာမှာ မင်းဦးနှောက် အစွမ်းကုန်ဖွင့်စမ်းကွာ"

"ငါ့လခွီး . . . ပိုက်ဆံချေးရမှာပဲ စာရေးဆရာ ဦးနှောက်ထည့်ပြောနေရသလားကွ"

"အေးလေကွာ . . . ရမယ့်လူ၊ ရမယ့်နေရာ ရှာဖို့ပေါ့ကွ၊ တစ်ဦးတော့ခေါင်းထဲပေါ်လာတယ်ကွ . . . ဒါပေမယ့် ကတိအတိုင်း ပြန်ပေးမှဖြစ်မယ် . . ."

ပျင်းရှင်နောင်နဲ့ ပတ္တမြားဝင်းထိန်မှာ ကျွန်တော်က မပြောသင့်တဲ့ စကားကိုပြောဘိသကဲ့သို့ သူတို့သူဌေးမျက်နှာကို ကွက်ခနဲကြည့်လိုက်ပြီး ကျွန်တော့ကို အပြစ်တင်သံနှင့် ပတ္တမြားဝင်းထိန်က . . .

"မင်းကွာ တနင်္လာနေ့ ဘဏ်ဖွင့်တော့ ရမှာပေါ့ကွ၊ မလိုချင်





သေးပါဘူး ခဏ ဆိုင်းပါဦး ဆိုတော့ဝ် ရမှာမဟုတ်ဘူး . . ."

"ဒါဖြင့်မောင်း . . . ပရန်းဟောကို . . ."

"ဘယ်သူ့ဆီလဲကွ"

"ငါ့အစ်မကြီး စာရေးဆရာမ ခင်မိုးသစ် သူ့ဆီရှိရင်တော့ ရမှာပဲ"

သူဌေးမင်း၏ ဟစ်လမင်ကားသစ်မှာစီး၍ ကောင်းလှပါဘိသည်၊ မကြာမီ တကောင်းဟောနောက်က အစ်မကြီး ခင်မိုးသစ်ရိပ်သာကို ရောက်လေသည်။

နေ့လည် နှစ်နာရီခန့်မို့ အစ်မကြီး အိပ်နေသည်။ ကျွန်တော်က အားမနာ၊ ပါးမနာ နှိုးပြီး အကျိုးအကြောင်း ပြောသည်။

"သူဌေးပါအစ်မကြီးရာ။ ကြည့်ပါလား ကားမှအသစ်ကြီး။ ပျင်းရှင်နောင်ပါ ကျွန်တော်နဲ့ ကားပေါ်မှဆင်းလိုက်လာသည်ဖြစ်၍ သူကလည်း . . .

"အောင်မလေး တောင်ကြီးက မိုင်းသူဌေးသိန်းလေးဆယ်လောက် ချမ်းသာပါတယ်"

"သူဌေးတာ မသူဌေးတာ အရေးမကြီးပါဘူးဟယ်။ ငါကတော့ ဟော့ဒီ မောင်ဆွေ လိုချင်တယ်ဆို ပေးလိုက်ရမှာပဲ . . . တစ်ရာတော့ ပြည့်မယ်မထင်ဘူး"

ကျွန်တော့က "ရှိသလောက်ပဲပေးဗျာ"

အစ်မကြီးသည် ဟိုရှာ . . . ဒီရှာပြုရင်း . . .

"ဟင် . . . သော့တောင် ဘယ်ထားမိတယ် မသိဘူး . . . ပိုက်ဆံကဟောဒီ ဘီရိုထဲထားတာ"

သော့ခလောက် ခတ်ထားသော သစ်သားဘီရိုကို ပြပါသည်။

ကျွန်တော်လည်း ခေါင်းအုံးအောက်တွေ၊ သူ့ထမီပုံ ကြားတွေ၊ သော့ကိုရှာပါသည်။ သို့သော်မတွေ့။ ခေတ္တမျှကြာသော်စိတ်မြန်ကိုယ်ဖြစ်သော အစ်မကြီးမှာ စောင့်ရသည့်ကျွန်တော့တို့ကိုပင် အားနာ၍ . .

"ကဲ . . . မောင်ဆွေ . . . ရှာမနေနဲ့တော့ ဒီသော့တူမရှိဘဲနဲ့ ရအောင်ဖွင့်ပြမယ်" ဆိုပြီး သော့ခလောက်ကို သံချွန်နဲ့ ထိုးပြီးတူနဲ့ရိုက်ဖွင့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီးသည် အထဲက ငွေစက္ကူထုပ်ကို ယူကြည့်ပြီး . . .

"ဟာ . . . ငွေခြောက်ဆယ်ပဲရှိတယ်ဟေ့ . . . ငါတို့နက်ဖြန် ဈေးဖိုးတစ်ဆယ်ချန်ပြီး ငါးဆယ်ပဲယူသွားကွာ"

ကျွန်တော်သည် လက်ကမ်းလင့်ကာ . . .

"ရသလောက်ပဲပေါ့ အစ်မကြီးရာ . . ."

"ဟေ့ . . . ဒီလထဲသုံးဖို့ဈေးဖိုး ငါ့မှာ ဒါပဲရှိတယ်နော်၊ တနင်းလာနေ့ ဟေ့ ဆက်ဆက်ပြန်ပေးသိရဲ့လား . . ."

"စိတ်ချပါဗျာ . . ."

ကျွန်တော်က ရဲဝံ့စွာ အားမခံပါသည်။

ဝါး . . . နှစ်ညအိပ်၍ နှစ်ရက်ရောက်ခဲ့ပါပြီ . . .

ယနေ့သည် စိတ်နှင့် ကျွန်တော်နှင့်အတော်ပဲ ညစ်နေရပါသည်။ စိတ်အညစ်သိပ်ဟာစ်ပြီးအော်လိုက်ရန် အကြောင်းနှစ်ရပ်ပေါ်နေပါသည်။

(၁) အချက် ယနေ့ တနင်းလာနေ့ ညနေလေးနာရီ ကျော်ပြီ၊ ခွေးမသား ပတ္တမြားဝင်းထိန် စနေနေ့က အမကြီးဆီက ယူသွားသော ငွေငါးဆယ် လာမပေးသေး။

(၂) အချက် ကျွန်တော့အတွက်ပို၍ဆိုးသည်။ ကျွန်တော်ဟို့တိုက်အယ်ဒီတာက သူ၏လုံမေအမျိုးသမီးအဖွဲ့၏ ဟာဝေယန်အက သွားကြည့်ပြီး အာတိကယ်တစ်ခုရေးရန် လက်မှတ်တစ်စောင် ပို့၍ခိုင်းခဲ့ထားသည်။

မိတ်ဆွေမနေ့က သူ၏လုံမေကောင်မလေးတွေ . . . အကပြမှာကို ကြည့်ရမည့် ကိစ္စဘာဇာကြောင့် ကျွန်တော့အတွက်ခက်နေသနည်း၊ ဒါမျိုးဝါသနာမပါလို့လား ဟုမေးစရာရှိပါသည်။

ဝါသနာပါသမှ အလွန်ပါပါသည်။ သို့သော် . . . ကျွန်တော့အတွက်ခက်သည်မှာ ဟိုတစ်ဘက်က ကျွန်တော့ကို ဆော်ပလော်တီးလွှတ်လိုက်သော ပတ္တမြားဝင်းထိန်၏ အဒေါ်မုတ်ပွန်တင်တင်ကြီးနှင့် ဦးညြမယ်တို့ကို တွေ့ရမှာကြောင့်ဖြစ်ပါသည်။ သူတို့ကို မတွေ့ပဲကား ဘယ်နည်းနဲ့မှ ဖြစ်မည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် မုတ်ပွန်တင်တင်ကြီးသည် ၎င်းအမျိုးသမီးအဖွဲ့မှာ ဥက္ကဋ္ဌ၊ ဦးညြမယ်က အတွင်းရေး





မှူး သူတို့ကပွဲသွားတော့ သူတို့ကိုမတွေ့ရမှာ မဂိုလမ်းကုလားရှောင်သလိုသာဖြစ်ချေတော့သည်။

ယခုကျွန်တော့ အယ်ဒီတာက ပို့လိုက်သော လက်မှတ်မှာ မုတ်ပွန်တင်တင်ကြီး၏ တံဆိပ်ရာကြီးဖြစ်သည်။ "ဟေ့ . . . သူငယ်။ မင်းကို နောက်ဆုံးမှာလိုက်ချင်တာက ငါ့တူခွေးသူခိုး ပတ္တမြားဝင်းထိန်ကို နောက်ထပ် သူ့သူငယ်ချင်းအူကြောင်ကြောင်အကောင်တွေ မလွှတ်ဖို့ပြောလိုက်ပါ" ဆိုသောအသံဆိုးကြီးကို ကျွန်တော့နားထဲကြားယောင်လာပါသည်။

ဤသို့ မုတ်ပွန်တင်တင်ကြီးနှင့် အချင်းဖြစ်မထားဘူးဆိုပါက သတင်းစာတိုက်က အယ်ဒီတာတစ်ယောက်အနေနှင့် မည်မျှလောက်သွား၍ ကောင်းချိမ့်မည်နည်း၊ ယခုကား ကျွန်တော့ကိုတွေ့၍ရမှ တိုက်က အယ်ဒီတာဆိုတာ ယုံအောင်မနည်းပြောရမည့် အပေါက်ရောက်နေပြီ အကြောင်းမှာ ယခင်အပတ်က ကျွန်တော်က သူ့အိမ်သွား၍ ဂေါ်ရီရင်နှစ်ဂျာနယ်က အယ်ဒီတာဟု လိမ်မှုက တိုက်ရိုက်ကြီးပေါ်သွားသည်။

"တောက် . . . နွားမသား ပတ္တမြားဝင်းထိန်အကြောင်းဟင်" အခိုက်မှာပင် ကျွန်တော်အိမ်ပေါ် ရောက်လာသည်။ သူ့မျက်နှာမှာ လောက်ထိုးတော့ ခမန်း ပုပ်နေလျှက် . . .

"ဟေ့-ဖိုးဆွေ ငါတော့ အနူလက်သီးထိုးခံရပြီကွာ . . ."

"ကျွန်တော်အံ့အားသင့်ကာ . . .

"ဟင် . . . ဘယ်ကအနူလဲ မင်းကသူ့အနားသွားပြီး ဘာလုပ်လို့လဲ ဘယ်နေရာထိုးလိုက်တာလဲ ရေမိုးချိုးပြီး ဆရာဝန်ဆီဆေးဘာသွားထိုးလေကွာ"

သူ့ကိုယ်ကို ကုလားထိုင်ပေါ်ပစ်ထိုင်လိုက်ပြီး . . .

"မင်းမအူစမ်းပါနဲ့ ငါခု ဘာဖြစ်ခဲ့သလဲသိလား . . ."

"ဘယ်သိမှာတုန်း"

"ဟိုခွေးမသား"

"ဘာလဲ . . . မင်း သူ့ရွှေး ငါ့ဟိုငွေ ၅၀ ပေးလိုက်လား"

"မင်းငွေ ၅၀ ပေးထားပါဦး၊ ငါ့ဂျယ်နီလေးအတွက် ပျိုးထောင်တဲ့မျှော်လင့်ချက်ကြီးဟာတောင် ပျက်စီးရပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . မင်းကောင်က အိမ်မဝယ်တော့ဘူးတဲ့လား"

"ဘယ်ကလာ . . . ကွာ . . . တောက် . . . ခွေးမသား ပျင်းရှင်နောင် သူလဲမသိဘူးတဲ့"

"ဘာမသိတာတုန်း"

"ဟာ . . . ဟို သူဌေးဆိုတဲ့ ငနဲက စိတ်နောက်ပြီး သူ့အိမ်က ငွေ ၃၀၀ဝိ ခိုးလာတာဆိုပဲကွ . . . ခုတောင်ကြီးက သူ့မိဘတွေလိုက်လာပြီး ခေါ်သွားပြီ မနေ့ကပဲ"

"ဟိုက် . . . ဒါနဲ့ သူစီးနေတဲ့ မော်တော်ကားကော"

"အဲဒီ ကားက စရံနှစ်ထောင်ပေးစီးနေတာ . . . ခုစရံဆုံးပြီး ကား ပြန်ပေးခဲ့ရပြန်ပြီ"

"မင်း . . . ဟို . . . ငါ့အစ်မကြီးဆီက ငွေ၅ဝိ နေနေသာသာ ကွာ . . . သူလာခေါ်တဲ့ လူတွေက ပစ်ကာယ်ဒလီက ငွေတွေတောင် အကုန်မရှင်းခဲ့လို့ . . . ကိုးယိုးကားယား ဖြစ်သွားကြတာကွ"

"ငါ့လခွီးတော့မှပဲ ကဲ . . . ဒီငွေ ၅ဝိ ဘယ့်နှယ်လုပ်မတုန်း၊ ဒီနေ့ပေးမယ်ပြောထားတာ"

"မင်း . . . ငွေ၅ဝိ ထက် ဂျယ်နီလေးအတွက်က သန်ဘက်ခါ မပေးနိုင်ရင် သူ့စရံငွေ ၂ဝိဆုံးတော့မှာကွ ငါ့ခေါင်းမီးတောက်ပြီ သူငယ်ချင်း"

"ဟုန်းဟုန်းပဲ တောက်တောက်ကွာ . . . မင်းလုပ်တာကိုက မရေမရာ . . . ငါအစထဲက ပြောသားပဲ။ မိန်းကလေးတစ်ယောက်ကို ဒီလောက် မညှင်းဆဲပါနဲ့လို့"

"ပြောတော့ကွာ . . . သူငယ်ချင်းပြောတော့ . . . မင်းကြံနိုင်ရင်ကြံစမ်းပါအုံး . . ."

"ဒီငွေ ၂ဝိကြီး ငါဘယ့်နှယ်ကြံနိုင်မှာတုန်း . . . ဟို အမကြီး ငွေ ၅ဝိလဲ ငါကတာဝန်ခံထားတာ၊ ခုလထဲ သူတို့ဈေးဖိုးဒါပဲရှိတယ်တဲ့ ခမျာ ဘီဒိုသော့တောင် ရိုက်ချိုးပြီးပေးလိုက်တာကွ . . ."

ကျွန်တော်တို့ နှစ်ယောက်သား ငိုင်ကြတော့သည်။

"တောက် . . . တောကြီးက ငနဲတစ်ယောက် စိတ်လာနောက်တာနဲ့ တို့ဂယက်ခတ်ရတာကွာ . . . ပျင်းရှင်နောင်က ဘာပြောသေးလဲ"





"သူလဲ ဒီလိုစိတ်နောက်လာတယ်ဆိုတာကို မသိဘူးတဲ့ . . . တောင်ကြီး သူသွားနေတုန်းက သိခဲ့တာ . . . ဂွဒ်ဖင်းမလီးထဲကပဲတဲ့"

"ငါ့လခွီးတဲ့ ဟိုအဝိုင်းကြီးပေါ်မှာ လ,ကြည့်ပြီး ဆေးတံခဲ မျက်ရည်ကျနေကထဲက မင်းအကဲခတ်ဖို့ကောင်းတယ် . . . ဒါပဲ . . . မင်းက ငါပြောတော့ ဘာ . . . တောင်ကြီးရှမ်းပြည်နယ် . . တောင်ကြီး ရှမ်းတွေ လွမ်းတာ ဒီလိုပဲတဲ့"

"ပျင်းရှင်နောင်က ငါ့ပြောတာလေ . . ."

"မင်းကလဲ ယုံသကွာ . . ."

"မင်းကော ငါကတစ်ဆင့်ပြောတော့ ယုံတယ်မဟုတ်လား"

"တော်စမ်းပါ ငါ့လခွီး . . . လ,ကြည့်ပြီးရူးတာကို အင်္ဂလိပ် လို လူနာ့တစ်ခေါ်တယ်ကွ။ ဒီအရူးမျိုးက ခပ်ယဉ်ယဉ်ရယ် . . . စိတ် ကူးယဉ် သမားတွေဖြစ်တယ် . . ."

"သူလဲ ရန်ကုန်လာပြီး အိမ်ဝယ်မယ်၊ တိုက်ဝယ်မယ်နဲ့ စိတ် ကူးယဉ်တာပဲကွ"

"သူစိတ်ကူးယဉ်တာနဲ့ ငါတို့ကြားက ဂျောက်ကျရတယ်"

"အေးလေ ငါလဲ ဂျယ်နီလေး ငွေ ၂ဝိ အာမခံလိုက်တာ သူ့ ကြောင့်ပေါ့ကွ"

"ကဲ . . . ခုဘယ့်နှယ်လုပ်ကြမလဲ . . ."

"ငါတော့ မကြံတတ်တော့ဘူး . . ."

"တယ် . . . တော်လဲတော်တဲ့ကောင်ကွာ . . ."

"သောက်ရေးထဲဟော့ ဒီမှာ . . မင်းအဒေါ်ကြီးနဲ့ ငါမျက်နှာချင်း ဆိုင်ရဦးမဲ့ ကိစ္စကြီးက ကြုံနေသေးတယ်" ဖိတ်သောလက်မှတ်ကို ပြ လိုက်ပါသည်။ သုံ့ကိုင်ကြည့်ကာ . . .

"ဘာလဲကွ"

"သူတို့ သူဇာလုံမကောင်မလေးတွေ ဟာဝေယန်က,ကတာ ကြည့်ပြီး အဲဒီအကြောင်း မဂ္ဂဇင်းထဲရေးဖို့ ပရက်စ်ဖြူးခေါ်တာတဲ့ကွာ ငါ့တိုက်က အယ်ဒီတာကလဲ ငါ့မှရွေးလွှတ်လိုက်တယ် မသွားလို့လဲ မဖြစ်ဘူး . . ."

"သွားပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သွားတော့ မင်းအဒေါ်ကြီးနဲ့ မျက်နှာချင်းဆိုင်ရမှာ . . ."

"ဘာဖြစ်လဲကွ"

"ရှက်တယ်ကွ"

"ဒါကြီး ဂရုစိုက်လို့ကွာ"

"ငါ့မြင်ရင်တော့ သူတို့ပွဲလာပြီး ဘာအကြောင်းကြောင်း လုပ်ပြန်လဲ မေးဦးမှာပဲ"

"ဒီတော့ မင်းအမှန်အတိုင်း ပြောလိုက်ပေါ့ကွာ . . ."

ဆိုပြီး သူရုတ်တရက် စိတ်ကူးပေါက်ဟန်နှင့် . . .

"အဲသည်တော့ သူ စိတ်ပါပြေပြီးတော့ ဂျယ်နီလေးကို အလုပ်ပြန်ပေးချင်ပေးမှာကွ၊ မင်းကလဲ ဆွယ်ပြောကွာ . . ."

ကျွန်တော် မျက်နှာကို ရှုံ့ကာ . . .

"ဟော့ တော်တော်၊ မင့် ကစီပတ် ငါ့အပေါ်လာမပုံနဲ့တော့။ ငါ့ဖာသာ ငါမှာ စိတ်ညစ်ရတဲ့အထဲ ကဲ . . . မင်းပြန်ရင်ပြန် ငါဟို ငွေ ၅၀ ဘယ့်နှယ် လုပ်ပြောရဦးမယ် မသိဘူး"

"အို . . . ဘာပြောနေစရာလိုလဲကွာ။ သူတို့အိမ် မသွားပဲနေပေါ့ကွ"

"ငါလခွီး . . . ခုလထဲ ဈေးဖိုး ဒါပဲ ရှိတယ်တဲ့ကွ"

"အမယ်လေး . . . သူတို့ ဝမ်း မင်းက ပူမနေပါနဲ့ကွာ သူတို့ကိုယ်သူတို့ အငတ်ခံနိုင်မယ် မဟုတ်ပါဘူး။ ကြံဖန်စားကြမှာပေါ့"

"တောက် ဖြစ်ရလေကွာ"

*

နောက်တစ်နေ့ ည ၇နာရီတွင် သူဇာလှုံမေတို့ကပွဲသို့ လာခဲ့ရပါသည်။ က,ပွဲမှာ ရွှေဂုံတိုင်လမ်း သူတို့အသင်းတိုက်တွင်ဖြစ်သည်။ တော်တော်ပင် လူစစ်ဟန်တူသည်။ အဝမှာ ဖိတ်စာ လက်မှတ်ပြမှ ဝင်ရသည်။

မရမ်းနုရောင် နီယွန်းမီးချောင်းတို့မှာ လူတို့ကို လှပစေ၏။ အထူးသဖြင့် တလှုပ်လှုပ်တရွရွဖြစ်နေကြသော သူဇာလှုံမေတွေပို၍ လှနေ၏။ အသင်းသူကလေးများသည် အဝတ်ဆင်တူဝတ်ကြကာ လာသည့် ဧည့်ပရိသတ်ကို ရေခဲမုန့်ဖြင့် ဧည့်ခံ၏။





ကျွန်တော်ရောက်ချိန်၌ လူတွေ တော်တော်များနေပြီ၊ လူတွေမှာ က,ပွဲ မစသေး၍ ကုလားထိုင်မှာ မထိုင်ကြသေး။ အသင်းတိုက်ပေါ်တွင် ရုတ်ရုတ် ရုတ်ရုတ်နှင့် ဟိုတစ်စု ဒီတစ်စု နေကြ၏။ ကျွန်တော့်မှာကား အဖော်မပါတစ်ယောက်ထဲ ဖြစ်နေ၏။

ယခုအထိကား မုတ်ပွန်တင်တင်ကြီး၊ ဥသြမယ်တို့နှင့် မျက်နှာချင်းမဆုံမိသေး။ ကျွန်တော် သူတို့ကို ရှာကြည့်ရာ တောင့်တစ်နေရာတွင် သူတို့နှစ်ယောက်သည် အရပ်ပုပြတ်ပြတ် မျက်မှန်တပ်ထားသော လူရွယ်တစ်ယောက်နှင့် စကားပြောနေသည်ကို မြင်ရ၏။ သူတို့အမူအယာမှာ တစ်စုံတစ်ရာကို မကျေမနပ်ဟန်ပေါ်နေကြပါသည်။ ကျွန်တော်ကား သူတို့ကို ကိုယ်ဟန်မပြဝံ့။ အသာကလေး ကုတ်နေရပါသည်။

ငှင်းနောက်၌ မုတ်ပွန်တင်တင်ကြီးနှင့် ဥသြမယ်တို့သည် လူစုခွဲပြီး ပရိသတ်ကို သူခိုးရှာသော မျက်စိမျိုးတွေနှင့် လျှောက်ကြည့်၏။ ခက်ချည့်ကရို့ ဘာများဖြစ်ကရောလဲ။

မုတ်ပွန်တင်တင်ကြီး ကျွန်တော့်အနီးလျှောက်လာသည်၌ ကျွန်တော့်ရင်မှာ တထိတ်ထိတ်နေပါသည်။ သူ့ဘက် မလှည့်ပဲ ကျောခိုင်းကာ နေလိုက်ပါသည်။ သို့သော် ယခုကျွန်တော့် နောက်က ခြေသံကြားရပြီး . . .

"ဘယ့်နှယ့်ဟော့ သူငယ် . . ."

ကျွန်တော့်ရင်ထဲမှာ ရှိန်းခနဲ ပူသွားပြီး သူ့ဘက်လှည့်လိုက်ရကာ . . .

"ခင်ဗျာ"

"မင်း အသင်းသားလား"

"မဟုတ်ပါဘူးခင်ဗျာ"

"ဒါဖြင့် ဘယ်က လက်မှတ်ရလို့ လာတာလဲ"

"ကျွန်တော်တို့ တိုက်ကပါ"

"ဘယ်တိုက်ကလဲ"

"ဗဟိုနေ့စဉ်ပါ"

"တဆိတ် ကျေးဇူးပြုပြီး လက်မှတ်ပြစမ်းပါကွယ်"

ကျွန်တော် ပြလိုက်ရပါသည်။ ဟင်းမှ မအီမလယ် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် ကျွန်တော်အနီးက ဖဲကြဉ်သွားပါသည်။ ကျွန်တော်မှာ ဟင်းခနဲ သက်ပြင်းကြီးချလိုက်ပြီး အခုမှ ပူသွားသော ရင်ကို အေးရအောင် ရေခဲမုန့်ကျွေးသောနေရာသို့ သွား၍ တစ်ပန်းကန်တောင်းပါသည်။ လှပသော သူဇာလှိုင်မေ နှုတ်ခမ်းနီမလေးသည် အားနာပြုံးလေးပြုံးလိုက်ကာ . . .

"ကုန်သွားပါပြီရှင်"

ကျွန်တော်က . . .

"ဟင် . . . ဘယ့်နှယ်"

"လူတွေက စီမံထားတာထက် ပိုလာနေလို့ပါရှင့်"

ဤစဉ်၌ ကျွန်တော့်နောက်မှ . . .

"တဆိတ်ခင်ဗျာ . . ."

ဆိုသော ညောင်နာနာ အသံကြား၍ လှည့်ကြည့်လိုက်ရာ အခုန ဥဩမယ်တို့နှင့် စကားပြောနေသော ပုပြတ်ပြတ် မျက်မှန်တပ်ထားသော လူရွယ်၊ အပေါ်ဖုံး သက္ကလပ်အကျီ ဖွဲနုရောင်နှင့် ဘောင်းဘီကောက်လုံချည် မရမ်းနီရောင်နှင့် . . .၊ ကျွန်တော် . . .

"ဘာလဲ ခင်ဗျာ"

"ခင်ဗျား ကျွန်တော်တို့ အသင်းသားလား"

"ခင်ဗျားတို့ ဘာအသင်းလဲ"

"သူဇာလှိုင်မေ"

"ကျုပ်ယောက်ျားပဲ၊ ဘယ့်နှယ်လုပ်ပြီး ကောင်မလေးတွေအထဲ ဝင်လို့ရမလဲ"

"ဒါဖြင့် ခင်ဗျား ဘယ်က လက်မှတ်နဲ့ လာခဲ့တာလဲ"

"ကျွန်တော် ဗဟိုနေစဉ်တိုက်ကပါ။ ဟောဒီမှာ ခင်ဗျားတို့ ဥက္ကဋ္ဌကြီးလက်မှတ်နဲ့ ဖိတ်လို့တဲ့ . . .။ ကျွန်တော်တို့တိုက် အယ်ဒီတာက သူဇာလှိုင်မေ ဟာဝေယန်ဒန့်(စ်) အကြောင်း အာတီကယ်လ်တစ်ခုရေးဖို့ လွှတ်လိုက်လို့ လာရတာပါခင်ဗျား။ ခုန ခင်ဗျားတို့ ဥက္ကဋ္ဌမကြီးလဲ ကျွန်တော့်ကို စစ်ဆေးသွားပါပြီ"

ဤမှ သူမျက်နှာကလေး ပျော့စိစိနှင့် ကျွန်တော့်ကို အားနာသွားကာ . . .

"ဟာ . . . ဆောရီးဗျာ။ ဆောရီး ဒီကပွဲက ကျွန်တော်တို့





အသင်းသားတွေ ဖိတ်တာ။ ဒါကြောင့် ခင်ဗျားကို မမြင်ဖူးလို့ မေးတာပါ။ လာဗျာ။ အေးအေးဆေးဆေး ခင်ဗျား မေးချင်တာမေးပါ။ ကျွန်တော် ပြောပါမယ်"

စားပွဲ ကုလားထိုင်ရှိသော နေရာသို့ ကျွန်တော့်ခေါ်သွား၍ စီးကရက်ဗူးတွေ ဘာတွေနှင့် တည်ခင်းပါသည်။ ကျွန်တော် စီးကရက်တစ်လိပ် မီးညှိလိုက်ပြီး . . .

"ဒီအသင်း ဥက္ကဋ္ဌ မုတ်ပွန်တင်တင်ကြီးနော်။ အတွင်းရေးမှူးက ဥဩမယ် . . ."

"ဟုတ်ပါတယ် ကျွန်တော်တွဲဖက် အတွင်းရေးမှူး။ ကျွန်တော့်ကလောင်နာမည်က ယမုန်နာဝါ"

"ဩော် . . . ယမုန်နာဝါ၊ အင်း . . . ယမုန်ဆိုတာက မြစ်၊ နာဝါဆိုတာက ကုလား၊ ဘယ့်နှယ် မြစ်ကုလားဆိုတဲ့ အဓိပ္ပာယ်နဲ့ မှည့်တာလဲ"

"အိုး . . . ခင်ဗျားပြောတဲ့ အဓိပ္ပာယ်နဲ့ မဟုတ်ဘူးဗျ။ ပထမ စ, စချင်း ယမုန်နာဝါဆိုတဲ့ ကဗျာတစ်ပုဒ်နဲ့ နာမည်ရတာနဲ့ အဲဒီနာမည် ယူလိုက်တာဗျာ"

"ဩော် . . . ဟုတ်လား။ ခင်ဗျား ကဗျာလဲ ရေးတာတာကိုး"

"ကျွန်တော်ဟာ ကဗျာနဲ့ နာမည်ကြီးပြီး တစ်ပြည်လုံး ကျော်ကြားတာပဲခင်ဗျာ၊ ခင်ဗျား မသိဘူးလား"

"အားတော့နာပါရဲ့ခင်ဗျာ၊ ကျွန်တော် တစ်ခါမှ မကြားဖူးဘူး။ နို့ ခင်ဗျား ဝတ္ထုတွေ ဘာတွေကော ရေးသလား၊ လုံးချင်းဘာ ဝတ္ထုရေးဖူးသလဲ"

"ပထမဆုံး 'ငွေ' ဆိုတဲ့ဝတ္ထု၊ နောက် 'ယမုန်နာဝါ၏ ယမုန်နာဝါ"

"ဘယ်နှယ့် . . . နာမည်က"

"ကိုယ့်အကြောင်း ကိုယ်ရေးတာကိုးဗျ . . .။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိပေါ့။ ခင်ဗျား ဖတ်မလား၊ ကျွန်တော်ပို့လိုက်မယ်"

"နေပါစေဗျာ။ အားနာပါတယ်"

"ဟာ အားမနာပါနဲ့ နက်ဖန်ကာ ခင်ဗျားတိုက် ပို့လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ ခင်ဗျား နာမည်ဘယ့်နှယ်ခေါ်သလဲ"

"အား . . . ကိုတင်ဆွေ ခင်ဗျား။ ကျွန်တော့် အတ္ထုပ္ပတ္တိ ဖတ်စမ်းဗျ။ ခင်ဗျားတော့ တော်တော်ကြိုက်မှာပဲ"

"ဘာလဲ ချစ်ခန်း ကြိုက်ခန်း တော်တော်များများ ပါသလား"

"ဟင်အင်း . . .။ ကျွန်တော်တစ်ခါမှ မိန်းမမယူဖူးဘူး။ ရည်းစားလဲ မထားဖူးဘူး"

သေပဲ့ လောက လူ့ဘဝအကြောင်း ဘာမှ မဝင်သေးပဲနဲ့ အတ္ထုပ္ပတ္တိရေးတာများ။

"ဒါပေမယ့် ကျွန်တော့် အကြောင်းက တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်ဗျ။ ဂျပန်က ကျွန်တော့် ပုံတော်ဘိနပ်ယူသွားတာလဲ ပါတယ်"

လူတွေ ပါးရိုက်ခံရ၊ လက်သည်းခွံအခွာ ခံရဖြစ်နေတဲ့အခါမျိုးမှာ သူ့ဘိနပ်ဆုံးတာက တော်တော်အရေးကြီးနေဟန် တူပါသည်။ ကျွန်တော် စိတ်မရှည်နိုင်တော့ပဲ . . .

"ကဲ . . . ခင်ဗျား အကြောင်းတော်တော့ဗျာ။ ကျွန်တော်သိချင်တာက သူဇာလုံမေ အသင်းနဲ့ ဟာဝေယန်ဒန့်စ် အကြောင်းပဲ"

"မေးပါဗျာ။ မေးချင်တာ မေးပါ"

"ဒီ သူဇာလုံမေအသင်းက မိန်းမချည်းမဟုတ်ပဲ ယောကျ်ားတွေလဲ ဝင်ခွင့်ရှိသလား"

"အစဦး သူတို့ စဖွင့်တုန်းကတော့ မိန်းကလေးတွေချည်းပဲ။ နောက်မှ ဒီမိန်းကလေးတွေက မိန်းကလေးတွေချည်းဆိုတော့ ပျင်းစရာကောင်းတယ်။ ယောကျ်ားလေးတွေပါမှ နိပ်မယ်ဆိုပြီး စည်းကမ်းပြောင်းလိုက်တာ"

"ဒါဖြင့် ကျွန်တော် အခု ဒီအသင်းဝင်ချင်ရင် ဝင်နိုင်တာပေါ့"

"ဒါတော့ . . . မလွယ်ဘူးခင်ဗျ။ ဒီအသင်းဝင် မိန်းကလေးတစ်ယောက်ရဲ့ ရည်းစားသော်လည်းကောင်း၊ လင်သော်လည်းကောင်း၊ ဒီမိန်းကလေးရဲ့ ထောက်ခံချက်နဲ့ ဝင်ခွင့်ရှိတယ်"

"ဒါဖြင့် ဒီအသင်းဝင်ချင်ရင် ဒီထဲက ကောင်မလေးတစ်ယောက်ကို ရအောင်၊ ဂေါ်ရမယ့် အပေါက် ရောက်နေပြီ"





"ဟုတ်တယ်ဗျ"

"နို့ . . . ဒါနဲ့ ခင်ဗျား ခုနကပြောတော့ ခင်ဗျား ရည်းစားမထားသေးဘူးဆို ဘယ့်နှယ် ဒီအသင်းဝင် ဖြစ်ရတာလဲ"

သူသည် ရှက်ပြုံးကလေး ပြုံးလိုက်ကာ . . .

"အဲဒါက ခုန ကျွန်တော့် အတ္ထုပ္ပတ္တိရေးတုန်းက ပြောတာ ခုတော့ ရည်းစားရှိပြီဗျ ဟီး . . . ဟီး"

"ဟဲ . . . ဟဲ . . . ကြားရတာ ဝမ်းသာပါတယ်ဗျာ။ ဒါနဲ့ ခင်ဗျား အသင်းမှာ အသင်းသား ဘယ်လောက်ရှိသလဲ"

"(၇၃) ယောက်"

"ဟင် . . . အခု ဒီပေါ်မှာတင် ကျွန်တော်မြင်တာတော့ လူတစ်ရာကျော်နေပါလား"

"အေးဗျ။ ဘယ်က လူပိုတွေ လာကြမှန်းမသိဘူး။ ဒါကြောင့် အစားအသောက်လဲ မလောက်ဖြစ်သွားတယ်။ ဒါကို ကျွန်တော်တို့ လိုက်စစ်နေတာပါပဲ။ ခင်ဗျား ခုနမေးမိတာဟာ အဲဒါကြောင့်ပေါ့ဗျ"

"ခင်ဗျားတို့က ဘယ်လူတွေ ဘယ်လူတွေ ဖိတ်တာလဲ"

"ခင်ဗျားတို့ သတင်းစာ ဂျာနယ်တိုက်က လူ ၄-၅ ဦးနဲ့ ကျွန်တော်တို့ အသင်းသားချည်းပဲ။ ဒါနဲ့ အခု မျက်နှာစိမ်းတွေ တွေ့နေရတယ်။ အဲဟိုလူစုဟာ ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူးဗျ"

လူရွယ်တစ်စုကို လက်ညှိုးထိုးပြပါသည်။

ယင်းအခိုက် တာပင်တိုင် ဟာဝေယန်အက ပဏာမ ထွက်လာရာ ၎င်းလူစုသည် ရှီရှီ ဖြောင်းဖြောင်း လုပ်လိုက်၏။

ဤတွင် မုတ်ပွန်တင်တင်ကြီးနှင့် ဥဩမယ်သည် ကျွန်တော်တို့ဆီသို့ သုတ်သုတ် သုတ်သုတ်နှင့် လျှောက်လာကာ ယမုန်နာဝါအား ထိုလူစုထဲမှ တစ်ယောက်ကို သွားခေါ်စေ၏။ ထိုလူပါလာသောအခါ၌ မုတ်ပွန်တင်တင်ကြီးက . . .

"မောင်က သူဇာလုံမေ အသင်းဝင်လား"

၎င်းလူက ရှုံ့ရှုံ့မဲ့မဲ့နှင့် ခေါင်းရမ်းကာ . . .

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်က ကလောင်တစ်ပတ်နွမ်းအသင်းကပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကလေင်တစ်ပတ်နွှမ်း အသင်းက၊ ဒီ သူဇာလုံမေ အသင်းသားချည်း ဖိတ်တဲ့ပွဲကို ဘယ့်နှယ်လာရတာတုန်း"

"ကျွန်တော်တို့ လက်မှတ်ဝယ်လာတာပေါ့ဗျ"

မှတ်ပွန်တင်တင်ကြီးမှာ ရုတ်တရက် မျက်လုံးဖြဲကာ . . .

"တို့အသင်းက ဘယ်သူ့မှ လက်မှတ်မရောင်းရပါလား"

"အဲဒါတော့ ကျွန်တော်မသိဘူး။ ကျွန်တော်တို့တော့ တစ်စောင် ငါးကျပ်နဲ့ ဝယ်လိုက်ရတာပဲ"

"ကျွန်တော်တို့ ဥက္ကဋ္ဌဆီက"

"မင်းတို့ ဥက္ကဋ္ဌက ဘယ်သူလဲ"

"ဟော့ဟိုမှာ ကြီးထွားရေး မြင့်ဦးဆိုတာပဲ"

ကြီးထွားရေးဆိုသည့်အတိုင်း အတော်ပင် ကြီးထွား၍ဆန်ကုန်မြေလေး ကိုယ်ခန္ဓာရှိသော လူရွယ်တစ်ယောက်ကို ညွှန်ပြပါသည်။

"သူ့ကို ခဏ ခေါ်လိုက်စမ်းပါကွယ်"

သွားခေါ်၍ လုပုံနှင့်မလိုက်သော နှုတ်ခမ်းမွေးကျင်စွယ်နှင့် ကြီးထွားရေးမြင့်ဦးဆိုတာ ရောက်လာသောအခါ၌ သူသည် မှတ်ပွန်တင်တင်ကြီးကို သိသည်ဖြစ်၍ ပြုံးရွှင်သော မျက်နှာနှင့် . . .

"ဘာတုန်း အန်တီရဲ့။ ကြည့်ကောင်းနေတုန်းမှပဲ။ အိုက်စကရင်ကလဲ စားကောင်းသဗျာ။ ကျွန်တော်တို့ ၃ ခွက်စီလောက် ကြိတ်လိုက်ကြတာပဲ။ ဟဲ ဟဲ ဟဲ ကျွေးတဲ့ သူဇာလုံမေ ကလေးတွေက လှသကိုး"

"နေပါဦး မင်းတို့ကို ဒီလာဖို့ လက်မှတ် ဘယ်သူ့ဆီက ဝယ်တာလဲ"

ကြီးထွားရေး မြင့်ဦးသည် ရွှန်းရွှန်းပပသော မျက်နှာထားနှင့်

"အန်တီတူ ပတ္တမြားဝင်းထိန်လေ။ အန်တီက ရောင်းခိုင်းပါဆိုလို့ တစ်စောင် ငါးကျပ်နဲ့ အစောင်ငါးဆယ်၊ နှစ်ရာငါးဆယ်ဖိုး ကျွန်တော့်အသင်းသားတွေ အတွက် ဝယ်လိုက်ရပါလားဗျာ။ ကျွန်တော်ကလဲ အသင်းအချင်းချင်း ကူညီတဲ့ စေတနာနဲ့"

*

နောက်တစ်နေ့ နံနက်စောစော ပတ္တမြားဝင်းထိန် ကျွန်တော့်အိမ်သို့ ပေါက်လာကာ ဝင်းဝင်းထိန်သော မျက်နှာနှင့် . . .





"ဟဲလို . . . ဖိုးဆွေ . . . ဂွတ်ဒ်မောနင်း"

"မင်းအဖို့ ဘက်(စ်) မောနင်းပဲ သူငယ်ချင်း၊ ကဲ . . . ဘယ်မလဲ မင်းငွေ ၂၅၀"

"ဟော . . . မင်းဒါသိပြီးနေပြီ။ လခွီး . . . ငါက မင်းအံ့အားသင့်သွားအောင် ပြောမလို့"

"မလိုတော့ပါဘူးကွာ။ ၂၀၀ ကို ဂျယ်နီလေးပေး၊ ၅၀ ကို အ◌ာ်မကြီး ခင်မိုးသစ်ကိုဆပ်"

"အဲ့ဒါ . . . မင်းနဲ့ တိုင်ပင်မလို့ လာတာပဲ။ ဂျယ်နီတော့ ငါက ပေးပြီးပြီ။ ဟောဒီ ငါးဆယ်ကို သူများယူတဲ့ကြွေး တို့ကပေးရမလား။ အရက်သောက်ပစ်ရင် မကောင်းဘူးလားကွာ"

"ဖြစ်ပါ့မလား သူတို့မှာ ခုလဈေးဖိုး ဒါပဲရှိတာတဲ့"

"ဟ . . . တနင်္လာနေ့ထဲက ပြောတာ အခု ဗုဒ္ဓဟူးနေ့ပဲ ရောက်နေပြီ။ သူတို့တစ်ခြားက ရှာကြံပြီး ရောပေါ့။ ပေးစရာ မလိုတော့ပါဘူးကွာ"

"ငါလခွီး ငါ့ယုံလို ပေးတာ မျက်နှာပူစရာကြီး"

"အမလေး . . . ကြွေးဆိုတာ ကြာတော့ သွေးအေးပြီး မျက်နှာမပူတော့ပါဘူးကွ။ ကိုယ့်လက်ထဲရောက်နေတဲ့ငွေ သူများပေးရမှာ နှမြောစရာကြီး၊ ညနေ 'ဂရင်း' သွားပြီး ထိုင်ရအောင်ကွာ။ ဒီနေ့ ဗုဒ္ဓဟူး 'ဒန့်စ်' လဲရှိတယ်ကွ"

ကျွန်တော့်မှာ ဂရင်းဟိုတယ်က 'ဗက်စစ်(စ်) တီးနိုင်းစကော့ချ်ဝီစကီ' နှင့် အအေးသေတ္တာထဲ ထည့်ထားသော ဆိုဒါရှုရှုကလေးကို တွေး၍ သွားရည်ကျမိကာ . . .

"အေး . . စိန်လိုက်ကွာ။ ဒီလို ကောင်းကောင်းမွန်မွန် မသောက်ရတာလဲ ကြာပါပြီ။ ဒါနဲ့ ဟေ့ကောင်ကြီး မင်းဘယ်လိုလုပ် လက်မှတ်ရောင်းတာလဲ"

"အို . . . မင်းပြတဲ့ လက်မှတ်ကို ကြည့်ပြီး ပြန်သွားတော့ လမ်းမှာ စိတ်ကူးပေါ်တာနဲ့ ငါ့အဒေါ်အိမ်က သူ့တံဆိပ်တုံး သူမရှိတုန်း သွားဘုံးပြီး လုပ်လိုက်တာကွ။ တောက် . . . အစောင် ငါးဆယ်ထဲ လုပ်မိတာ နှာသကွာ"



www.burmeseclassic.com

www.burmeseclassic.com

## တူမောင်မယ်ချစ်ကြဖို့အရေးရယ်

"တူမောင်မယ် ချစ်ကြဖို့အရေးကွယ် တွေး တွေးပြီးကွယ်၊ ဆွေး . . . . ဆွေးလှတယ်။ ဖြေပါသော်လည်း မရတော့တယ်"

အသံဝါ အသံပြာ အသံနက်ဟူ၍ စက္ခုဖြင့် မမြင်ရသော အရာကို လူများက ကြံဖန်ပြီး အရောင်တပ်ကြသည်၌ ယခု အချိန်မဟုတ်၊ အခါမဟုတ်၊ အိပ်ရာပေါ် ကျွန်တော်နှင့်အတူ လှဲလျောင်းနေသော ပတ္တမြားဝင်းထိန်၏ ပါးစပ်မှ ပေါက်ကွဲလာသည့် အသံကိုကား အဘယ်ပန်းချီဆရာသည် အဘယ်ကဲ့သို့ အရောင်ခြယ်သမည်မသိရသော်လည်း ကျွန်တော်မူ ရုတ်တရက်ဖြင့် အလန့်တကြား မျက်လုံးမျက်ဆံပင် ပြူးသွားကာ . . .

"အလို . . . ဘုရား . . . ဘုရား . . . ဟ ကောင်ကြီး အ,ကာလညအခါ ဘယ်နှစ်နာရီရှိနေပြီ အောက်မေ့လိုလဲ"

ကျွန်တော် လက်က နာရီကို ကြည့်လိုက်ပါသည်။

"၁၂ နာရီ ၁၅ မိနစ် ရှိနေပါပြီ။ သန်းခေါင်ကျော်နေပြီကွ။ မင်း ငါ့ကို နှိပ်စက်ချင်တောင် အရပ်ကို အားနာဖို့ကောင်းပါတယ်ကွ"

သို့သော် သူသည် ကျွန်တော့် စကားကို ဂရုမစိုက်ပဲ . . .

"ဟော့ . . . သူငယ်ချင်း . . . ကိုယ့်လူဖိုးဆွေ"

"ဘာတုန်းကွ . . ."





"လူ့ပြည်ဟာ တယ်ပြီး အသုံးမကျတာပဲကွာ"

"ဒါဖြင့် ခွေးပြည် သွားနေပါလား"

"လူ့ဘဝဟာ အင်မတန် ငွတီးငွကျနိုင်တယ်ကွာ"

"အေး . . ဒါဖြင့် အိပ်တော့"

"ဖိုးဆွေ ငါပြောပြမယ်၊ လူ့ဘဝခရီးဟာ ကြိုးတန်းလျှောက်ရတာနဲ့ အတူတူပဲ တစ်ချက်ကလေး အတိမ်းအစောင်း မခံဘူး"

"အေး အိပ်တော့ကွာ၊ ငါ အိပ်ချင်ပြီ မင်း ငါ့ကို တစ်ညလုံး စကားပြောပြီး သတ်မယ် ကြံသလားကွာ"

ဟုတ်ပါသည်။ သူသည် ညနေ ထမင်းစားပြီး ကတည်းက သူ ပြောချင်တာတွေ လျှောက်ပြောနေခဲ့ရာ အခုနကလေးကမှ အပြောရပ်ပြီး ငြိမ်သွားတော့ ကျွန်တော်က သူအိပ်ပျော်သွားပြီထင်၍ ဝမ်းသာသွားသည်။ စင်စစ်တော့ ဒီကောင်က မျက်စိမှိတ်ပြီး နောက်ထပ် ပြောဖို့ရှာကြံနေတာကိုး။

အင်း . . ပြောစရာတွေ တွေ့သွားပြန်ပြီကော . . ဒီကောင်ကြီးမှာ သူပြောချင်တာ ရလာပြီဆိုလျှင် နေ့စေ့ရက်စေ့ ကိုယ်ဝန်ဆောင်နှင့် အတူတူ။

"ဟော့ ဖိုးဆွေ . . ငါ တလောက ဂေါ်ပွဲ တစ်ခုမှာ တစ်ချက်ကလေး မတိမ်းမှစောင်းခဲ့ဘူး ဆိုရင် ငါအခုလောက်ရှိ ထားဝယ်မှာ မိုင်းသူဌေးကလေး ဖြစ်နေပြီပေါ့ကွာ"

"မိုင်းသူဌေး"

"အေး. ငါ့ကောင်မကလေးကမိုင်းသူဌေးသမီးကွ။ ခင်သိန်းထိ"

"မင်းနာမည်က အပေါစားနိုင်လိုက်တာကွာ"

"ဟ ဒါများ သိန်းချီထားတာ အပေါစား နိုင်သေးလားကွ"

"နိုင်ပြီကော သိန်းထိက ဘယ်သူထိုးထိုး တစ်ခါထိုးမှ နှစ်ကျပ်ရယ်"

"ထပ်သရီး သူ့နာမည်ရင်းက ခင်သိန်းကွာ . . ဒါပေမယ့် သူ့အဖေကြီး ဦးဗေ့ပိန်ထိမို့"

"ဦးဗေ့ပိန်ထိ ဆိုင်း ဆရာကြီးလား"

"မိုင်းသူဌေးပါ ဆိုနေ . . ထားဝယ်နာမည်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနာမည်မျိုး ကြားဖူးပေါင်ကွာ"

"အေး . .ကြားဖူးပြီမို့လား။ နားထောင် ဒီလူကြီးနဲ့ ငါနဲ့ ဘာမဟုတ်တာလေးကြောင့် ဘာဖြစ်သလဲ သိလား"

"သိပေါင် . .သိလဲ သိချင်ပေါင် အိပ်ချင်ပြီကွာ . .အဝါး . . ဟား . .ဟား"

"မင်း သာပြောတာ ကြားရရင် အိပ်ချင် ပြေသွားမှာပါ၊ အဲ့ဒီဘာမဟုတ်တာ ကလေးက မောင့်ကြက်သရေကွာ"

"ဘာ . .မောင့်ကြက်သရေ"

"မောင့်ကြက်သရေ ခေါင်းပေါင်းကွာ ငါ့ဒုက္ခပေးသွားတာ"

"မင်းနဲ့ မောင့်ကြက်သရေ ခေါင်းပေါင်းနဲ့ ဘာဆိုင်တုန်း မြပိုးထည်တိုက်က ရောင်းတဲ့ဟာကို"

"အဲဒီတုန်းက ငါ့မှာ ခေါင်းပေါင်းတွေ ဘာတွေ ပေါင်းရတဲ့ အခြေ ဖြစ်ခဲ့တယ်"

"ဘယ်မှာတုန်း"

"ငါ့ အဒေါ်အိမ်မှာတုန်းကပေါ့ကွာ. .၊ သူက နဂိုက ပိုက်ဆံရှိတဲ့ စာရေးဆရာမကြီးဆိုတော့ မင်းပွဲစိုးပွဲသွားတဲ့အခါမှာ ငါ့ကို ခေါ်ရင် ငါ့မှာ ခေါင်းပေါင်းတွေ ဘာတွေ အကျပေါင်း ရတယ်ကွ၊ အဲ့ဒီတုန်းကဲ ခင်သိန်းထိနဲ့ ငါနဲ့ တွေ့ပေါ့ကွာ. . 'တောက်' နောက်မှ ဘာမဟုတ်တဲ့.. ခေါင်းပေါင်း တစ်လုံးကြောင့် "

ကျွန်တော် လက်က နာရီကို ကြည့်ကာ. .

"ကဲ ၁၂နာရီခွဲပြီ အိပ်ကြစို့။ မင်း ပြောမှာ ဒါပဲ မဟုတ်လား"

"အို . . ဘယ်ဟုတ်ရမတုန်း။ အခုမှ အစရှိသေးတယ်"

"ကဲ ဒါဖြင့် နောက်ထပ် နာရီဝက်ပဲ အချိန်ပေးနိုင်တယ်. .၊ အဲဒီ အတွင်းပြီးအောင်ပြော နာရီဝက်စေ့ရင် ငါအိပ်မှာပဲ"

"အို . .မင်းဆီ ခင်လို့မင်လို့ လာတဲ့ညှော်သည် သူငယ်ချင်းတစ်ယောက်ကို ဒီလိုပြောတာ တော်ရှော့လားကွာ"

"သန်းခေါင်ကျော်နေတဲ့ အချိန်မှာတော့ ဒီလိုပဲ ပြောရမပေါ့၊ ပြောပြော မြန်မြန်၊ အဝါး ဟား ဟား"

"ငါ့လခွီး ဘယ်ကစပြောရမယ်တောင် မသိဘူး"





"ကဲ . .ဒါဖြင့် ငါကပဲ စမေးမယ်၊ ပြီးလွယ်အောင် ကောင်မလေး နာမည်က ခင်သိန်းထိ၊ ထားဝယ်က မိုင်းသူဌေး ဦးပတ်ဖေ့ထိုးဖုံ"

"ဟာ . . ဦးဖေ့ပိန်ထိပါကွ"

"အေး . .ဒီထားဝယ်က ဦးဖေ့ပိန်ထိ သမီးနဲ့ မင်းနဲ့ ဘယ်မှာ တွေ့ကြတာလဲ"

"ငါ့ အဒေါ်အိမ်က ဒင်းနားပါတီမှာကွ"

"မင်းက သူ့ကို ချစ်ချင်းအစ မျက်စိကဆိုတဲ့ အတိုင်း မြင်မြင်ချင်း ချစ်တယ် ဆိုပါတော့ကွာ"

"အေး အစစ်ပဲကွ"

"နို့ပြီး မင်းကို ကောင်မကလေးက ကြိုက်မလိုလိုနဲ့"

"အို . .ကြိုက်ကို ကြိုက်တယ်"

"ထားပါတော့။ ဒါနဲ့ တစ်နေ့တော့ မောင့်ကြက်သရေခေါင်းပေါင်းကြောင့် မင်းနဲ့ ခွါပြဲသွားရောကွာ၊ ဒါနဲ့ ပြီးရော မဟုတ်လား၊ အောင်မယ်လေး ဒါများ နာရီဝက်တောင် မလိုပါဘူး၊ အခု တစ်မိနစ် ၃စက္ကန့်နဲ့ပဲကြာတယ် အိပ်ကြပါစို့ ပြီးပါပြီ။ ကဲ. .အဝါး . .ဟား. .ဟား"

ကျွန်တော် တစ်ဖက်သို့ လှည့်၍ စောင်ခြုံလိုက်ပါသည်။ သို့သော် ပတ္တမြားဝင်းထိန်က ကျွန်တော့ကို ဆွဲလှည့်၍ . . .

"ငါ့လခွီး ဘယ်ဟုတ်ရမလဲကွာ ဖြစ်ရပျက်ရတဲ့ အကြောင်းအရာတွေ အများကြီး ရှိပေတယ်၊ မင့်ဖို့ ဝတ္ထုတစ်ပုဒ် ကောင်းကောင်း ရမှာဆရာ၊ ဒီဝတ္ထု ထောင်ဆုရရင် ငါ့ကို တစ်ဝက်ပေးနော်၊ နောက်ပြီး ကျောင်းသုံးစာအုပ် ဖြစ်ရင်ကော" ဆိုပြီးသကာလ အောက်ပါ အတိုင်း ကျွန်တော့်ကို အားမန် ပါးမန် ဖောက်သည်ချပါ၍ ကျွန်တော်ကလည်း စာဖတ်သူများကို ပြန်ပြီး ညှဉ်းဆဲ ရပါသတည်း။

*

"ဒီလိုကွ . . .

ခင်သိန်းထိတို့ သားအမိနဲ့ ငါ့အဒေါ် ထမင်းစားပွဲမှာ မိတ်ဆွေဖြစ်ပြီး သူတို့ အိမ်လာပြုလည်ဖို့ ဖိတ်မန္တက ပြုသွားတာကိုး၊ ငါက နောက်တစ်နေ့ကစပြီး သွားတာပဲ၊ တစ်ပတ်ကို အနည်းဆုံး သုံးခါ



www.burmeseclassic.com

www.burmeseclassic.com



လောက်သွားတယ်။ အဲဒီ အချိန်မှာ ငါက ငါ့အဒေါ် စက်ရိပ် ခိုလှုံနေရတဲ့ အခါဆိုတော့ ငါ့မှာ အဝတ်အစား ဆိုတာက စမတ်ကိုဂွမ် စတိုင်ဖြူးလို့၊ အဲဒီတုန်းက မင်း ငါ့ကို မြင်ရရင် မှတ်တောင် မှတ်မိချင်မှ မှတ်မိမယ်။ ငါထင်တယ်ဟေ့၊ ခင်သိန်းထီတို့ ရပ်ကွက်ထဲက လူတွေကဖြင့် တယ် ဖြောင့်တဲ့ လူချောတစ်ယောက် တို့အရပ်ထဲ မကြာခဏ လာနေတာ သိပ် ကြည့်ကောင်းတာပဲ၊ ဧကန္တ ဟိုအိမ်က ကောင်မကလေးတော့ လက်ထပ် တော့မှာပဲ။ ဒီလူနဲ့ ဆိုရင်တော့ ကောင်မလေး ကံကောင်းတာပဲ၊ နေနဲ့လ၊ ရွှေနဲ့မြလို သူတို့အချင်းချင်း သတင်းလွှင့်နေကြလိမ့်မယ်ဆိုတာ ငါအ တပ်ပြောရဲတယ်။ ဒါနဲ့ သူတို့နဲ့ ငါနဲ့ ပိုမိုရင်းနှီးလာလို့ သီတင်းသုံး ပတ်လောက် ကြာတဲ့အခါမှာ ခင်သိန်းထီ အမေက ငါတို့ မင်္ဂလာဆောင် ဖိတ်စာတစ်ခု ပေးတယ်ကွ။ သတို့သားက သူတို့ထားဝယ်ကပဲ မိုင်း သူဌေးသား၊ သတို့သမီးကတော့ မင်းတို့ စာရေးဆရာတွေ ပိုသိမှာ ပေါ့ကွာ ဦးပေါက်ချွန်း သမီး ကလောင်ရှင် မာလာထုံရည်ဝတ်မုံနဲ့သာ သင်းပျံ့ကြိုင်ကျူး မွှေးကြူကြူ အဲ . .အဲ . .သူ့နာမည် မဆုံးသေးဘူးကွ။ ငါအကုန် မမှတ်မိလို့ စာပေနယ်မှာ သူ့နာမည် ကြီးမကြီးတော့ မသိဘူး၊ ရှည်တော့ တော်တော်ရှည်တာပဲ"

"ဒါနဲ့ အဲဒီ မင်္ဂလာဖိတ်စာ ပေးပြီး ခင်သိန်းထီ အမေက ငါ့ကို"

"မောင်ပတ္တမြားဝင်းထိန်" တဲ့ . . .

"ခင်ဗျာ . .အမိန့်ရှိပါခင်ဗျာ"

ငါဟာ အဲဒီတုန်းက ဘယ်လောက် စကား အပြောအဆို ယဉ် ကျေးသိမ်မွေ့သလဲဆိုတာ မင်းကြည့်၊ သူတို့ အထက်တန်းလွှာ အကြိုက် သုံးရတာကိုး။ သူ့ အမေကြီးက . . .

"ဒီဖိတ်စာ ပေးတာဟာ မင့်ကို မင်္ဂလာဆောင် လာစေဖို့စာ မဟုတ်ဘူး၊ သတို့သားဘက်က လူပျိုရံ အဖြစ်ပါ လိုက်ဖို့ကွဲ့"

"ဟုတ်ကဲ့ ခင်ဗျာ. . ကျွန်တော် ဝမ်းသာအားရ ကြီးကြီး အမိန့် အတိုင်း လိုက်နာပါ့မယ် ခင်ဗျာ"

"ဟော့ဒီ မင်းနှမကတော့ သတိုးသမီးဘက်က အပျိုရံ လုပ်ရ မယ်ကွဲ့ . . .ဒီမင်္ဂလာဆောင်ဆိုရင် သူတို့ဖေဖေလဲ ထားဝယ်က ပြန်လာ ပါလိမ့်မယ်"





"ကဲ . .သူငယ်ချင်း ဘာသဘောနဲ့ ဘာ . .အစီပွာယ် ဆောင် ပြောသလဲဆိုတာ မင်းစဉ်းစားကြည့်တော့၊ အဲဒီအချိန်မှာ သူတို့သားအမိနဲ့ ငါနဲ့ ဒီလောက် ရင်းနှီးနေပေမယ်လို့ ထားဝယ် မိုင်းအလုပ်မှာ သွားမေတဲ့ ငါ့ယောက္ခမလောင်းက ငါ့ကို တစ်ခါမှ မြင်ဖူးသေးတာ မဟုတ်ဘူးကွ. ဒါကြောင့် ဒီမင်္ဂလာပွဲမှာ အဖေကြီးက ခေါင်းရင်းပိုင်းမှာ ထိုင်လို့ ငါတို့ သတို့သားလောင်းနဲ့ သတို့သမီးလောင်းက သတိုးသားနဲ့ သတိုးသမီး နံဘေးက လူပျိုရံ အပျိုရံ အဖြစ်နဲ့ ထိုင်လို့. ယောက္ခမလောင်းကြီးကို အင်တာဗျူး ပေးရမယ်ပေါ့ကွာ၊ ခင်သိန်းထီတို့ အဖေကြီး စိတ်ကြိုက် ငါသိတာကလဲ သူ့သားမက်ဟာ ကျန်းမာရေးနဲ့ ညီညွတ်ပြီး ရိုးရိုးသား သား ရှိရမယ်။ ကဲ . . . ဒီတော့ ငါ့ကျန်းမာရေးနဲ့ ငါ့ကိုယ်လုံး ကိုယ် ပေါက်ဟာ . . . အံကိုက် အမျိုးကောင်း၊ အဆွေကောင်း ဆိုတာကလဲ နာမည်ကျော် ဂုဏ်သရေရှိ မင်းပေါက်စိုးပေါက် စာရေးဆရာမ မှတ်ပွန် တင်တင်ကြီး တူကွာ၊ နို့ပြီး ငါ့စိတ်သဘော ဘယ်လောက် ရိုးသားသလဲ ဆိုတာလဲ မင်းအသိဆုံးပဲ"

"ဒီတော့ သိကြားမင်းဖျက်တောင် ပျက်စရာမရှိတော့ဘူး မ ဟုတ်လား"

"အင်း . .အိုရချေသေးရဲ့၊ အိုရချေသေးရဲ့"

"အဲဒီနေ့ သူတို့အိမ်ကအပြန် လမ်းမှာငါ့စိတ်ထဲ ရေရွတ်ခဲ့ တယ်။ ငါ့မျက်စိထဲမှာလဲ ခင်သိန်းထီက သတို့သမီး နောက်နားက ရှေးမြန်မာဆန်ဆန် ဘီးဆံပတ်ကြီး ကြော့ကြော့၊ ထိုင်မသိမ်း အကျီဝတ် ပြီး၊ အပျိုရံအဖြစ်နဲ့ ထိုင်လို့ ငါကလဲ ခေါင်းပေါင်းစကြီး ကားကားနဲ့ သတို့သားနားက လူပျိုရံအဖြစ်နဲ့ ထိုင်လို့"

"ဟေ့ . .ဖိုးဆွေ မင်း တစ်ခု သတိထားဦးကွ. . ငါဟာ ခေါင်း ပေါင်းနဲ့ဆိုရင် အင်မတန် ကြည့်ကောင်းသတဲ့၊ ခင်သိန်းထီလေး အမေ ကိုယ်တိုင်ကဂို ညှော်ခံပွဲတစ်ခုမှာ တွေ့တော့ ငါ့ကို ချီးမွမ်းတာကွ။ နို့ပြီး သူ့ယောကျ်ား (ငါ့ ယောက်ခထီးလောင်းကြီးပေါ့ကွာ) ဆိုလဲ အင်မတန် ခေါင်းပေါင်းနဲ့ ကြည့်ကောင်းပြီး ခေါင်းပေါင်းကို မြတ်နိုးသတဲ့။ ထား ဝယ်ပေမယ့် မြန်မာခေါင်းပေါင်း ကြိုက်တယ်ပေါ့ကွာ"

"ဒီတော့ သူ့လိုပဲ ခေါင်းပေါင်းနဲ့ ကြည့်ကောင်းနေတဲ့ ငါ့ကိုလဲ



www.burmeseclassic.com

www.burmeseclassic.com



သားမက်တော်ဖို့ သဘောကျမှာပဲလို့ ငါ ယုံကြည်တယ်"

"အဲ့လိုစိတ်ကူးယဉ်ကြီးနဲ့ ပြန်လာခဲ့လို့ အိမ်လဲပြန်ရောက်က ရောဟော့ ငါ့အဒေါ်က ဧည့်ခန်းမှာ ငါ့မျက်နှာ မြင်မြင်ချင်း လက်နှစ်ဖက် ခါးထောက်တဲ့ပြီး မျက်နှာပေါက် ဆိုးဆိုးကြီးနဲ့ . . .

"ဩ . . . မင်းပြန်လာပလား"တဲ့။

ငါက သူ ဘာအပေါက်ဆိုး မှတ်မလဲဆိုတာ မျှော်လင့်ရင်း အသံခပ်ပျော့ပျော့နဲ့ . . ."

"ဟုတ်ကဲ့ အန်တီ"

"ကဲ . .အခု ပြန်ထွက်သွားလိုက်တော့၊ နောက်လဲ ဘယ်တော့မှ ပြန်မလာနဲ့တော့"

"ငါ ချက်ချင်း ရိပ်မိတာပဲ၊ ဒီလိုအခါမှာ သူ့ကို ဘယ်လိုမှပြန် လည်ထုချေ ချော့မော့မရဘူး ဆိုတာသာ ငါ စဉ်းစားရတော့တယ်"

"မရွှေချောကြီး သူ့စားပွဲတင်နာရီ ငါ ယူသွားပြီး ရောင်းစားပစ် လိုက်တာ သိသွားတာကိုးကွ"

"ဖိုးဆွေ . . ဒါ မင်း ငါ့ကို အဆိုးမဆိုးနဲ့၊ ကြည့်လေ ငါ သူ့ အိမ်မှာ နေရတဲ့အခါမှာ ထမင်းကျွေးတယ်၊ အဝတ်ပေးတယ်၊ ဒါပေမယ့် အပိုသုံးဖို့ ပိုက်ဆံ များများမပေးဘူး၊ လိုချင်တိုင်း တောင်းလို့ မရဘူးကွ။ ဒါနဲ့ ငါ့အစွမ်းအစရှိသမျှ ကြံရတာပဲ . .အဲဒီ အခါမှာဆိုလဲ မင်းစဉ်း စားကြည့် ခင်သိန်းထီလေးကို သွားဂေါ်တဲ့အခါအမှာ ခရီးစရိတ်လိုတယ် ကွ။ ကောင်မကလေး အဖို့ ဟို . . . ဒင်း . . .ဒီဒင်းကလေး ဂေါ်ကြေး လက်ဆောင်ပေးဖို့ လိုတယ်ကွာ၊ ဒီတော့ မင်းစဉ်းစားကြည့်။ ဒါကို ငါ မလုပ်လို့ဖြစ်မလား။ နို့ပြီးကွာ သူ့စားပွဲတင် နာရီဆိုတာကလဲ ပို . . တာပါ။ သူအချိန်သိချင်ရင် သူ့မှာ လက်ပတ်နာရီရှိတယ်။ အိမ်ဦးခန်းမှာ တိုင်ကပ်နာရီကြီး ရှိသေး။ ဒါကြီးလဲ ငါနောက်တစ်ချီ ကြိတ်ရတော့ မလို့"

"ဟင်း အခုတော့ ဒီစာပွဲတင် နာရီကလေးနဲ့ပဲ သူက သည်းမခံ နိုင်ဖြစ်ပြီး အိမ်က မောင်းထုတ်တယ်။ ဒီအခြေမှာ သူ့ကို ငါဘယ်လိုမှ တောင်းပန်ချော့မော့လို့ မရမှန်းလဲ အတတ်သိတော့ ဟင်း . .ငါကလဲ မာနနဲ့ပဲ။ ချက်ချင်းပဲ သူ့အိမ်က ဆင်းခဲ့တာပါ"





"ကဲ . . အဝတ်သေတ္တာဆွဲပြီး ဆင်းလာတာကတော့ ဟုတ်ပါ ပြီ။ ဘယ်သွားပြီး ဘယ်လိုနေမတဲ့လဲ၊ ငါ့ခေါင်းထဲ ဒီကွက်ရှင် ပေါ်လာ တယ်။ ဒီအချိန်မှာ ခင်သိန်းထီလေးလဲ ဂေါ်ရေးငင်နေတဲ့အခါဖြစ်လေ တော့ အဒေါ်က နှင်ထုတ်ခြင်းခံရလို့ လူများအိမ်ကပ်ပြီး ကလေကချေနေ ရတယ်ဆိုတာ သိသွားရင် ဘယ်ကောင်းမလဲ"

"ဝိုင်အမ်စီအေ သွားနေရမလား"

"မဖြစ်ဘူး"

"ဝိုင်အမ်စီအေမှာ နေရာအသင့် ရှိချင်မှရှိမယ်။ ရှိတောင်မှပဲ တစ်လတွက်ကြီး လုံးခံနဲ့ ပေးထားလိုက်ရမယ်။ ငါ့ ငွေအပြည့်အစုံ ဒါ လောက် မရှိဘူး။ အဲ့ဒီအချိန်အထိ ရှိတာက ၃–ကျပ်ရယ် . . ."

ဒါဖြင့် ဘယ်နှယ် လုပ်မည်နည်း။

"ကံအားလျော်စွာပဲ အရင်တလော ပါလီမန် ဖွင့်တုန်းက ငါ့ သူငယ်ချင်း တောအမတ်တစ်ယောက် နေသွားတာ စပတ်လမ်းက စတိတ်ဟိုတယ်ကို သွားပြီးသတိရတယ်။ လူတစ်ယောက်ကို အခန်းက တစ်နေ့မှ တစ်ဆယ်၊ အခွန်တော်က တစ်ကျပ်၊ ပေါင်း ၁၁၊ အစား အသောက် ကိုယ့်ဟာကိုယ် သတ်သတ်မှာစား၊ ပိုက်ဆံချက်ချင်း မပေး ချင်သေးရင် ဘီလ်တွေ လက်မှတ်ထိုးပေးပြီး စုထား၊ နောက်မှရှင်း။

"အဟီးဟီး အခုလက်ငင်းက အခန်းအတွက် ၃ရက် ၃၃ကျပ် ပဲလိုတယ်။ အဲ . .အနောက် ဆက်နေဦးမယ်။ နောက်မှ အခန်းတွက်ရော အစားတွက်ပါ တစ်ခါတည်း ရှင်းမယ်ပြော . . .နောက်ကြာတော့မှ ကိုယ့်ဟာကိုယ် ငွေရှာပေးနိုင်လဲပေး၊ မပေးနိုင်တော့လဲ လယ်သလို ကြည့် လစ်" အိုကေ . . ။

"ကဲ . .ခုအိတ်ထဲ ငွေ ၃/ ရှိတဲ့ကောင် သုံးလေးဆယ် ဘယ်လိုရ အောင် လုပ်ရပါမည်နည်း။

"ဖိုးဆွေနှယ် ဒီနေရာမျိုးမှာ တော်ရုံတန်ရုံ ကောင်မျိုးဆိုရင် ဘာမှ မလုပ်ရာတော်၊ မကိုင်တတ်၊ မကြံတတ်၊ မစီတတ်နဲ့၊ ချာချာလည် သွားမှာပေါ့၊ ငါကတော့ ရုတ်တစ်ရက် ချက်ချင်း အကြံရတာနဲ့ နိုင်ငံခြား ရုံးတို့ ဖိုးခင်မောင်လတ်ကြီးဆီ အမြန်လစ်တာပဲဟော့၊ ရောက်တယ်ဆို"

"ကိုလတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . ဘာတုန်း ဖိုးဝင်းထိန်ကြီးရ ထိုင်ကွာ၊ မင့် မတွေ့ရတာ ကြာပြီ"

"ခုတွေ့ရတာ ဝမ်းမသာဘူးလား၊ ကြာကြာတော့ ထိုင်မနေအားဘူး။ နောက်မှပဲ အေးအေး ဆေးဆေး လာခဲ့ဦးမယ်၊ အခု အရေးကြီးတဲ့ ကိစ္စ တစ်ခုရှိလို့ ငွေ ၅ဝိ လောက် ခဏပေးလိုက်စမ်းပါ"

"ဒီနေ့ရာမျိုးမှာတော့ တို့ဖိုးခင်မောင်လတ်က ဘုရားအလောင်းကွ၊ မင်းသိတဲ့ အတိုင်းပဲ၊ ပါးစပ်က ဆေးပြင်းလိပ်တောင် မချွတ်ဘူး၊ မောင်မင်းကြီးသား ကျေးဇူးကြီးပါပေတယ်၊ တစ်ခါထဲ ဆယ်တန် ငါးချပ် ထုတ်ပေးလိုက်တာပဲဟေ့. . ငါလဲ သူ့နှုတ်ဆက် ဆင်းလာပြီး လမ်းကျမှ ကိုယ့်ကိုကိုယ် မကျေမနပ် ဖြစ်မိတယ်ဟေ့။ တောက် ငါးဆယ် မဟုတ်ဘဲ တစ်ရာ တောင်းလိုက်ရ အကောင်းသားလို့၊ နောက်ဆိုရင်တော့ ဖိုးခင်မောင်လတ်ကို တစ်ရာအောက် တောင်းလို့တော့ မဖြစ်ဘူးလို့ ဆုံးဖြတ်ချက်ချခဲ့တယ်။

ဒါနဲ့ ငါတစ်ခါထဲ စတိတ်ဟိုတယ်သွား၊ မိုးကုတ်မြို့က ပတ္တမြား ကုန်သည်ကြီး ဦးပတ္တမြားဝင်းထိန် အဖြစ်နဲ့ အခန်းတစ်ခန်းယူ ၃ရက် တွက် ပေးထားလိုက်တယ်။ ဘဲရီးကို အိုကေသွားတာပဲ၊ မန်နေဂျာက အသားညိုညို တုတ်တုတ်ဝဝနဲ့ သဘောအင်မတန် ကောင်းတယ်"

ငါက ပြောတယ်. . .

"ကျွန်တော်အခု ၃ရက်တော့ အနည်းဆုံး နေရမှာပဲ . .နောက် ဒီရန်ကုန်က ကိစ္စကလေးတွေ မျှော်လင့်သလို မပြီးမြောက်ရင်ဖြင့် တစ်လလောက် ကြာရင်ကြာလိမ့်မယ်"

"ဟာ . .သဘောရှိ နေပါခင်ဗျာ. . .သဘောရှိနေပါ၊ အလိုရှိတာသာ မိန့်တော်မူပါ၊ လိုလေသေး မရှိအောင် ဆောင်ရွက်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ခင့်ဗျာ"

"မလိုပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ကသာ ဒီလို ကိုယ့်မြန်မာချင်း တည်းခိုအားပေးတာကို ကျေးဇူးတင်ရပါတယ်"

ရန်ကုန်မှာ ဒီလိုတည်းခိုဖို့ ဟိုတယ်ဆိုတာ သည့်ပြင်ဟာတွေက လူမျိုးခြားနဲ့ ကပြားတွေချည်းကိုးကွ . . ဒီဟိုတယ်က မြန်မာပိုင်ဆိုတော့





အင်္ဂလိပ်စာ တရုတ်စာ သာမက မြန်မာထမင်းဟင်းလဲ ရတယ်ကွ။ ငါဖြင့် စားချင်သောက်ချင် အောက်မဆင်းချင်ဘူး အပေါ်ကချည်းမှာ မှာစားပြီး ဘွိုင်ကို တစ်ပေး၊ ဘီလ်တော့ လက်မှတ်ချည်း ထိုးထိုးလွှတ်တာပဲ။ မှတ်ကရော နောက်မှဘာဖြစ်ဖြစ်၊ ဒီအတွင်းမှာ ငါ ခုင်သိန်းထိလေးတို့ အိမ်ကို အသွားမပျက်ဘူး။ အမယ် အသားယူပြီးတောင် ပြောထားသေး"

"ကျွန်တော် အခု အိမ်မှာ မနေဘူး။ စတိတ်ဟိုတယ်မှာ သွားနေတယ်။ ဘာကြောင့်လဲဆိုရင် နယ်က ကျွန်တော့ သူငယ်ချင်းတစ်ယောက် ရောက်လာတယ် အိမ်မှာတည်းပါဆိုတာ . . ဒီကောင်က ဘိလပ်ပြန် အင်မတန် ဘိုဆန်တဲ့ကောင်၊ ဟိုတယ်မှာ နေချင်တယ်ဆိုလို့ ကျွန်တော်ရော သူရော အဲ့ဒီ စတိတ်ဟိုတယ်မှာ သွားနေကြတယ်၊ ဘယ်လောက်ကြာမယ် မသိသေးဘူး။ ဒီကောင် မပြန်မချင်းတော့ နေရမှာပဲ ဒီအတွင်း ကျွန်တော့ဆီ ရုတ်တစ်ရက် ကိစ္စများရှိရင်ဖြင့် စတိတ်ဟိုတယ် အခန်းနံပတ် ၁၁–ကို မေးလာခဲ့ပါ"

"အဲ့လို မှာခဲ့တဲ့ ကျေးဇူးပဲဟေ့၊ တစ်နေ့ခင်းမှာ သူတို့အိမ်က အစေခံဟာ ခင်သိန်းထိလေးဆီက စာတစ်စောင် ယူလာတယ်ကွ– စာက ဘယ်လိုလဲ ဆိုရင် . . ."

**ကိုဝင်း . . . .**

**သဘက်ခါ မင်္ဂလာဆောင်နော် မေ့မနေနဲ့ဦး . . .နို့ပြီး လူပျိုရံ လုပ်ရမယ် ဆိုတာလဲ သတိရပါ၊ ခေါင်းပေါင်းနဲ့ တိုက်ပုံအင်္ကျီနဲ့ ကျကျနန လာခဲ့ပါ။**

အမယ်လေး ငါ ဒီစာလေး နမ်းနမ်းပြီးတော့ ဘယ်လောက် ဝမ်းသာသလဲ မင်း စဉ်းစားကြည့်တော့"

"ကောင်မလေး ငါ့ကို ဘယ်လောက် ဂရုစိုက် နေသလဲ . . သူက အပျိုရံ ငါက လူပျိုရံလုပ်ပြီး မနီးမဝေး ထိုင်ကြရမယ် အဟီး. ဒီအချိန်အခါမှ သူ့ဖားသားကြီးက သမက်လောင်း အင်တာဗျူးကို ကြည့်မယ်။ ငါအကြိမ်ကြိမ်အခါခါ ဒီစာလေး ထပ်ထပ်ဖတ်လိုက် ၇၅ခါလောက်လဲဖတ်မိရော ဟေ့ ငါရုတ်တစ်ရက် သတိရပြီး မျက်လုံးပြူးတော့တာပဲကွာ. . .။

ဘာကြောင့်လဲဆိုရင် ငါ့အဒေါ်အိမ်က ဆင်းလာခဲ့တုန်းက အ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်သေတ္တာ ဆွဲခဲ့ပေမယ့် ဘီဒိုထဲမှာထားတဲ့ ခေါင်းပေါင်းမေ့လာခဲ့တယ်ကွ။

ဟယ် . .မဖြစ်ချေဘူး၊ အခုပဲသွားမှ အဒေါ်နဲ့ တွေ့နေလဲ ရှေ့မျက်နှာ နောက်ထားပြီး ကြောက်အားနဲ့ အတင်းဝင်ယူရမှာပဲ၊ သူအိမ်မရှိခိုက် ဖြစ်ရင်တော့ သည့်ပြင်ပစ္စည်း လစ်, လစ်သလို အုပ်ရဦးမှာပဲ။

အဆင်သင့်ပါပဲ ကျေးဇူးရှင်ကြီး မရှိရှာပေဘူး။ စာရေးဆရာယမုန်နာဝါ၊ ခါနွေကျော် ဉသြမယ်တို့နှင့် သူဇာလုံမေအသင်း အစည်းအဝေး လိုက်သွားသတဲ့။

ဒါပေမယ့် ဘီဒိုဖွင့်ကြည့်တော့ ငါ့ခေါင်းပေါင်း မရှိတော့ဘူး၊ ငါ့ခတ်သိလို့ ငါ့ကို မျက်ခြေမပြတ် လိုက်ကြည့်နေတဲ့ အိမ်က အစေခံမကြီး မေးကြည့်တော့။

"ဟိုနေ့က ဧည့်သည်တစ်ယောက်နဲ့ မင်းအကြောင်း ဘယ်လိုက ဘယ်လိုဖြစ်တယ် မပြောတတ်ပါဘူး။ မင့် အဒေါ်က ဒီခေါင်းပေါင်းထုပ်ကြီး ဖနောင့်နဲ့ ပေါက်ပစ်သတဲ့ကွဲ."

ဒီနေရာမှာ ငါ့ အဒေါ်ပေမယ့် လစ်ခဲ့ရတော့တယ်။

ကဲ–ဒီခေါင်းပေါင်း ပြဿနာ ဘယ်နှယ့်လုပ်ပါဦး မည်နည်းရက်ကလဲ သဘက်ခါ။

တော်ရုံတန်ရုံ ဆိုရင် ဒီကိစ္စမျိုးမှာ ဘာမှ မလုပ်တတ်၊ မကိုင်တတ်၊ အကြံတတ်၊ မစီတတ်နဲ့ ဦးနှောက်ကို ချာချာလည်သွားမယ် ဒါပေမယ့် ငါဆိုတဲ့ အကောင်ကတော့ မင်း သိတဲ့အတိုင်းပဲ ချက်ဆိုနားခွက်က မီးတောက်တဲ့ အကောင်လားကွ၊ ချက်ချင်းပဲ အကြံရပြီး ငါ့ကိုခင်မောင်လတ်ကြီးဆီ သွားတာပဲ။ သူ့ဆီမှာ အနည်းဆုံး ငွေတစ်ရာချေးမယ်။။ ချေးပြီး အကောင်းဆုံး မောင့်ကြက်သရေ ခေါင်းပေါင်း တစ်းဝယ်မယ်၊ ပိုတာကို သုံးမယ်။

အဲဒီအချိန် ငါ့အိတ်ထဲရှိတာက ငွေ ၇ကျပ်နဲ့ ပြား၃၀ ရယ် ဒါပေမယ့် ငါဆိုတဲ့အကောင် ဘယ်လောက်အမြော်အမြင် ရှိသလဲ၊ မင်းကြည့် တက္ကစီကို ၅ကျပ် ပေးစီးလိုက်တယ်၊ ဘာ့ကြောင့်လဲ မင်းသိလားအချိန်က ညနေ ၄နာရီ ရုံးဆင်းဖို့နီးနေပြီကွ၊ ဒီလိုကားနဲ့ သွားမှရုံးမှာ ကိုခင်မောင်လတ်ကိုတွေ့မှာ ဒါတောင်မှဆရာ သူ့ရုံးရောက်တော့ ၄နာ





ခွဲနေလို့ ငါ့အသဲထဲ တထိတ်ထိတ်နဲ့ ငနဲကြီး ရှိမှရှိပါဦးမလားလို့၊

အား . .ဒါပေမယ့် ဖိုဆွေရေ၊ တို့ ကိုခင်မောင်လတ်လို လူကိုချီးမွမ်းရမယ်ကွ၊ အခုခေတ် သီဟပျံချီတို့၊ သတိုးသုဓမ္မရာဇာတို့၊ လက်ဝဲပျံချီတို့၊ လက်ျာပျံချီတို့၊ ကြားနေရေးပျံချီတို့ ဘာတို့၊ ညာတို့ ဆိုတဲ့ဘွဲ့တွေရတာဟာ သူ့လို လူမျိုးကွ။ ဘာကြောင့်လဲဆို အခု လေးနာရီခွဲရုံးချိန် လွန်နေပြီ။ ဒါတောင် တို့ ကိုခင်မောင်လတ်ကြီးဟာ အလုပ်, လုပ်တုန်း။

ဒါနဲ့ သူ့အခန်းထဲ ဝင်သွားတော့ရင် အမယ် . . သူ့နောက်နားက ဘီရိုပေါ်မှာ ခေါင်းပေါင်းနဲ့ ဘာနဲ့ဟော့ . . ဘာ့ကြောင့်လဲဆိုရင် အခုခေတ်မှာ အရာရှိတွေ ခေါင်းပေါင်း ပေါင်းရမယ်လို့ အစိုးရက အမိန့်ထုတ်ထားတာကိုးကွ။ ဒါကြောင့် သူတို့တတွေဟာ ခေါင်းပေါင်း ဝယ်ပြီး ရုံးမှာထားကြရတယ်။ အဲဒါ ရုံးတက်တဲ့အခါမှာ ခေါင်းပေါင်းကိုထုတ်ပြီး. . အနီးအနားမှာ ချထား၊ ရုံးဆင်းတဲ့အခါကျတော့ ခေါင်းပေါင်းဘီရိုထဲ ပြန်သိမ်းထားခဲ့။ အဲဒီလို လုပ်နေတာကိုကွ. .ခေါင်းပေါင်းမှာ တစ်နေ့ တစ်နေ့ ဘီရိုထဲ ဝင်လိုက် ထွက်လိုက် လုပ်ရတယ်။

ကိုခင်မောင်လတ်ကြီးက ငါ့ကို မြင်တယ်ဆိုရင် မျက်မှန်ပေါ်မျက်စိဖော်ထားတဲ့ သံဖြူဆရာ အကြည့်မျိုးနဲ့ ကြည့်ပြီး–

"ဟော့ကောင်ကြီး လာပြန်ပလား. . ဘာကိစ္စ"

ငါကတော့ တယ်ပြီး အချိန်ဖြုန်းတတ်တဲ့ ကောင်မျိုး မဟုတ်ပါဘူး မဆိုင်းခဏပဲ။

"ဟာ ကိုလတ် ငွေတစ်ရာလောက် လုပ်ဗျာ"

သူက ရုတ်တစ်ရက် ခေါင်းမော်ပြီး . .

"ဘာ"

"ငွေတစ်ရာ ချေးပါ"

"တစ်ရာ . ."

သူက ဦးခေါင်းလှုပ်ပြီး ပြန်မေးလေတော့ ငါ့စိတ်ထဲ ရုတ်တရက် ငါပြောတာတော့ နည်းသွား ပဟဲ့ ဆိုပြီး မြန်မြန် ပြန်ပြင် လိုက်ရတယ်။

"နှစ်ရာ ပြောတာ ကိုလတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှယ့် နောက် ၃–၄ ရက်လောက်ကပဲ ၅၀ ပေးလိုက်ရတယ်"

"ဟာ ကိုလတ်နှယ် ဒါကြောင့် ရက်ကြာကြာ သုံးရအောင်လို့ အခုတစ်ချီတော့ နှစ်ရာ လုံးခနဲ ချေးတာ ဘာကြောင့်လဲဆို ကျွန်တော်က ကိုလတ်ဆီ လာပြီး အလီလီ အလာလာ ဒုက္ခ ပေးမနေချင်ဘူး"

"နေပါဦး မင်းဘာ့ကြောင့် ငွေ ဒါလောက် လိုနေရတာလဲ. ."

ဒီတော့ ငါက ငါ့အဒေါ်အိမ်က ထွက်ခဲ့ရပြီး နေရထိုင်ရပုံ ပြောပြတယ်ကွ။ ဒါတောင် သူက ငွေပေးဖို့ စိတ်မကူးသေးဘူး. . ."

"ဒီလိုဆိုရင် မင်း အလုပ် တစ်ခုခု လုပ်ဖို့ ကောင်းပြီ" ငါက သူစကား လိုက်လျောညီထွေစွာပဲ . . .

"ဟုတ်ပါတယ် အခု ငွေနှစ်ရာသာ ပေးလိုက်ပါ"

"ငါ အလုပ် အမြန်ဆုံးရအောင် ရှာပေးမယ်လေ"

"ကျေးဇူးပါပဲ၊ အခု ငွေနှစ်ရာတော့ ပေးလိုက်ပါ"

"ငွေနှစ်ရာ နည်းသလားကွာ"

"ကဲ. .ဒါဖြင့် ဒီလိုလုပ်လေ၊ ငါက ရတ်တရက် အကြံရတာနဲ့ ကွ ကိုလတ်အဖို့ ဒီငွေနှစ်ရာ ခဲယဉ်းနေရင် အခု ကိုလတ်ကိုင်နေရတဲ့ အစိုးရငွေထဲက ပေးလိုက်ပြီး၊ နောက် ဟိုနှယ့် ဒီနှယ် အထွေထွေ အသုံးစရိတ်ထဲ ထည့်လိုက်တာပေါ့ဗျာ"

ဒါတောင် ငနဲမျိုး နားမလည်ဘူးကွ။ သူ့မှာ အလုပ်တွေ များတယ်ဆိုပြီး ငါ့ကို မောင်းထုတ်တယ်ကွ။ ငါက နှစ်ရာကနေပြီး သူ့သက်ညှာသောအားဖြင့် အစိတ်စီ အစိတ်စီ အလီလီ ရှော့ပြီး တောင်းတာတောင် တစ်ပြားမှ မပေးလိုက်ဘူး။ နောက်ဆုံးတော့ ငါလဲ ကျွဲပါးစောင်းတီး သူ့နားချမရတာနဲ့ ဘာလက်လွှတ်ခံလိမ့်မတုန်း၊ သူ့နောက်နား မယောင်မလယ်နဲ့ ထသွားပြီး သူ့ခေါင်းပေါင်း လစ်လာခဲ့တာပေါ့ . . .။

ကိုယ့် ဟိုတယ်ခန်းထဲ ရောက်တော့ တစ်ခါထဲ ဘီရိုထဲထည့်ပြီး သော့ပိတ်ထားလိုက်တယ်။ ဘာပူစရာ ရှိတော့တုန်း။ မင်္ဂလာဆောင်မှာ လူပျိုရံ လုပ်ဖို့ အဝတ်အစားအလက်စုံပြီပဲကွ။

တကတည်း နောက်တစ်နေ့ မနက် ငနဲ ငါ့ဆီ ပေါက်လာရောပေါ့၊ ငါက အိပ်ခြေရရပဲ . . .





"ဟား . .ကိုလတ်၊ စောစော စီးစီး"

"အေးကွ"

"ဘာကိစ္စ၊ ငွေပေးမလို့လား"

"မင်းငွေပေးဖို့ မဟုတ်ပါဘူးကွာ၊ ငါ့ခေါင်းပေါင်း ပျောက်လို့"

ငါက အံ့အားသင့်ဟန် ပြုပြီး . .

"အို . . . ဘယ်မှာ ပျောက်တာလဲ"

"ငါ့ ရုံးခန်းထဲမှာကွ၊ မင်းများ ယူသွားသလားလို့ကွာ"

"ကြံကြံဖန်ဖန်ဗျာ၊ ကျွန်တော်ကခေါင်းပေါင်း ဘာလုပ်ဖို့တုန်း"

"ငါ ဒါမျိုး တစ်ခါမှ မကြုံဖူးဘူးကွ"

"ဒါဖြင့် ဒါပထမ အကြိမ်ပေါ့၊ နောက်သတိထားဖို့ သင်ခန်းစာ ရတာပေါ့ဗျာ၊ တစ်နည်းအားဖြင့် ကောင်းတယ် ကောင်းတယ်"

"ငါ မင်းဆီလာရင်းက မင့်ဖို့ ငါအလုပ်ရဖို့ ပြောပြီးပြီကွ အတွင်းဝန် ကိုအောင်ကျော်သာခံဆီမှာ ညက ကလပ်မှာ စကားစပ်မိလို့ အဆင်သင့်ပဲ သူ့မှာ စက္ကထေရီတစ်ယောက် လိုချင်နေတာနဲ့ သူ့အလုပ်မှာ စာတွေဘာတွေ မှတ်ပုံတင် ပေးရုံဆိုတော့ လက်ရေးတို လက်နှိပ်စက် တတ်ဖို့ လိုမယ် မဟုတ်ပါဘူး။ မင်းလဲ ဒါတွေ တတ်လိမ့်မယ်လို့ ငါ မထင်ဘူး"

"ဟင့်အင်း ကျွန်တော် တတ်မတတ် မသိဘူး။ ကျွန်တော် တစ်ခါမှ ဒါမျိုး လုပ်စမ်း မကြည့်ဖူးဘူး"

"အေးလေ နက်ဖန်ခါ မနက် ၈နာရီလောက် သူ့အိမ်ကို သွားရော့ . .ဟောဒီမှာ သူ့ လိပ်စာကပ်၊ လူက ရခိုင်ကွ၊ စကားပြော ဝဲတဲဝဲတဲနဲ့ သဘောတော့ အားကြီးကောင်းတယ်။ မင်း လာလိမ့်မယ် ဆိုတာ ငါ ပြောပြီးသား၊ ဆက်ဆက်သွားနော်"

"သွားပါ့မယ် ဒါနဲ့ ကိုလတ် ငွေအစိပ်လောက် ပေးခဲ့စမ်းဗျာ"

"ဟာ . . .တယ်ခက်တဲ့ ကောင်၊ ရော့ တစ်ဆယ်ပဲ ပါတယ်"

"ဟာဗျာ . . . နည်းလိုက်တာ"

"ဟ ဒါပဲပါတာကို . . မနက် ၈နာရီ သူ့အိမ်ရောက်အောင် သွားနော်၊ ၁၀နာရီမှာ အိပ်ရာက ထမနေနဲ့ဦး။ ကိုအောင်ကျော်သာခံက အင့်မတန် အချိန်လေးစားတဲ့ လူကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . သူ့ဟာသူ အချိန် လေးစားရုံမကလို့ နေနဲ့ နာရီတွေ ထိုင်ထိုင်ပြီး ရှစ်ခိုးနေနေ၊ ငါကတော့ အဲဒီလူဆီ သွားဖို့ မရည်ရွယ်ပါဘူး။ သူ့ဆီက ငွေကလေး ရနိုင်သမျှ ရအောင်လို့။ နို့ပြီး . . နက်ဖန်ကိုလဲ ငါ မဂ္ဂလာဆောင် လူပျိုရံ လုပ်ဖို့ သွားရဦးမယ် မဟုတ်လား။ ငါ့ကောင်မလေးက အပျိုရံလေး ဘယ်လောက်များ ကြည်နူးစရာ ကောင်းလိုက်မလဲလို့ မင်းစဉ်းစားကြည့်စမ်း"

"ဒါပေမယ့် ဖိုးဆွေရေ . .လောကများ အရသာရှိမယ့် ကိစ္စဆိုတယ်ပြီး ဖြူးဖြူးဖြောင့်ဖြောင့် မဖြစ်ချင်လိုက်တာ ဖိုးခင်မောင်လတ်ခေါင်းသာ ရိုက်ခွဲပစ်လိုက်ချင်တော့ တယ်ကွာ"

သူ့ကို ငါ ခင်လဲခင်ပါတယ်။ အစစ အရာရာလဲ ချီးမွမ်းပါတယ်။ သူ့ပညာရော၊ အလုပ်အကိုင်ရော၊ စိတ်သဘောကောင်းတာရော၊ မိတ်ဆွေ သူငယ်ချင်း ခင်တတ်တာရော၊ အပေးအကမ်း ရက်ရောတာရော ဒါပေမယ့် သူ့သာမကြိုက်တာ တစ်ခုကကွာ . . သူ့ခေါင်းဟာ ငါ့ခေါင်းနဲ့ ငယ်နေတဲ့ ဟာပဲကွာ. . .

ဘာကြောင့်လဲဆိုတော့ နောက်တစ်နေ့ မနက် ငါ မင်္ဂလာဆောင် သွားဖို့ အဝတ်အစား ဝတ်ပြီး သူ့ ခေါင်းပေါင်းစွပ်လိုက်တော့ လားလား . . မဝင်ဘူး။ ထိပ်ပေါ်တင် တင်နေတော့တယ်ကွာ.. အဲဒါမှ ဂျောက်ပေါက်ကျတော့တာ။ ခေါင်းပေါင်းနဲ့ မဝင်ရှင် ဘယ်ကြည့်ကောင်းမလဲကွ. . နော် . . .ဒါနဲ့ ငါ မရမနေ ကြိုးစားစွပ်တယ် ဟော့ နောက်ဆုံးတော့ ဝိရိယ အကျိုးပဲကွ။ ဟောက်ခနဲ ဝင်သွားတော့ တယ် ဟင်း . . .ငါ အဲဒီတော့မှ စိတ်အေးသွားတယ်"

"ဒါပေမယ့် မနိုပ်လိုက်တာကွာ ဟိုနား ဒီနား လှုပ်လိုက်တော့ ခေါင်းပေါင်းဟာ ဖတ်ခနဲ ကွာကျသွားလို့ ပြန်စွပ်မှပဲဆိုပြီး ကောက်ယူလိုက်တော့ လားလား နောက်က ထက်ခြမ်းကွဲ သွားတာကိုးကွ"

ဟင်း. . ငါလဲ ဒီတော့မှ ချွေးသီး ချွေးပေါက် ကျတော့တာပဲ၊ အချိန်ကလဲ သွားဖို့ တော်နေပြီ ဟိုအရောက် နာရီခွဲ ချိန်းထားတာ။ အခု ရနာရီကျော်ပြီ။

အဲဒီတုန်းမှာပဲဟော့ လူကံများ ဆန်းကျယ်ချင်တော့ အပြင်က ဒေါက် . . ဒေါက် . . ဒေါက်နဲ့ တံခါး ခေါက်သံကြားလို့ ကမ်း(မ်)လို့





ပြောလိုက်တော့ စေ့ထားတဲ့ တံခါးကို တွန်းဟလာကာ လူကြီးတစ်ယောက် 'အောင်မာ' ဝတ်ကောင်းစားလှ ခေါင်းပေါင်းနဲ့ ဘာနဲ့ အကျ၊

သူ့ပါးစပ်က **'မောင်ပတ္တမြားဝင်းထိန် မဟုတ်လား'**ဆိုတာ ကြားလိုက်ရ ကတည်းက သူဘယ်သူလဲဆိုတာ ငါသိပြီ။ စကားပြောတာက ဝဲတာကိုးကွ၊ ဟင်း . . . ဧကန္တ ကိုခင်မောင်လတ် ပြောသွားတဲ့ **အတွင်းဝန် ကိုထွန်းအောင်ကျော်သာဇံ** ပဲ . . .သူက အချိန်ကို လေးစားတန်ဖိုးထားတဲ့ လူဆိုတော့ ရနာရီ သူ့ဆီချိန်းထားတာ ငါ မရောက်နိုင်တာနဲ့ ငါ့ဆီ လိုက်တာဖြစ်ရမယ်။ သူ့အတွက် စက္ကူထရီလဲ အလွန်ပဲ လိုချင်နေဟန်တူရဲ့"

"ဒါပေမယ့် ငါကသူ့ဆီက အလုပ်မှမလိုချင်တာ၊ ငါအခု လိုချင်တာက သူ့ဆီက ခေါင်းပေါင်းပဲ။ ဘာ့ကြောင့်လဲဆိုကွာ။ သူခေါင်းပေါင်း ပုံသဏ္ဍာန် ကြည့်ရတာနဲ့ တကယ်လို့ အခုအချိန်မှာ ခေါင်းပေါင်းမရှိလို့ ငါ ဂျောက်ကျနေတာ သိကြားမင်းက ဗန္ဓုကမ္ဗလာတင်းတာနဲ့ သိစကြို ခေါ်ပြီး . . .ဟော့ တပည့်ကြီး မင်း လူယောင်ဆောင်ပြီးတော့ရင် လူ့ပြည် ရန်ကုန်မြို့ စပတ်လမ်း စတိတ်ဟိုတယ် အခန်း နံပတ် ၁၁က မောင်ပတ္တမြားဝင်းထိန် ဆိုတဲ့ ဘုန်းသမ္ဘာရှင်ဆီကို သူနဲ့ တော်တဲ့ ခေါင်းပေါင်း တစ်လုံးရွက်ပြီး သွားပို့ချေစမ်း. . "ဆိုရင် ဝိသကြိုဟာ ရခိုင်ယောင်ဆောင်လာတာ ဧကန္တ ဒီလူကြီးပဲ ဖြစ်ရမယ်ကွ။

"ဒါနဲ့ ငါက ခဏထိုင်ပါဦး ခင်ဗျာဆိုပြီး ကုလားထိုင်ပေးလို့ သူထိုင်တဲ့ အခါမှာ သူက ငါ့မျက်နှာကို အင်မတန် ချီးမွမ်းတဲ့ အမူအရာနဲ့ ကြည့်ပြီး . .

"အောင်မာ ..ဦးခေါင်းပေါင်းနဲ့ ဦးနဲ့ လှလိုက်တာဗျာ . . ဘာ ခေါင်းပေါင်းလဲဗျ မှန်းခဏကြည့်ရအောင် မရှိမသေခင်ဗျာဆိုတော့၊ သူက ကြည်ကြည်ဖြူဖြူပဲ ချွတ်ပေးတဲ့ပြီး"

"မောင့်ကြက်သရေကွဲ့၊ ခေါင်းပေါင်းထဲမှာတော့ ဦးအကြိုက်ဆုံးပေါ့ကွာ"

"နံပါတ် ဘယ်လောက်လဲ ခင်ဗျာ"

"ဦးရဲ့ ခေါင်းက အကြီးဆုံး ၂၃ပဲ"

ငါ့ ခေါင်းပေါင်း နံပါတ်နဲ့ တစ်ဆိုက်ထဲ ဖြစ်နေတာကိုး၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း ခေါင်းပေါင်းယူပြီး လစ်တော့တာပဲကွ၊ ငနဲကြီးက 'ဟဲ့ သူငယ် ဘယ်နှယ့်လဲ ဘယ်နှယ့်လဲ'ဆိုပြီး နောက်က ထလိုက်လာလို့ ငါ တံခါးဝမှာ တွန်းထိုးပစ်ခဲ့ရသေးတယ်"

ဟယ် . . . အောက်လဲရောက်ရော ငါစတိုတ်ဟိုတယ်ရှေ့မှာ အမြဲကန်း အသင့်ရှိနေတဲ့ တိုင်စီစတင်းက ဂျစ်တစ်စီးပေါ်တက်၊ မင်္ဂလာဆောင်ရှိရာကို အမြန်မောင်းခိုင်းလိုက်တယ်။

"ဒီအချိန်မှာ ငါ့ခေါင်းပေါင်းနဲ့ဘာနဲ့ ငါ့အပေါ်မှာ စတိုင်ဖြူးနေတာပေါ့ကွာ၊ ဒီခေါင်းပေါင်းအရောင်နဲ့ ငါ့အင်္ကျီ ပုဆိုးအရောင်ကလဲ အလွန်ဟတ်ကွ။ မင်းဒီအချိန် ငါ့မြင်ယောင်တော့ မင်း ငါ့ကို ဟာဒီကောင်တယ်ချော တယ်ခန့်ပါလားလို့ ချီးမွမ်းမှာအမှန်ပဲ ငါပြောရဲတယ်"

မင်္ဂလာဆောင် အိမ်ရှေ့ရောက်တယ် ဆိုရင်ပဲ ငါ စတိုင်ကြီးတစ်ခွဲသွားနဲ့ အင်း . . .

"အမယ် ဖိုးခင်မောင်လတ်ကြီးပါ လာနေတာကိုးကွာ"

ငါ့မြင်တော့ သူ့ခေါင်းပေါင်းကို ကြည့်လိုက်သေးတယ်လေ၊ ဘယ်ရမလဲ သူ့ခေါင်းပေါင်းအရောင်နဲ့ တခြားစီပဲ သူက ငါ့ကို . . .

"ဟော့ . . . မင်းလဲ လာသလားကွ"တဲ့ ဆိုရင်း သူ့လက်ပတ်နာရီကို ကြည့်ပြီး . . .

"မင်း ငါပြောတဲ့ ကိုထွန်းအောင်ကျော်သာဇံ အိမ်ကို မသွားဘူးပေါ့၊ အေး မသွားတာလဲ အဆင်သင့်ပဲ၊ သူနဲ့ ငါနဲ့ ညက ကလပ်မှာတွေ့လို့ ပြောတယ်။ သူ့ဆီက အလုပ်က လက်နှိပ်စက်နဲ့လက်ရေးတို မတတ်ရင် မဖြစ်လို့ မင်းကို မခန့်နိုင်ဘူးတဲ့"

"ဟင် ဒါဖြင့် သူက ကျွန်တော့ကို မခန့်နိုင်ကြောင်း လာပြောတာပေါ့"ဆိုရင်း ငါက မဲ့ပြုံးလေး ပြုံးလိုက်ပြီး . . .

"ဒီလိုဆိုရင် ကျွန်တော် လုပ်ခဲ့တာ ဘာမှအပြစ်ဆိုစရာ မရှိဘူး"

ဒီနေရာမှာ ဖိုးခင်မောင်လတ်က နဝေတိမ်တောင်နဲ့ . . .

"မင်း ဘာလုပ်ခဲ့လို့လဲ"

ငါ့ခေါင်းကို လက်ညှိုးထိုးပြရင်း . . .

"ဒီမယ်လေ သူခေါင်းပေါင်း ဘုံးပြီး ပြေးလာခဲ့တယ်"

ဖိုးခင်မောင်လတ် အံ့အားသင့်ပြီး . .





"ဘယ်သူ့ ခေါင်းပေါင်း"

"ခင်ဗျား ကိုထွန်းအောင်ကျော်သာဇံ ဟာလေ"

သူပိုမို အံ့အားသင့်ပြီး . .

"ဟ . .ဘယ်တုန်းကလဲ ဘယ်မှာလဲ မင်း တယ်မိုက်လုံးကြီးတဲ့ကောင်ပဲ"

"မိုက်လုံးမက ထွားလုံးကြီးတယ်ပဲ ဆိုဆို ခုနကပဲ ကျွန်တော့ အခန်းထဲမှာ ငနဲ ထိုးတွန်း ထိုးပစ်ခဲ့ပြီး ဒီလစ်လာတာပဲ"

ဖိုးခင်မောင်လတ် မျက်လုံးပြူးပြီး . . .

"ဟ . .ဘယ်တုန်းက"

"၁၀မိနစ်လောက်ပဲ ရှိဦးမယ်ဗျာ"

ဒီတော့ ဖိုးခင်မောင်လတ် သက်ပြင်းကြီးချပြီး . .

"ဟင်း . . . ဒါဆိုရင် ကိုထွန်းအောင်ကျော်သာဇံ မဟုတ်ဘူး၊ ကိုထွန်းအောင်ကျော်သာဇံက မနက် ၇နာရီ လေယာဉ်ပျံနဲ့ ဟဲဟိုး လိုက်သွားပြီ၊ မင်း အလုပ်မခန့်နိုင်ကြောင်း ပြောခိုင်းတာ ငါ့ကိုကွ"

ရုတ်တရက်ဖြင့် ငါ့ခေါင်းဟာ ဝေသွားတယ်၊ ဒါပေမယ့် ခဏပါပဲ ပြန်ကြည့်တယ်။ ဘာကြောင့်လဲဆို ဘယ်သူပဲ ဖြစ်ဖြစ် ငါလိုချင်တဲ့ ပစ္စည်းရ ပြီးတာပဲမို့လား။ ခုပဲ ကောင်မကလေးနဲ့ လူပျိုရုံ အဖြစ် ထိုင်ရတော့မယ်လေ။ ဒါကြောင့် ကိုခင်မောင်လတ်ကိုတောင် နှုတ်မဆက်တော့ဘဲ အိမ်ထဲ ဝင်သွားလိုက်တယ်"

"ဟော . .ငါ့ကို မျှော်တော်ဇောနဲ့ မောနေတဲ့ ခင်သိန်းထိလေးနဲ့ တွေ့တော့ . . .

"ဟင်း . .ကိုဝင်း ရောက်လာပြီ ဖေဖေနဲ့ တွေ့ခဲ့ရဲ့လား"

ပွဲထိုင် ဝတ်ကောင်းစားလှနဲ့ အင်မတန် ကြက်သရေရှိနေတဲ့ သူ့မျက်နှာကလေး ရွှန်းရွှန်းပပကြည့်ပြီး . .

"ဟင့်အင်း . . . ကိုဝင်းမှ ခင့် ဖေဖေကို မမြင်ဖူးသေးတာ၊ တွေ့ကော ဘယ့်နှယ်လုပ် သိမှာလဲ"

"ဩော် ဒါဖြင့် ဖေဖေနဲ့ လွဲပြီ"

"ဘယ်မှာ လွဲမှာတုန်း"

"အခုမနက်ပဲ ကိုဝင်း စောစော ရောက်အောင်လို့ ကိုဝင်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ကို ဖေဖေကားနဲ့လွှတ်ပြီး ခေါ်ခိုင်းလိုက်တယ်လေ”

အဲဒီ သူ့ရဲ့ ကြည်လင်အေးမြတဲ့ အသံကလေး ကြားရတော့ ငါ ဝမ်းသာလိုက်တာလေ . .ဘာ့ကြောင့်လဲဆို သူ ကလေးဟာ ငါ့ကို ဂရုစိုက်လှပါလားလို့ . . .

“ဟိုက် နောက်မှ ငါချက်ချင်း သတိရတယ်. . ”

ငါ ခေါ်ခိုင်းပေါင်း လုခဲ့တာဟာ . . .သူ့အဖေကြီး ဖြစ်နေပါ ပကောလား”

*

ဒါပဲ. . သူငယ်ချင်း ရခိုင်သံဝဲတာနဲ့ ထားဝယ်သံ လွဲတာ ငါလွဲသွားတာကွ၊

တော်ရုံ တန်ရုံဆိုရင် ပြေရာပြေကြောင်း ဖြစ်နိုင်ပါသေးရဲ့၊ အခု တော့ ငါက သူ့ခေါ်ခိုင်းပေါင်း ဘုံးပြေးတော့ နောက်က လိုက်ဆွဲတဲ့ ဦး ဇော့ပိန်ထီကြီး နောက်ကောက် ထိုးပစ်ခဲ့သေးတယ်ကွ။ တောက် အဖို မဖြတ်နိုင်တဲ့ သတ္တုတွင်းကို ခေါင်းပေါင်းတစ်လုံးနဲ့ လဲလိုက်ရတာကွ၊

⊕



# လျှို့မိတဲ့လက်

လျှို့မိတဲ့လက်၊ နှုတ်ရခက်သည်၊ ကျုပ်ဘဝ အဆက်ဆက် ဒါ မျိုးနဲ့ ကင်းပါစေသောဝ် မြတ်ရှင်စော ဩကာသ-ဩကာသ . . ။

ကျွန်တော့လို အရက်သမား၊ ကြက်သမားက ဘုရားတမိသည့် တိုင်အောင် စက္ကပျိုတ် စိတ်က ပျက်မိပါသည်။

ဂြိုဟ်နိဒါန်း ဖွင့်သည့်နေ့ကား ဘာနုရာဇာ ဒေါင်းစကြာသည် အစွမ်းထက်စွာ ပူနေတုန်း အချိန်ဝယ် ကျွန်တော်သည် ပတ္တမြားဝင်းထိန် ကို ဆူးလေဘုရားလမ်း ရုပ်ရှင်ရုံတန်းမှာ သွားတွေ့ပါသည်။

“ဟော့ ဖိုးဆွေ ဖိုးဆွေ သူငယ်ချင်း”

ကျွန်တော့ကို မြင်လျှင်မြင်ချင်း ခွေးကလေး မအေပျောက်တွေ့ ဘိသကဲ့သို့ သူ၏ပထမ ထုံးစံအတိုင်း အင်မတိ အင်မတန် လှိုက်လှိုက် လှဲလှဲနှင့် ပခုံးကိုဖျစ်ညှစ်ပွေ့ဖက်ပြီးနောက် သူ၏ဒုတိယ ထုံးစံအရ

“ဟော့ သူငယ်ချင်း ငါဆာလိုက်တာကွာ၊ နေ့ခင်းကြီးမှာ မင်း ငါ့အအေးစိမ် ဘီယာလေးတိုက်ပြီး ခေါက်ဆွဲ မကျွေးနိုင်ဘူးလား”

ဒီကောင်က ဆန်မရှိ သောက်စားကြီးထဲကမှ၊ အနည်းဆုံး ဆင် တစ်ကောင် (ဝါ) ဆံတောက်ကလေး နှစ်ပွေ မထွက်လျှင် မပြီးသော



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းကို ပျိုးပါသည်။

ထိုအချိန်၌ ကျွန်တော်မှာလည်း တိုက်ကငွေထုတ်လာပြီး ဗိုက်ထဲဆာဆာနှင့် ယမကာ အာဟာရကောင်းကလေးများ ဟဲလိုက်မည်ဟု စိတ်ကူးရှိသည်နှင့် တိုက်ဆိုင်သွား၍ . . .

"ခွေးကောင်ကြီး လူတွေ့လိုက်ရင် ဒီလိုချည်းပဲ၊ လာ . . ဗိုလ်ကျင်းကို သွားမယ်ဆိုပြီး ကျွန်တော်တို့ လမ်းမကြီးကို ဖြတ်ကူးကြပါသည်။

"မင်းကံကောင်းတယ် မောင်၊ ငါ့အိတ်ထဲ ပိုက်ဆံရှိတာနဲ့အဆင်သင့် တိုးနေတယ်"

"အို . . . မင်း ငါနဲ့ တွေ့တိုင်းမှာ အမြဲတန်း ပိုက်ဆံ ရှိနေရမယ်ကွ၊ ဒါကြောင့် မင်းချမ်းသာချင်ရင် ငါနဲ့ မကြာခဏ တွေ့ဖို့ ဆုတောင်းပါကွ"

"အေး နို့ပြီး မင်းနဲ့တွေ့တော့ ရှိတာကုန်ရော မဟုတ်လား"

"ဟ . . မင်း ပိုက်ဆံရှာတာဟာ အလှကြည့်ထားဖို့လား၊ အထူးသဖြင့် မင့်လို အနုပညာသည် စာရေးဆရာ တစ်ယောက်ဟာ ရတဲ့ ပိုက်ဆံနဲ့ လောကကြီးကို နိမ့် မြင့် မရွေး အောက်ခြေသိမ်း လည်ပတ်ပြီး စာကောင်းပေမွန် ရေးဖို့ပဲ မဟုတ်လား"

"ငါ့လူ အပြောကလေးကတော့ လှပါ့ကွာ"

ဒီကောင်ကြီးမှာ စာပေကို ဘာမျှ နားမလည်သော်လည်း သူ့အခေါ် (မိတ်ဆွေ သိပြီး ဖြစ်ပါသည်။) စာရေးဆရာမ မုတ်ပွန် တင်တင်ကြီးထံမှ ကြားဖူးနားဝဖြင့် စာရေးဆရာ တစ်ယောက်ထံမှပင် စားကောင်းသောက်ကောင်းအောင် ပြောတတ်ပါသည်။

"ဒီမှာ မောင်ဆွေရ၊ ရတဲ့ပိုက်ဆံကလေး ခြစ်ခြစ် ချုပ်ချုပ်စုပုံနှိပ်စက်ကလေးထောင်၊ လောက တစ်နေရာ ချောင်မှာကုတ်ပြီး ဖြစ်ကတတ်ဆန်း စာကလေးတွေရေးပြီး ငါ့ဟာငါထုတ် စာအုပ်ဖြစ်တာပဲ လုပ်နေရင် အဲဒီ စာရေးဆရာဟာ တစ်နေ့ ဘာဖြစ်သွား . . .

"ဟာ-ဟာ အဲဒီစာရေးဆရာ ဘာဖြစ်မသွားခင် မင်း မသာဖြစ်သွားဦးမယ်"

အပြောနှင့် လောကြီး သွားနေသော သူ့ကို ကျွန်တော် လှမ်းဆွဲ





လိုက်ရပါသည်။ ရန်ကုန် ရွှေမြို့တော်ကြီးမှာ လမ်းညွှန် မီးစိမ်း၊ မီးနီ တွေသုံးမှ တစ်မျိုး ဆိုးနေသည်။ ဆူးလေဘုရားလမ်းနှင့် ဖရေဇာလမ်း အဖြတ်က မီးစိမ်း အလွတ်ကို အမီမောင်းသွားသော မော်တော်ကားသည် ဗိုလ်ကျင်း ဟိုတယ်ရှေ့တွင် ကျွန်တော်တို့ကို သီသီကလေး ပွတ်ကာ သူ့နမ ခိုးရာလိုက်တာကို အပျိုရည် မပျက်မီ အုပ်မိအောင် လိုက်နေဘိသကဲ့သို့ မြန်ဆန်လှပါဘိ၏။

*

**မော်တော်ကားတို့ကား ခြေလျင်သွားသူတို့အဖို့ ရန်သူ ဖြစ်ဘ်လည်း စီးသွားသူများအတွက်မူ တကယ့်မိတ်ဆွေကြီး ပါပေ။**

ကျွန်တော်တို့ စားသောက်ပြီး ဗိုလ်ကျင်းဟိုတယ်ထဲမှ ထွက်ကြသောအခါ၌ အလွန်ကြီးကျယ် ခန့်နားသစ်လွင်သော မော်တော်ကားကြီး တစ်စီးသည် ကျွန်တော်တို့ရှေ့ ထိုးရပ်လိုက်ပြီး ဒရိုင်ဘာ နေရာ၏ အသက် နှစ်ဆယ် အရွယ်မျှရှိ ခေါင်းတစ်လုံးထွက်လာကာ . .

"ဗျို့ . . ကိုဝင်းထိန်"

ပတ္တမြားဝင်းထိန်က စီးကရက် တစ်ဖက်နှင့် သွားကြားထိုးဝ ကိုင်နေရာမှ ရွှန်းရွှန်းစားစားဖြင့် . .

"ဟ . .မောင်သန်းမြင့်" ဆိုပြီး ကားကြီးကို ကိုင်လျက် –

"မင်း ကားတစ်မျိုး ဖြစ်နေပြန်ပါရောလား"

မောင်သန်းမြင့် ဆိုသူက ဂုဏ်ယူသောလေသံဖြင့် "ဟုတ်တယ် ကျွန်တော့် ဘော့စ်က ကားသစ်ကို မကြာခဏ လဲစီးတယ်။ သူ့လက်ဝ ဘယ်တော့မှ အနွမ်းမခံဘူး"

"ကားစီးဆို အဲဒီလိုမှပေါ့ကွယ်၊ တောက် ဒီကားကြီးမျိုး ‌ လိုက်ရဖိမ်ပေါ့၊ မင်း အခု ဘယ်သွားမလို့လဲ"

"မင်္ဂလာဒုံ ဂေါ့ဖ်ကွင်းမှာ ဘော့စ်ကို သွားကြိုရမယ်၊ ခင်ဗျားေ ဘယ်သွားမလဲ၊ ခရီးကြုံရင် လိုက်ခဲ့ကြပါလား"

"ဟာ . .အဆင်သင့်ပဲ လာဟေ့ ဖိုးဆွေ"

ကျွန်တော်မှာ စိတ်ကူးမျှမထည့်ခဲ့ဖူးသော ဟာကြီးကို ဒိ မခေါ်ခင် ကတည်းက တက်ချင်နေပါ၍ ပတ္တမြားဝင်းထိန် ရှေ့က



www.burmeseclassic.com

www.burmeseclassic.com



ဇွေ့ခနဲ ရောက်သွားပါသည်။ သို့သော် ကားတံခါး မဖွင့်တတ်သဖြင့် (ရှက်လဲရှက်ပါဖူးဗျာ၊ ကိုယ်မှ ဒီကားမျိုး စိတ်ကူးထဲတောင် မထည့်ဖူးတာပဲ) မောင်သန်းမြင့်က ဖွင့်ပေးမှ အပေါ်ရောက်သွားပါသည်။

ရုတ်တစ်ရက် ထိုင်ချလိုက်ရာ . . .

"ဟဲ့ . .ဟဲ့ ငါ့ဖင်တစ်ဝက် ဘယ်ရောက်သွားပါလိမ့်"

အော် . . အော် . .ကူရှင်ထဲ မြုပ်သွားတာပါ။

ကားက အိစက်ညက်ညောစွာပဲ ထွက်သွားပါလေသည်။

ကျွန်တော်တို့ နှစ်ယောက်မှာ နောက်က ဟန်ကျပန်ကျ ထိုင်ကာ ဒီကားကြီးပဲ စီးနေကျစတိုင်မျိုး လုပ်ကြသဖြင့် နွားလူများအမြင်တွင် ဘော့စ်တွေလိုလို ထင်ကောင်းထင်ကြပါမယ်၊ သို့ရာတွင် ကားထဲ၌မူ ပတ္တမြားဝင်းထိန်က–

"ဟော့ . . မောင်သန်းမြင့်၊ ဒီကားကြီးကို ဘာအမျိုးခေါ်လဲကွ"

မြင်းစီး၍ အထီးမှန်း အမမှန်း မသိတာထက် ပိုဆိုးပါသည်။

"ချက်ပလက် ဘဲအယ်ယားဗျ"

"အဖိုးက ဘယ်လောက် ပေးရမလဲ"

သူများ ဝယ်ဦးတော့ မလိုလို စပ်စုပါသည်။

"ဒါက ပြောရခက်သားဗျ၊ လိုင်စင်ရလို့ မှာမယ်ဆိုရင် သုံးသောင်းလောက်နဲ့ ရမယ်။ လိုင်စင်မရဘဲ ဒီပြည်ထဲမှာ ဝယ်မယ်ဆိုရင် ခြောက်သောင်း ခုနစ်သောင်းဗျ၊ ဒါတောင် ဝယ်မဲ့လူ ရှိမှရမှာ"

ကျွန်တော်က ဖြတ်၍ . . .

"နေပါဦး . .ကိုယ့်ကားဝယ်နိုင်တဲ့ ငွေရှိရင် ကိုယ်စီးဖို့တော့ မှာခွင့်လိုင်စင်ရမယ် မဟုတ်လား"

ဤသို့ ပြောလာစဉ် ဖရေဇာလမ်း အဖြတ်၌ မီးနီပြထား၍ အခြားကားများနှင့်အတူ စီတန်းပြီး ရပ်ထားလိုက်ရသည်။

ယင်းအခိုက်တွင် လက်ဝဲဘက် ပလက်ဖောင်းပေါ်မှ အသက် ၅၀ကျော်မျှ ခန့်မှန်းရသော နွတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး သုတ်စလီနှင့် ပါးရေတွန့်တွန့် လူကြီးတစ်ယောက်သည် လက်တစ်ဖက်ကိုပါ မြှောက်ကာ ကျွန်တော်တို့ ကားဆီသို့ ဂမူးရှူးထိုး ပြေးလာသည်။ ထိုအရာကို မြင်သည့် ကျွန်တော့ လက်ဝဲဘက်က ထိုင်နေသော ပတ္တမြားဝင်းထိန်





သည် သူ့နံဘေးက မော်တော်ကားမှန်တံခါးကို အလျှင်အမြန် ဂျက်လှည့်၍ ပိတ်လိုက်ပါသည်။

ရောက်လာသော လူကြီးမှာ ထိုမှန်တံခါးကို ထုကာ ဒေါသတကြီးနှင့် ပြောနေပါသည်။ သူ့အသံကို ကျွန်တော်တို့ အတွင်းမှ မကြားရပါ။ ပတ္တမြားဝင်းထိန်က ထိုလူကြီးကို မမြင်ဟန် ပြုနေပါသည်။ ကားမောင်သော မောင်သန်းမြင့်လည်း မီးရောင်ကိုသာ ကြည့်နေသဖြင့် ဤအဖြစ်ကို မမြင်ပေ၊ မီးရောင်စိမ်း၍ ကားထွက်သွားမှ ထိုလူကြီးမှာ လက်တစ်ဘက်မြှောက်ကာ လက်သီးဆုပ်ကာ ကျန်ခဲ့တော့သတည်း။

ကျွန်တော်က ပတ္တမြားဝင်းထိန်ကို တတောင်နှင့် တွက်၍–

"ဟော့–ခုန လူကြီးက ဘာလဲကွ"

"အလကားပါကွာ. . သူ့အကြွေး . . ငါပေးစရာရှိတာ လေးနှစ်ကျော်နေပြီ၊ ဒါကို မေ့ပဲမမေ့နိုင်ဘူး၊ တွေ့ရာမှာ ဖမ်းတောင်းနေတော့တာကွ"

ပတ္တမြားဝင်းထိန်အား နေရာမရွေး ကြွေးတောင်းသူများ ရှိနေသည်မှာ ကျွန်တော့်အဖို့ မဆန်းတော့ပြီ။ ပတ္တမြားဝင်းထိန် အကြွေးတောင်းခံရသည်ထက် သူ့ကို ချေးငှါး၊ သို့မဟုတ် ကြွေးပေးပြီး ကြွေးတောင်းသူများကိုပဲ ကျွန်တော် အံ့သြမိသည်။

**လောကတွင် အသိဉာဏ် ခေါင်းပါးသူများ ပေါများကြောင်းကို ပြသော သာဓက တစ်ရပ်ပင် ဖြစ်ချေသည်။**

ကျွန်တော်သည် ခဏအတွင်း၌ ဤကိစ္စကို မေ့ပျောက်ပစ်လိုက်ကာ မော်တော်ကားကြီး၏စည်းစိမ်ကို ခံစားသည်၊ ညက်ညက်ညောညောနှင့် လူတစ်ကိုယ်လုံးမှာ သက်သောင့်သက်သာ ရှိလှပါသည်။ ပြည်တော်သာလမ်းမ၏ ချိုင့်ပက်ကလေးများကို နင်း၍လျှင် မိခင်က သားသူငယ်ကို ပုခက်လွှပ်သိပ်သည်နှင့် တူလှသည်။ အော် . . . ငွေသုံးသောင်းကျော် ပေးနိုင်ရုံမက အမေရိကန် သံရုံးကပ်နိုင်မှ စီးရတဲ့ကားပေကိုး။

ဒီကားမျိုးတို့သည် မြန်မာ့စပါးနှင့် လဲရ၍ လယ်သမားများက မမြင်ရပဲ၊ လူမျိုးခြားနှင့် အရင်းရှင်များ၏စိမ်ခံကိရိယာ တစ်ခုသာတည်း။

ကျွန်တော်သည် ဘီယာ ခပ်ထွေထွေနှင့် နောက်မှီပေါ် ဇက်တင်လျက် . .မျက်စိကိုမှိတ်ကာ၊ ကြုံတောင်း ကြုံရခဲလှသော စည်းစိမ်



www.burmeseclassic.com

www.burmeseclassic.com



ကို ခံစားရင်း လိုက်ပါသွားသည်။ ဓိမ်ကြော နှစ်မြောနေ၍ အချိန်မည်မျှ ကြာလေသည်ပဲ မမှတ်မိတော့၊ ကျွီခနဲ ဘရိတ်အုပ်သံနှင့်အတူ ကားထိုး ရပ်လိုက်တော့မှ လူရှေ့ ငိုက်ခနဲ ဖြစ်သွားကာ အိပ်မက်ကောင်းမှ လန့်နိုး ရသူပမာ . . .

"အိုး . . ဘာဖြစ်တာလဲ" အော်မိကာ . . ကျွန်တော် ကားပြင် ခေါင်းထွက် ကြည့်လိုက်သောအခါ၌ စက်ခေါင်းရှေ့မှာ လဲနေသော မိန်းမပျိုကလေး တစ်ယောက်။

ကားဘရိတ်အုပ်မိ၍ သူ့ကို တိုက်မိဟန် မတူ။

ကားမောင်းသူ မောင်သန်းမြင့်မှာ စိတ်ပျက်စွာ မျက်နှာကို ရှုံ့တွလျက်။

"ဘယ့်နှယ်လဲဗျာ။။ကိုယ့်ဟာကိုယ် ကားမောင်းလာတာကို မ, ဘွားဘွားအောင်နဲ့ တွေ့ရတယ် မသိပါဘူး။ လမ်းဖြတ်ပြေးပြီး ကားရှေ့ တည့်တည့် ရောက်မှ မှောက်ရက်လဲသဗျ။ ဒီကောင် ဘရိတ်မိလို့ပေါ့။ မမိရင် . . ဂါတ်ထဲ ရျောင်းပဲ"

သူ့ပြောပုံ ကြားရသည်နှင့် ကျွန်တော်မှာ ဒီကောင်မကလေးကို အပြစ်တင်မိသည်။

သို့သော် လူတစ်ကိုယ် စိတ်တစ်မျိုး ရှိလေရကား ပတ္တမြားဝင်း ထိန်မှာမူ ကျွန်တော်တို့လို မဟုတ်လေပဲ ကားပေါ်မှ ကပျာကရာ ဆင်း သွားပြီး ထိုကောင်မကလေးကို ထူမလျက် အလွန် စိုးရိမ်သော အသံဖြင့်

"ဟင် ဘယ်နှယ် နေသေးသလဲ။ ဘယ်နေရာ နာသွားသလဲ"

ပြူးပြူးပျာပျာ လုပ်ချေတော့ဗျ . . .

မိန်းကလေးက သူ့ဟာသူ ဖုတ်ဖက်ခါလျက် . . .

"ကျွန်မ ခလုတ်တိုက် လဲသွားလို့ပါ . . ဘယ်နေရာမှ မနာ ပါဘူးရှင်"

"အို . . ရင်ထဲတော့ ထိတ်သွားမှာပေါ့၊ ပတ်ပတ်ကလူ ကဲ လာ လာ အိမ်လိုက်ပို့မယ်၊ ဘယ်လောက် ဝေးလဲ"

"အို နေပါစေရှင် အနီးကလေးပါ"

"နီးတော ရေမြန်မြန် သောက်လိုက်ရမှ အလန့်ပြေသွားမှာ၊ ကဲ ကားပေါ်တက်"





သူ အတင်းတွန်းတင်သည်နှင့် ကောင်မလေး ကားပေါ်ရောက် လေပြီ၊ "အိမ်က ဘယ်နေရာမှာလဲ"

"ဖုန်းမသိမ်လမ်း"

"နံပါတ်ကော"

"၇၅"

"ဟေ့ မောင်သန်းမြင့် ဖုန်းမသိမ်လမ်း နံပါတ် ၇၅ကို မောင်းပါ ဟေ့"

ဒရိုင်ဘာအား ခန့်တည်စွာ အမိန့်ထုတ်လိုက်လေသည်။ မောင် သန်းမြင့်လည်း ရုတ်တစ်ရက် ဘာမျှမတတ်နိုင်၊ သူ့ တစ်ချက် ပြန်လှည့် ကြည့်ပြီး မောင်းရလေသည်။

ဒီကောင်မကလေးကို ကားပေါ်ရောက်မှ ကျွန်တော် သတိပြု မိသည်။ အသက် ၁၇နှစ်နှင့် ၂၀ကြား ရုပ်ရည် သနားကမား ရှိသူကလေး ဖြစ်ပေသည်။ ဘလောက်စ်ခေါ် အင်္ကျီလက်တို ကိုယ်ကျပ်ကလေးကို ဝတ်ထား၍ ကိုယ်လုံး ကိုယ်ပေါက်လဲ တောင့်တင်း ကျော့ရှင်း ပေသည်။

သူတို့ အိမ်ရှေ့ရောက်ပြီဆို၍ ရပ်လိုက်သောအခါ၌ အိမ် အခြေအနေ ကြည့်ရခြင်းဟာဖြင့် အတော်အတန် ချောင်ချောင်လည်လည် စားနိုင် သောက်နိုင် လူတန်းစားထဲက ဖြစ်ကြောင်းကို သိရပေသည်။

သို့သော် ဒီကားကြီးမျိုးတော့ သူ့အိမ်ရှေ့ရပ်မှ ရပ်ဖူးဟန် မတူ ချေ။

အကြောင်းမှာကား ရပ်လိုက်လျှင် ရပ်လိုက်ချင်း အိမ်ရှိ လူကုန် တက်ကုန်ပဲ ဆိုရမည်၊ အဖေ အမေ ဖြစ်မည့် လူကြီးနှစ်ယောက်၊ အသက် ၁၅နှစ်အောက် ကြီးစဉ်ငယ်လိုက် မိန်းကလေးနှစ်ယောက်၊ ၁၀နှစ် အောက် ချာတိတ်ကလေးတွေက တစ်ရှဉ်း၊ ဗြုပ်စဗြင်းတောင်းနှင့် အိမ် ရှေ့ထွက်လာကြပြီး ကားတံခါးဖွင့်ကာ သူတို့အိမ်က ကောင်မလေး ဆင်း လာတာ မြင်ကြသောအခါ၌ သူတို့ မျက်လုံးတွေမှာ ပဒုမ္မာကြာဖူးထဲက ရွှေမင်သမီးကလေး တွေ့ရသကဲ့သို့ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ အရိပ်အ ယောင်တို့ဖြင့် လမ်းမသို့ တစ်စုတပြုံးကြီး ပြေးထွက်လာကြပါသည်။

ဘယ်သူက ဘယ်လို စကားစလေသည် မသိတော့ ကျွန်တော် မှတ်မိသမျှမှာ ကောင်မလေးက . . .



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေ . .သမီး မာမီက မှာလိုက်တယ် မှတ်လား၊ ဒေါ်အယ်လာကြီးဆီက ပိုက်ဆံကြွေးတောင်းပြီး ရရ မရရ ဟိုဘက်တန်းက ဟာတွေက ကောင်းတာမှတ်ဘူး မြန်မြန် ပြန်ခဲ့ဆိုလို့ ပြန်ခဲ့တာ ကိစ္စ ကုတ်လမ်း အဖြတ်မှာ ဟောဒီ အစ်ကိုကြီးကား လာတာကို" သူနှင့်အတူ ကားအောက်ဆင်းနေသော ပတ္တမြားဝင်းထိန်ကို ညွှန်ပြ၍ . . .

"လွတ်လောက်ကဲ့ ဆိုပြီး ပြေးသွားလိုက်တာ . .မာမီရယ် ကား ရှေ့ရှေ့ တည့်တည့် အရောက်မှာ ခလုတ်တိုက် လဲတယ်. . ဒါပေမယ့် ဘာမှ မဖြစ်ပါဘူး. . ကားက ဘရိတ်အုပ် ရပ်လိုက်လို့"

ထိုအခါ သူ့အမေက သမီးပုခုံးကိုင်၍ . . .

"အမယ်လေး ကံကြီးပေလို့လား သမီးရယ်. . ."

ယင်း၌ ပတ္တမြားဝင်းထိန်က . . .

"ကိစ္စမရှိပါဘူး၊ ကျုပ်လူက ကားမောင်း အိပ်စပတ်ပါ။ သူ့ကို အမြဲတမ်း သတိနဲ့ မောင်းဖို့မှာထားတာ၊ ဒါမျိုး စိတ်ချရပါတယ်"ဟု မောင်သန်းမြင့်အား နှုသာခံခက်ချီးမွမ်းပြီးနောက် တကယ့်လူကြီးလူ ကောင်း လေသံဖြင့် . . .

"ကဲ . .ကဲ မိန်းကလေး ဘာမှမထိခိုက်ပေမယ့် ရင်ထဲက ထိတ် သွားမှာပါ၊ အလန့်ပြေအောင် ရေအေးကလေး တိုက်လိုက်ကြပါ"

ထိုအခါ မိန်းကလေးက သူ့ရင်အုံသူ လက်ဝါးကလေးနှင့် ဖိ၍

"အို . .ကိစ္စမရှိပါဘူး အစ်ကိုကြီး။ ကျွန်မ အကြောက်ပြေသွားပါပြီ။ အခု အိမ်လိုက်ပို့တာ အများကြီး ကျေးဇူးတင်ပါတယ်"

မအေကလည်း . . .

"ဟုတ်တာ မောင်ရင်. .ဒေါ်ဒေါ်ကလဲ ကိုယ့်သမီးကလေးကို ဒီလိုဂရုစိုက်တာ သိပ်ကျေးဇူးတင်တာပဲ။ အော် ဒါနဲ့ မောင်ရင် နာမည် ဘယ်လိုခေါ်ပါသလဲ . . . ဒေါ်ဒေါ် နာမည်ကတော့ မကြာနု၊ ဟောဒီ သမီးတို့ ဖေဖေ့ နာမည်က . . ကိုဖန်စီ၊ ဒီသမီး နာမည်က သူတို့မယ်သီ လရင် ကျောင်းခေါ်တဲ့အတိုင်းပဲ ဒေစီစီ"

ကားရှေ့ ဖြတ်ပြေး၍ မှောက်ရက်လဲသော ကောင်မလေး၏ နာမည်ပေတည်း။ မိတ်ဆွေတို့ မှတ်မိကြကုန်လော။ ဒီဝတ္ထုမှာ ဇာတ်လိုက် မင်းသမီးပဲ။





ကျွန်ုပ်တို့ ဇာတ်လိုက် မင်းသားကြီးက အဒေါ်ကြီး စကားခင်း မေးသည့်အတိုင်း သူ့နာမည်ကို ထုတ်ဖော် ပြောလိုက်သောအခါ၌ ဒေါ်ကြာနုမှာ ရုတ်တရက် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် သူ့မျက်နှာ ရွှန်း ရွှန်းစားစား ဖြစ်သွားလျက် . . .

"ဟင် . .ပတ္တမြားဝင်းထိန်၊ အို . .စာရေးဆရာမ မုတ်ပွန် တင်တင်ကြီး ရေးတဲ့ နာမည်ပါလား"

"ဟုတ်တယ် မုန်ပွန် တင်တင်ကြီးက ကျွန်တော့် အဒေါ်ပါ"

ယင်းသို့ ပြောလိုက်သောအခါ၌ ၊ ဒေါ်ကြာနုမှာ လွန်စွာ လှိုက် လှိုက်လှဲလှဲ ဖြစ်လျက် . . .

"အို ဒါဖြင့် မုတ်ပွန်တင်တင်ကြီးက တကယ့် သူ့တူအကြောင်း ရေးထားတာပဲ . . ။ သူ့တူကို မိုးကုတ်မြို့မှာ မွေးလို့ ပတ္တမြားဝင်းထိန်လို့ နာမည်ပေးထားသတဲ့ . . ဟုတ်လား"

"ဟုတ်ပါတယ် ကျွန်တော်က မိုးကုတ်မြို့မှာ မွေးတယ်"

"အောင်မယ်လေး မောင်ငယ်စဉ်က အကြောင်း စာထဲဖတ်ရပြီး အခု လူကိုယ်တိုင် တွေ့ရတာ ဝမ်းသာလိုက်တာကွယ်။ မုတ်ပွန်တင်တင် ကြီးက အပျိုကြီးပီပီ သူ့တူကို အင်မတန်ချစ်ရတဲ့ အကြောင်း၊ ဒီကလေး နှောင်ရေးဖြင့် သူ့ ခေါင်းပေါ်မှာပဲ တင်ထားတဲ့အကြောင်း၊ **သံယောဇဉ် ဆိုတာ ငြိမှဖြင့် အင်မတန်ကြီးတဲ့အကြောင်း** . .ဖွဲ့ဖွဲ့ နွဲ့နွဲ့ ရေးထားတယ် ဖတ်လို့ ကောင်းတယ်ကွယ်"

ဤနေရာ၌ မိတ်ဆွေ သိထားရန် လိုပါသည်။ ပတ္တမြားဝင်းထိန် အား မုတ်ပွန်တင်တင်ကြီးက စတင်မွေးစားစဉ်က လွန်စွာ ချစ်အားပိုလှ၍ စာရေးဆရာပီပီ မလိုတစ်မျိုး လိုတစ်မျိုး ဖြစ်သည့်အတိုင်း ဤအခါမှာ သူလိုလားချိန်၌ ပတ္တမြားဝင်းထိန်အား လူပေသည့်ဌြား၊ နတ်မသား လောက်ဖြစ်အောင် အမွှမ်းတင် ရေးသားထားခဲ့ဖူးသည်။ ယခု ပတ္တမြား ဝင်းထိန်က သူ့ခွေးတွေ ခိုးပြေး၍လည်းကောင်း၊ သူ့ စက္ကရီထေရိမ ကလေးကို ဂေါ်ထုတ်၍လည်းကောင်း ၊ မုတ်ပွန် တင်တင်ကြီး ဦးစီးသော ကုမ္ပဏီရှိ အမျိုးသမီးပြဇာတ် လက်မှတ်တွေကို ပတ္တမြားဝင်းထိန်က ခိုးယူ ရောင်းစား၍လည်းကောင်း၊ အိမ်မှ နှင်ထုတ်ထားရသည်ကိုကား စာရေး ဆရာမကြီးမှာ ယခင်ရေးသားခဲ့သည်များကြောင့် မလှုပ်သာ မလှည့်သာ



www.burmeseclassic.com

www.burmeseclassic.com



ရေငုံနေရလေတော့သည်။

ဒါကို ဒေါ်ကြာနုက မသိ၊ ယခင် . . "ကျွန်မတူ ပတ္တမြားဝင်းထိန်" ဆိုသော စာမူကို ဖတ်ရသည့်အတိုင်းသာ အောက်မေ့၍ ကျွန်တော်တို့ အကောင်ကြီးကို လွှန်ဖွာ အထင်ကြီးလျက်–

"ဒေါ်ဒေါ်တို့ကတော့ မှတ်ပွန် တင်တင်ကြီး စာဖတ် ပရိသတ်ပဲကွဲ့၊ သူရေးသမျှစာဆို မလွတ်တမ်း ဖတ်ခဲ့တာပဲ။ ပြောလိုက်ပါကွယ်။ ဒီအကြောင်းကို မောင့်ရင့် အဒေါ်နဲ့ တွေ့တဲ့အခါမှာ ဒေါ်ဒေါ်တို့ နာမည် တွေပြောပြီး မိတ်လဲဖွဲ့လိုက်ပါ၊ တစ်နေ့ အိမ်ဖိတ်ပြီး ထမင်း ကျွေးပါဦးမယ်။ မောင်ရင်လဲ ဒေါ်ဒေါ်တို့ အိမ် ဆွေမျိုးရင်းချာလို သဘောထားပြီး ဝင်ပါ ထွက်ပါနော်"

"ဟုတ်ကဲ့ . . ကျေးဇူးတင်ပါတယ်"

ယင်းအခိုက်တွင် ဦးဖန်စီနှင့် ကလေးတစ်သိုက်ကား မော်တော်ကားကြီးကို ပတ်ပတ်လည် လျှောက်ကြည့်ကာ ဟိုကိုင်လိုက် ဒီပွတ်လိုက်နှင့် အမျိုးမျိုး ချီးမွမ်းသြဘာ ထောပနာ ပြုနေကြပါသည်။

ကလေးများက သူတို့ အဖေအား ဤကားကြီး အကြောင်း မေးခွန်းများ ထုတ်ကြရာ၊ ဦးဖန်စီမှာ မဖြေနိုင်ရှာသဖြင့် နောက်ဆုံးတွင် ထိုပြဿနာသည် ပတ္တမြားဝင်းထိန် ထံသို့ ဆိုက်ရောက်လေတော့သည်။

"သူ့အမျိုးက ချက်ပလက် ဘဲလ်အဲယား ခေါ်တယ်ခင်ဗျ"

"အဖိုးကြီးကတော့ အခုအချိန်မှာ ပြောရခက်သားပဲ ခင်ဗျာ၊ အစိုးရဆီက လိုင်စင်ရလို့ ဒီပြည်တွင်းမှာ ရောက်နေတဲ့ဟာ ဝယ်ဆိုရင် ခြောက်သောင်း ခုနစ်သောင်းပဲ ခင်ဗျ"

"ကားရောင်းချင်ရင်တော့ လွယ်ပါတယ် ခင်ဗျာ၊ ခုနစ်သောင်း ငါးထောင် အထိတောင် ပေးမဲ့လူ ရှိတယ်"

"အမယ်လေး သူ့အဖိုးကလဲ တိုက်တစ်လုံး ကောင်းကောင်းကြီး တည်လောက်နေတာပဲနော်"

ပတ္တမြားဝင်းထိန်၏ စကားအဆုံး၌ ကားရှေ့ မှောက်ရက်လဲခဲ့သော အပျိုမကလေးက မျက်လုံးကလေး ဝင့်ကာ မှတ်ချက် ချလိုက်ပါတော့သည်။

ထိုနောက် သူ့အမေက ရုတ်တရက် စိတ်ကူးရဟန်ဖြင့် . . .





"အမယ်လေး လမ်းမှာ စကား ကောင်းနေလိုက်ကြတာ အိမ်ပေါ်ခေါ်ဖို့ ဒေါ်ဒေါ်လဲ သတိမရဘူး။ ကဲ လာကြ လာကြ ကော်ဖီသောက်ရအောင် ဟိုကားပေါ်က သူငယ်တွေပါ ခေါ်ပေါ့"ဟု ကျွန်တော်တို့ ညွှန်ပြ၍ ပတ္တမြားဝင်းထိန်ကို ပြောလေရာ ပတ္တမြားဝင်းထိန်ဆိုတဲ့ အကောင်စားမှာ မကြာသေးမီကပင် ဗိုက်ပြဲချက်လန်စားပြီး ဟိုတယ်ထဲက ထွက်လာတာဖြစ်ဘိလည်း အလကားရလျှင် ဆားတောင် ရေသောက်ကောင်းအောင် လျက်ချင်သူဖြစ်ဘိရကား ဒေါ်ကြာနု၏ ဖိတ်ခေါ်ချက်ကို လက်ခံသော မျက်လုံးများနှင့် ကျွန်တော်တို့ကို ကြည့်မိသည်။

သို့သော် မောင်သန်းမြင့်က . . .

"အချိန်မရှိဘူး မင်္ဂလာဒုံ သွားရဦးမယ်ဗျ"ဟု ပြောလိုက်သဖြင့် ပတ္တမြားဝင်းထိန်သည် ရုတ်တရက် သတိရဟန် ဖြင့် . .

"အား အား ဟုတ်တယ် ဒေါ်ဒေါ် မင်္ဂလာဒုံ ဂေါ့ဖ်ကလပ်မှာ ချိန်းထားတာရှိနေတယ်၊ ခွင့်ပြုပါဦးခင်ဗျာ နောက်မှ အေးအေးလာလည်ပါ့မယ်"ဆိုပြီး ကားပေါ်တက်၍ တံခါးကို ဂျုံးခနဲ ဆွဲပိတ်လိုက်ကာ "ကဲ မောင်သန်းမြင့် မောင်းပေတော့"ဟု စတိုင်ပါပါ အမိန့်ပေးသံဖြင့် ဟစ်လိုက်ပါသည်။

ကားအထွက်တွင်မူ ဟိုအိမ်သားတွေနှင့် ပတ္တမြားဝင်းထိန်မှာ ကာလကြာစွာကပင် ခင်မင်ရင်းနှီးခဲ့သူများ ဖြစ်ဘိအလား တာ့တာတွေ ဘိုင့်ဘိုင်တွေဖြင့် စီလျှံဝေသွား ပေတော့သတည်း။

အင်း သူတို့အိမ် ကြိုပြော်ဝင်တာကို သူတို့ မသိရှာ။

*

ဤမှ သီတင်းတစ်ပတ်မျှ အကြာတွင် တစ်ရက်သော နေ့လည်ခင်း၌ ကျွန်တော်သည် **'မိုးတို့ကြာခြည်'** ခေါ် ဖောင်တိန်ကြီးရှင် အမျိုးသမီး စာဆောင်အတွက် အဖိုမရှိဘဲလျက် အမျိုးပြန့်ပွားသော ဥဗျိုင်းမတို့ သဘာဝကို လေ့လာတင်ပြရန် တိရစ္ဆာန်ရုံသို့လာခဲ့ရာ လား . . . လား ပတ္တမြားဝင်းထိန်ကြီးအား ရေကန်နားတွင် ကလေးနှစ်ယောက်နှင့် လက်တွဲလျှောက်နေသည်ကို တွေ့ရပါသည်။

"ဟေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဖိုးဆွေ"

တစ်ယောက် တစ်ခွန်း အသံထွက်ကြပြီးနောက် . . .

ကျွန်တော်က ဤကလေးနှစ်ယောက်နှင့် ပတ်သက်ပြီး မေးမြန်းလိုသော အမူအရာ ပြလိုက်သည်၌ သူက ကလေးများအား . . .

"ကဲ မောင်လှကျော်နဲ့ မောင်မြမောင်တို့ မင်းတို့ဖာသာ မင်းတို့ ကန်ပတ်လည် ရှောက်ကြည့်ကြလေကွာ၊ ငါဒီနေရာကပဲ စောင့်နေမယ်"ဟု ပြောလိုက်သည်၌ ချာတိတ်တို့သည် ဝမ်းသာအားရနှင့် . . .

"ဟုတ်ကဲ့ ဦးလေး"

"ဘဲရီးဂွဒ် ဦးလေး"

တစ်ယောက်တစ်ခွန်း ဆိုပြီး ရွှင်မြူးစွာ ထွက်သွားကြသည်။

ကျွန်တော်က ပတ္တမြားဝင်းထိန်ကို ကြည့်၍ . . .

ဟင် . . .ဟင် ဦးလေး ဘဲရီးဂွဒ်လေးနဲ့ မင့်တူ ရင်းသားတွေဖြစ်နေပါလား"

"တို့ ဟိုနေ့က ကားနဲ့ ရောက်ခဲ့တဲ့ အိမ်က ကောင်ကလေးတွေကွာ"

"ငါ . .မှတ်မိပါတယ်"

"တိရစ္ဆာန်ရုံ ပြမယ်ဆိုပြီး ခေါ်ခဲ့တယ်. . ၊ သူတို့ အိမ်စားသောက် ကောင်းအောင်ပေါ့ကွာ"

"မင်းက အခု အဲဒီအိမ်မှာ စားလား သောက်လားတောင်ဖြစ်နေပြီလား . . ."

"ငါ အစထဲက ဒီစိတ်ကူးနဲ့ ထွက်လာတာပဲကွ. . ဘိုင်ကျတဲ့ အခါမှာ ထမင်းတစ်နပ်ဟာ မလွယ်ဘူး မဟုတ်လား . .သူငယ်ချင်းရဲ့"

" မင်း ဘယ်နှခါများ ထမင်း သွားစားပြီးပလဲ"

"သုံးခါ . .အင်း လေးခါရှိပါသေးတယ်"

"ဟေ. . " ကျွန်တော် လက်ချိုးတွက်လိုက်ပြီး. . "သူတို့နဲ့ သိတာ ဒီနေ့ပါမှ ခုနစ်ရက် ရှိသေးတာ ထမင်းလေးခါ စားပြီးပြီ ဆိုတော့ မင့်ဟာ မလွန်လွန်းဘူးလား။ အခုအချိန် စားဈေး သောက်ဈေးတွေက ကြီးပါဘိသနဲ့. . ရန်ကုန်မြို့ပေါ်မှာ လူတစ်ယောက် အတွက် တစ်နပ်စာဟာ မလွယ်ဘူးကွ"





"ငါကလဲ ဒါကြောင့် သွားစားရတာပဲ"

"ဟိုအိမ်တော့ ကံဆိုး မိုးမှောင် ကျတာပါပဲကွာ.. "

"ဒါကတော့ မင်းအထင်ကိုးကွ၊ သူတို့ကတော့ ငါလာတာကို ရတနာ်ပုံ ဆိုက်တယ် အောက်မေ့ နေကြတာပဲ"

"ဟေ့ ဘယ့်နှယ် သူတို့က ဖွတ်ကို ဆင်ဖြူတော် မှတ်နေကြတာလဲ"

"ငါ့ အဒေါ်အရှိန် ပါတယ်လေကွာ . . ."

သူ့အဒေါ် မုတ်ပွန် တင်တင်ကြီးမှာ နာမည်ကြီး စာရေးဆရာမ ဖြစ်ရုံမက စာအုပ်ထုတ်ဝေရေးနှင့် ပုံနှိပ်စက်လုပ်ငန်းနှင့် ဟိုတိုင်းက အကူငွေ ရခြင်းနှင့် ကျိကျိတက် ချမ်းသာသူ ဖြစ်ပါသည်။

"အင်း . .မင့်အဒေါ်နဲ့ မင်း ခွာပြဲနေတာတော့ သူတို့ မသိရှာဘူးပေါ့လေ"

"ဒါပေါ့ကွ . .နို့ပြီး . . ဟို မော်တော်ကားကြီးလဲ ငါ့ဟာလို့ သူတို့က ယူဆနေကြတာ ဟီ . . ဟီ"

"မင်းကလဲ ဒီလိုဖြစ်အောင် ထွင်တာ ငါ အစကတည်းက သိပါတယ် ကားနဲ့ ဘာလို့ မလာလဲ မမေးကြဘူးလား"

"ဘယ်မေးစရာ လိုမလဲ ငါ အဲဒီကားနဲ့ သွားတာပဲကွ"

"ဟေ မင်း ဒီကား ဘယ်လိုရလဲ . ."

"သူ့ ဘို ရုံးတက်နေချိန်မှာ မောင်သန်းမြင့်က အဲဒီကား တစ်နေ့ခင်းလုံး ပိုင်တာပဲကွ။ အခု တို့ တိရစ္ဆာန်ရုံ လာတာတောင် အဲဒီကားနဲ့ . .အပြန် ၃နာရီလောက်မှာ လာခေါ်ဖို့ ငါ မှာထားလိုက်သေးတယ်"

"အေး အေး ပိပိရိရိ ရှိတုန်းတော့ တော်တာပေါ့ကွာ. . နောက်တော့သာ . ."

"ဒါတော့ '**ဘယ်အရာမဆို သင်္ခါရလို့**' မြတ်စွာဘုရားက ဟောခဲ့တယ် မှတ်လား မောင်ဆွေရ"

"ကြီးကြီး ကျယ်ကျယ်ဗျာ၊ ဘုရားနှုတ်ကမွတ်တော်များ ကိုးကား လိုက်သေးတယ်"

ကျွန်တော်သည် ဒီကောင်ကြီးကို ခွဲခွါခဲ့ပြီးနောက် မိမိရည်



www.burmeseclassic.com

www.burmeseclassic.com



ရွယ်ချက်အတိုင်း ဥဗျိုင်းတို့ကို လေ့လာသည်။

ဟော. .ဟော ပတ္တမြားဝင်းထိန်တော့ ပြောပြီးတော့ ကျွန်တော်လဲ ဘုရားဟောကို ကိုးကားရန် ဖြစ်ပေါ်လာပါသည်။

မြတ်စွာဘုရားအား သံသရာသည် ဘယ်တုံးကစ၍ ဘယ်တော့ဆုံးမည်နည်းဟု မေးလျှောက်ကြသောအခါ၌ ဂေါတမ ရှင်တော်မြတ်ဘုရားက . .

**"ချစ်သားတို့ အရှုပ ဗြဟ္မာဘုံ၌ ရုပ်တရားရှိသည် ဟူ၍ ငါဘုရား မြင်တော်မမူ။ ရူပဗြဟ္မာဘုံ၌ နာမ်တရား ရှိသည်ဟူ၍လည်း ငါဘုရား မြင်တော်မမူ၊ ဥဗျိုင်းတို့ အမျိုး၌ ဖိုသတ္တဝါ ရှိသည်ဟူ၍လည်း ငါဘုရား မြင်တော်မမူ၊ ထိုနည်းတူ သံသရာသည် ဘယ်တုန်းကစ၍ ဘယ်တော့ ဆုံးမည်ကိုလည်း ငါဘုရား မြင်တော်မမူ . ."** ဟူ၍ ဟောတော်မူသည်။

သို့သော် ဗျိုင်းမတို့သည် အထီးမရှိဘိလည်း လေ့လာရာဘက်နောက်ခိုင်း၍ လေညှင်းခံခြင်းဖြင့် ပဋိသန္ဓေကို ရစေ၏။

ယင်းသို့ လက်ထဲ ငွေကလေး ရှိတုန်းမှာ မော်ဘီမြို့ လှပဒါးရွာ နေ ကျွန်တော့ မိတ်ဆွေ ကိုတင်အေးထံမှ အောက်ပါစာတစ်စောင် ရောက်လာပါသည်။

*ကိုတင်ဆွေ . . .*

*အခု ကောက်ရိတ်ချိန်မှာ တွင်းအောင်းဖားကြီးတွေ သိပ်ကောင်းတယ်ဗျ. . တစ်ကောင် တစ်ကောင်ကို အစိတ်သားက ငါးဆယ်သားအထိရှိတယ်။ သုံးကောင်တစ်ပိဿာဆိုတာတော့ သေချာနေတာပဲဗျာ။ ဆူလိုက်တာလဲ မပြောပါနဲ့တော့ဗျာ. . ဝမ်းထဲအဆီတွေက အခိုင်လိုက် အခိုင်လိုက်နဲ့ စပါးနှံလို ကျနေတာပဲဗျာ၊ ဝင်းပြီး ရွှေရောင်တောက်နေတယ်။ ဖားချိတ်ဆရာ ကိုဖိုးညှက်ကဖြင့် ခင်ဗျားကို တ,တနေတာပဲဗျို့၊ လာသာလာခဲ့တော့ . .ဖားသားနဲ့ ချက်ဖို့ ဧယာရွက်လဲ ကျွန်တော့ အိမ်ရှေ့မှာ အပင် စိုက်ထားတယ်။*

*နို့ပြီး . .ကျွန်တော် ကိုယ်တိုင် အရက်ချက်သောက်နေတယ်။*





*ထန်းလျက်တစ်ပိဿာမှ နှစ်လုံးယူတာ မီးဟုန်းဟုန်းတောက်ပေါ့။ ခင်ဗျားတို့ ရန်ကုန်ကလာတုန်းက ပြည်တော်သာ အရက်သောက်ကြည့်ပါတယ်. . .သုံးကျပ်တစ်မတ်ပေးရပြီး ချာလိုက်တာဗျာ. အနံ့မွှန်ပြီး အာခေါင်ထဲ ရှတာပဲရှိတယ်၊ ကြာရှည်လဲ မမူးဘူး၊ နို့ပြီး မီးလဲ မတောက်ဘူး။ အနံ့ကလဲ ငေါ်တူးလိုက်တာ မပြောနဲ့တော့။*

*ဒါနဲ့ စကားမစပ် မေးရဦးမယ်ဗျ။ အခု ဖ-ဆ-ပ-လ အစိုးရက ဆိုရှယ်လစ် စနစ်အရ အရက်ချက်လုပ်ငန်းကို ပြည်သူပိုင် သိမ်းလိုက်ကာမှ အရက်ဈေးဟာ ဟိုတုန်းက တရုတ်လိုင်စင်စီထက် ကြီးနေပါရောလားဗျ။ သူတို့ အရက်ဟာ ဘယ်လောက် အရင်းကျသလဲဆိုတာ ကျွန်တော်က အရက်ချက်သောက်နေတဲ့ ကောင်မို့ သိတယ်။ တစ်ပုလင်းမှ ကျလှ ၂၅ပြားပဲဗျ၊ ဟိုတုန်းက တရုတ်က ၇၅သိန်း လိုင်စင်ဆောင်ရလို့ ဈေးကြီး ရောင်းရတယ် ထားပါဦး။*

*ကဲ ကိုတင်ဆွေ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စ ထားလိုက်တော့ ကျွန်တော် ခင်ဗျာ့ဆီစာရေးတာက ကျွန်တော်တို့ရွာ ဖားသားစား၊ အရက်သောက် လာဖို့ပဲ၊ စပါးပေါ်ချိန်မို့ ကြက်ဝိုင်းတွေလဲ ရှိပြီဗျ။*

*ကဲ အမြန်ဆုံးသာ ယွန်းခဲ့ပေတော့၊ ဦးလေးကိုထွန်းရင်ကလဲ မင့်လူ မြန်မြန် ခေါ်ပေ့တဲ့. . .။*

*အားလုံး ကျန်းမာကြ၏။*

*တင်အေး*

မိတ်ဆွေသည် ဆောင်းရာသီ၌ တွင်းအောင်းဖားသားကို မစားဘူးသေးဟု ဆိုပါက လောကတွင် အစားကောင်းတစ်ခု လက်လွှတ်နေခြင်းပင် ဖြစ်ချေသည်။ **တရုတ်ပြည်သွားပြီး ဟောင်ကောင် ဘဲကင် စားဖူးရုံနှင့် လည်းကောင်း၊ ပြည်သစ်ပြည် ပဲရစ်မြို့ ဟိုတယ်တွေမှာ သွေးစက်စက်နှင့် သိုးသားကို မီမီးရှေ့တွင် ချက်ရန် အော်ဒါပေး၍ ကမ္ဘာကျော် စားဖိုမှူး၏ လက်ရာကို စားဖူးရုံနှင့် လည်းကောင်း၊ မြန်မာပြည် ဆောင်းရာသီ တွင်းဖောက် ဖားသားဆီပြန်ကို မစား**



www.burmeseclassic.com

www.burmeseclassic.com



ဘူးသေးပါက သင်သည် ကမ္ဘာက အကောင်းဆုံးအစာတွေ စားဖူးပြီဟု ကြွားဝါရန် မပြည့်စုံသေးချေ။

ကျွန်တော်သည် ကိုတင်အေးဆီက စာရပြီး နောက်တစ်နေ့၌ပင် မော်ဘီသို့ မီးရထားနှင့်သွားပြီး လှပဒါးရွာသို့ မြင်းလှည်းနှင့် ယွန်းခဲ့လေသည်။

※

ကိုတင်အေး၏ ဟုမ်းမိတ် ထန်းလျက် အရက်နှင့် ကိုဖိုးညွှက်၏ တွင်းချိတ် ဖားသားကို စားကာ လှပဒါးရွာမှာ သီတင်းနှစ်ပတ်ကျော် သုံးပတ်မျှ ကြာခဲ့သည်။ ကျွန်တော် ရန်ကုန်သို့ ပြန်ရောက်သောအခါ ကျွန်တော် အခန့်ငှါးနေသော အဒေါ်ကြီးက ခရီး ရောက်မဆိုက် ဆီး၍ ပြောသည်မှာ . . .

"မောင်တင်ဆွေ့ မိတ်ဆွေ ကိုခင်မောင်လတ် ဆိုတာ သုံးလေးခါရှိပြီ၊ မင့်ကို အိမ်လာလာ မေးတာ"

ကျွန်တော် အံ့အားသင့်ကာ . . .

"ဗျာ . . ကိုခင်မောင်လတ်"

"ဟုတ်တယ် လူအရပ်ရှည်ရှည် အသားလတ်လတ်၊ မပြတ်ဆေးပြင်းလိပ် လာကြားညှပ်လို့"

ကိုခင်မောင်လတ်မှာ ကျွန်တော်တို့နှင့် ကျောင်းနေဘက်ဖြစ်ခဲ့၍ သူက အတန်းကြီးသဖြင့် ကျွန်တော်တို့ကို ညီကလေးလို ချစ်ခဲ့သည်။ ကျောင်းကထွက်ကြပြီး ယခု ကိုယ့်အလုပ်နှင့်ကိုယ် ဖြစ်ဘိလည်း ယခင်တုန်းကလိုပင် ခင်မင်မှုမလျော့ဘဲ လူချင်း တွေ့ကြဆုံကြလျှင် လွန်စွာမှ ဝမ်းသာကြသည်။

သို့သော် ကိုခင်မောင်လတ်မှာ ယခုအချိန် တိုင်းပြည်အဖို့ အရေးကြီးလှသော နိုင်ငံခြားရုံးမှ အရာရှိတစ်ယောက်ဖြစ်၍ လွန်စွာမှ အလုပ်များရကား ကျွန်တော်တို့ဆီ သူလာဖို့က ခဲယဉ်းလှသည်။ ကျွန်တော် တို့ကသာ သူ့ဆီ သွားကြရသည်။

ထိုကြောင့် ယခု သူက ကျွန်တော့ဆီ သုံးလေးခါတောင် လာရှာတယ် ဆိုတာ အံ့သြရ၏။





"ဘာကိစ္စတဲ့လဲ ပြောမသွားဘူးလား"

"မပြောဘူးကွဲ၊ မင်း ရောက်ရောက်ချင်းသာ သူ့ဆီ အမြန်လွှတ်လိုက်ပါလို့ မှာသွားတယ်"

ကျွန်တော် ခေါင်းကုတ်စဉ်းစားကာ–

"ဘာကိစ္စများ ပါလိမ့်မလဲ၊ သူက နိုင်ငံခြား ရုံးကဆိုတော့ ကျွန်တော့ကို နိုင်ငံခြား လွှတ်ဖို့ များလား"

"ဟုတ်ချင် ဟုတ်မှာပေါ့၊ အဲလိုဆို ကောင်းသားပဲ၊ မင်း အမေရိကန်များ သွားရရင် အဒေါ့်ဖို့လဲ နိုင်လွန် တစ်ဝတ်စာလောက် ဝယ်ခဲ့စမ်းကွယ်၊ ဟိုမှာဆို သိပ်ပေါတယ်တဲ့"

"ခုတလော အမေရိကန်တို့ အင်္ဂလန်တို့ မလွှတ်ပြန်ဘူးဗျ။ တရုတ်နီတို့ ရုရှားတို့ကို လွှတ်နေတယ်"

"အမယ် ရုရှားဆို သာကောင်းသေးတယ်။ ဗမာ့ခေတ် သတင်းစာမှာ ဖတ်ရတယ်။ အဲဒီပြည်မှာ သံကလကာ ရှိတယ်တဲ့၊ အဒေါ့်အိမ်ခန်းဆီးလုပ်ဖို့ သုံးကိုက်လောက် ဝယ်ခဲ့စမ်းကွယ်။ မင်းပြန်ရောက်တော့ ကျသလောက် ပိုက်ဆံပေးပါ့မယ်"

"အဒေါ်က ကျိန်းသေပေါက် မှာမနေနဲ့ဦးဗျ၊ သူတို့လွှတ်လဲ ကျွန်တော်က သွားနိုင်မှာ မဟုတ်ဘူး"

"ဘာလို့လဲ"

"အဒေါ်ပဲ စဉ်းစားကြည့်လေ၊ အခုပဲ ကျွန်တော်က မော်ဘီ လှပဒါးရွာက ပြန်ရောက်တာ၊ ရုရှားတို့ အမေရိကန်တို့ ဆက်သွားမှဖြင့် ခရီးပန်းလို့ သေရောပေါ့ဗျာ"

"အေးလေ မင်းကျန်းမာရေး မင်းတွက်ပေါ့၊ ဒါပေမဲ့ အခု ကိုခင်မောင်လတ်ဆီတော့ သွားလိုက်ပါဦးကွာ၊ သူ အရေးတကြီး လာမှာထားတာ"

ကျွန်တော် နိုင်ငံခြားရုံး ရောက်သောအခါ၌ ကိုခင်မောင်လတ်အား သူ့အခန်းထဲ၌ အဆင်သင့်ပင် တွေ့ရလေသည်။

"ဟင်း . . ခွေးကောင် မင်းအခုမှ ပြန်ရောက်သလား၊ ငါ သေများ သေပြီလားလို့"

"မသေတဲ့အပြင် ကျွန်တော် ပို ဝမလာဘူးလားဟင်၊ တောရွာ



www.burmeseclassic.com

www.burmeseclassic.com



လေးသွားပြီး တောစား တောနေ နေလာခဲ့တာ"

"မင့်ဟာ အကောင်းဝတာ မဟုတ်ဘူး၊ တောရွာက ချက်အရက် ဖော ဖောတာကွ၊ မျက်နှာကို ပန်းနုရောင် သန်းနေတာပဲ"

"ရှီစီချိ(က်)ပေါ့ ကိုလတ်ရ၊ အဲဒါ ချစ်စရာ မကောင်းဘူးလား"

"တော်စမ်းကွာ၊ မင့် ငါ အရေးတကြီး တွေ့ချင်နေတဲ့ ကိစ္စက"

"ကျွန်တော့ နိုင်ငံခြား လွှတ်မလို့ မဟုတ်လား"

"ထပ်သရီး မင်းနဲ့ နိုင်ငံခြားနဲ့ ဘာဆိုင်လဲကွ ၊ ကိုယ့်ပြည်တွင်းမှာတောင် သတ်မပစ်ကောင်းလို့ ထားနေရတာ"

"မသိဘူးလေ ကျုပ်လို စာရေးဆရာ တစ်ယောက်ကို ခင်ဗျားတို့ နိုင်ငံခြားရုံးက တွေ့ချင်တယ်ဆိုတော့ ဒါပဲ တွက်လာတာပေါ့၊ လွှတ်လဲ ကျွန်တော်က မသွားနိုင်ပါဘူးဗျာ"

"အေး . .တို့ကလဲ မင့်ကို ဘယ်တော့မှ မလွှတ်ဘူးလို့ ကတိပေးပါတယ်"

"ဒါဖြင့်လဲ ပြီးတာပေါ့ဗျာ၊ ကဲ ကိုလတ် ဘာကိစ္စရှိလဲ . .ဆို"

"မင်း ဟိုကောင်ကြီးနဲ့ တွေ့ပြီးပလား"

"ဘယ်ကောင်ကြီးလဲ"

"ဘယ်ကောင်ကြီး ရှိဦးမလဲ၊ ပတ္တမြားဝင်းထိန် ပေါ့ကွာ"

"ဟင့်အင်း မတွေ့ရသေးဘူး"

"အေး . .သူ့အတွက် အရေးကြီးနေတယ်"

"ဘာလို့လဲ အသဲအသန် မမာနေလို့လား"

"အသဲအသန် မမာပြီး သေသွားတာက ကောင်းဦးမှာပေါ့ကွာ၊ အခုတော့ သူက အိမ်ထောင်တစ်ခုကို သွားပြီး ဒုက္ခပေးနေတယ်"

"အော . .ဦးဖန်စီ ဒေါ်ကြာနုတို့ အိမ်သွားပြီး သူ မကြာခဏ ထမင်းစားနေတာ ကိုလတ် သိနေမှကိုး"

"ဒီ စားတာ သောက်တာလောက်ကို ငါ မပြောပါဘူးကွာ၊ အခုတော့ သူက အဲဒီအိမ်က ကောင်မလေးနဲ့ လပ်ထပ်ဦး မလို့တဲ့"

ကျွန်တော် ရုတ်တရက် အံ့ဩသင့်သွားကာ . .

"ဗျာ . .သူက လက်ထပ်မလို့တဲ့"

"အေးကွ ဒီမိန်းကလေး နာမည်က ဒေစီစီတဲ့"





"ဒီကောင်မကလေး ကျွန်တော် သိပါတယ်၊ သူတို့ လက်ထပ်မယ် ဆိုတာ ကိုလတ် ဘယ်သူပြောလဲ"

"ပတ္တမြားဝင်းထိန်ပဲလေကွာ၊ တစ်နေ့ခင်း ငါ့ရုံးပေါ် တက်လာပြီး သူ့မှာ အရေးကြီးတဲ့ ညှိသည်ပါလာလို့ နေ့လည်စာ တစ်ပွဲလောက် ဟန်ကျ ပန်ကျ ပြုစုစမ်းပါဆိုလို့ ငါက အိုရီယင့် ဟိုတယ်အပေါ်ထပ် ပို့လိုက်ရတယ်ကွ၊ သူ့ဧည့်သည်ဆိုတာက အဲဒီကောင်မကလေးကွ။ သူတို့စီးလာတာကလဲ ချက်ပလက်ကားကြီးနဲ့ အကျပေ့ ဘယ်ကကားရယ် မသိပါဘူး။ ဟိုတယ်ပေါ် ကျတော့မှ ဒီကောင်မကလေးနဲ့ ငါ့ကို မိတ်ဆက်ပေးပြီး သူနဲ့ လက်ထပ်တော့မယ် ဆိုတဲ့အကြောင်း ငါ့ပြောတယ်။ ငါ့မလဲ အံ့အားသင့်လို့ကွ။ ဒါပေမဲ့ မိန်းကလေးရှေ့မို့ ယဉ်ကျေးစွာပဲ ဝမ်းသာကြောင်း ဘာကြောင်း ပြောလိုက်ရတာပေါ့ကွာ"

"အဲဒါ မင်း ဘယ်နှယ် သဘောရသလဲ။ ပတ္တမြားဝင်းထိန်လို ပိုက်ဆံလဲ ချူးတစ်ပြားမှ မရှိ၊ အလုပ်လဲ မလုပ်ချင်တဲ့ ကောင်က မိန်းမယူမယ်ဆိုတာ သက်သက် လူတစ်ဖက်သားကို ဒုက္ခပေးတာပဲ မဟုတ်လား။ အဲဒါကို တို့က ဖျက်ရလိမ့်မယ်။ နို့ပြီး တစ်မျိုးလဲ စဉ်းစားကြည့်ဦး သူ လက်ထပ်လိုက်တယ် ဆိုရင် ခဏတစ်ဖြုတ်တော့ ယောက္ခမအိမ်က ကျွေးမွေးထားဦးမယ်၊ နောက် အလုပ်မရှိမှန်း သိလို့ နှင်ထုတ်လိုက်တဲ့ အခါမှာ တို့ဘယ်နှယ် လုပ်ကြမလဲ သူ့အဖို့ရော တို့အဖို့ရော ခက်ကြလိမ့်မယ်"

ဟုတ်ပေသည် ကြောက်စရာ ကိစ္စကြီးပေပဲ။

ကျွန်တော် ခေတ္တမျှ စဉ်းစားပြီး . .

"နေပါဦး ကိုလတ်ရ။ သူလဲ ဒါလောက်တော့ မဖျားမိပဲနေမှာ မဟုတ်ပါဘူး။ မိန်းမတစ်ယောက် လက်ထပ်ယူနိုင်လောက်အောင် သူ့အခြေက ဘယ်လို ပြောင်းလဲလာမလဲမှ မသိတာ"

"ဟ . .ငါတော့ မထင်ပါဘူးကွာ၊ ဘယ်နှယ် နေ့လည်စာကျွေးဖို့ ပိုက်ဆံကလေးမှ မရှိလို့ ငါ့ဆီ လာနေရသေးတဲ့ဟာပဲ. ."

"နို့ ကိုလတ်က အကျိုးအကြောင်း မမေးလိုက်ဘူးလား"

"ဒီကိစ္စ ဘယ်နှယ်လုပ် မေးမလဲကွ၊ သူ့ကောက်မလေးရှေ့ မှောက် ဖြစ်နေတဲ့ဟာ နို့ပြီး မင့် ငါပြောရဦးမယ်၊ အဲဒီနေ့ သူ ငါ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



လာတုန်းက သူ့ ဘယ်ဘက် မျက်ကွင်းမှာ မျက်လုံးအိမ် တစ်ခုလုံးညို လို့ကွ၊ တစ်ယောက်ယောက်က လက်သီးနဲ့ ထိုးထားတဲ့ ဒဏ်ရာပဲ"

"ဟင် . .ဟုတ်လား၊ ဘယ်သူနဲ့တဲ့လဲ"

"အဲဒါလဲ မမေးလိုက်ရဘူးကွ၊ သူက မမေးဖို့ မျက်ရိပ်မျက်ခြေ ပြလိုက်တာနဲ့။ ကဲ . .အဲဒါတွေ မင်းပဲ သွားစုံစမ်းကွာ. . အခြေအနေကြည့် ပြီးတော့ ဒီကောင်ကြီး လက်မထပ်ဖြစ်အောင်တော့ တတ်နိုင်သမျှ ဖျက် ပါဟေ့၊ အဲဒါ မင့်အကျိုး ငါ့အကျိုး ဟိုမိန်းကလေးရဲ့ အတွက်သာမကပဲ သူ့မိဘသားချင်း အားလုံးရဲ့ အဖို့ပါပဲ ခမြာများ ဒုက္ခရောက်မှာ တွေးပြီး သနားပါကွာ . ."

*

ပတ္တမြားဝင်းထိန်၏ အခန်းမှာ အမြဲတန်း အိမ်ရှေ့တံခါးတွင် သော့ခလောက်ကြီး ချိတ်လျက်ရှိသည်။ အားလုံးသော ပြူတင်းပေါက် တို့ ပိတ်လျက်ရှိသည်။ ဤပုံကို မြင်ရပါက အဘယ်သူသည် ဤအခန်း မှာ လူရှိတယ် ထင်ပါအံ့နည်း။ သော့ခလောက် ကြည့်ပြီး ပြန်လှည့်ကြ မည်သာ မဟုတ်တုန်လော။

သို့သော် ကျွန်တော်ကဲ့သို့ အချက်သိနေသော လူ အဖို့ကား သူ၏ ခေါင်းရင်းဘက် ပြူတင်းပေါက် အောက်မှာ သွား၍ ကမ္ဘာမကြေ မြန်မာတွေ သီချင်းကို လေချွန်ရပါသည်။

ဤကား ပတ္တမြားဝင်းထိန်၏ များပြားလှစွာသော သူ့ ကြွေးရှင် များကို ကာကွယ်နည်းပင် ဖြစ်ချေသည်။

**ကမ္ဘာမကြေ မြန်မာတွေ ဒါတို့ပြေ . .ဒါတို့မြေ . . ဒါ. . .ငါတို့ပြည်. . . .။**

ကျွန့်တော့ လေချွန်သံ ဤနေရာသို့ ရောက်သောအခါ၌ ပြူတင်းပေါက် နည်းနည်းဟလာပြီး . .

"ဟေ့ . .ဖိုးဆွေလား"

"အေးကွ"

ဤအခါ၌ သော့တစ်ခုကျလာ၍ အိမ်ရှေ့တံခါးသော့ခလောက် ကိုဖွင့်ပြီး ကျွန်တော် ဝင်ရပါသည်။





ကျွန်တော့ကို ထိုင်ရန် နေရာပေးပြီး သူက သူ့ဆေးတံဂျစ်ဆုံ ကြီးကို ညှိသောက်သည်။

"မင်း ဘယ်တုန်းက ပြန်ရောက်လဲ"

သူ့ ဘယ်ဘက် မျက်ကွင်းမှာ ကိုလတ် ပြောလိုက်သောဒဏ်ရာ အညိုအမဲကြီး မပျောက်သေးချေ။

"ငါ ဘယ်တုန်းက ပြန်ရောက်တာလဲက အရေးမကြီးဘူး မင့် မျက်လုံး ဘာဖြစ်တာလဲက စပြောစမ်းပါ"

သူသည် ဆေးတံကို အားရပါးရ ဖွာထုတ်လိုက်ပြီး . .

"အဲဒါ ပြောရရင် ဇာတ်လမ်း အရှည်သားကွ။ မင်း မှတ်မိသေး လား။ တို့ တစ်ခါ မော်တော်ကားကြီးနဲ့ ရောက်သွားတဲ့ ဦးဖန်စီ ဒေါ်ကြာ နုတို့အိမ်"

"မှတ်မိပါသော်ကော၊ မင်းက အခု သူတို့သမီး ဒေစီစီနဲ့တောင် လက်ထပ်တော့မယ်ဆို"

"ဟ . .ဖိုးဆွေ ဒါမင်း ဘယ်က ကြားခဲ့လဲ"

"ငါ ကိုခင်မောင့်လတ်ဆီ ရောက်ခဲ့ပြီကွ၊ အခု သူ့ဆီက လာ ခဲ့တာပဲ၊ ဘာလဲ မင့်ကို ဒီကောင်မကလေးက အချစ်စမ်းတဲ့ သဘောနဲ့ မျက်လုံးအိမ် ဖနောင့်နဲ့ ပေါက်တာလားကွ"

"မဟုတ်တမ်းတရားကွာ၊ ငါ့လက်သီးနဲ့ ထိုးတာက ဆွေတင့် ဆိုတဲ့ ကောင်လေးကွ"

"ဘယ်က ကောင်လေးလဲ မင်းနဲ့ ဘာဖြစ်လို့လဲ"

"ဒီလိုကွာ။ ။ အဲဒီ ကောင်လေးက ပထမ ဒေစီစီတို့အိမ် ဝင် ထွက်နေတဲ့ ကောင်လေး၊ ဒေစီစီနဲ့ ငါနဲ့ လက်ထပ်ဖို့ ဖြစ်တဲ့အချိန်မှာ သူက တစ်ခြားသွားနေလို့ မသိဘူး။ အဲဒါနဲ့ တစ်ညသ၌ ငါက ဒေစီကို ဂွတ်နိုက်ကစ်(စ်) လုပ်နေတာ အိမ်ရှေ့ တံခါးဝမှာ သူအလာနဲ့ တိုးနေလို့ ဒေစီစီက မြင်တော့ ရတ်တရက် ရှက်လန့် လန့်ပြီး အော်လိုက်တာကို သူက ငါ့ အမှတ်မထင် ဝင်ထိုးလိုက်တာပဲကွ"

"နို့ . . မင်းကတော့ ပြန်မထိုးဘူးလား"

"ထိုးမယ် လိုက်တုန်းမှာ ဒေစီ့ အမေနဲ့ အဖေက ရောက်လာပြီး ဖျင်တယ် . .ငါနဲ့ ဒေစီ လက်ထပ်တော့မယ့် အကြောင်းလဲပြောပြီး ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဘုမသိ ဘမသိ စော်ကားတဲ့အတွက် ဒီအိမ်ရိပ် ဘယ်တော့မှ မနင်းပါနဲ့လို့ တစ်ခါထဲ နှင်ထုတ်လိုက်တယ်။ ဒီကောင်လေးက ဒေစီကို ဂေါ်နေတဲ့ ငတိလေးကိုးကွ"

"ဒါဖြင့် ထိုးချက်နဲ့သေး၊ မင်းက သူ့အချစ် သွားလုတာကိုးကွ"

ထိုအခါ သူသည် စိတ်ပျက်စွာနှင့် . .

"ဟာ . . ငါ ဒီကောင်မလေးလဲ လိုချင်တာ မှတ်ပါဘူးကွာ"

"ဒီကောင်မလေး မလိုချင်ဘဲနဲ့ သူ့မိဘက ပစ္စည်း ကျိကျိတက်ချမ်းသာနေလို့လား။ ငါ့မျက်မြင်ဖြင့် အလျှင်မီအောင် စားနိုင် သောက်နိုင်ရုံလောက် ပါပဲကွာ . . ."

"ဒါမှန်ပါတယ် . . မင်း ငါ့စကားကို အဓိပ္ပါယ်ကောက်လွဲနေတယ် ငါဆိုလိုတာက ငါဒီကောင်မကလေး မလိုချင်ပဲနဲ့ အကြောင်းကသွားပြီး ဖန်တီးတယ်လေကွာ"

"ဘယ်လို ဖန်တီးတာလဲ"

"တစ်နေ့ခင်းကွာ . . ဒီကောင်မလေးနဲ့ ငါနဲ့ အခန်းထဲနှစ်ယောက်ထဲ ရှိနေတာကို သူ့မိဘတွေက မိသွားတယ်"

"ဟာ . . မင့် စားအိမ် သောက်အိမ် ဖြစ်နေတာကို၊ ဒီလောက်နဲ့တော့ ဒီကိစ္စ မဖြစ်နိုင်သေးပါဘူး"

"ငါက ကောင်မလေး ဘောင်းဘီအိတ်ထဲ နောက်ကနေ နှိုက်နေတာနဲ့ တိုးသွားတာကွ"

"မင်းက သူ့ဘောင်းဘီအိတ်ထဲ ဘာပြုလို့ နှိုက်ရတာလဲ"

"ကြွေစေ့ လိုချင်လို့ကွ"

"ဟာ . . ကြွေစေ့လိုချင်ရင် မိန်းကလေး ဘောင်းဘီအိတ်ထဲ နှိုက်ရတယ်လို့ မင့်ဘယ်အဘဘ သင်ထားလို့လဲ"

"မင်း . . .သေသေချာချာ နားထောင်စမ်းပါဦး၊ အစဦး ငါက အိမ်ရှေ့မှာ ကလေးတွေနဲ့ အံစာပစ်နေတာကွ။ အဲဒါကို သူကကြွေစေ့တွေ အလစ်ယူပြီး အခန်းထဲ ဝင်ပြေးတယ်။ ငါက နောက်က လိုက်သွားတော့ သူမယူပါဘူး မယုံရင် သူ့ကိုယ်မှာ ရှာပါဆိုတော့ ရှာစရာက သူ့ဘောင်းဘီအိတ်ထဲပဲ ရှိတာကိုး၊"

"ကောင်းပြီ မင်း ဘောင်းဘီအိတ် နှိုက်တော့ တစ်ဖက်ထဲနှိုက်





သလား၊ နှစ်ဖက်စလုံး နှိုက်သလား"

"အစဦးတော့ တစ်ဖက်ထဲပဲကွ၊ နောက်တော့ နှစ်ဖက်ဆုံနှိုက်မိတယ်"

"အင်း . . မိန်းကလေးတစ်ယောက် ဘောင်းဘီအိတ်ထဲကို နောက်ကနေပြီး ဆုံနှိုက်မိတယ် . . ဒါကို ကလေးမ မိဘတွေက မြင်သွားတယ်" ကျွန်တော် ခေတ္တမျှ စဉ်းစားလိုက်ပြီး "ဒါလဲ ကြွေစေ့ နှိုက်တဲ့အကြောင်းပြောပြီး ရှင်းနိုင်သားပဲကွ"

သူ ခေတ္တ တွေဝေနေပြီးမှ . .

"ဒါလောက် မဟုတ်သေးဘူး ဖိုးဆွေ၊ ငါ အမှန် ဖွင့်ပြောရရင် ငါ့လက်နှစ်ဖက်ဟာ သူ့ဘောင်းဘီအိတ်ထဲ နောက်ကနေပြီးဆုံနှိုက်မိပြီး ငါလက်ချင်းသွားထပ်မိတဲ့အခါမှာ ငါ့စိတ် ဘယ်လိုဖြစ်သွားတယ် မပြောတတ်ဘူး။ သူ့ကိုယ်ကလေးကို ရင်ခွင်ထဲ ဆွဲသွင်းပြီး ပါးသွားပြီး နမ်းမိတယ်ကွ"

"ငါ့လခွီးတဲ့ ဒါ အစဦးထဲက ပြောရောပေါ့၊ ဒီအတိုင်းဆို မင့်အမှုက ဘယ်ဝတ်လုံမှ မတတ်နိုင်တော့ဘူး။ အဲဒါမြင်တော့ သူ့မိဘတွေက ဘာပြောရောလဲ"

"ချက်ချင်း မပြောသေးဘူး မြင်မြင်ချင်း လှည့်ထွက်သွားကြပြီး တော်တော်ကြာလို့ ငါတို့ အပြင်ရောက်တော့မှ သူတို့ သဘောတူတဲ့အကြောင်း လက်ထပ်ဖို့ အကြောင်း ပြောတော့တာပဲကွ"

ကျွန်တော် သက်ပြင်းကြီး ချလိုက်ပြီး။

"အင်း . . ဖွတ်ကို ဆင်ဖြူတော် မှတ်ပြီး ဖမ်းကြတာပဲကွ၊ အဲဒါ မင်းက ဘယ်လိုစီမံမလဲ"

လျှိုမိတဲ့လက် နှုတ်ရ ခက်နေပြီကောကွာ"

"မင်း ဒီကောင်မကလေးကို တကယ် မလိုချင်တာ ဟုတ်ရဲ့လား"

"အမှန်ပါပဲ ကွာ . . .ကျိန်ပြောဆို ပြောပါ့မယ်"

"ဒါဖြင့် အလွယ်ကလေးပဲကွ၊ မင့်ကို သူတို့က ဟိုချက်ပလက်ကားကြီးပိုင်ရှင်၊ သူဌေးမ မုန်ပွန် တင်တင်ကြီးရဲ့ အမွေခံတူလို့အောက်မေ့ပြီး သဘောကျတာကိုးကွ၊ အဲဒါတွေ မဟုတ်တဲ့အကြောင်း အမှန်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ရှင်းပြလိုက်ရုံပေါ့"

သူ ခေတ္တမျှ တွေဝေနေပြီးမှ . . .

"ဒီလို ဆိုတော့လဲကွာ၊ ငါ ကိုယ့်အလိမ် ကိုယ်ဖော်ရမှာကြီး ငါ့လိပ်ပြာကိုက လက်မခံဘူးကွ၊ လိမ်ရမှာထက်ခက်နေတယ်။ ဒီထက် ကောင်းတဲ့နည်းဆို မင်း သူတို့ဆီကို ဘယ်တော့မှ မသွားနဲ့တော့. .တစ်ခါထဲ အစဖျောက် ပစ်လိုက်တော့"

"ဟာ. .ဒီလိုဆိုတော့လဲ ငါဟာ လူတစ်ဖက်သားအပေါ်မှာ သိပ်ဆိုးဝါး မနေဘူးလားကွာ"

"နို့ . .မင်းကကော ကောင်းလို့ လားလို့"

"ငါပြောတာက ဒီလိုလေကွာ . .ဒီကိစ္စမှာ နှစ်ဖက် သဘောတူ ကျေကျေနပ်နပ်နဲ့ ဖြစ်သွားကြပြီးနောက် လူချင်းတွေလဲ မိတ်ဆွေ မပျက်ကြအောင်"

"ဟ မင့်လုပ်ပုံက အစကမှ မဟုတ်တာကို အဆုံးသတ်ကောင်းအောင် ဖြစ်နိုင်ပါ့မလားကွ"

"မဖြစ်နိုင်အောင် နည်းပရိယာယ် ရှာဖို့ပေါ့ကွာ၊ မင်း စာရေးဆရာ ဦးနှောက်နဲ့လုပ်စမ်းပါ"

"အောင်မယ်လေး မင်းအကုသိုလ်မှုထဲ ငါ့ဦးနှောက် ထည့်မပေးနိုင်ပါဘူး။ ခုန ငါပြောတဲ့ နည်းလမ်းနှစ်ခုက တစ်ခုခုလုပ်၊ ဒါပဲ ငါပြောနိုင်တယ် ကဲ . .ငါသွားမယ်"

"နေပါဦး ဖိုးဆွေရာ"

"ဟာ . .မနေနိုင်ဘူးကွာ"

ကျွန်တော် ခွတ်တရွတ်ပဲ သူ့အိမ်ပေါ်က ဆင်းခဲ့တော့သည်။ သို့သော် သူသည် ကျွန်တော် လမ်းမရောက်မှ နောက်မှပြေးလိုက်လာကာ

"ဟေ့ . .ဖိုးဆွေ . .ဖိုးဆွေ . .ခဏ"

အနီးရောက်လာသော အခါ၌ . . .

"ငါ အခုန လျှပ်တစ်ပြက် ကလေးအတွင်းမှာပဲ အကြံတစ်ခု ရတယ်ကွ"

"ဘယ်လို့ ဒုက္ခပေးဖို့လဲ"

"ဟါ အကောင်းပြောတာပါကွ၊ ဒီလိုလေကွာ မင်းကစုံထောက်





ယောင်ဆောင်ပြီး သူတို့အိမ်သွား"

"အလိုလေး ဒီဒုက္ခ ငါ့ဆီ ဦးလှည့်လာပါလား"

"အကောင်း နားထောင်စမ်းပါကွ၊ မင်းက . . သူတို့အိမ် စုံထောက်လုပ်သွားပြီး ငါ့အကြောင်းကို စုံစမ်းစစ်ဆေးရမယ်"

"မင်းအကြောင်း ငါက ဘာများ စုံစမ်းစစ်ဆေးစရာ ရှိသေးသလဲ။ အူသိး ချေးခါး သိပြီးသားဟာကို"

"ဒီလိုလေကွာ မင်းကလဲ ငါပြောတာ သဘောကို မပေါက်သေးဘူး။ အဲဒီအခါမှာ မင်းကငါ့ကို ရာဇဝတ်ကောင်လို သဘောထားပြီး လုပ်ရမယ်၊ ဥပမာ ငါပြောမယ်ကွာ။ ပတ္တမြားဝင်းထိန် ဆိုတာ ခင်ဗျားတို့နဲ့ သိတာဘယ်လောက်ကြာပြီလဲ ဘယ်က ဆက်သွယ်ပြီး သိတာလဲ၊ ဒီအိမ်လာတာ ဘယ်နှစ်ခါ ရှိပြီလဲ။ ဘာကိစ္စလာတာလဲ။ ဘယ်အချိန် ဘယ်အချိန် လာတတ်သလဲ။ အစရှိသည်ဖြင့် သူတို့ ဦးနှောက်ခြောက်လောက်အောင် မေးပေါ့ကွ၊ သူတို့က စိတ်ရှုပ်လာပြီး ဘာမှုလဲ၊ ဘာကိစ္စလဲ မေးတော့မှ ဒီပတ္တမြားဝင်းထိန် ခံယူထားတဲ့ လူဟာ တကယ့်နာမည်ကြီး လူဆိုးကြီး. . .ခါးပြတိုက်မှုရှိတယ်။ ပြန်ပေးဆွဲမှုရှိတယ် . . မုဒိန်းကျင့်မှုရှိတယ်၊ သမဝါယမက ရာရှင်တွေ ခိုးထုတ်တယ်။ အစရှိသည်ဖြင့် ခုအချိန် ခေတ်စားနေတဲ့ အမှုတွေ ပြောပေါ့ကွာ၊ ပြီးတော့မှ သူတို့ ငါ့အပေါ် စိတ်ပျက်ပြီး"

ဤနေရာတွင် ကျွန်တော် သူ့ စကားဖြတ်ကာ . .

"တော် . .တော် . .မင်း ငါ့သက်သက် ဂျောက်ကျအောင် ထွင်တဲ့ ကိစ္စ"

သူက အံ့အားများပင် သင့်ကာ . .

"ဘယ်နှယ်ကြောင့်လဲကွ"

"ဘယ်နှယ်ကြောင့်ရမလဲ မင်းနဲ့ ငါနဲ့ မိတ်ဆွေ သူငယ်ချင်း ဖြစ်တယ်ဆိုတာ ပထမဦးဆုံး သူတို့နဲ့ တွေ့တဲ့နေ့ကပဲ သူတို့ ငါ့ကိုမြင်ပြီးသား မဟုတ်လားကွ . . "

"မင်းကို ကောင်းကောင်း မှတ်မိမယ် မဟုတ်ပါဘူးကွ မင်းက ကားထဲကပဲ"

"နို့ပြီး တိရစ္ဆာန်ရုံမှာ မင်းခေါ်လာတဲ့ သူတို့အိမ်က ချာတိတ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေနဲ့ ငါနဲ့ တွေ့တာကောကွ"

"ဒါဖြင့် မင်း နှုတ်ခမ်းမွေးလေး တပ်ပြီး ရုပ်ဖျက်သွားပေါ့ကွ"

"ဟာ တော်စမ်းပါကွာ မင်းမဟုတ်က ဟုတ်ကအကြံ။ တော်ကြာ . .ဒီကိစ္စ ပေါ်သွားတော့ ငါ့မှာ အလကား သက်သက် အယောင်ဆောင်မှုနဲ့တောင် . ."

ကျွန်တော့ စကား မဆုံးမီ ပတ္တမြားဝင်းထိန် ကျွန်တော့ အနီးက ပျောက်ကွယ်သွားလိုက်သည်မှာ လွန်စွာ လျင်မြန်လှသဖြင့် ရုတ်တရက် မြေကြီးထဲပဲ ဝင်သွားသလား၊ သို့မဟုတ် မိုးကောင်းကင်သို့ပင် တက်သွားသလား အောက်မေ့လိုက်ရပါသည်။ သူ့ဆေးတံ မီးခိုးက ငေါ်တူးနေသော အနံ့သာ ကျန်ခဲ့တော့၏။

ကျွန်တော် အံ့အား သင့်နေတုန်းမှာပင် လူကြီး တစ်ယောက် ကျွန်တော့ဆီသို့ ရောက်လာကာ . . .

"ထွန်းဖြူဆိုတဲ့ကောင် ဘယ်ရောက်သွားလဲ"

ဒီလူကြီးကို ကျွန်တော် မမေ့ပါ၊ တစ်ခါ မြင်ဖူးရုံနှင့်မှတ်မိသည်။ ဆူးလေဘုရားလမ်းဆုံ၌ ကျွန်တော်တို့ ဟိုကားကြီးပေါ် ဖိမ်ထိုးနေစဉ် ပတ္တမြားဝင်းထိန်ထံ ကြွေးတောင်းလာသော နှုတ်ခမ်းမွေးမုတ်ဆိတ်မွေး ငုတ်စုလိနှင့် လူကြီးဖြစ်ပါသည်။

ကျွန်တော်က သူ့ကို အံ့အားသင့်ဟန်နှင့် ကြည့်ပြီး . .

"ဦးပြောတဲ့ ထွန်းဖြူဆိုတာ ကျွန်တော် မသိဘူးခင်ဗျ"

ဤတွင် လူကြီးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ သူ့လက်က ဒုတ်ကို မြေကြီးနှင့် ဆောင့်လျက် . . .

"ဗြောင် . . . ညာရသလားကွ၊ အခုနပဲ မင်းနဲ့ ရပ်စကားပြောနေတာ ငါ လှမ်းအမြင်လိုက်သားနဲ့"

ကျယ်လောင်စွာ အော်ပြောပါသည်။ သူ့အသံကြောင့် လူများ ဟိုက ဒီက ရုတ်ရုတ် ရုတ်ရုတ်နှင့် ကျွန်တော်တို့ဆီသို့ စုလာကြပါသည်။

ကျွန်တော်ကလည်း ဤနေရာ၌ ခပ်မာမာပင် . . .

"ကျွန်တော်နဲ့ စကားပြောနေတာ ထွန်းဖြူမှ မဟုတ်တာပဲဗျ"

ယင်း၌ ရောက်လာသော လူအုပ်ထဲမှ အသက် ၂၀-မျှရှိ အသားဖြူဖြူ နှုတ်ခမ်း ထူထူနှင့် မျက်ခုန်းမွေးကြီးကြီး ကောင်လေးက





"ဦး . .ဘာလဲ ခင်ဗျ၊ ဘာဖြစ်တာလဲ ခင်ဗျ"ဟု ဝင်၍စပ်စုပါသည်။

သို့သော် . .ထိုလူကြီးက သူ့အမေးကို ပြန်မပြောပဲ ကျွန်တော့ကိုသာ . . .

"ကဲ . .ထွန်းဖြူ မဟုတ် ဟုတ်ဟုတ် အဲဒီကောင် ဘယ်ရောက်သွားသလဲ"

ကျွန်တော်က ဘုကျကျပင် . .

"မသိဘူး၊ ကျုပ်နဲ့ စကားပြောနေရင်း ရုတ်တရက် ပျောက်သွားတာ၊ မြေကြီးထဲပဲ ဝင်သွားသလား၊ မိုးပေါ်ပဲ ပျံတက်သွားသလား မပြောတတ်ဘူး"

"အို . .ဘာရမလဲ ဟို အခန်းထဲ ဝင်သွားတာပဲ၊ ဖွင့်မရ တံခါးဖျက် ဝင်ရလိမ့်မယ်ဟေ့"ဆိုပြီး ပတ္တမြားဝင်းထိန် အခန်းဝဆီသို့ သွားပါသည်။

သို့ရာတွင် အခုန ချာတိတ်ကလေးပင် လိုက်ဆွဲ၍ . . .

"ဦး စဉ်းစဉ်း စားစား လုပ်ပါခက်ဗျာ၊ သူ့အခန်း ဖျက်ဝင်တော့ ဦးကို ဖောက်ထွင်းမှုနဲ့ ပုလိပ်က ဖမ်းလိမ့်မယ်။ နို့ပြီး ဒီအနီးအနားမှာ ဆူဆူညံညံ မလုပ်ဖို့လဲ တောင်းပန်ပါတယ် ခင်ဗျာ၊ အသဲအသန် လူမမာက ရှိနေလို့"

ထိုမှ ထိုလူကြီး ပျော့ကျသွားပါသည်။ ဤကောင်ကလေးပင် ဆွဲခေါ် သွားလျက် . . .

"သူ့အခန်း သိနေမှပဲဗျာ၊ နောက်တော့ အရပ်လူကြီးနဲ့ ဖြစ်ဖြစ် ခေါ်တွေ့သင့်တွေ့ပေါ့။ ကျွန်တော်လဲ ဦးကို ကူညီပါ့မယ်။ ဦးကိစ္စက ဘာလဲ"

ကျွန်တော်နှင့် ဝေးသွား၍ သူတို့အသံ မကြားရတော့ပါ။

အခြားသူများလည်း ထိုလူကြီး ဆိတ်ငြိမ်သွားသည်၌ သူတို့ ပွဲပြီးသွား၍ တရွေ့ရွေ့နှင့် ပျောက်ကွယ်ကုန်ကြသည်။

နောက်ဆုံး ကျွန်တော်ချည်း ထီးထီးကျန်ခဲ့တော့မှ ပတ္တမြားဝင်းထိန် အခန်းဆီမှ ခပ်အုပ်အုပ် အသံဖြင့် . . .

"ဟေ့ . . ဖိုးဆွေ . .ဖိုးဆွေ ငတိကြီး သွားပြီလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ"

"သေချာရဲ့လား အနီးအပါးကများ ချောင်းနေသေးလား"

"အို . . ဟို ငါ့မျက်စိတဆုံး ရောက်ပြီး ပျောက်သွားပါတယ်ကွာ . . ."

ဤမှ သူ့အခန်းတံခါး ဖွင့်၍ ထွက်လာပြီး . .

"ငါ့ ကြွေးတောင်းတဲ့ လူတွေထဲမှာတော့ အဆိုးဆုံး သတ္တဝါကြီး တစ်ခုပဲကွာ"

"သူက မင်းအပေါ် ဘာကြွေးတင်တာလဲ"

"ဒီလိုကွာ တစ်ခါတုန်းက သူနဲ့ ငါနဲ့ တစ်လမ်းထဲ အတူနေခဲ့ဖူးတယ်။ အဲဒါ သူ့မိန်းမသေတော့ရင် ငါက တစ်ရပ်ထဲသားချင်း ကူညီတဲ့အနေနဲ့ မသာဖဲဝိုင်းမှာ အကောက် ကောက်ပေးတယ်ကွ။ အဲဒီ အကောက်ထဲက ငါက ၄၅ကျပ် ယူပြီး ဖဲရိုက်လိုက်မိသကွ၊ ဒါကို အကြွေးလုပ်ပြီးသူ့က တွေ့ကရာနေရာက လိုက်တောင်းနေတာ ၄နှစ် ရှိပြီ။ တစ်ခုတော်ပါသေးရဲ့ ငါက အဲဒီ အရပ်နေတုန်းက နာမည်လိမ် ထွန်းဖြူလို့ ပေးထားလိုက်လို့ကွ။ ဒါပေမယ့် အခုတော့ ငတိကြီး ငါ့အိမ် သိသွားလို့ ခက်ပြီ၊ ငါ ဒီနေလို့ မဖြစ်တော့ဘူး။ မင်းအိမ် လိုက်နေမှပဲ"ဆိုပြီး သူ့ရှိစုမဲ့ စုကလေးသိမ်းဆီးပြီး ကျွန်တော့အိမ် အတင်းပဲ လိုက်ခဲ့ပါတော့သည်။

ကျွန်တော့မှာလည်း တားပိုင်ခွင့် ရှိသည် မဟုတ်ချေ။ သူနှင့် ကျောင်းနေဖက် ဖြစ်ခဲ့ရခြင်း၏ ဆိုးဝါးသော ကံကြမ္မာကိုပဲ ရိုးမယ်ဖွဲ့ရပေတော့သည်။

*

ကျွန်တော့အိမ်ရောက်ပြီး သုံးရက်မြောက်ည၊ အိပ်ကောင်းတုန်း နံနက် ၃နာရီ အချိန်ကြီး၌ ကျွန်တော့ ခြေထောက်ကို ဆွဲနှိုးကာ . . .

"ဟေ့ . . ဖိုးဆွေ . .ဖိုးဆွေ ခဏထစမ်းပါကွ"

ကျွန်တော်လည်း အိပ်ချင်မူးတူးနှင့် စိတ်တိုကာ . .

"ဟ . .ဘာလဲဟ၊ နင့်ဖင်ထဲ ကြွက်ဝင်လို့လား၊ ကြောင်ကို ထပ်သွင်းပေးလိုက်"

"မဟုတ်ပါဘူးကွ၊ စကားပြောချင်လို့ပါ"





"ဟာ . . ဒီအချိန်ကြီး စကားပြောရမှာလား၊ သွားကွာ မနက်မှပြော"

"မဟုတ်ဘူး စိတ်ကူးပေါက်တုန်း ပြောရမှ ကောင်းတာ"

"နင့်ဟာ ဘာလဲ"

"ငါ ဟိုတုန်းက ဖတ်ခဲ့ဖူးတဲ့ ဝတ္ထုတစ်ပုဒ် သွားသတိရလို့ကွ"

"ဟာ့ နင့်အဘတဲ့၊ နင်စိတ်ကူးပေါက်တယ် ဆိုပြီး သူများရေးတဲ့ ဝတ္ထု ဘာလုပ်ဖို့လဲ"

"ငါ အခု ရင်ဆိုင်နေရတဲ့ ပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းရနေလို့ကွ"

"ဘယ်ကရတာလဲ"

"နားထောင်ကွ၊ ငါ အဲဒီဝတ္ထုကြောင်း ပြောပြမယ်"

"ဟာ . .ဝတ္ထုတစ်ပုဒ်လုံးတော့ ဒီအချိန်ကြီး နားမထောင်နိုင်ဘူးကွာ"

"တိုတိုလေးပါကွ၊ လိုရင်း ငါအကျဉ်းချုံး ပြောပါမယ်"

"ဒါဖြင့် မြန်မြန်ပြော"

"ဒီလိုကွ၊ သူ့ဟာ အလွမ်းဝတ္ထု"

"ဟေ့ ဟေ့ ညွှန်းမနေနဲ့ ငါ စာရေးဆရာကွ၊ မင်းပြောရင် ဘာဝတ္ထုလဲ ဆိုတာငါ့ဟာ ငါ သိတယ်"

"အေးပါကွာ၊ ဒီလို အဲဒီထဲက ဓာတ်လိုက်မင်းသားက ကောင်မလေးနဲ့ လက်ထပ်ဖို့ စေ့စပ်အပြီးမှာ ကျန်းမာရေး သိရအောင် သမီးရည်းစားနှစ်ယောက် ဆရာဝန်ဆီသွားပြီး စမ်းသပ်ဓာတ်မှန် ရိုက်ကြတယ်။ နောက်သုံးရက်ကြာလို့ ဓာတ်မှန် သွားကြည့်တဲ့အခါမှာ မိန်းကလေးကတော့ အကောင်း၊ ယောကျ်ားမှာတော့ အလွန်ဆုံးနေရလှ နောက် ၆လပဲတဲ့၊ ဒါနဲ့ သူတို့ချင်းလက်မထပ်ဖြစ်ဘူး။ မိန်းကလေးက ဒီပြင့်လူနဲ့ ယူသွားတယ်။ အဲဒီအချိန်မှာ ငတိ တမြေ့မြေ့ဆွေးပြီး သေဘေးကိုပဲ မျှော်နေရတာပေါ့ကွာ။ ဒါပေမယ့် ၆လစေ့သည့်တိုင်အောင် သူ့မှာ နာစေး ချောင်းဆိုးမှ မဖြစ်လေတော့၊ အဲဒါ ပြောရအောင် သူ ဆရာဝန်ဆီသွားတယ်။ သူရောက်တဲ့အချိန်မှာပဲဗျာ မိန်းမတစ်ယောက်ဟာ ဆေးတိုက်ထဲ ငိုဝင်လာပြီး "အမယ်လေး ဒေါက်တာရဲ့ နောက် ၆လလောက်



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်မယောကျ်ား ဘာရောဂါမှ မရှိဘူးဆိုလို့ လက်ထပ်လိုက်မိတာ၊ အခု အဆုပ်ရောဂါနဲ့ သေပါရော့လား” ဆိုလေတော့ ဒေါက်တာ မျက်လုံးပြူးပြီး သူ့ ရိုက်ပြီးသား ဓာတ်မှန်တွေ ပြန်စစ်ကြည့်တော့ ဟိုလူနဲ့ ဒီလူကို မှားပြီး ပြောလိုက်မိတာကိုးကွ၊ ဟင် ဒီနေရာမှာ ငတိ မချိတင်ကဲ ဖြစ်ပြီး သူနဲ့ လက်မထပ်လိုက်ရတဲ့ မိန်းကလေးဆီ ဒီအကြောင်းပြောရအောင် အပြေးလာခဲ့တော့ မဟာဝှာမှာ ကိုယ်ဝန်က ၃လ”

ကျွန်တော်က သူ့စကားဖြတ်လိုက်၍ . . .

“ဟော့ တော်ပြီကွာ၊ မင်းအိုင်ဒီယာ ငါသိပြီ၊ ကဲ မင်းက ဘယ်ဆရာဝန်ကို ပင်းပြီး ဖလအတွင်း သေမယ်လို့ ပြောခိုင်းမလဲ”

“ငါ စိတ်ကူးရတာက ဆရာဝန် မပါဘူး။ မင်းနဲ့တင်ပြီးဖို့”

“အလို . .ငါ့ဘယ်လိုများ အသုံးတော် ခံခိုင်းဦးမလို့လဲ၊ ဆရာဝန်ယောင်ဆောင် ဆေးတိုက်ဖွင့်ပြီး မင်းတို့ သမီးရည်းစားကို ဓာတ်မှန် ရိုက်ပေးရဦးမှာလား”

“ဒါလောက် ခဲခဲယဉ်းယဉ်းကြီး မဟုတ်ပါဘူး ဖိုးဆွေရ။ ငါ လုပ်မဲ့ဟာက ခုနဝတ္ထုနဲ့ မူတူဆင်ကွဲပါ။ ဒီလိုကွ နက်ဖန်ကျတော့ရင် ငါက ဒေစီစီတို့အိမ် မနက်စာ သွားစားမယ်။ အင်း . .နောက်ဆုံး စားရတဲ့ ကိစ္စပေါ့ကွာ”သူ့အသံမှာ နှမြောတသနေပါသေးသည်။

“မင်းက ၁၁နာရီလောက် ငါတို့ ထမင်းစားပြီးမယ့် အချိန်လောက်မှာ ရောက်အောင်လာခဲ့”

“ငါက ဘာလုပ်ရမှာတုန်း”

“နားထောင်ပါကွ၊ ဟန်အမူရာပါပါနဲ့ ငါ့အဒေါ်စာရေးဆရာမကြီး အသဲအသန် မမာနေလို့ အမြန်ခေါ်ခိုင်းတဲ့ အကြောင်းပြော . . .”

“ဒီတော့ ဘာဖြစ်မှာလဲ၊ မင့်ကို မင့်အဒေါ်ဆီက ပစ္စည်း မျှော်လင့်ပြီး သူတို့ သဘောကျတာကို၊ မင့်အဒေါ် သေခါနီးနေပြီ ကြားရတော့ . . .”

ကျွန်တော့ စကားဖြတ်၍ . . .

“မင်းက ငါပြောမှာ ဆုံးအောင် နားထောင်ပါဦး၊ မင်းဆီက သတင်းကြားရတဲ့အခါမှာ ငါက အင်မတန် စိုးရိမ်ထိတ်လန့်တဲ့ သဏ္ဍာန် လုပ်ပြီး ရေ . . ရေ လို့ တောင်းမယ်။ ရေသောက်ပြီးတဲ့အခါမှာ မင်းက





အမြန်သွားဖို့ အရေးကြီးတယ်ဆိုပြီး ငါ့ကို တွဲခေါ်သွား၊ ဒါပဲ အပြင်ရောက်တဲ့အခါမှာ တို့ ကိစ္စပြီးရော”

“ဘယ်လို ပြီးမှာလဲ”

“အလွယ်လေး ရှိတာပေါ့ကွ သုံးလေးရက်လောက် ကြာတဲ့အခါမှာ ငါ့မှာ ဟိုနေ့ကတည်းက စိတ်နှလုံးထိခိုက်ပြီး ရောဂါဖြစ်နေလို့ လက်ထပ်မဲ့ ကိစ္စဖျက်ဖို့ စာရေးလိုက်ရုံပေါ့ကွ ဘယ်နှယ်လဲ”

ကျွန်တော် မျက်နှာကို ရှုံ့၍ . . .

“ဟင် . .မင်းအကြံကလဲကွာ”

“မင်းက အခြေခံကို မသိလို့ဘဲ သူတို့ကို ငါက ငါ့အဒေါ်ကဲလဲ ငါ့ကိုသိပ်ချစ်၊ ငါကလဲ ငါ့အဒေါ်ကို သိပ်ချစ်တာပဲ။ တစ်ယောက်ယောက်များ တစ်စုံတစ်ခု ဖြစ်လိုက်ရင် နှစ်ဦးစလုံး ခံစားရတာပဲလို့ ဖြီးထားတာတွေ ရှိတယ်ကွ၊ ဖိုးဆွေ ငါ့အကြံမှာ မင်းဘာမှ မစိုးရိမ်နဲ့၊ မင်းနေရာကသာ မင်း ဟန်ပါပါလုပ်”

“ကဲ . . ကောင်းပြီလေ၊ ငါလုပ်ရမှာက နက်ဖန် ၁၁–နာရီလောက် ရောက်အောင်လာခဲ့။ မင့်အဒေါ် အသဲအသန် မမာနေတယ်လို့ ပြော၊ မင်းက ရေ . .ရေ ဆိုပြီး တောင်းသောက်မယ်။ သောက်ပြီးတဲ့အခါမှာ ငါက တွဲခေါ်သွား ဒါပဲ ဟုတ်လား”

“အောရိုက်”

“ဒါထက် . .ဘာမှ မပိုဘူးနော်”

“မပိုပါဘူးကွာ”

“ကောင်းပြီ၊ ဒါဖြင့် ငါလုပ်ပေးမယ်၊ ကဲ . . အခု သွားအိပ်တော့”

*

နောက်တစ်နေ့ နံနက် ၁၁–နာရီ အထိတွင်ပင် ပြောထားသည့်ကတိအတိုင်း ကျွန်တော်သည် ဦးဖန်စီ ဒေါ်ကြာနု အိမ်ရောက်ခဲ့၍ အိမ်ရှေ့တွေ့ရသော မိန်းကလေးအား . .

“ ပတ္တမြားဝင်းထိန် ရှိပါသလား”

“ရှိပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ခဏာ တွေ့ပါရစေ"

"ထိုင်ပါရှင် ထမင်းစားနေပါတယ်"

"ကိစ္စက သိပ်အရေးကြီးနေလို့ပါ"

"ဒါဖြင့် လာပါ . .ထမင်းစားခန်းထဲပဲ လိုက်ခဲ့"

ရောက်သောအခါ၌ ဦးဖန်စီတို့ လင်မယားနှင့် သူတို့သမီး ရည်းစား နှစ်စုံတွဲ ခါနာဟဲပြီး၍ လက်များပင် သုတ်ပေကြပြီ။

ပဒ္ဒမြားဝင်းထိန်သည် ကျွန်တော့ကိုမြင်လျှင် မျက်လုံးပြူး မျက်ဆံပြူးလုပ်ကာ . . .

"ဟာ . . . ဖိုးဆွေ ဘာကိစ္စများရေးကြီးလို့လဲကွ"

ကျွန်တော့မှာ မဟုတ်မဟတ် လုပ်ဇာတ်ဖြစ်သောကြောင့် ရုတ်တရက် ပြောမထွက်၊ ကြောင်တက်တက်ဖြစ်နေရာ သူက ဆက်လက်၍ . . .

"ဟော့ . .ဖိုးဆွေ ပြောပါကွ၊ မင့်ကြည့်ရတာ ငါ အသဲထိတ်လိုက်တာကွာ"

ဤမှ ကျွန်တော် နှုတ်ခမ်း လှုပ်နိုင်ကာ . . .

"မင့် . .မင့် . . မင့်အဒေါ်"

သူက မျက်လုံးကို ပိုဖြဲလျက် . . .

"ဟေ . . ဟေ . . .ငါ့အဒေါ် ဘာဖြစ်လဲကွ"

"မင့်အဒေါ် အသဲအသန် မမာနေလို့ကွ" ကျွန်တော်အရှိန်ရသွားပါပြီ၊ "အဲဒါ မင်းကို အမြန်ဆုံး လာခဲ့ပါတဲ့"

ဤနေရာ၌ ပဒ္ဒမြားဝင်းထိန်ကို ကျွန်တော် ချီးမွမ်းမိသည်။ ရုပ်ရှင် မင်းသားကဲ့သို့ သူ့နေရာမှာသူ အမူအရာ နိုင်နင်းစွာ လုပ်နိုင်ပါသည်။

ကျွန်တော့စကားကို ကြားလျှင်ကြားချင်း သူ့ရင်ဘတ်သူ လက်ဝါးနှင့် ဒုတ်ခနဲ မြည်အောင် ဖိကပ်လိုက်ပြီး အင်္ကျီလည်ပင်းစကို စုဆွဲလိမ်ညှစ်ကာ ပါးစပ်ကိုဟလျက် တုန်ယင်သော အသံဖြင့် –

"ရေ . . ရေ "

ဟိုအိမ်သားအားလုံးမှာ ပြူးပြူးပျာပျာ ဖြစ်ကြ၍ သူ့ရည်းစားကပဲ ရေတစ်ခွက်ကို ခပ်ပေးသည်။





ပဒ္ဒမြားဝင်းထိန်သည် ရေကို ဖြေးညှင်းစွာ နှစ်ကျိုက်မျှ သောက်ချလိုက်ပြီး . .

"ကျွန်နော့ . .ကျွန်နော့ . . အဒေါ်"

ယင်း အခိုက်တွင် . . .

**"ခင်ဗျာ့ ဘယ်အဒေါ်လဲဗျား"**ဟူသော တင်းဆတ်ဆတ် အသံကြားရ၍ ကျွန်တော် အသံလာရာ လှည့်ကြည့်လိုက်ရာ ကျွန်တော် မှတ်မိပါသည်။ ပဒ္ဒမြားဝင်းထိန်အခန်းကို သူ့ကြွေးရှင်လူကြီးက တံခါးချိုးဝင်မည်ပြုစဉ်က လာရောက်ဖြန်ဖြေပြီး ဆွဲခေါ်သွားသူ အသားဖြူဖြူ နှုတ်ခမ်းထူထူ မျက်ခုံးမွေးကြီးကြီး ကောင်ကလေးပင်။

ဒီကောင်လေးအား အိမ်သားအားလုံးကပင် မနှစ်မြို့သော မျက်နှာထားနှင့် ကြည့်ကြလျက် ဦးဖန်စီက . . .

"ဟော့ မောင်ဆွေတင့် မင်း ငါ့အိမ် မလာနဲ့တော့လို့ပြောထားတာ မမှတ်မိဘူးလား"

မာချဉ်ချဉ် အသံဖြင့် . . .

"မှတ်မိပါ့သဗျား"

"ဒါဖြင့် အခု ဘာလာနှောက်ယှက်တာလဲ "

"နှောက်ယှက်တာလား . .ဖြောင့်မှန်အောင် လုပ်ဖို့လာတာလား ဆိုတာ ကျွန်တော့ စကား နားထောင်ပါဦး ဆိုပြီး" ပဒ္ဒမြားဝင်းထိန်ကို လက်ညှိုး ငေါက်ငေါက်ထိုးလျက် "ဒီလူဟာ . . စာရေးဆရာမ မှတ်ပွန်တင်တင်ကြီးတူ ပဒ္ဒမြားဝင်းထိန် ခင်ဗျာ"

သူ၏ ရဲရင့်မှုကြောင့် အားလုံး အံ့အားသင့်သွားရာမှ ဒေါ်ကြာနုက . . .

"မင်း . .ဘာကြောင့် ပြောနိုင်တာလဲ"

သူ့ အိတ်ထဲက စာရွက်ခေါက်ကလေး တစ်ခုကို ဖျပ်ခနဲ ဆွဲထုတ်၍ . . .

"ဟောဒီမှာ စာရေးဆရာမကြီးဆီက ကျွန်တော့ထံ ပြန်တဲ့ စာကို ဖတ်ကြည့်ကြပါ၊ ဆရာမကြီးရဲ့တူ ပဒ္ဒမြားဝင်းထိန် ဆိုတာက သေတာကြာလှပြီတဲ့"

ကျွန်တော်ပင် တုန်လှုပ်သွားပါသည်။ သူ့ အဒေါ်က ဤမျှ



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတုံး နေပြီကိုး . .

အိမ်သားများအားလုံးပင် ကောင်လေး လက်ထဲကစာရွက်တစ်လှည့် ၊ပတ္တမြားဝင်းထိန် တစ်လှည့်၊ ကြည့်ကြသည်။ နောက်ဆုံး၌ ဒေါ်ကြာနုကပဲ စာကို ယူဖတ်သည်။

ပတ္တမြားဝင်းထိန်မှုတစ်ခုခုကို ဆုံးဖြတ်ချက်ချပြီးဟန်နှင့် မတုန်မလှုပ်၊ နှုတ်ခမ်းတင်းကာ အံကျိတ်ထားသည်။

တစ်ဖန် ကောင်လေးက အောင်မြင်သောအသံဖြင့် စကားဆက်ပြန်သည်။

"ဒါတင် မကသေးပါဘူး" ပတ္တမြားဝင်းထိန်ကို လက်ညှိုးထိုးပြန်၍"ဒီ. .စီးစီးလာတဲ့ကားကို နံပါတ် မှတ်ထားပြီး ကျွန်တော် မော်တော်ပီဏယ်ရုံး သွားစုံစမ်းတဲ့အခါမှာ တာ–ပစ်လေးဆိုတဲ့ ဘိုတစ်ယောက်ရဲ့ ကားပါ၊ နို့ပြီး သူ့နာမည် အမှန်က ထွန်းဖြူတဲ့ . . သက်သေပါ ကျွန်တော် ခေါ်ခဲ့ပါတယ်" ဆိုပြီး အပြင်ဘက်လှမ်း၍ "လာဗျို့ ဦးဘကျော့ . . ခင်ဗျား ကိစ္စလဲ ရှင်းပေတော့"

ရောက်လာသော သူကား နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ငုတ်စလိနှင့် ပတ္တမြားဝင်းထိန်၏ ကြွေးရှင် . . .

ပတ္တမြားဝင်းထိန်ကို လက်ညှိုးထိုး၍ သက်သေခံလိုက်သည်မှာ

"သူ့ကို ကျုပ်သိတာ ၅နှစ်ကျော်ရှိပါပြီ . . ။ သူ့နာမည် ထွန်းဖြူပါ၊ အင်မတန် လိမ်တတ် ညာတတ်တယ်၊ ကျုပ် မိန်းမ မသာချဖို့ ပိုက်ဆံကို ယူသုံးပြီး ခုထက်ထိ ပြန်မဆပ်ဘူး။ ကျုပ်တွေ့တိုင်း ရှောင်ပြေးနေတယ်"

အိမ်သားအားလုံး၏ မျက်လုံးတို့သည် ပတ္တမြားဝင်းထိန်ကို ဝိုင်းထုကြကုန်တော့သည်။ နောက်ဆုံး၌ ဦးဖန်စီက . .

"မောင်ရင် . . ငြင်းနိုင်သလား"

ပတ္တမြားဝင်းထိန်က ပြတ်သားစွာပင် . . .

"မငြင်းပါဘူး"

"ဒါဖြင့် ကျုပ်အိမ်ပေါ်က ခုဆင်းသွားပါတော့"

"ကောင်းပါပြီ"

"နောက်လဲ မျက်နှာ မမြင်ပါရစေနဲ့"





"စိတ်ချပါ"

ပတ္တမြားဝင်းထိန်သည် ရင်ဖုံးကော့ကာပင် ကျွန်တော့ကို လက်ဆွဲ၍ ထွက်ခဲ့သည်။ သို့သော် တစ်ခုက မပြီးပြတ်သေးချေ။

သူ့ ကြွေးရှင် ဦးဘကျော့သည် ရှေ့မှ တားဆီးကာ . .

"ဘယ့်နှယ် လေးနှစ်ကျော်နေတဲ့ ကျုပ်ငွေ ၄၅ကျပ်ကော"

ဒီကိစ္စ ကျွန်တော့အပေါ် သတ္တု ကျလာပါတော့သည်။

ပတ္တမြားဝင်းထိန်က ခံ့ညားစွာပင် . . .

"ဟေ့ ဖိုးဆွေ မင်းပါတယ်မှတ်လား ပေးလိုက်စမ်းကွာ"

ကျွန်တော့အိတ်ထဲမှာ ကံဆိုးစွာပဲ ငွေ၅၀ိကျပ်က ပါလာခဲ့သည်။

ကျွန်တော်တို့ လမ်းမ ရောက်ကြသောအခါ၌ . . .

"ဟေ့ ဖိုးဆွေရ . . ဖြစ်ချင်တာလဲ မဖြစ်ရပါ။ မဖြစ်ချင်တာလဲ ဖြစ်ရတာ။ ဒါပေမယ့် ငါ့ကိစ္စက ပြီးသွားတာ အဲဒါ ဘဝသံသရာတဲ့" ဆွဲဆွဲငင်ငင် ဆိုလိုက်ပြီး "ငါတော့ ပျော်တယ် ဖိုးဆွေရာ"

"အေး . .ငါလဲ မင်းနည်းတူ ပျော်မှာပါပဲ။ မင့်ဆီက ခုနငွေ ၄၅ကျပ် ပြန်ရမယ်ဆိုရင်"

"အောင်မာ ရမှာပါကွာ။ မင်း ငါ့ဆီကရရင် ဒီလောက် မဟုတ်ပါဘူး ထောင်လိုက်၊ သောင်းလိုက် ချီရမှာပါကွာ . . ."

"ကြားရ နားဝ ချီလိုက်ကွယ် ဘယ်တော့လဲ"

"တစ်နေ့နေ့ပေါ့ကွာ . . ၊ တစ်နေ့နေ့ဆိုတာ ကုန်တယ် မရှိဘူး"

⊕



www.burmeseclassic.com

www.burmeseclassic.com

## လက်ဇော့ချန်ပီယံ ကြံ့ဇဟုန်း

- ★ မြန်မာဟက်ပီးဝိတ် ချန်ပီယံ ကျားဘညိမ်းကို အပြတ်အသတ် ဆော်ထည့်လိုက်ခြင်း။
- ★ မြန်မာပြည် လက်ဇော့ ရာဇဝင်တွင် မကြုံဖူးသော အဖြစ်အပျက် တစ်ရပ်ကို ကြုံတွေ့ရခြင်း။
- ★ ပြောမယုံ ဖတ်ကြည့်က သိရမည်ဖြစ်ခြင်း။

အစီရင်တော် ခံပါသည်။ ဤဝတ္ထု၌ အချို့ ဇာတ်ဆောင်များသည် ယခုလက်ရှိ တိုင်းသိပြည်သိ ပုဂ္ဂိုလ်များ ပါဝင်နေလေရာ စာဖတ်သူစိတ်တွင် တကယ့် အဖြစ်အပျက်ပေလောဟု မေးလိုကြပေမည်။ စာရေးဆရာ တစ်ယောက်အနေနှင့်ကား ဒါမျိုးကို ဟုတ်ပါသည် မှန်ပါသည်။ သို့မဟုတ် မဟုတ်ပါဘူး မမှန်ပါဘူးဟု ထုတ်ဖော်ရန် ခဲယဉ်းလှပေသည်။ သို့သော် တစ်ခုတော့ အကြံပေး တိုက်တွန်းလိုပါသည်။ ကျွန်တော်တို့ မြန်မာစကားတွင် 'ထန်းရည်မူး ကျွဲခိုးပေါ်' ဆိုသော စကားရှိလေရာ၊ တကယ်တမ်း စူးစမ်းလိုသော သုတေသီ ပုဂ္ဂိုလ် မြတ်တို့သည် ဤစာရေးသူ ကျွန်တော် သော်တာဆွေအား အရက်မူးအောင် တိုက်၍ မေးမြန်းသင့်ပါကြောင်း ရိုးသားစွာ အစီရင်တော်ခံအပ်ပါသည်။ (ယင်း၌ ဒီကောင် တယ်လဲ သောက်ချင်တဲ့ကောင်ပဲဟု ယူဆသော် ရတန်ရာ၏)

ကဲ–ကဲ ဝတ္ထုစပါတော့မယ် ခင်ဗျာ၊ အောက်မှာပါ . . . ။





### သူ့ကို စတင်တွေ့ရခြင်း

ကျွန်တော်သည် ရက်သတ္တပတ်မျှ မော်ဘီ လှပဒါးရွာသို့ ဖားသား ကြောင်သားတို့နှင့် ထမင်းမြိန်စား တောလည်သွားနေပြီး ပြန်လာခဲ့သော အခါ၌ ပိတ်ထားခဲ့သော ကျွန်တော့ အခန်းတံခါး ပွင့်နေသည်ကို တွေ့ရသည်။ ပိုမို အံ့အားသင့်ရသည်မှာ အထဲဝင်သွားသောအခါ၌ ကျွန်တော့ ပက်လက်ကုလားထိုင်ပေါ်တွင် ကြီးမားသော မနုဿအတ္တဘောကြီးတစ်ခု လဲလျောင်းနေခြင်းပင်။

သူ့ကို ကျွန်တော် ရှေးယခင် တစ်ခါမျှ မတွေ့မမြင်ခဲ့ဘူး ရုံမက ဒီလောက်ကြီးထွား ကြမ်းတမ်းသော အင်္ဂါရုပ်ရှိသည့် အကောင်ကြီးမျိုးသည် မြန်မာ၌ ပဋိသန္ဓေ မတည်တန်ရာဟု အောက်မေ့ခဲ့သည်။ သို့သော် ဒါကြီးမျိုးတွေကို အနောက်နိုင်ငံရုပ်ရှင် ကောင်းဘွိုင် ဇာတ်ကြမ်းများတွင် လူကြမ်းအဖြစ်နှင့် အကြိမ်ကြိမ် မြင်ခဲ့ရဖူးပါသည်။ ထိုကြောင့် ရုတ်တရက်ဖြင့် ဒါကြီးသည် ရုပ်ရှင်ရုံ တစ်ခုခု ပိတ်ကားပေါ်မှ ပထမတွင် မိမိဘယ်လောက် နိုင်ခဲ့နိုင်ခဲ့ ဇာတ်လမ်းအဆုံးတွင် ဇာတ်လိုက်၏ဆော်ပလော်တီးခြင်းကို ခံရမှာကြောက်၍ လစ်ထွက်လာပြီး ဒါရိုက်တာ မသိအောင် ကျွန်တော်အခန်းထဲ လာအောင်းနေတာလားဟု အောက်မေ့မိပါသည်။

ဟုတ်ပါရဲ့ တကယ်ပါပဲ ၊ ဘုရားစူးရပါစေရဲ့ မိတ်ဆွေရာ၊ ခင်ဗျားလဲ 'ဝက်စတင်းပစ်ချာ' ဆိုတဲ့ အမေရိကန် ရုပ်ရှင်တွေထဲက လူကြမ်းရုပ်တွေ မြင်ဖူးမှာပေါ့၊ အေး အေး အဲဒီအတိုင်းပါပဲ။ အခု ကျွန်တော့ ပက်လက်ကုလားထိုင်ပေါ်က လူကြီးမှာ မျက်နှာကြီးကလဲ ထူအမ်းအမ်း၊ နှုတ်ခမ်းကလဲ ကွဲလို့ ပြန်ချုပ်ထားတဲ့ အက်ရာနဲ့ မျက်ခုံးတွေမှာလဲ အမာရွတ်၊ သူ့နှာရွက် တစ်ဖက်ဟာဖြင့် ဂေါ်ဖီထုပ် အတွင်းက အရွက်နုကလေးလိုကွေးပြီး အစုံ့စုံ့ ထနေသဗျ။ နို့ပြီး ခြေတံ လက်တံကြီးတွေကလဲ ကြီးလိုက်တယ်၊ သူ့လက်သီးဆုပ်ကြီးတွေဟာဖြင့် ထန်းသီးလုံးလား အောက်မေ့ရပါတယ် ခင်ဗျာ၊ အဲဒါကြီး နှစ်လုံး တစ်ဖက်ကို ခေါင်းအုံးလို့ တစ်ဖက်က ကြမ်းပေါ်မှာ တွဲလွဲကျနေပါတယ်။ ဒီလို ခန္ဓာကိုယ် ကြီးထွားကြမ်းတမ်းရုံတင်လားတဲ့ ၊ မဟုတ်သေးပါဘူး၊ အများတကာထက် ပိုမိုထူးခြားတာက သူ့ခေါင်းက ဆံပင်ပါပဲ။ နီကြောင်ကြောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် သန့်စွမ်းပြီး အစုလိုက် အစုလိုက် အခွေကြီးတွေ နေလေတော့ အနောက်နိုင်ငံက ကျောက်ရုပ် ကြေးရုပ် တွေရဲ့ ကေသာပုံနဲ့ တူသေးဗျို့။

ဣဲ . . ဒီလောက် ဖော်ပြလိုက်တော့ မိတ်ဆွေဟာ ပညာရှိ ကဝိတွေရဲ့ စာဖတ်ပါး ဝနေပြီပဲ၊ ဒါဟာ ယခုဖော်ပြတော်မယ့် ဝတ္ထုထဲက ဇာတ်လိုက် **လက်ဇော့ချန်ပီယံ ကြံ့ဗဟုန်း** ဆိုတာ မြေကြီး လက်ခတ် တဖျတ်ဖျတ်ပေါ့ ဟုတ်လား၊ သို့သော်

**သူဘယ်သို့ ကျွန်တော့်အခန်းဆီ ရောက်နေပါသနည်း။**

ကျွန်တော်ဟာ ဒါကြီး အတန်ကြာအောင် ငေးစိုက်ကြည့်နေမိပါတယ်။ သူကတော့ မသိရှာဘူး၊ သိပ့်မလား ပါးစပ်ကြီး အဟောင်းသားနဲ့ တခေါခေါ ဟောက်နေသကိုး၊ ကျွန်တော် ပထမဖြင့် သူ့ကို ပုတ်နှိုးပြီး ခင်ဗျား ဘယ်သူလဲလို့ မေးမယ် ကြံမိပါသေးတယ်။ နောက်တော့မှ ဒါကြီးမျိုးက အိပ်ရေးမဝပဲနဲ့ အနှိုးခံရလို့ စိတ်တိုပြီး ထထိုးလိုက်ရင်ဖြင့် ကျွန်တော်ဟာ ခွေးမလေး မလိုကာလို အာကာသ ကောင်းကင်ကို ရှုရှားဒုံးပျံ မစီးပဲနဲ့ ရောက်သွားမှာ တွေးမိတာနဲ့ သူ့အနားချဉ်းကပ်သွားပြီး—

"ဒီမှာ ဒေါ်ဖွားမေ ကျွန်တော် အခန်းထဲ ဘာကောင်ကြီးလဲဗျ၊ နဲ့တာ မဟုတ်ဘူး"

မိတ်ဆွေ မှတ်မိကောင်းမှတ်မိပါမည်။ ဒေါ်ဖွားမေသည် ထမင်းသည် ဖြစ်သည်။ ကျွန်တော်က သူ့အိမ်ခန်းတစ်ခန်းငှါး၍ ထမင်းလခပေးစားနေခြင်း ဖြစ်သည်။ ကျွန်တော် ခရီးသွားလျှင် မီးထင်းကိစ္စအတွက် အရေးရှိဆွဲလွဲချရအောင် အခန်းသော့တစ်ချောင်းကို သူ့ကို ပေးထားလေ့ရှိသည်။ ထို့ကြောင့် ဒီအခန်း သူဖွင့်ပေးတာပဲ ဖြစ်ရမည်။ ဒီလူကြီး သူသိရမည်။ သို့သော် ဒေါ်ဖွားမေသည် မအူမလည် မျက်နှာနှင့် ကျွန်တော့ကြည့်၍ "ဟဲ့. . မောင်တင့်ဆွေရယ် နင့်ကြည့်ရတာ မထိတ်သာ မလန့်သာ နေ့ကြောင်တောင်ကြီး မင်းအခန်းထဲ ဘာကောင်ဖြစ်ရမလဲ မသကာခုလို မိုးဦးကျ အိမ်ပေါ်တက်တဲ့ ဖားပြုတ် ဖြစ်မှာပေါ့. ဒုတ်နဲ့ ကော်ချလိုက်ပါဟယ် လူကို ဘာမှ မလုပ်တတ်ပါဘူး"

ကျွန်တော် စိတ်တိုကာ . . .

"ဖားပြုတ် မဟုတ်ဖူးဗျ ဖားပြုတ်မဟုတ်ဘူး . . . လူကြီး





လူကြီး"

ဤတွင်မှ ဒေါ်ဖွားမေသည် စိတ်အေးသက်သာ ရှိသွားဟန်နှင့် အဝတ်ကို ဆက်လှမ်းရင်း . . .

"နင့်မလဲဟယ် . . . လူမှန်းသိရက်သားနဲ့ ဘာကောင်ကြီးလဲ ငါ့မေးနေရသေးလားဟ"

ကျွန်တော်ပို၍စိတ်ကောက်လာကာ . . .

"အဲဒါ ဘယ်သူလဲလို့ ခင်ဗျားကိုမေးတာခင်ဗျာ"

"မင့် သူငယ်ချင်း ပတ္တမြားဝင်းထိန်မဟုတ်ဘူးလား"

"မဟုတ်ဘူးဗျ . . . မဟုတ်ဘူး၊ ဒီကောင်တရွေးသားမှ မဟုတ်ဘူး"

"ဟာ . . . ဒါဖြင့် သူနဲ့ပါလာတဲ့ မိတ်ဆွေဖြစ်လိမ့်မယ် ဆံပင်နီကြောင်ကြောင် ကောက်ကောက်ကွေးကွေးကြီးတွေနဲ့ မဟုတ်လား"

"ဟုတ်တယ်ဗျ၊ ဟုတ်တယ် ဘယ်နှယ်သူ့ကိုခင်ဗျားက ကျွန်တော့အခန်းထဲ ဆွဲသွင်းထားတာတုန်း"

"အမယ် . . . နင်ပြောပုံက ကျော်မကောင်း ကြားမကောင်းဟယ်–ငါနဲ့ဘာမှမဆိုင်ပါဘူး" ဒေါ်ဖွားမေမှာ မုဆိုးမဖြစ်သည်။ "နင့်သူငယ်ချင်း ပတ္တမြားဝင်းထိန် ခေါ်လာတာပါ"

"သူက ဘာလို့ ခေါ်လာတာတဲ့လဲ"

"ဟဲ့ . . . အဲဒါနင့်သူငယ်ချင်း နင်မေးပါလားဟဲ့၊ ငါဘယ်သိမလဲ၊ နင့်အခန်းမှာ သူက ခဏနေချင်တယ်ဆိုလို့ ငါကသော့ပေးလိုက်ရုံဘဲ"

"ကျွန်တော့ အခန်းသော့ ဘာလို့ ပေးလိုက်ရတာလဲဗျ"

"ဟဲ့ . . . နို့နင်တို့ သူငယ်ချင်းချင်း အင်မတန် ခင်တယ်ဆို"

"ခင် . . . ခင်တာတခြားပေါ့ဗျ၊ နို့ အခု ဘယ်မှာလဲ သူ့ကောင်ကြီး ဒီမှာထားခဲ့ပြီး သူက ဘယ်တော့လာဦးမှာလဲ"

"ညစာထမင်း ဒီမှာပြန်စားမယ်တဲ့၊ အခု ဆန်းသီရိ ရုပ်ရှင် ကြည့်နေလေရဲ့"

ကျွန်တော့လက်က နာရီကြည့်လိုက်တော့ အချိန်မှာ ၅နာရီခွဲကျော်ပြီ၊ ၃နာရီခွဲပွဲ ရုပ်ရှင်ဖြုတ်ချိန်တော်ပြီ၊ ထို့ကြောင့် ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားတစ်စီးနှင့် ဆန်းသီရိသို့ ယွန်းခဲ့တော့၏။ အဆင်သင့်ပင် ရပ်ရှင်ဖြုတ်ခဲ့သော လူအုပ်ကြားထဲ၌ ခွေးမသားကြီး တရွေ့ရွေ့မျောလာနေသည်ကိုမြင်ရ၍ ကျွန်တော်သူလာမည့်လမ်းတည့်တည့်မှ ခပ်တည်တည်မျက်နှာထားနှင့် ရပ်နေပါသည်။

သို့သော် သူသည် ကျွန်တော် ခက်ထန်စွာ ထားနေရသောမျက်နှာထားကိုမှ အားမနာ မိုးပေါ်က လမင်းမြင်ရသလို ကြည်ရွှင်စွာဖြင့်

"ဟဲလို . . . ဖိုးဆွေ မင်းပြန်ရောက်လာပြီလား . . . ဘယ်တုန်းက ပြန်ရောက်လဲကွ၊ ဟိုမှာ တော်တော်ပျော်ခဲ့ရဲ့လား၊ ဘယ်နှစ်ရက်ကြာခဲ့သလဲ"

သို့တိုင် ကျွန်တော်က ခက်ထန်သောမျက်နှာထားကို မဖြုတ်ပဲ

"ငါဘယ်တုန်းက ပြန်ရောက်တယ် ဟိုမှာ ဘယ်နှစ်ရက် ကြာခဲ့တယ် ဘယ်လောက်ပျော်ခဲ့တယ်ဆိုတာ မင်းနဲ့ ဘာမှမဆိုင်ဘူး။ မင်းမေးစရာ ဘာမှမလိုဘူး၊ အေး . . . မင်းကသာ ငါ့ကိုဖြေရမှာက မင်းငါ့အခန်းထဲကို ဘယ်လိုအကောင်ကြီးသွင်းပြီးတော့ ဘာကြောင့် ငါ့ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ခိုင်းသလဲဆိုတာကို မှန်မှန်ပြော ဒါပဲ ငါလိုချင်တယ်"

ယင်းမှ ငတိ ကျွန်တော့ကို ရွှံ့သလို ရွံ့သလို ဖြစ်လာကာ...

"ဟ . . . ဖိုးဆွေ မင်း ငါ့ကို ဒီလိုမျက်နှာထား ဒီလိုအသံမျိုးနဲ့ ပြောလိမ့်မယ်လို့ တစ်ခါမှ မမျှော်လင့်ခဲ့ဘူး မတွေးထင်ခဲ့ဘူး"

"အေး . . . အခု မမျှော်လင့်တာ မတွေးထင်တာကို တွေ့ရပြီမဟုတ်လား"

"မင်းနဲ့ ငါနဲ့ ကျောင်းနေဘက်သူငယ်ချင်းပါ ဖိုးဆွေ"

"အေး . . . ကျောင်းနေဘက်ကလေးဖြစ်ခဲ့တာနဲ့ ငါ့တစ်သက်လုံး မင်းအန္တရာယ်ကြီး လွယ်ထားရတော့မှာလား"

"ဟ . . . ဖိုးဆွေရာ . . . မင်းမရှိတုန်း ငါမင်းအခန်း ခဏလာနေတာ"

"မင်းလာနေတာကို ငါမဆိုလိုပါဘူး၊ ဟိုဘုမသိ ဘမသိနဲ့ ဒါလောက်ကြီးမားတဲ့ကောင်ကြီး ငါ့အခန်းထဲ ငါ့ပက်လက်ကုလားထိုင်ပေါ်လာအိပ်နေတာ"





"အဟား . . . ဟား ဟား . . ." သူသည် ရယ်မော၍ ကျွန်တော့ပခုံးပုတ်ကာ "မင်းက မွန်ကြီးပြောနေတာကိုး"

"မွန်ကြီးလား မုတ်ကြီးလားတော့ မသိဘူး၊ ငါ့အခန်းထဲ ငါ့ပက်လက်ကုလားထိုင်ပေါ်က ဟာကြီး"

"အေး . . . သူ့ကို မွန်ကြီးလို့ခေါ်တယ်။ တလိုင်းကရင်ကြီးကွ လာလာ ဖိုးဆွေ မင့်ကို ငါပြောချင်နေတာနဲ့ အဆင်သင့်ဘဲ၊ ဘီယာစုတ်ယင်း အေးအေး ဆေးဆေး ပြောမယ်ကွာ" ဆိုရင်း ကျွန်တော့ ဘောဂဗလ အရင်ဆိုင်သို့ ရှေ့ရှုခေါ်သွားပြီး "ဖိုးဆွေ . . . မင်းပိုက်ဆံပါရဲ့ မဟုတ်လား" မေး၍ ပေးလ်အေးလ်နှစ်လုံးမှာလိုက်ကာ သူ့စကားကိုဆက်ပါသည်။

"ဒီမှာ ဖိုးဆွေရ၊ ဒါကြီးကို ငါက အလဟဿခေါ်ထားတာမဟုတ်ဘူး။ ငါ့ဘဝတာအတွက် ငါ့တစ်သက်လုံးရဲ့ စီးပွားရေးကို ဖြည့်မဲ့ဟာကြီးကွ"

"အေး . . . မင်းတစ်သက်လုံးရဲ့ စီးပွားရေးဖြည့်မှာက ဒီငါ့အခန်းကျဉ်းကလေးထဲက ငါ့ပက်လက်ကုလားထိုင်ကလေးပေါ်မှာပဲလားကွာ . . . ဒီပြင်နေရာမှာ မဖြစ်တော့ဘူးလား"

သူသည် ကျွန်တော့ကို အားမလို အားမရ ကြည့်၍ . . .

"ဒီမှာဖိုးဆွေ . . . မင်းဓနုပုပ္ပုနဲ့ ခရီးပန်းပန်း ပြန်လာတော့ စိတ်တိုနေတယ်ကွာ . . . မင့်အချစ်ဆုံး သူငယ်ချင်းတစ်ယောက်ကို မပြောရမှာတွေ ပြောနေတယ်၊ ကဲ . . . ရော့" ဘွိုင်လာချကဲ့ထည့်ပေးသွားသော ဘီယာဖန်ခွက်ကြီးကို ကျွန်တော့ရှေ့တိုးပေးကာ "ဟော့ဒီယမကာရည်သောက်လိုက် မင်းအဲသဲနှလုံးအေးသွားပြီးတော့ မင်းရဲ့ နဂိုရ်ဗီဇက မွန်မြတ်တဲ့ စိတ်ထားကောင်းတွေ ပြန်ပေါ်လာလိမ့်မယ်"

ဟုတ်ပေလိမ့်ထင်သည့် ပယင်းရောက်ပျပျ အမြှုပ်တွေထနေသော ဖန်ခွက်ထူကြီးကို ညာလက်နှင့် အားရပါးရကိုင်ကာ အအေးစိမ်ဘီယာကို ပါးစောင်မှ ယိုစီးကျချင် ကျစေတော့ အားရပါးရမော့လိုက်သည်။ တစ်ကျိုက်ထက်တစ်ကျိုက် တစ်ကျိုက်ထက်တစ်ကျိုက် ကျွန်တော့စိတ်မှာ ကြည်လင်လာကာ နောက်ဆုံး လက်နှစ်လုံးလောက် ကျန်တော့သည်၌ ဖန်ခွက်ကိုနှုတ်ခမ်းမှ ချွတ်လိုက်၍ အပြုံးယောင်ပင် သန်း



www.burmeseclassic.com

www.burmeseclassic.com



လာတော့သည်။

ပတ္တမြားဝင်းထိန်ပြောတာ မှန်ပေသည်၊ ကျွန်တော်သည် **မော်ဘီမှ** ပြန်လာကာ ခရီးပန်းလာတော့ အိမ်ရောက်လျှင် ပက်လက်ကု**လားထိုင်ပေါ်** ခြေပစ်လက်ဆန့် အနားဖြေလိုက်မည်ဟု စိတ်ကူးယင်း**ရှိရာတွင်** ရောက်လျှင်ရောက်ချင်း ဆောက်နှင့်ထွင်းလိုက်သလို ကိုယ်နှင့်**မသိတာကြီး** ကိုယ့်ကုလားထိုင်ပေါ် အခန့်သား စက်တော်ခေါ်နေသော**တွေ့ရတော့** အလွန်ဒေါ်ပွသပေါ့၊ နို့ပြီး သူ့ခန္ဓာကိုယ်ကြီးကြည့်၍ သူ့နှိုးအောင်မှလဲ ကျွန်တော်မပြုဝံ့၊ ကိုယ့် အိမ်ထဲ ကိုယ်ဒုက္ခရောက်နေရသည်။ မိတ်ဆွေသည်ပင် ကျွန်တော့နေရာ ရောက်ပါက ဒီလိုပဲဖြစ်လိမ့်မည် ထင်သည်။

သို့သော် ယခုတော့ ဘီယာရေအေး၊ အမြိုက်ဆေးတိုက်ကျွေးလိုက်၍ ဗိုက်ကလေးအေးလာတော့ ထိုစိတ်ဒုက္ခတွေပပျောက်ကာ ... ဖန်ခွက်ကို စားပွဲပေါ် ပြန်ချလိုက်ပြီး . . .

"အား . . ." လေပြင်းမှုတ်ထုတ်လိုက်ကာ . . . "အိုကေ . . . သူငယ်ချင်း" ဖန်ခွက်ပြင်ဘက်စိမ့်ကျနေသော ရေအေးစက်ကလေးတွေ လက်ဝါးနှစ်ဘက်ဖြင့် ပွတ်သတ်ယင်း "ကဲ . . . ဆိုစမ်းပါအုံး မင်းအကောင်ကြီးက မင်းတစ်သက်တာ စီးပွားရေး ဘယ်လိုဖြည့်တင်း ပေးမှာတုန်း . . ."

သူလည်း ကျေနပ်စွာ စီးကရက်တစ်လိပ် ညှိဖွာလိုက်ပြီး ...

"ဒါဟာ . . . အစကနေပြောမှ ပိုရှင်းမယ်ကွ"

ကျွန်တော်လည်း စီးကရက်ကိုညှိလိုက်ကာ . . .

"ပြောလေကွာ . . ."

"လွန်ခဲ့တဲ့ ၁၀ရက်လောက်က မနက် ၁၀နာရီလောက် ငါဟာ ဝမ်းဟာဟာနဲ့ ဆူးလေဘုရားလမ်းလျှောက်နေတုန်း . . . ဖြူနီဆိုမမျှော်လင့်ဘဲနဲ့ ကိုခင်မောင်လတ်တွေ့တယ်ကွ . . . သူ့အဖေါ်တစ်ယောက်နဲ့ . . ."

"ဘယ် . . . ကိုခင်မောင်လတ် . . ."

"တို့ ကျောင်းနေဘက် သူငယ်ချင်း ကိုလတ်ကြီးပေါ့ကွ . . . နိုင်ငံခြားရေးရုံးမှာ လုပ်တာလေ . . . အမယ် ခု သူရာထူးတက်လို့





မင်းနဲ့ငါ့ကို စပါယ်ရှယ် ဒင်နာကျွေးမယ်တောင် အဲဒီတုန်းကပြောလိုက်သေး . . ."

"အေ . . . ဟုတ်လား . . . ဝမ်းသာပါတယ်ကွာ၊ ဘယ်တော့ကျွေးမှာတဲ့လဲ . . ."

"ရာထူးတိုးတဲ့တစ်လစာ ထုတ်ရတဲ့အခါပေါ့ကွာ . . .၊ ဒါနဲ့ ငါ့စကားဆက်ရအုံးမယ် . . . ငါက သူတွေ့တယ်ဆိုဘဲ 'ဟာ . . . ကိုလတ် ဘယ်ကလာ . . . ဘယ်သွားမလို့တုန်း . . . မနက်စာကောစားပြီးပြီလား . . . ကျွန်တော်တော့ မစားရသေးဘူး' ဆိုတော့ ချက်ဆို... နားခွက်က မီးတောက်တဲ့လူလားကွ၊ အေး တို့လဲ မစားရသေးဘူး ..လာအဆင်သင့်ပဲ' ဆိုပြီး ဂလုပ်ရုံရှေ့က နယူးရောင်စိန် ဟိုတယ်မှာ ဝင်စားကြတယ်ကွ၊ မင့်အကြောင်းလည်း ကိုလတ်က အများကြီးပြောပါသေးတယ်ကွာ . . . တို့ကျောင်းနေတုန်းက မင်းဟာဝါဖြစ်တာတွေလေ . .."

ကျွန်တော် လက်တား၍ . . .

"ဟေ့ . . . ငါ့အကြောင်းထား မင်းအကြောင်း ဆက်စမ်း..."

"အေး . . . အေး . . . ဒီလိုကွ . . . တို့ထမင်းစား နေစဉ်အခါမှာ" ဗို့စားပွဲနဲ့ မလှမ်းမကမ်းစားပွဲတစ်ခုမှာ လူတစ်ယောက် တခုခုမှာပြီး ထိုင်နေတယ်ကွ၊ တရုတ်ကပြားလိုလို အသားဖြူဖြူဝဝ လူချောချောကွ၊ ငါသူ့ကို အထူးသဖြင့် စိတ်ဝင်စားမိတာကတော့ တခြားကြောင့်မဟုတ်ဘူး၊ သူ့လက်ကိုင်သားရေအိတ်ပြားကြီးထဲက ရာတန်တွေ ရာတန်တွေ အထပ်လိုက် အထပ်လိုက်ထုတ်ရေပြီး စာရင်းတွက်တယ်ကွ၊ ဒီတော့ ငါ့စိတ်ထဲက ဒီလူ . . . ဒီပိုက်ဆံတွေ ဘာလုပ်လို့ ရပါလိမ့်မလဲ၊ ဒီလူနဲ့ ငါဟာ . . . အင်မတန် ရင်းနှီးတဲ့ သူငယ်ချင်း ဖြစ်လိုက်ရဘယ်လောက်ကောင်းမလဲ၊ လူချင်းတစ်ခါတွေ့ရင် ကျောတစ်ချက်ပုတ်ပြီး ရာတန်တစ်ရွက်ဆွဲထုတ်ယူလိုက်ရရင် လွယ်လွယ်ကလေးရမှာဘဲ၊ အို . . . သူ့ကို ငါ လေးငါးရက်မှ တစ်ခါပဲတွေ့ကွာ . . . ငါ သာစစ်စစ် စေစေ သုံးမယ်ဆိုရင် ငါတစ်သက်တာမှာ ဒီပြင် ဘာအလုပ်မှလုပ်စရာမလိုတော့ဘူးပေါ့ကွာ . . .။ အဲဒီလို တွေးရင်းနဲ့ ထမင်းစားနေရာက ခဏကြာလို့ သူ့စားပွဲတစ်ခါလှမ်းကြည့်လိုက်တော့ လားလားရုတ်တရက် ငါ့မျက်လုံး ငါမယုံနိုင်အောင်ဖြစ်သွားတော့တယ်ကွာ . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကဖြတ်၍ . . .

"ဘာလဲ . . . အဲလူက . . . ရာတန်အုပ်ကြီးတစ်ခု မင်းလှမ်းပေးနေလို့လား . . ."

"အို . . . ဘယ်ဟုတ်ရမှာတုန်း မင်းက ငါ့ဖြတ်ဖြတ်မနှောက်စမ်းပါနဲ့၊ ဒီလိုကွ၊ အဲဒီတုန်းက တို့စားပွဲမှာရမ်အသေးတစ်လုံးထဲထောင်တာကိုကွ။ ကိုလတ်နဲ့ သူ့အဖေါ်က တစ်ခွက်စီလောက်ပဲသောက်တယ်၊ ငါအများဆုံးကြိတ်တာပဲ . . .၊ ဒါပေမယ့် ငါ . . . တစ်ယောက်ထဲ ဒီပိုင့်တစ်ပုလင်းကိုတောင် မမူးခဲ့တာကွာ . . . အခုတော့ ငါ့ကိုယ် ငါမယုံနိုင်ဖြစ်ပြီး . . . ကိုလတ်ကိုမေးကြည့်ရတယ် . . .

"ကိုလတ် ကျွန်တော်တို့သောက်တာ . . . ဒီရမ်အသေးကလေးတစ်လုံးဘဲမှတ်လား . . ."

"အေးလေကွာ . . . ဒါတောင်မကုန်သေးဘူး မင်းကဘာဖြစ်လို့တုန်း . . ."

"ကျွန်တော်မူးနေပြီထင်လို့"

"အို . . . မင်းကဒီလောက်နဲ့ မူးရမှာလား . . ."

"မဟုတ်ဘူး ကျွန်တော့မျက်စိထဲမှာ အခုန ဟိုစားပွဲက လူတစ်ယောက်ထဲကို အခုနှစ်ယောက်ဖြစ်နေပြီ" ဆိုပြီးညွှန်ပြလိုက်တော့ ကိုလတ်နဲ့ပါလာတဲ့ အဖေါ်ကအားရပါးရရယ်ပြီး . . .

"အဲဒါအမွှာညီအစ်ကိုဗျ၊ မန္တလေးက ကိုကျော်ဝင်း ကိုကျော်မင်းတို့ဆိုတာတွေပေါ့ . . . ပထမတစ်ယောက်ရယ် အခုမှနောက်တစ်ယောက်က ရောက်လာတာ . . ." ပြောတော့ ငါအံ့အားသင့်လိုက်တာလေ။ တကယ်တူတဲ့ အမွှာညီအစ်ကိုကွာ . . . ရုပ်ရှင်ထဲနှစ်ကိုယ်ခွဲရိုက်ထားတဲ့အတိုင်းပါဘဲ၊ သူတို့ အင်္ကျီတွေကလဲ ဆင်တူကွ၊ ဒက်ကရွန်ဟာဝေယန်ရုပ်တွေ။ အဲ . . . နောက်ရောက်လာတဲ့ လူလဲ ငါသေသေချာချာလှမ်းကြည့်လိုက်တော့ သူ့အင်္ကျီဖျင်ပါးပါးအိတ်ထဲမှာ ရာတန်စိမ်းကြီးတွေအခေါက်လိုက် . . . အခေါက်လိုက် ထပ်ထားတာ မြင်ရတယ်ကွ၊ အိတ်နှစ်ဖက်စလုံးဖေါင်းနေတာပဲ . . . ဒါနဲ့ ငါကဒီလူတွေ တော်တော်ပိုက်ဆံ ချမ်းသာသလားလို့မေးကြည့်ကော့ ကိုလတ်နဲ့ပါလာတဲ့လူကပဲ အော် . . . ဖိုးဆွေ ငါမေ့နေလို့ အဲဒီလူကလဲ မင်းနဲ့သိသတဲ့





ကွ၊ စာရေးဆရာပဲတဲ့ သူ့နာမည်က ကိုသိန်းမောင်၊ ကလောင်နာမည်က ထင်လင်းတဲ့ မင်းသိတယ်မဟုတ်လား . . ."

"အေး အေး သူ့ရုပ်က အမေရိကန်ဇာတ်လိုက်မင်းသား ရော့ခ်ဟာဆင်နဲ့ ခပ်ဆင်ဆင်တူတယ်လေ"

"ဟုတ်တယ် ဟုတ်တယ် ကိုယ်လုံးကိုယ်ပေါက်ကလဲ တောင့်တောင့် စမတ်ကျကျ လူချောပဲ . . . အပြောလဲကောင်း၊ သဘောလဲကောင်းပုံရတယ်ကွ"

"ဟာ . . . ကောင်းပြီလား လူချောသလောက် စိတ်သဘောထားရိုးတယ်ကွ၊ ပါးစပ်ထဲ လက်ထည့်တောင်ကိုက်တတ်တဲ့လူစားမဟုတ်ဘူး . . . အဲ အပျိုကလေးလက်ဖြစ်ရင်တော့ သူစုတ်ချင်စုတ်နေမပေါ့လေ . . ."

"အေးပေါ့ကွာ . . . ဒီလောက်တော့ ဝါသနာပါမှာပေါ့၊ ဒါနဲ့ သူအခုန ကိုကျော်ဝင်း ကိုကျော်မင်း အမွှာညီအစ်ကိုအကြောင်း ပြောပြတာ ဒီလူတွေက တကယ့် သူဌေးတွေပဲကွ၊ ဟောဒီ ရန်ကုန်မြို့က ဂလုပ်ရုံ၊ မန္တလေးမြို့က ဝင်းလိုက်ရုံ သူတို့ပိုင်တာတွေတဲ့ကွ၊ နို့ပြီး မန္တလေးရုပ်ရှင် ကုမ္ပဏီလဲ သူတို့ တည်ထောင်တာဆိုပဲကွ၊ ဒါနဲ့ငါက ဒီလူတွေဒီလောက်ချမ်းသာတာ အမွေရလို့လား မေးကြည့်တော့ မဟုတ်ဘူးတဲ့ကွ၊ ကျားဘညိမ်း လက်သပ်မွေးလို့တဲ့"

"ဟင် . . . ဆပ်ကပ်ပြတဲ့ ကျားမျိုးလား"

"ဟာ . . . မင့်မလဲ ကျားဘညိမ်း ကျားဘညိမ်း မြန်မာဟက်ဗီးဝိတ် လက်ဝှေ့ချန်ပီယံ ကျားဘညိမ်းဆိုတာ မင်းကြားပဲ မကြားဖူးတော့လား"

"ဟာ . . .ဒီဟာတော့ သိတာပေါ့ကွ၊ နို့မင်းပြောပုံက လက်သပ်မွေးမိလို့ဆိုတော့ ငါကအမှတ်တမဲ့တော့ တိရစ္ဆာန်ကျားအောက်မေ့လို့ပေါ့ကွ"

"မင်းမလဲ မြန်မာစာရေးဆရာလုပ်ပြီးတော့ မြန်မာစကားမှ ကောင်းကောင်း နားမလည်တော့ဘူးလား၊ လက်သပ်မွေးတယ်ဆိုတာက ပြုစုပျိုးထောင်ပေးတာပေါ့ကွ၊ အဲ ကျားဘညိမ်းကို သူတို့ငွေကုန်ကြေးကျခံပြီး အားပေးအားမြှောက်လုပ်လို့ မြန်မာချန်ပီယံ ဖြစ်ပြီးတဲ့နောက်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကမ္ဘာလှည့်ပြီး ပိုက်ဆံရှာတော့တာပဲ။ အင်္ဂလန်၊ အမေရိကန်၊ ပိုလန်၊ ဖင်လန်၊ ဆွစ်ဇာလန်၊ ဟန်ဂေရီ၊ ဂျာမဏီ၊ အီတလီ၊ ဘယ်လ်ဂျီယန် စတဲ့တိုင်းပြည်တွေ အနောက်ကမ္ဘာတစ်ခွင် ပြဲပြဲစင်စင်လှည့်ပြီးပြန်လာတဲ့အခါမှာ ရွှေဒင်္ဂါးစတာလင်ပေါင်တွေ အမေရိကန်ဒေါ်လာတွေ ကုဋေနဲ့ချီပါလာတာပေါ့၊ အဲဒီတော့မှ ခုနပြောတဲ့ ကိုကျော်ဝင်း ကိုကျော်မင်းတို့ဟာ ရုပ်ရှင်ရုံတွေဝယ်၊ ရုပ်ရှင်ကုမ္ပဏီကြီး တည်ထောင်တော့တာပဲတဲ့ကွ"

ယင်း၌ ပတ္တမြားဝင်းထိန်သည် ဘီယာလက်ကျန်ကို မော့လိုက်ပြီးနောက် "ဖိုးဆွေ နောက်ထပ်မှာဦးကွာ"ဆို၍ သူစကားပြော ခေတ္တရပ်နားကာ နောက်ထပ် ဘီယာရောက်လာတော့မှ တစိမ့်စိမ့်စုတ်ရင်း စကားဆက်၏။

"စာရေးဆရာ ထင်လင်းဆီက အဲဒီ ကိုကျော်ဝင်း ကိုကျော်မင်း ညီအစ်ကိုနှစ်ယောက် အကြောင်းကြားပြီးကတည်းက ငါသူတို့အားကျပြီး အော် . . . ငါလဲ သူတို့လို လက်ဖွေ့ချန်ပီယံ တစ်ယောက်ရရင် ကောင်းမှာပဲလို့ တမ်းတနေတုန်း ဗြုန်းဆို အဲဒီမွန်ကြီး ငါတွေ့တော့တာပဲကွ။ ဒီမှာ ဖိုးဆွေ တမ်းတတုန်းတွေ့ရတာဟာ ကိုယ့်တာဆန္ဒပြည့်ဝဖို့၊ ကိုယ် ကြီးပွားချမ်းသာဖို့ နတ်သိကြားများက ဖန်တီးပေးတာပဲ ဖြစ်ရမယ်ကွ၊ တွေ့ပုံလဲကြည့်အုံးလေ၊ ကိုလတ်တို့နဲ့တွေ့ပြီး နောက်တစ်ပတ်လောက်အကြာ လွန်ခဲ့တဲ့ဥရက်ကပေါ့ကွာ။ ငါကရိုလမ်း ကမ်းနားဆိပ်က တရုတ်ခေါက်ဆွဲဆိုင် ချက်အရက်ဆိုင်ကလေးထဲ ဝင်မယ်လုပ်တုန်း ဗြုန်းဆို အထဲက တဝုံးဝုံးနဲ့ ရန်ဖြစ်ကြတော့တာပဲကွာ။ တစ်ယောက်နဲ့အများဟော့၊ ဒါပေမယ့် အဲဒီတစ်ယောက်ကကွာ ဟိုဘက် လူဆယ့်ကိုးယောက်ကို တစ်ယောက်ပြီးတစ်ယောက် တဖိုင်းဖိုင်းနဲ့ ထိုးထိုးလှဲလိုက်တာ နောက်ဆုံးတော့ အားလုံးထွက်ပြေးကုန်ကြရောဟော့၊ အဲဒီတစ်ဦးတည်း ဟီးရိုးကတော့ အခုမင့်အခန်းထဲရောက်နေတဲ့ မွန်ကြီးပေါ့ကွ။

"ငါဘယ်လို ဆောင်ကျဉ်းခဲ့သလဲ ဆိုတာကတော့ ငါကန်ဘေးကနေ သူထိုးပုံ ခတ်ပုံမြင်ကတည်းက ဟာ ငါ့ကိုသိကြားမင်းက လွှတ်လိုက်တဲ့ စေတမန်ကြီးပဲဟလို့ ယူဆပြီး သူတို့တိုက်ပွဲအပြီးမှာ ငါသူ့အနားကပ်ပြီး သူ့မှာအနည်းအကျဉ်းရလိုက်တဲ့ ဒဏ်ရာကလေးတွေကို ပြုစုပေးတယ်။ အစားအသောက်တွေမှာလိုက်ပြီး ဆပ္ပလိုင်းလုပ်တယ်။





ဒါပေမယ့် သူမသောက်တတ်ဘူးကွ၊ ခေါက်ဆွဲကြော်ပဲစားတယ်။ သူနဲ့ငါနဲ့ လေပေးဖြောင့်သွားလို့ သူ့အကြောင်းစုံစမ်းကြည့်တော့ မော်လမြိုင်စက်လှေကြီးတစ်စီးမှာ အလုပ်သမားအဖြစ်နဲ့ ပါလာခဲ့တာ၊ အဲဒီခေါက်ဆွဲဆိုင်က တရုတ်ခယ်မလေးမြင်တော့ နေရပ်မပြန်နိုင်တော့အောင် ချစ်မိသတဲ့ကွ။ အခုရန်ဖြစ်ကြတာဟာလဲ အဲဟိုလူစုက အရက်မူးပြီး ကောင်မလေးကို ထိကပါး ရိကပါးလုပ်တော့ သူကထ,ဆော်လိုက်တာပဲကွ။ ဒါနဲ့ငါက ခင်ဗျားတယ်ပြီး အထိုးအသတ်ကောင်းပါလား၊ လက်ဖွေ့ထိုးစားပါလားဆိုတော့ သူက "ဟုတ်တယ် ကျုပ်လဲ ဒီပညာနဲ့ အသက်မွေးမယ်လို့ လေ့ကျင့်ထားတာပဲ" ပြောလေတော့ ငါ့စိတ်ကူးရှိနေတာနဲ့ အံကိုက်ဖြစ်သွားတော့တာပေါ့ ဖိုးဆွေရာ။ အတိုချုပ်ပြောရမှာဖြင့် အခု ငါက သူ့ရဲမန်နေဂျာ အစစအရာရာကို သူ့အတွက် စီစဉ်ပေးရတယ်။ နောင်ပွဲဝင်လို့ ထိုးပြီးရသမျှငွေကို သူနဲ့ ငါနဲ့တစ်ယောက်တစ်ဝက်။ ဒီမြန်မာပြည်အတွင်းမှာတော့ ဒို့သိပ်ပြီးမကြီးပွားသေးဘူးပေါ့ကွာ၊ နောင် ကျား-ဘညိမ်းလို ကမ္ဘာလှည့်ရတဲ့အခါကျတော့ ဟီ ဟီ ဖိုးဆွေရာ မင်းဝယ်ချင်တဲ့ ရုပ်ရှင်ရုံတွေသာ ကြည့်ထားလိုက်တော့ဟေ့ . . ."

သူသည် မစားရ ဝခမန်းကြီး ဘီယာဖန်ခွက်ကြီးကို လက်နှစ်ဘက်ဖြင့် ကြားကဝင်၍ မငြင်းလိုပါ။ သို့သော် ဝမရှိဘဲနှင့် ဝိလုပ်နေသော သူ့စိတ်ကူးယဉ် ဘီလူးကြီးသည် လက်ရှိအခြေအနေအရ ကျွန်တော့အား အန္တရာယ်ဖြစ်လိုက်အောင် ဦးတည်နေပုံပေါ်သဖြင့် ...

"မင်းတို့အနောက်နိုင်ငံတစ်ခွင် ပြဲပြဲစင်ပြီးပြန်လာတော့ ရုပ်ရှင်ရုံတွေဝယ်၊ ရုပ်ရှင်ကုမ္ပဏီတွေ ထောင်မှာကတော့ ဟုတ်ပါပြီ၊ အခု နိုင်ငံခြားမထွက်ရမီ မြန်မာပြည်ထဲမှာလဲ တစ်ပွဲမှမထိုးရသေးလို့ ပိုက်ဆံတစ်ပြားမှ မရမီအတွင်းမှာ မင်းတို့နှစ်ယောက် စားဖို့နေဖို့ကို ဘယ်လို လုပ်ကြမှာတုန်း။ ဒီလိုပဲ ဒီအကောင်ကြီးကို ငါ့အခန်းကျဉ်းကလေးထဲ ငါ့ပက်လက်ကုလားထိုင် ကလေးပေါ်မှာ . . ."

ကျွန်တော့ စကားမဆုံးမီ ပတ္တမြားဝင်းထိန်သည် ဖန်ခွက်ကို စားပွဲနှင့် ထောင်တွန်းပြီး . . .

"ဖိုးဆွေ မင်းငါ့ကို ဒီလောက်တောင် အထင်သေးရသလား။ အင်မတန်ချစ်တဲ့ သူငယ်ချင်း ဒီလိုပဲပြောရသလား။ မင်းငှက်သိုက်က



www.burmeseclassic.com

www.burmeseclassic.com



လေးထဲမှာ တို့ ဒီတညထက်ပိုမနေပါဘူးကွ"

" ကျေးဇူးပါပဲဗျာ၊ ဘယ်ကြွကြွမှာတုန်း"

"မင်းက ငါ့ကို ဒီလောက်တောင် အထင်သေးတာကိုးကွ၊ တို့ အောင်ဆန်းကွင်းက ကိုယ်လက်ကြံ့ခိုင်ရေးအသင်းနဲ့ ဆက်ပြီးပြီ၊ မနက်ကဘဲ ငါ့ကောင်ကြီး 'အင်တာဗျူး' သွားပြတော့ ဟာ သိပ်သဘောကျတာပဲ၊ သူတို့ကစားကွင်းမှာလာနေပြီး 'ထရိန်နင်' ကျင့်ဖို့လက်ခံလိုက်ပြီ"

"ဟာ . . . ဒီလိုဆို အိုကေပေါ့" ယင်းမှ သူတို့ ကျွန်တော့ လက်တွင်းမှလွတ်မည်ဖြစ်၍ စိတ်အေးသွားကာ "အေးကွ မင့်ကောင်ကြီးကိုယ်လုံးကိုယ်ပေါက်ကလဲ ကာယဗလသမားတွေမျက်စိနဲ့ သဘောကျစရာကြီး"

"ဦးဇော်ဝိတ်ကြီးတို့ လက်ဖျားခါတာပဲမောင်၊ ဒါနဲ့ ငါတစ်ခု စဉ်းစားနေတာက အင်း . . . မင့်အကူအညီ တောင်းရဦးမှာပဲ"

တစ်ခုခု ချေးတော့ ငှားတော့မှာဘဲဟု ရုတ်တရက် ကျွန်တော့ ရင်ထဲထိတ်သွားကာ . . .

"ဘာများတုန်းမောင် . . . ငွေကြေးတော့ မတတ်နိုင်ဘူး"

သူ ထွီခနဲ တံတွေးတချက်ထွေးကာ . . .

"မင်းက ဒါလောက်ပဲ စကားထဲထည့်ပြောနေတဲ့ကောင်ပဲ၊ ငါပြောတာက ငါ့ကောင်ကြီးအတွက် နာမည်ပေးဖို့ကွ"

"ဟာ . . . သူ့နဂိုရ်နာမည် ရှိသားပဲကွ"

"လက်ဝှေ့သမား တစ်ယောက်အနေနဲ့ မနိုပ်သေးဘူးကွ၊ အခု မြန်မာပြည်မှာဆိုရင် ကျားဘညိမ်းတို့ မြွေပွေးသိန်းမောင်တို့ရှိတယ် မှတ်လားကွ"

"ဒါဖြင့် သူ့နာမည်ရှေ့က တိရစ္ဆာန်တစ်ကောင်တပ်ကွာ– သူ့အလုပ်က ထိုးခတ်ရမှာဆိုတော့ ကင်းမွန်ကြီး၊ သို့မဟုတ် ကျဲမွန်ကြီး ဒါမှမဟုတ်၊ ပါနီဝါလား မွန်ကြီးကွာ . . ."

သူ့မျက်နှာရှုံ့ကာ . . .

"အကောင်းပြောနေတာ . . . နောက်တီးနောက်တောက် မလုပ်စမ်းပါနဲ့ကွ၊ ငါသဘောကတော့ သူ့မွန်ကြီးဆိုတဲ့ နာမည်ပါပြောင်းပစ်ချင်တယ်ကွာ"





နို့ပြီး ရှေ့ကတိရစ္ဆာန်တစ်ကောင်ရဲ့ နာမည်ပေးရမှာလဲ . . . ငါ့ရည်ရွယ်ချက်က ကျားဘညိမ်းကို နောက်ကောက်ချ မြန်မာပြည်မှာ ချန်ပီယံဖြစ်ပြီးမှ ကမ္ဘာလှည့်ရမှာမို့ ကျားကိုမကြောက် ကျားကိုက်လို့ မပေါက်တဲ့ အရေထူထူနဲ့ အကောင်ကြံ့ သူ့နာမည်ကိုလဲ . . . လေးလေး ခံ့ခံ့ကြီးဖြစ်အောင် ဗဟုန်း။ 'ကြံ့ဗဟုန်း'လို့ . . ."

ကျွန်တော်မှာ ရုတ်တရက် ရဟန္တာတစ်ပါး ကြွသွားတာမြင် လိုက်ရသလို . . . သူ့မျက်နှာ ကြည်ညိုအံ့သြစွာ ကြည့်ပြီး . . .

"ဟာ . . . လောက ဒီထက်ကောင်းတဲ့ နာမည် ဘယ်ရှိတော့ မှာလဲကွာ . . . ဘိုးဘိုးအောင် တဘောင်အတိတ်နဲ့ အောင်နိမိတ်ခတ်ပြီး လာပေးတောင် ဒါထက်မသာနိုင်တော့ဘူး"

စကားနဲ့ ရန်ဆဲ လုပ်ပစ်လိုက်ပါသည်၊ နို့ မဟုတ်လျှင် ယခု မှာထားသော ဘီယာများ ကုန်နေပြီဖြစ်၍ နောက်ထပ် (ထမင်းစားခါနီး) အရက်ပဲသောက်ကြစို့ ဆိုမှာ စိုးသောကြောင့် သူလည်းကျေနပ်စွာ...

"ဟုတ်လား မောင်ဆွေ . . . ကောင်းလားကွ"

"ဟာ . . . သိပ်ကောင်း၊ သိပ်ကောင်း . . . ကဲလာ . . . ပြန်ကြစို့။ ဒီလောက်ရှိ မင့်ကောင်ကြီး နိုးရော့မယ် . . ."

သူသည် မအီမလည် ကိုယ်ကြီးလိမ်၍ . . .။

"ငါ့ချီး မောင်ဆွေ ဒို့ဗိုက်ထဲဘီယာကလေးမဖြစ်စလောက်နဲ့ ထမင်းစားခါနီးရမ်ကလေးများ . . ."

ကဲ . . . ကျွန်တော်ထင်တဲ့အတိုင်းဘဲ 'မဟုတ်လားမိတ်ဆွေ လူနာအစာတောင်းသလို မပေးလျှင်လည်း မပြီးသည်နှင့် ကျွန်တော် ကလဲ ကြိတ်ချင်နေသည်နှင့် . . .

"ကဲ . . . ဒါဖြင့် ဗိမ်ဆွဲမနေနဲ့ တစ်ဖန်ခွက်ထဲ တူးပက်စီထည့် တစ်ခါထဲ မော့ပြီးသွားကြမယ်။ ထမင်းစားသောက်ကောင်းရုံဘဲ ငါ့မှာ ပိုက်ဆံသိပ်မရှိဘူးကွာ . . ."

ကျွန်တော်တို့ ဘောဂဗလမှ ထ၍ ဆိုက်ကားတစ်စီးနှင့် အိမ် ပြန်ရောက်ကြသောအခါ မွန်ကြီးခေါ် (ယခုနာမည်သစ်) ကြံ့ဗဟုန်းသည် အိမ်ရှေ့လမ်းဘေး မြက်ခင်းပြင်၌ လမ်းလျှောက်နေသည်၊ ဘောင်းဘီ ရှည် စပို့ရှပ်နှင့်ဖြစ်၍ သူ၏မျက်နှာ ရင့်ရင့်၊ လည်ပင်းကြီးကြီး၊ လက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းတုတ်တုတ်၊ ရင်အုပ်ကားကား၊ ခါးကျင်ကျင်၊ တင်ချပ်ချပ်၊ ပေါင်တံတောင့်တောင့်ကြီးတွေမှာ လက်ဝှေ့သမားတစ်ယောက်အနေနှင့် အားရပါးရ ရှိလောက်ပါပေသည်။ ကျွန်တော့်စိတ်တွင် မြန်မာ့ဟဲဗီးဝိတ်ချန်ပီယံ ကျားဘညိမ်းနောက်ကောက်ကျပြီး ကမ္ဘာလှည့်လည်လိမ့်မည်ဆိုသော ပတ္တမြားဝင်းထိန်၏ စကားပင် ဟုတ်ကောင်းများ ဟုတ်နေလိမ့်မည်လားဟု ယုံမှားသံသယ ဖြစ်မိလာသည်။

ပတ္တမြားဝင်းထိန်က ကျွန်တော့်ကို နာမည်ကျော်စာရေးဆရာ သတိုးဆွေ၊ လူနာမည် မောင်တင်ဆွေဖြစ်ကြောင်းနှင့် မိတ်ဆက်ပေးပြီး ကျွန်တော်ရေးတဲ့စာတွေ ဖတ်ဖူးမှာပေါ့ဟု လမ်းခင်းပေးသည်၌ ကိုယ်တော်မြတ်ကြီးက ရှင်းရှင်းပဲ တစ်ခါမျှမဖတ်ဖူးကြောင်း ခေါင်းခါသည်။

ယခုမဖတ်ပေမယ့် နောက်တော့ သတိုးဆွေပဲ ကြွဲဗဟုန်း လက်ဝှေ့ထိုးတဲ့အကြောင်းဆောင်းပါးတွေရေးတော့ ဖတ်ပဲနေ၍ မဖြစ်တော့ကြောင်း အစချီကာသူ့အား လက်ဝှေ့သမားနာမည်ပေးလိုက်ပြီဖြစ်ကြောင်း ရွှန်းရွှန်းဝေအောင်ပြောသည်။ သို့သော် ထိုသူသည် ပတ္တမြားဝင်းထိန် စကားများသလောက် အလွန်စကားနည်းသူဖြစ်၍ သူ့နာမည် ကြွဲဗဟုန်းပေးတာကြိုက်မကြိုက်မေးသည်ကိုမှ အင်းမလုပ် အဲမလုပ် တစ်ချက်မျှပြုံးရုံသာ ပြုံးပြသည်။

ထိုည ကျွန်တော်တို့ ထမင်းစားပြီးသည်၌ ပတ္တမြားဝင်းထိန်သည် သူ့ထုံးစံအတိုင်း အလွန်တရာအလုပ်များသူကြီးဟန်ဖြင့် ဟောင်လိုလို မြောက်လိုလိုလုပ်၍ ထွက်ခွာသွားသည်တွင် ကျွန်တော်တို့နှစ်ယောက်တည်းကျန်ခဲ့လေ၏။

ယင်း၌ သူကလည်း စကားအလွန်နည်းသည်။ ကျွန်တော်ကလည်း မော်ဘီလုပဒါးရွာကအပြန်တွင် ဒေသန္တရ ဗဟုသုတအဖြစ်နှင့် ကြောင်သား၊ ဖားသား လူဖြစ်ကျိုးနပ်လိုသူများ စားသင့်ကြောင်း ဒူလာကောင်းတယ်ဟူသော ဆောင်းပါးတစ်စောင်ရေးအံ့ဟု အစီစဉ်ကလေးတွေ စဉ်းစားနေ၍ ကြွဲဗဟုန်းနှင့်ကျွန်တော်သည် ကုလားထိုင်တစ်ယောက်တစ်လုံးစီတွင် သက်မဲ့ရုပ်ကြီးများပမာ လွန်စွာဆိပ်ငြိမ်နေကြကုန်၏။

ယင်းသို့ဖြင့် တစ်နာရီလောက် ကြာသွားပေပြီ။ ထိုမှ သူ့ဆီက





ဆေးတံခေါက်၍ ဆေးချေးခါသံကြားရပြီးနောက် ရုတ်တရက် သူ့အသံဝဲဝဲကြီးနှင့် 'ဆရာ'ဟုခေါ်လိုက်ရာ ကျွန်တော်ကလည်း စိတ်ကူးနေရာမှ လန့်သွားသလို 'ဗျား'ဟု ထူးလိုက်ပါသည်။

သို့တိုင် သူ့ဆီကစကားချက်ချင်း မလာသေးဘဲ တော်တော်ကြာအောင် ကျွန်တော်စိတ်ပျက်လုနီးနီး စောင့်မျှော်နေရာမှ . . .

"ဆရာ အချိုးကို ရင်ဆိုင်ဖူးပါသလား"

ကျွန်တော်သည် စကားမပီသော မိန်းမများကိုပင် ရည်းစားထားခဲ့ဖူးသူဖြစ်ရကား သူ့အမေးသည် 'အချစ်ကို ရင်ဆိုင်ဖူးပါသလား" ဖြစ်ကြောင်းသိသည်နှင့် . . .

"ဟာ . . . အချစ်ကိုလဲ ရင်ဆိုင်ဖူးတယ်၊ ဘေးချင်းလဲ ယှဉ်ဖူးတယ် အို စုံလို့ပဲဗျာ။ ဘာလဲ ခင်ဗျားအချစ်အကြောင်း ပြောချင်လို့လား ပြောဗျာ၊ ဒါမျိုးဟာ ထုံးစံမဆန်းတာ့ပဲဗျ၊ ဘာမှရှက်စရာမရှိပါဘူး၊ ပွင့်ပွင့်လင်းလင်းသာ အစအဆုံးပြောပြ"

မိတ်ဆွေသိတယ်မှုတ်လား၊ ကျွန်တော်တို့ စာရေးဆရာဆိုတာ သူများဆီက အညီအဟောက် အကြောင်းအရာတွေရှာပြီး ဝတ္ထုလုပ်ရေးရတာ။ ဝတ္ထုတစ်ပုဒ်လောက်များရပြီး ခုတစ်လော စာအုပ်တွေထုတ်ရတာ ရှုံးပါတယ် ရှုံးပါတယ်နှင့် တဖွဖွညည်းညူနေလေ့ရှိတဲ့ ပတ်ဗလစ်ရှာဆီက မသဒ္ဓါရေစာ ငွေအသပြာလေးကို ရှောမွေးဆွဲထုတ်ရသလို ယူရကောင်းရဲ့လားလို့ စကားလမ်းခင်းပေးလိုက်ပါတယ်။ ငနဲကြီးဆီမှ ကျွန်တော့်စကားဆုံးပြီး တော်တော်ကြာမှ လေးလေးမှျင်းမှျင်း 'အင်း'ဆိုတဲ့ သက်ပြင်းသံကြီးမှတစ်ပါး၊ အသီးသီးအိပ်ရာဝင်ကြသည်အထိ နောက်ထပ် ဘာတစ်ခွန်းမှ မကြားရတော့ပေ။

ကြွဲဗဟုန်း ကျွန်တော့်အိမ်က ထွက်ခွာသွားပြီးမှ အောင်ဆန်းအားကစားကွင်းတွင် သူပထမဦးဆုံးအချီထိုးသည်အထိ ကြားကာလ၌ တစ်ခါမျှမတွေ့တော့ပေ။ ဤအတွင်း ပတ္တမြားဝင်းထိန်သာ ကျွန်တော့်ဆီမကြာခဏလာ၍ သူ့ထုံးစံအတိုင်း ပိုက်ဆံချေးခြင်း၊ ထမင်းကျွေး အရက်တိုက်ခိုင်းခြင်း၊ အကျီလုံချည်တို့ကို ခဏလိုလိုနှင့် မယောင်မလည်ဝတ်၍ ဆင်းသွားခြင်း စသည့်အမှုအစုစုတို့ကို ပြုနေပေသည်။

တိုက်ရကျွေးရ ချေးရငှားရတာ မျက်နှာသာရအောင် သူပြော



www.burmeseclassic.com

www.burmeseclassic.com



သည့်စကားများကား သူလက်ငှေ့ကျော်ကြီးသည် ယခုတနေ့တခြား တိုးတက်နေပြီဖြစ်ကြောင်း။ ၎င်း၏အချစ်ကိစ္စမှာလည်း ဖော်ပြခဲ့သော ကရိလမ်း ကမ်းနားဆိပ် ခေါက်ဆွဲဆိုင်မှ တရုတ်ခယ်မလေးနှင့် အဆင်ပြေနေပြီဖြစ်၍ သူ့တက်လမ်းအတွက် အထူးသဖြင့်ကြိုးပမ်းနေကြောင်း၊ မကြာမီပင် ကမ္ဘာလှည့်၍ပိုက်ဆံရှာနိုင်တော့မည်ဖြစ်ကြောင်း၊ ဤအခါ၌ ကျွန်တော်ပါ သူတို့စရိတ်နှင့် ကမ္ဘာ့ဗဟုသုတဆည်းပူးရန်လိုက်စေလိုကြောင်း၊ ဒီလိုမှ မလိုက်ဖူင်လျှင်လည်း မြန်မာပြည်တွင်းနှံ့စပ်အောင်သွားဘို့ ဘဲလ်အဲယားမော်တော်ကားကြီးတစ်စီးတော့ ဝယ်ပေးခဲ့မည်ဖြစ်ကြောင်း။ သူတို့ အနောက်နိုင်ငံများက ပြန်လာလျှင် ကျွန်တော့အတွက် မိန်းမတစ်ယောက်ကို ဘယ်လောက်ကုန်ပင်တင်တောင်းရသူပေးစားမည်ဖြစ်ကြောင်း။ ကျွန်တော် ဒီလိုလူပျိုအဖြစ်နှင့် သူများအခန်းကျဉ်းကလေးထဲတွင် ထမင်းလခပေးစားနေရတာကို မကြည့်လိုကြောင်း။ လူတစ်ကိုယ် ကားတစ်စီး မယားတစ်ယောက် တိုက်တစ်လုံးရှိသင့်ကြောင်း။ စာရေးရာတွင်လည်း ပတ်ဗလစ်ရှာထံအောက်ကျမခံဘဲ ပတ်ဗလစ်ရှာကိုယ်တိုင်က မိမိထံလာ၍ ဒူးထောက်တောင်းမှ ရေးပေးသင့်ကြောင်းစသည်ဖြင့် ကျွန်တော် မနေ့တစ်နေ့ကမှ ပတ်ဗလစ်ရှာ သူ့မယားနှင့်စိတ်ဆိုးနေသလား၊ အလုပ်သမားများနှင့် စိတ်ကောက်နေသလား စသည့် အရိပ်အကဲမျက်နှာကဲကြည့်ကာ အတင်းတောင်း၍ မသဒ္ဓါရေစာရခဲ့သော ပိုက်ဆံကလေးများဖြင့် စားရင်းသောက်ရင်း အားရပါးရကြီးပြောကြားပါသည်။

ကျွန်တော့အဖို့မှာလည်း ယခုထိသာမချမ်းသာသည်။ ဤကဲ့သို့ ပတ္တမြားဝင်းထိန်၏ ပါးစပ်သူကောင်းပြုတာ ခံရပေါင်းများလှပေပြီ။ ဒါနဲ့လည်း အမှတ်အသားမရှိ၊ သူပြောသမျှ ဟုတ်နိုးနိုးနှင့် ထိုနေ့က သူ့လူကြံ့ဗဟုန်းကြီး ပွဲဦးထွက်ထိုးပွဲကိုလာကြည့်ပါဆို၍ တကူးတက သွားခဲ့ရပါသည်။

အောင်ဆန်းအားကစားကွင်းထဲရောက်လျှင် ကျွန်တော်နှင့် ပတ္တမြားဝင်းထိန်သည် ပွဲကြည့်သွားရာ၌ ဓာတ်သမားနှင့်သိလျှင် ဓာတ်စင်နောက် ဝင်နှုတ်ဆက်ကြဘိသကဲ့သို့ ကျွန်တော်တို့သည် လက်ငှေ့သမားများနေကြသော အခန်းထဲသို့ သွားကြပါသည်။

အဆင်သင့်ပင် ကြံ့ဗဟုန်းအား အခြားလူတစ်ယောက်နှင့်စကား





ပြောနေသည်ကို တွေ့ရသည်။ သို့သော် ထိုသူသည် ကျွန်တော်တို့ လာတာမြင်လျှင် သူ့ကိစ္စပြီးလို့ပဲလား သို့မဟုတ် သူတို့စကား ကျွန်တော်တို့ မကြားစေချင်လို၍ပဲလားမသိ ကြံ့ဗဟုန်းကို ဒူးပုတ်နှုတ်ဆက် ထွက်သွားပါသည်။

ကျွန်တော်တို့အနီးရောက်လျှင် ကြံ့ဗဟုန်းက ထိုထွက်သွားသောလူကို မေးငေါ့၍ "အခုထိုးရမှာ သူနဲ့ပေါ့"ဟုပြောပြပါသည်။ ထို နောက် ခေတ္တကြာမှ ဆက်လက်၍ . . .

"မနေ့ကမှရောက်လာတာ၊ မန္တလေးက ကျားဘညိမ်းတပည့် ကင်းမြီးကောက် ကျော်ရွှေ့တဲ့" ဆိုပြီး "အင်း တေိတော့သနားစရာပါပဲ." ဟု လေးလေးကြီး ညည်းညူလိုက်ပါသည်။

ဘာကြောင့်လဲဟု ကျွန်တော့်က အထူးမေးစရာမလို။ သူ့လက်ချက်နှင့် အသက်ထွက်ခမန်း ခံရမှာမို့ပဲဟု တထစ်ချယူဆလိုက်ပါသည်။ အမြင်အားဖြင့် ထင်လည်းထင်လောက်ပါပေ၏။ ကြံ့ဗဟုန်းနှင့် ကင်းမြီးကောက် ကျော်ရွှေ့မှာ အရပ်အမောင်း အင်အားဗလချင်းတူညီတန်လောက် တူညီကြသည် ဆိုရဘိလည်း အသားအရေ အထူအပါးနှင့် မာရေကျောရေရှိပုံမှာ ကျွန်ုပ်တို့ ကြံ့ဗဟုန်းကြီးက သာနေပေသည်။

ပရိသတ်ရှေ့ပွဲထုတ်သောအခါမှာလည်း လူအများကပင် ကြံ့ဗဟုန်းကို သဘောကျလေသည်။ ကြိုးဝိုင်းထဲတွင် ဒိုင်လူကြီးလုပ်သူက ကင်းမြီးကောက်ရပ်ရေးထားသော ကင်းမြီးကောက်ကျော်ရွှေ့၏ဝတ်ရုံခွာစေ၍ လည်းကောင်း၊ ရှေးယခင် ထောက်ကြန့်ဘတ်စ်ကားတံဆိပ်ကဲ့သို့ ထောက်ကြန့်ပင်အောက် မြက်စားနေသော ကြံ့ရုပ်နှင့်ကြံ့ဗဟုန်း၏ ဝတ်ရုံကိုခွာစေ ၍လည်းကောင်း၊ ဒါဘယ်သူဘယ်ဝါဟု ကျေညာကာ ၎င်းတို့ဘောင်းဘီတိုနှင့် ကိုယ်ဟန်ပြကြသောအခါ ပွဲမစရသေးပဲနှင့် ကြံ့ဗဟုန်းဘက်က အလေးကျောပေးလောင်းကြကုန်၏။ နှစ်လေးကျော သုံးလေးကျောပေးသည်ကိုပင် အချို့ငွေပေါသော မန္တလေးသားများမှလွဲ၍ ကင်းမြီးကောက်ကျော်ရွှေ့ဘက်က လောင်းဝံ့သူမရှိချေ။

ဤပွဲတွင် မန္တလေးသား လူအုပ်ထဲ၌ ကိုကျော်ဝင်း ကိုကျော်မင်း ဆိုသော အမွှာညီနောင်ကိုလည်း ပတ္တမြားဝင်းထိန်ပြ၍ မြင်ရပါ၏။ ရွေးမရအောင် တူလှပါပေသည်၊ ၎င်းတို့ မိန်းမများအတွက်ပင် . . . ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် မဆီမဆိုင်တွေး၍ ရင်လေးမိသေး၏။ ထို့ပြင် တစ်ခါတစ်ရံ စာပေဘက်၌ မစပ်မစပ်ပါလာတတ်သော ကာယဗလမှူးဦးနေဝင်းဆိုတာချည်းကိုလည်းတွေ့ရ၏။ သူသည် အခြားအလုပ်မရှိ၍ ကိုယ်လက်ကြံ့ခိုင်ရေးအသင်းမှာ ကာယဗလမှူးလုပ်နေလျက် မန္တလေးသားထဲတွင် ဘယ်သူဘာပြောပြော ငါ့အရပ်အမြင့်ဆုံး၊ ခြေလှမ်းအကျဲဆုံးဟု ဂုဏ်ယူနေသူဖြစ်ပေသည်။

ဒေါင်ခနဲ ခေါက်၍ပွဲစလိုက်လျှင် ပရိသတ်အုတ်အော်သောင်းနင်းဖြစ်ကြလေ၏။ မြို့ချစ်စိတ်ရှိတတ်သော မန္တလေးသားများမှလွဲ၍ အားလုံး ကြံ့ဗဟုန်းဘက်က အားပေးကြကုန်သည်။

"ကင်းမြီးကောက်လား စောင်းကောက်လားကွဲတော့မှာပဲ ကြံ့ကြီး . . . ထောက်ကြန့်ကားတက်ပြီဟေ့ . . . မင်္ဂလာဒုံလား . . . ဆယ်မိုင်လား၊ ရှစ်မိုင်မရမ်းကုန်းလား . . . ခုနှစ်မိုင် စော်ဘွားလေးကုန်းလား ရောက်တယ်ဆရာ . . . လောင်းသာလောင်းကြတော့" ကြွေးကြော်ကြကုန်၏။

ဆေးတံအမြင့်သားခဲ၍ လက်ပိုက်ကာ ကျွန်တော်နှင့်ဘေးချင်းယှဉ်ထိုင်နေသော ပတ္တမြားဝင်းထိန်လည်း သူ့လူနှစ်ချက်သုံးချက်ထိုးတာကြည့်လိုက်ပြီး ကျွန်တော့လက်ကို ကုတ်၍ . . .

"ဒီပွဲမှာ ဒီတပည့်ချပြီးရင် နောက်တစ်ပွဲသူ့ဆရာ ကျားဘညိမ်းကိုဆော်ဖို့ပဲကွ၊ အဲ . . . ကျားဘညိမ်းဆီက ချန်ပီယံလုပြီးတဲ့အခါကျတော့ ဒို့ကမ္ဘာလှည့်ဖို့ဘဲရှိတော့တယ် . . ."

ကြံ့ဗဟုန်းထိုးပုံမှာ သူ့ဗလကြီးနှင့် အားရပါးရရှိလှပါပေသည်။ မန္တလေးသားလူစုထဲဖြင့် အပ်ကျသံကြားရအံ့ထင်သည်။ ကျွန်တော့စိတ်ထင်မှာ ကင်းမြီးကောက် ကျော်ရွှေ့သည် လေး ငါးချီမှ ခံနိုင်ပါ့မလားဟု အောက်မေ့မိသည်။ ဖြစ်နိုင်လျှင် ကြံ့ဗဟုန်းအား ကြာကြာလေးကြည့်ရအောင် ဖြည်းဖြည်းချော့ထိုးပါဟုပင်သွား၍ ပြောလိုက်ချင်ပါသည်။

သို့သော် သို့သော် နောက်ဆုံးတွင် အထင်နှင့်အမြင်ကွာခြားလှပါပေတော့သည်။ အကြောင်းမှာ ကြက်တိုက်ရာတွင် ရေဦးကောင်းသောကြက် ရေထဲ မိုးထဲမှသယ်သောကြက်ရှိဘိသကဲ့သို့ ဒုတိယအချီကစပြီး ကျွန်တော်တို့ ကြံ့ဗဟုန်းကြီးဘက်က ရှော့ရှဲဖြစ်လာသည်။ အထူး





သဖြင့် သူ့မျက်နှာထားကို ကျွန်တော်မကြိုက်ပါ၊ ဘယ့်နှယ်ဗျာ တစ်ယောက် တစ်ယောက်သေသေ ကြေကြေထိုးရှမှာကို တဖြည်းဖြည်း တစ်ဘက်လူကို သနားလာပုံပေါ်သည်။ ဖခင်က ပျောက်ဆုံးနေသော သားကို အခုမှပြန်တွေ့၍ ကြည့်နေသော အကြည့်မျိုးဖြစ်သည်။ ဟိုတစ်ဖက် လူကင်းမြီးကောက် ကျော်ရွှေ့ကတော့ သူ့ကိုမညှာ၊ လေးချီမြောက်တွင် နောက်ကောက်ချပစ်လိုက်လေတော့သည်။

ဒိုင်လူကြီးက တစ် နှစ် သုံး တစ်ဆယ် အထိဆိုသည်။ သို့သော် ငတိကြီး မထတော့။

သူ့ဘက်က အလေးကျောပေးလောင်းသောသူများ သူ့ကိုဆဲရေးကြ၍ အောက်ကြေးကနိုင်လိုက်သော မန္တလေးသားများ အဝီစိပွက်အောင် ဆူကြလေတော့၏။

ကျွန်တော်လဲ ငွေ ၅ဝိ အလကားသက်သက်ချောခဲ့ရ၍ ပတ္တမြားဝင်းထိန် အုပ်ဆက်တစ်ချက်အုပ်ကာ လစ်ခဲ့တော့၏။

နောက်တစ်နေ့တွင် ပတ္တမြားဝင်းထိန် ကျွန်တော့ဆီရောက်လာ၍ . . .

"ရှုံးရတာ တခြားကြောင့်မဟုတ်ဘူးဟေ့၊ သူက တမင်သက်သက် အရှုံးပေးလိုက်တာတဲ့ကွ"

ကျွန်တော်မှာ ငွေ၅ဝိ ပူပူနွေးနွေး ကုန်ထားရသည်ဖြစ်၍ ဒေါပွကာ . . .

"လက်ဖွေ့ထိုးတာပဲ ဘာကြောင့်အရှုံးပေးရတာတဲ့လဲကွ"

"ဟိုနေ့က ဒို့ဝင်သွားတော့ သူ့ဆီက ကင်းမြီးကောက် ကျော်ရွှေ့ပြန်ထွက်သွားတာ မြင်တယ်မဟုတ်လား၊ အဲဒါ ကင်းမြီးကောက်ကျော်ရွှေ့ဒီပွဲမှာ သူ့အမေလာကြည့်မယ်။ သူ့နှမလဲလာကြည့်မယ်။ သူ့ရည်းစားလဲလာကြည့်မယ်။ ဒါကြောင့် နာနာကျဉ်းကျဉ်းခံရရင်ဖြင့် အမေများ၊ နှမများ၊ ရည်းစားသယ်ပါရော ရင်ကွဲတော့မှာပဲလို့လာပြီး ညည်းညူသွားသတဲ့ကွ။ အဲဒီတော့ ငတိကြီးက သူ့အမေတွေ အမတွေနဲ့ အဲဒီလို ချစ်တဲ့သူတွေရှေ့ ဒုက္ခရောက်ရင်ဖြင့် ဒီလိုမချိတင်ကဲ ပူပင်ကြမှာပဲ" လို့ ကိုယ်ချင်းစာမိပြီး "ဒီပွဲမှာ ငါ့ဘက်ကတော့ မိဘဆွေမျိုးရော ရည်းစားရောမရှိဘူး။ သူ့ခမျာအတွက် ကိုယ်ချင်းစာပြီး သက်ညှာလိုက်မယ်လေ" ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး တမင်အရှုံးပေးလိုက်တာတဲ့ကွ"

"ထွီး" ကျွန်တော် တံတွေးတစ်ချက် ထွေးလိုက်ကာ "လက်ဝှေ့သမား ဒီလိုစိတ်ထားမျိုးရှိရမတဲ့လားကွ"

"သူက တစ်ဖက်သားသနားတတ်သတဲ့ကွာ"

"ဒါသက်သက် မန္တလေးသားက သူ့ပျော့ကွက်ကြည့်ပြီး ပတ်တီးချသွားတာ"

"အေး . . . ဟုတ်မှာပါပဲကွာ"

"ဒီလိုသနားတတ်ယင် လက်ဝှေ့သမား လုပ်စားမနေနဲ့လို့ ပြောလိုက်"

"အေးကွာ . . . ငါသူ့ကို ဆုပူကြိမ်းမောင်းခဲ့တာပါပဲ"

"မင်း ဒါကြီးနဲ့ ရှေ့ဆက်အလုပ်လုပ်အုံးမလို့လား"

"အဲဒါ ငါစဉ်းစားနေတာပဲကွ"

*

## ကိုခင်မောင်လတ်၏ထမင်းစားပွဲ

ကိုခင်မောင်လတ်ရာထူးတက်သဖြင့် ကျွန်တော်တို့အား ညစာစားပွဲတစ်ရပ် ကျွေးမွေးမည့်အကြောင်း ဖော်ပြခဲ့ပြီ။

ကိုခင်မောင်လတ်သည် ကျွန်တော်တို့နှင့် ကျောင်းနေဘက်ဖြစ်၏။ သူသည် ကျွန်တော်တို့ထက် အတန်းလည်းကြီး၊ အသက်လည်းကြီး၍ ကျောင်းမှာနေတုန်းကတည်းက သက်တူရွယ်တူ ဆိုးတူတေတူဖြစ်သော ကျွန်တော်နှင့် ပတ္တမြားဝင်းထိန်ကို ညီကလေးများသဖွယ် ခင်မင်ခဲ့ရာ ယခုကျောင်းကထွက်၍ ကိုယ့်အလုပ်နှင့်ကိုယ်ဖြစ်ကြသော်လည်း မည်သူမျှအိမ်ထောင်မကျသေးသဖြင့် ဂေါ်မစွံ ဘဝတူကြီးများအဖြစ်နှင့် ကျောင်းနေစဉ်တုန်းကကဲ့သို့ပင် အခင်အမင်မပျက် ရှိခဲ့ပါသည်။

ကိုခင်မောင်လတ်လိုရာထူးရာခံကြီးနှင့် ရုပ်ရည်အကျင့်တွေဆိုလဲဘာမျှပြောစရာမရှိသော လူတစ်ယောက်ကို ကျွန်တော်တို့လို ဂေါ်မစွံစာရင်းထဲသွင်းထားမိသည်ကိုကား ရှင်းလင်းမှသင့်လျော်မည် ထင်ပါသည်။

စင်စစ် သူလိုလစာ ရဝဝိကျော် ယခုဆို တစ်ထောင်နီးနီးရ





နေသော နိုင်ငံခြားရေးရုံးက အရာရှိကြီးတစ်ဦးသည် နှစ်စဉ်သူ့ရာသီချိန်ကျတိုင်းကျတိုင်း အလေ့ကျပေါက်နေသော မယ်ဇမာတွေလို ပြည်ထောင်စုမယ်တွေလို ဟာမျိုးကို ခေါင်းခေါက်ဖနောင့်နှင့်ပေါက်ယူနိုင်ပါလျက် ယခုတိုင် လူပျိုကြီးဖြစ်နေတာကတော့ ဒီတစ်ယောက်ဆိုတစ်ယောက်မှ အစွဲလမ်းကြီးနေသူမို့ပင်၊ သူကျောင်းနေကတည်းက ချစ်နေခဲ့သူမှာ ကျွန်တော်တို့က 'အစ်မကြီး' ခေါ်ပြီး မုန့်ညာစားခဲ့သော 'ခင်မိုးသစ်' ဖြစ်ပါသည်။

ကိုခင်မောင်လတ်သည် ဘီအေကို မြန်မာစာ အော်နာနှင့် အောင်၍ သူ့တစ်သက်လုံးတွင် ကဗျာတစ်ပုဒ်ကို စပ်ခဲ့ဖူးပါသည်။

အရုပ်အမောင်း၊

နွဲ့နှောင်းပြေပြစ်၊

ခင်မိုးသစ်၊ ချစ်ပင်ချစ်ရိုး၊

ချစ်မိုးစွေလိုက်ချင်ပါဘိငါ့ရှင်များ။

သို့တိုင် သူသည် ကျောင်းနေတုန်းကလည်း စာသက်သားဘဝမို့ ချစ်စကားမပြောသင့်ဟု မဖွင့်ဟခဲ့။ ယခု ကျောင်းကထွက်ကြ၍ အလုပ်အကိုင်နှင့်ဖြစ်မှ ခင်မိုးသစ်ဆီသွားသောအခါများမှာ၌လည်း ခင်မိုးသစ်သည် လောကီစိတ်ပယ်၍ တရားနယ်ဝင်ကာ ကမ္မဋ္ဌာန်းထိုင်ထိုင်နေတာသာတွေ့ရသဖြင့် သစ္စကပရိဗိုဇ်မမှ ဖျက်ဆီးခဲ့မိသော ဂေါတမဘုရားအလောင်းကဲ့သို့ ရန်ငြိုးဂလဲ့စားတွေ အမှုပွေနေမှဖြင့် နောင်မတော်မတဲ့ သူစွတ်ရွတ်ပြီး ဘုရားဖြစ်ခါမှ ကလေးစရိတ်ပေးရမှာ နမြောလို့တဲ့။

အဲဒါနဲ့ အတိုချုပ်ကတော့ . . . ဒါပဲဗျာ။

ထိုနေ့ညစာ ကိုခင်မောင်လတ် ကျွန်တော်တို့အား ဖိနာရီ ချိန်းထားသည်မှာ မီးရထားဟိုတယ်တွင် ဖြစ်ပါသည်။ ကျွန်တော်ရောက်သွားသောအခါ၌ ကိုခင်မောင်လတ်အား ဟိုတယ်မြောက်ဘက်ပေါက်အဝတွင် အပြင်ဘက် ထွက်မျှော်နေသည်ကိုတွေ့ရပါသည်။ သူ့မျက်နှာလည်း ကြည်သာပုံမပေါ်ပါ။ ထို့ကြောင့် ကျွန်တော့လက်က နာရီကို ကြည့်လိုက်ကာ . . .

"ဟာ . . . ကိုလတ်ကျွန်တော် ၅မိနစ်လောက်နောက်ကျသွားတယ်ဗျာ . . . ခွင့်လွှတ်ပါ။ ပတ္တမြားဝင်းထိန်ကြီးလဲ မရောက်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်”

ကိုလတ် မျက်နှာကိုရှုံ့ကာ . . .

“ရောက်တယ် . . . ရောက်တယ်၊ ရောက်တာမှ သူတစ်ယောက်ထဲ မဟုတ်ဘူး။ ဘယ်ကဟာမကလေးမှန်းမသိဘူး . . .ကောင်မကလေးတစ်ယောက်လဲ ပါလာတယ်၊ ငါဒါကြောင့် စိတ်ရှုပ်နေတာ . . .”

“ဟင် ဟုတ်လားကိုလတ် . . . ဒီကောင်ကြီး ဘာများ ရှုပ်ရှုပ်ရှက်ရှက် လုပ်လာပြန်ပါလိမ့်၊ ဘယ်လိုဟာမကလေးလဲ”

“အနေအထိုင် အပြောအဆိုကြည့် သိတာပေါ့ကွာ၊ တကဲ့အောက်တန်းစားကလေးပါပဲ၊ ရုပ်ရည်ကလေးကတော့ သနားကမား”

ဟုတ်မည် . . . ကိုလတ်လိုရာထူးကြီးနှင့် ဂုဏ်သရေရှိလူတစ်ယောက်သည် ဒီလိုအောက်တန်းစားမကလေးနှင့် တစ်စားပွဲထည်းထိုင်ရန် ဝန်လေးလှပေမည်။ မတော်မတဲ့ မိမိအထက်က အရာရှိကြီးများမြင်သွားပါသော် မခက်ပါလော။ ထို့ပြင် “ခင့်မောင်လတ် အောက်တန်းစားမိန်းကလေးတစ်ယောက်နှင့် မီးရထားဟိုတယ်မှာ တွေ့ခဲ့တယ်” ဆိုသော သတင်း ခင်မိုးသစ်နားပေါက်ကြားသွားပါသော် အော် . . . တွေးမှမတွေးဝံ့လေပြီ။

ထို့ကြောင့် ကျွန်တော်သည် သူ့အတွက် စိတ်ကူးဉာဏ်ရ၍

“ဒါဖြင့် ဒီလိုလုပ်ပါလား ကိုလတ် . . . ဒီကောင်ကြီးကို မင်းတို့ချင်း လွတ်လွတ်လပ်လပ်ရှိအောင် တစ်စားပွဲနေ၊ တို့နှစ်ယောက်ကတခြားထိုင်စားကြမယ်လို့ ပြောမယ်”

ဤမှ ကိုလင်မောင်လတ် ဆေးပြင်းလိပ်ဆက်ဖွာနိုင်ကာ . . .

“အေးကွာ . . . မင်းပဲကြည့်စီစဉ်တော့၊ ပိုက်ဆံတော့ ကုန်ချင်သလောက်ကုန်ပါစေ”

ယင်းသို့ဖြင့် ကျွန်တော်တို့အထဲဝင်သွားကြသောအခါ . . . ကောင်ကြီးက ဝီစကီကိုစုပ်၍ ကောင်မလေးရှေ့တွင် အာရိန်းချိုတစ်ဖန်ခွက်ချ၍ တွေ့ရသည်။ မိန်းကလေးသည် အသက် ၁၈နှစ်ခန့် တောင့်တောင့်ဖြောင့်ဖြောင့် အကိုကာလသားတို့အကြိုက်ကလေး ဖြစ်ပေသည်။

ဒီလိုအညီမျိုးလေး ကျွန်တော်လဲ ဝင်အုံချင်သပေါ့ . . . သို့သော် ဒါမျိုးဘက် ငတ်ရသော ဖိုးခင်မောင်လတ်အတွက် ခက်ဘိတောင်း





ကျွန်တော်သည် သူတို့စားပွဲခဏဝင်မတ်တတ်ရပ်နှုတ်ဆက်ပြီး

“ပတ္တမြားဝင်းထိန်ဒီလိုလုပ်ဟေ့ . . . ငါနဲ့ကိုလတ်လဲ နှစ်ကိုယ်ကြားဆွေးနွေးစရာ ကိစ္စတစ်ခုရှိတယ်။ မင်းတို့ချင်းလဲ လွတ်လွတ်လပ်လပ်ရှိအောင် တို့တစ်စားပွဲစီ ထိုင်ကြမယ်ကွာ ဟုတ်လား”

သူလည်း ကိုခင်မောင်လတ်စိတ်ဓာတ် နားလည်သည်ဖြစ်၍

“အဆင်သင့်ပဲ ငါကအဲဒီအတိုင်းပဲပြောမယ်လို့ကွ မင်းတို့အားနာနေတာတဲ့”

ယင်းသို့ဖြင့် ကျွန်တော်တို့ နှစ်ယောက်တစ်စားပွဲ အဆင်ပြေသွားပေသည်။

အားလုံးစားသောက်ကြပြီး ပြန်ကာနီး၌ ပတ္တမြားဝင်းထိန်ကြီးသည် ကျွန်တော်တို့ စားပွဲရောက်လာပြီး ကောင်မလေးနှင့် သူရွှေမန်းတင်မောင်ပွဲသွားချင်လို့ဟု ငွေအစိတ်တောင်း၏။ ကိုခင်မောင်လတ်က ရှောရှောရှူရှူ ဒင်းတို့မြန်မြန်သွားပါစေတော့ဟု ပေးလိုက်၏။

နောက်တစ်နေ့ နံနက်တွင် ပတ္တမြားဝင်းထိန် အိပ်ပျက်သောမျက်နှာကြီးနှင့် ကျွန်တော့အိမ်ရောက်လာရာ ကျွန်တော်ကခရီးရောက်မဆိုက်ဆီးကြိမ်းတော့သည်။

“မင်းညက ဘယ့်နှယ်ဟာလုပ်လာတာလဲ . . . ဒို့သူငယ်ချင်း ၃ယောက်ပျော်ပျော်ပါးပါးစားဖို့ဟာကို ကိုလတ်စိတ်မကောင်း ဖြစ်တာပေါ့ကွ။ မင်းဘယ်က ကောင်မလေးခေါ်လာတာလဲ’

သူသည် ခပ်အေးအေးပင် ကျွန်တော့ စားပွဲက စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးမှ–

“အေး . . . မင်းငါ့ကို ဒီလိုပြောလိမ့်မယ် ထင်သားပဲ . . . ညကငါခေါ်လာတာ ဒို့ကောင်ကြီး ကြံ့ဗဟုန်းကြီး ရည်းစားတရုတ်စပ်မလေးဆိုတာလေကွာ”

ကျွန်တော် ပိုမိုမျက်နှာတင်းကာ . . .

“ကြည့်စမ်း . . . ကြည့်စမ်း၊ မင်းသူများ ရည်းစားကို ညခေါ်ထုတ်လား ဘာလားနဲ့ ဟိုကောင်ကြီးသိရင် မင့်ကိုင်ပေါက်ထားမှာမကြောက်ဘူးလား၊ မင်းဒီလိုမလုပ်သင့်ပါဘူးကွာ”

သူက အေးဆေးစွာပင် . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းက တလွဲတွေးတာပဲ ဖိုးဆွေ၊ ငါဒီလို ကောင်စားမျိုး မဟုတ်ပါဘူးကွ။ ငါညက ဒီကောင်မလေး ခေါ်ထုတ်လာရတာက အလုပ်သဘောကွ . . . ဟောဒီမှာ ကြည့်ဒီစာလေး။ သူ့ဆီကရအောင်လို့ ထမင်းကျွေးပွဲပြချော့ရတာကွ" ဆိုပြီးသူ့စာရွက်ခေါက်ကလေးတစ်ခု ထုတ်ပြ၍ ကျွန်တော်ဖတ်ကြည့်ရာ . . .

*မောင် . . .*

*ဒါဟာ မောင်လို့ နောက်ဆုံးခေါ်ချင်းပဲ အောက်မေ့လိုက်ပါတော့၊ ယခုကျမမှာ ရှင့်ထက်သာသူကိုတွေ့ရပြီဖြစ်ပါ၍ ကျွန်မတို့ ဟိုတုန်းက နှုတ်လွန်ခဲ့ကြတာကို အတိတ်မှာ အတိုတ်ပဲထားကြဘို့ ရှင့်အတွက် ဝမ်းနည်းစွာ အကြောင်းကြားလိုက်ပါသည်။*

*အကျင်*

"ကျွန်တော်မျက်လုံးပြူးမိဖြကာ . . .

"ဟ . . . ဒါ ဘယ်သူက ဘယ်သူ့ပေးဖို့စာလဲ"

"ကြံ့ဇဟုန်း ရည်းစားအကျင်က ကြံ့ဇဟုန်းကြီးပေးဖို့လေ"

"နင့်နှမလွှားတယ် . . . နင့်ဟာက သူတို့သမီးရည်းစားချင်း ဖြတ်စာပါလားဟ"

"အေးလေကွာ . . . အလုပ်သဘော အခြေအနေအရ ဒီလိုပဲလုပ်ရတာဘဲဖိုးဆွေ . . ."

ကျွန်တော်မျက်ခုံးရှုံ့ကာ . . .

"မင့်ဟာ . . . ငါနားမလည်သေးပါဘူးကွာ"

"ငါရှင်းပြမှသိမှာပေါ့ကွ၊ ဒီလိုကွာ . . . အရင်အပတ်က ကြံ့ဇဟုန်းက ကျားဘညိမ်းတပည့် ကင်းမြီးကောက်ကျော်ရွှေ့ ရှုံးလိုက်တာကို ဒီလောက်ဖလကြီးနဲ့ ဒီဟာလောက် ကလေးရှုံးရမလားလို့ သူ့လူတွေက ကဲ့ရဲ့ကြတယ်ကွ၊ ဒီတော့ ကြံ့ဇဟုန်းက သူကိုယ်တိုင်က တမင်လျော့ပေးလိုက်လို့ ရှုံးတာဖြစ်လေတော့ သူကမခံနိုင်ဘူး။ သူတစ်ကိုယ်ထိုးရယင် ကင်းမြီးကောက်ကျော်ရွှေ့မက သူ့ဆရာ ကျား ဘညိမ်းတောင် ကိစ္စတုံးတယ်ဆိုတာကစ ဒါဖြင့်တကယ်ထိုးမလား ထိုးမယ်ဆိုတဲ့ အခြေရောက်သွားတယ်ကွ"





"ဟ . . . နေပါအုံး၊ တပည့်ကျော်ရွှေ့တောင် ရှုံးထားတာကို ဘာမားဟက်ဗီးဝိတ်ချန်ပီယံကြီးနဲ့ ယှဉ်ပြီးဒိုင်လူကြီးတွေက ထိုးခွင့်ပြုပါ့မလားကွ"

"ပြုတယ်ကွ။ သူတို့ကလည်း ပွဲဖြစ်ငွေရဖို့ပဲ။ ပြုတယ်မှ ကျားဘညိမ်းကို ငါးချီ ခံထိုးနိုင်ရင် ငါးထောင်၊ ခြောက်ချီ ခံထိုးနိုင်ရင် ခြောက်ထောင်တဲ့မောင် . . . ကျားဘညိမ်း ထိုးတဲ့ပွဲဆိုတော့ တစ်ပြည်လုံးက ဝါသနာအိုးတွေလာကြမှာ ငွေကိုသဲ့ယူသလိုရမှာကိုးကွ။ ဝင်ကြေးတောင် အနည်းဆုံး တစ်ဆယ်ကစပြီး ငါးဆယ်တန်း တစ်ရာတန်းအထိတဲ့ကွ"

"အင်း . . . ဒါတော့ ဟုတ်ပြီ၊ သို့ပေမယ့် မင့်ကောင်ကြီးက ကျားဘညိမ်းကို တစ်ချီပြီးအောင် ခံမထိုးနိုင်မှာ စိုးရတယ်"

"မထင်နဲ့မောင် . . . ဒီကောင်ကြီး နောက်ကြောင်း ရာဇဝင်ကြားပြီးပြီ။ တမြန်နေ့ကပဲ သထုံက လူတစ်ယောက်နဲ့ စကားစပ်လို့ပြောပြတာ။ ဒီကောင်ကြီးက ရေး၊ မြိတ်၊ ထားဝယ် လျှောက်ထိုးလာတာ အင်မတန် အထိုးအသတ် ကောင်းသတဲ့ မောင်။ သူသာ စိတ်ထက်စွာနဲ့ မလျော့တမ်းထိုးရမယ်ဆိုရင် ကမ္ဘာမှာ ဘယ်လိုလူမှ ခံနိုင်မှာ မဟုတ်ဘူးတဲ့ . . ၊ သို့သော် သူမှာက ကရုဏာတ္တနက္ခတ်နဲ့ ယှဉ်မွေးလာတာမို့ဆိုလားပဲ။ ထိုးရင်း ထိုးရင်း တစ်ဘက်သားကို သနားလာပြီး အလျော့ပေး၊ အရှုံးခံတတ်တဲ့ အကျင့်ရှိနေသတဲ့ကွ။ ဒါကြောင့် သူ့ကို ကျကျနန ထိုးစေချင်ရင် ထိုးမယ့်လူနဲ့ တစ်နည်းမဟုတ်တစ်နည်း ရန်တိုက်ပေးရသတဲ့ကွ။ ဒါကြောင့် ငါသူ့ကောင်မလေး ဒီစာ မရမရ ရေးခိုင်းရတာပေါ့ကွ"

"ဒီစာ ဘယ်လို အသုံးချမှာလဲ"

"မင့်မလဲ စာရေးဆရာလုပ်နေပြီး ဒီလောက်မှ မမြင်သေးဘူးလား။ ခုည ထိုးတော့မယ်ဆို နေ့ခင်းလောက်မှာ ဒီစာ သူ့လက်ထဲ ထည့်လိုက်မယ်။ ဒီတော့ သူက သူ့ကောင်မလေးဆီ ချက်ချင်းပြေးပြီး အဲ့ဒီသူ့ထက်သာတယ်ဆိုတဲ့ သူဟာ ဘယ်သူလဲလို့ မေးမယ်။ ဒီတော့ ကောင်မလေးက ကျားဘညိမ်းဓာတ်ပုံ ထုတ်ပြလိုက်မယ်။ ငါက ဆရာ ကြည်ညိုလို့ဆိုပြီး ကျားဘညိမ်းဆီက ဓာတ်ပုံတစ်ခု ညာတောင်းပြီး ကောင်မလေးကို ပေးထားလိုက်ပြီကွ"

သီတင်းတစ်ပတ်ခန့်ကပင် ကျားဘညိမ်းနှင့် ကြံ့ဇဟုန်းတို့ ထိုး



www.burmeseclassic.com

www.burmeseclassic.com



ကြတော့မည်အကြောင်း သတင်းစာများထဲတွင် ကြိုတင်ပါပြီးနောက် ထိုနေ့ ကျရောက်သောအခါတွင် ဘယ်ဟိုတယ်မျှ အခန်းလွတ်မရှိတော့ချေ။ လက်ဖွေ့ဝါသနာပါသူတို့ ဆွေမျိုးမိတ်ဆွေအိမ်မှာလည်း ပြည့်ကျပ်လေတော့၏။ အထူးသဖြင့် အများဆုံးလာသည်ကား မန္တလေးမြို့က ဖြစ်၏။ ကျားဘညိမ်းက သူတို့ မန္တလေးသားဖြစ်၍ ကျိုးကန်းတွေလို ဝိုင်းအာကြရန် ယောကျ်ားများသာမက ရွှေခြေကျင်းများလဲ ကြွရောက်ကြပေသည်။

ထိုည အောင်ဆန်းကစားကွင်းကြီးတွင် လူများ ပြည့်ကျပ်လေတော့သည်။ လက်မှတ်တိုးရောင်းစားသူတို့မှာ ၁၀ ကျပ်တန်းဆို ၁၅ ကျပ်၊ ၅၀ ကျပ်တန်းကို ၇၅ ကျပ်အထိ ရကြလေသည်။ အကြောင်းမှာ ကျားဘညိမ်းအား ပြိုင်ဘက်မရှိ၍ သူထိုးတာ မမြင်ရသည်မှာ ၃ နှစ်ပင် ကျော်ခဲ့လေပြီ။ ထို့ကြောင့် သူ နည်းပြဆရာကလေးသာ လုပ်နေရ၏။ ယခုမှ သူသည် လူစွမ်းတစ်ချီ ပြရမည်ဖြစ်၍ အလွန်ဝမ်းသာနေသည်ဟု ကြားရ၏။

ထိုပွဲတွင် ကျွန်တော်မှာ ပတ္တမြားဝင်းထိန်က ကြံ့ဗဟုန်း၏ မန်နေဂျာအဖြစ်ဖြင့် ယူပေး၍ ၅၀ ကျပ်တန်းက လက်မှတ်တစ်စောင်ရပါသည်။ ၁၀၀ ကျပ်တန်းမှာကား မန္တလေးသားတွေနဲ့ပဲ ပြည့်ကျပ်နေသည်။

ကျွန်တော့်နောက်ကို ပြန်ကြည့်လိုက်ပါသော် ၄၀ ကျပ်တန်း၊ ၃၀ ကျပ်တန်းမှ ၁၀ ကျပ်တန်းအထိ လူအုပ်ကြီးကို တမျှော်တစ်ခေါ်ကြီး။

အားလုံးသော မျက်လုံးအစုံက နာရီတကြည့်ကြည့်နှင့် ကျားဘညိမ်းနှင့် ကြံ့ဗဟုန်းတို့ရောက်လာမည့် အလယ်က ကြိုးဝိုင်းကိုသာ အာရုံစိုက်နေကြ၏။

စတင်ထိုးမည့်အချိန်မှာ ၈ နာရီ၊ သို့သော် လက်ပတ်နာရီအသီးသီး ၈ နာရီထိုးသော်လည်း အလယ်ကြိုးဝိုင်းမှာ ဘာမှ ပေါ်မလာ၊ အတန်ကြာတော့ လူထု ရုတ်ရုတ် ရုတ်ရုတ်နှင့် အော်လား ဟစ်လား ပြုကြတော့မှ ကြိုးဝိုင်းထဲသို့ ကာယဗလမှူး ဦးနေဝင်း ရောက်လာကာ စကားပြောသော 'မိုက်' မှ . . .

"လူထုကြီး ခင်ဗျား။ လူကြီးလူကောင်းတို့အား ဝမ်းနည်းစွာနဲ့





ကျွန်တော်ပြောကြားရပါမယ်။ ကျားဘညိမ်းမှာ အခုနကလေးတင်မှ ကားတိုက်ခံရလို့ ခုည မထိုးနိုင်တော့ပါဘူး ခင်ဗျာ"

လူထုကြီးအသံသည် တစ်လုံးတစ်စည်းထဲ ဟာယ် ခနဲမြည်သွားခိုက် ဦးနေဝင်းက ဆက်လက်၍ . . .

"သို့သော်လည်း လူကြီးမင်းတို့ လရကျိုး ငွေကုန်ခံရကျိုး နပ်အောင် ကျားဘညိမ်းနဲ့ ကြံ့ဗဟုန်းတို့အစား ရှမဝဦးကျော်တစ်ယောက်တည်းက မြန်မာပြည်စာအုပ်ထုတ်ဝေရေးအကြောင်း၊ ယခုတလော စာအုပ်ထုတ်ရတာ အင်မတန် အမြတ်နည်းတဲ့အကြောင်း၊ တစ်ခါတစ်ရံ အရှုံးပင်ပေါ်တဲ့အကြောင်းကို ဟောပြောပါလိမ့်မယ်ခင်ဗျား . . . ဦးကျော် ကြွပါခင်ဗျား"

ယင်း၌ လူထုကြီးသည် ထိုင်ရာမှ ဝရုံးသုံးကား ထကြကာ

"ဘယ့်နှယ်လဲ လက်ဝှေ့ပွဲ ကြည့်ရအောင်လာတာ။ ပတ်ဗလစ်ရှာ အမြတ်နည်းလို့ ညည်းညူတဲ့ ငိုချင်း နားထောင်ချင်လို့လာတာမှ မဟုတ်ဘဲ။ မဆီမဆိုင် မဆိုင်တဲ့အပေါက် ဂလိုင်နဲ့ခေါက်လို့ သောက်ပတ်ဗလစ်ရှာ၊ မျောက်ပတ်ဗလစ်ရှာ"

စသည်ဖြင့် ရေရွတ်ကြိမ်းဝါးကာ စိတ်ပျက်စွာဖြင့် အပြင်သို့ တိုးဝှေ့ထွက်ကြလေ၏။

စင်စစ် အချိန်ကပ်ပြီး ကျားဘညိမ်း မထိုးနိုင်မှန်းသော သိသောအခါ သူတို့ ကြံမိကြံရာ အစားသွင်းဖို့ ကာယဗလ ဦးနေဝင်းက အောင်ဆန်းအားကစားကွင်းနှင့် နီးသော ဆုင်းဒဝစ်လမ်းက ရှမဝဦးကျော်ကို သဝိရခြင်း ဖြစ်ပေမည်။ ဦးကျော်ကလည်း ယခုတလော သူစာအုပ်ထုတ်ရတာ မနိပ်ကြောင်း ဟိုလူပြောချင် ဒီလူပြောချင် ဖိုးပြောချင် ဖြစ်နေသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ကတော့ စာရေးဆရာ တစ်ယောက်အနေနှင့် ခုတလော ဘာကြောင့်စာရေးဆရာတွေ ငွေလျော့ပေးရသနည်းဟု ပတ်ဗလစ်ရှာတစ်ယောက်၏ ပြောကြားချက်ကို နားထောင်လိုပါသည်။

သို့သော် ဤမျှများပြားသော လူထုကြီး၊ ဗတ်ဗလစ်ရှာသံကြားသည်နှင့် မီးတောင်ပေါက်ကွဲသလို တိုးလျှိုး ထွက်ပြေးကြလေတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ရေဇာက ဗေဒါလို ချာလည်ချာလည်နှင့် ပါသွားရပါတော့သည်။

ဤသို့ တိုးလျှိုးထွက်ရင်းလည်း စကားသံအမျိုးမျိုးကြားနေရသည်။

"ကျားဘညိမ်း ကားတိုက်ခံရတာ မဟုတ်ဘူး။ လူရိုက်ခံရတာ"

"အရိုက်ခံရတာမှ သံဒုတ်နဲ့တဲ့"

"အလဲမှာ ထပ်ပြီး နင်းရိုက်နေတာ နံဘေးက လူတွေ ဝင်ဆွဲလို့တဲ့ . . . နို့မို့ အသေပဲတဲ့"

"အခုတောင် မနည်းကုရတယ်ဆိုပဲ"

စစ်ဘက်နှင့် ရဲက လူစုခွဲနေတုန်း ဤကဲ့သို့ ဟိုက တစ်သံ၊ ဒီက တစ်သံ ကြားရတော့ ကျွန်တော်က အနီးရောက်လာတဲ့ သဘောကောင်းပုံပေါ်တဲ့ ရဲကြီးကို မေးကြည့်လိုက်သည်။

"သူတို့ပြောတာတွေ ဟုတ်ရဲ့လားဗျ"

"ဟုတ်တယ်ဗျ။ ရိုက်တာလဲ အခြားလူမဟုတ်ဘူး။ သူနဲ့ အခုညထိုးမယ့် ကြံ့ဇဟုန်းပဲ"

"ဟင် . . . ဘာများ အခင်းဖြစ်ကြလို့လဲဗျာ"

"အခုထိတော့ နံဘေးမျက်မြင် သက်သေထွက်ချက်က ဘာမှ အထူးအထွေ မရသေးဘူး။ ဟင်း . . . လူပြည်မှာ ဒါလောက်တောင် မိန်းမရှားသလား။ နင့် ကြိုးဝိုင်းထဲရောက်အောင် စောင့်မနေနိုင်ဘူးလို့ ပြီး သံဒုတ်နဲ့ အတင်းနင်းရိုက်တာပဲတဲ့"

⌖

သော်တာဆွေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com